

# ကိုယ်တွေ့သမထကျင့်နည်း

ဒုတိယတွဲ

သမထဦးဓအောင်မြတ်

ဘာသာရေးခွင့်ပြုချက်အမှတ် (၉၂၉၀)

---

သမထ-ဦးအောင်မြတ်

# ကိုယ်တွေ့ သမထ ကျင့်နည်း

## (ဒုတိယတွဲ)

ဖြန့်ချိရေး
ခိုင်စာပေ
အမှတ် ၂၇၄၊ အခန်း (၁၉)၊
အရှေ့ရန်ကင်း၊ရန်ကင်းစာတိုက်
ရန်ကုန်မြို့။

* မျက်နှာဖုံးပန်းချီ
တက်သစ်

* ဘလောက်
စံဝင်း

* အဖုံးရိုက်
စကားဝါ

* ပုံနှိပ်ခြင်း
ပထမ အကြိမ် (၂၀၀၀)

* ထုတ်ဝေသည့်လ
ဇန်နဝါရီလ၊ ၇၇-ခု
တန်ဘိုး (၁၂)ကျပ်

ထုတ်ဝေသူ
မြတ်စာပေ
သမထ ဦးအောင်မြတ်
(မြ-၀၁၃၇၅)
အမှတ် ၅၄၊ ၆၄ လမ်း
ကန်တော်ကလေး၊ ရန်ကုန်မှ
ထုတ်ဝေသည်။

ပုံနှိပ်သူ
ဒေါ်ခင်ထွေး (မြ ၀၆၇၃)
ဘဝသစ် ပုံနှိပ်တိုက်
အမှတ် ၄၊ မြယာကုန်းလမ်း
ကန်တော်ကလေး၊ ရန်ကုန်မြို့။

★ သစ္စာ

★ မေတ္တာ

★ သီလ

★ ခန္တီ

★ အဓိဋ္ဌာန်

မလုပ်မပြော၊ လုပ်မှပြော
သဘောဝင်လှစေ။
အပြောသာချို၊ အလုပ်မဲ့၊
ကဲ့ရဲ့မလွတ်ချေ။

# ခိုင် စာပေမှဆက်လက်ထွက်မည့်စာအုပ်များ

**ဘာသာရေး**

၁။ ဓမ္မာစရိယ ဦးတင်မြင့် နိုင်ငံကျော် ဆရာတော်ကြီး(၁၀)ပါး၏ ဝိပဿနာရှုနည်း ညွှန်ပေါင်း။

၂။ သမထ-ဦးအောင်မြတ် ကိုယ်တွေ့စိတ်ပုတီးစိတ်နည်းနှင့် သမထ ကျင့်နည်းတို့၏ အကျိုးကျေးဇူးများ။

**နိုင်ငံရေး**

၃။ မောင်မောင်ငွေဝင်း ဗရက်ဇညက်ဗ်

**သမိုင်းဝတ္ထု**

၄။ မောင်ဖေငယ် ကနောင်မင်းသားနှင့် မြင်ကွန်း မြင်းခုန်တိုင် (နန်းတွင်းလျှို့ဝှက်ဇာတ်လမ်း)

**ဘာသာပြန်**

၅။ ရဲဘော်ဖေသန်း လျှို့ဝှက်(၁၀)

**ဝတ္ထု**

၆။ ညီညီနိုင် မျက်ရည်အနိ

၇။ ညီညီနိုင် သံသယစံအိမ်

၈။ တက္ကသိုလ် မင်းယဉ် သံမှုန့်စားပြီး မွေးထားတဲ့ ယောကျ်ား

၉။ တက္ကသိုလ် မင်းယဉ် ဗန်ဒိုဗရှိန်း

၁၀။ ပြည်သန်းဆွေ အနီရဲရဲ အစိမ်းရင့်ရင့် အပြာနုနု

၁၁။ မောင်သက်ပန် အင်းဂလိပ်လိုချစ်မယ်

၁၂။ မောင်မောင်သန်းအောင် မန္တမ်းသောပန်း

၁၃။ အငှေတွေးသမားလေး

မောင်မောင်သိန်းစည် ရင်ဖွင့်သံ

**မှုခင်းဝတ္ထု**

၁၄။ နီလေးမောင် စိဘ်ရှိုင်းစေရာ

**ကာတွန်းရုပ်ပြ**

၁၅။ မောင်ကံချွန် မောင့်ရင်ထဲကမီးလောင်ပြင်

၁၆။ ပန်းချီ သာမြင့် ရန်ပြုညီကို

(က)

ကိုယ်တွေ့ သမထကျင့်နည်းစာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေပြီးနောက်၊ တတိယအကြိမ် ထုတ်ဝေရန် စာဖတ်ပရိသတ်နှင့် စာပေကိုယ်စားလှယ်တွေက တိုက်တွန်းခဲ့ပါသည်။ ဤသို့ အကြံပြုချက်ကို သဘောတူလိုသော ဆန္ဒရှိပါသည်။ ဒါပေမဲ့ ဤအကြောင်းရပ်၊ အကျင့်ရပ် စသည့် ကိုယ်တွေ့ ကျင့်ကြံမှုတွေဟာ စာအုပ်တအုပ်တည်းဖြင့် ရပ်ဆိုင်းသွားပြီလား၊ အားအင် ကုန်ခမ်းသွားပြီလား၊ ရှေ့ ကျင့်အား မရှိတော့ဘူးလား၊ ကျင့်အားမရှိတော့ ရေးအားလည်း နည်းသွားခဲ့ပြီလား၊ စာဖတ်ပရိသတ်အနေဖြင့် တွေးတောလာစရာ အကြောင်း ရှိကောင်း ရှိဘွယ်၊ တွေးကောင်းတွေးဘွယ်၊ ထင်မိကောင်း ထင်မှတ်ဘွယ်။

ကျနော့်မှာ ရေးနိုင်အားရှိပါသည်။ ကိုယ်တိုင်ကျင့် ကိုယ်တိုင် အားထုတ်မှုရဲ့ ကိုယ့်အတွေ့အကြုံနှင့် ကိုယ်သိသမျှကိုသာ ရေးခဲ့ပါသည်။

တနည်းဆိုပါက ရလာဒ်ရဲ့အဆိုးအကောင်း စသည့်အဖြစ် အပျက်ကိုသာ ဦးစားပေး ရေးသားခဲ့ပါသည်။

ကျနော် စာအုပ်ရေးတိုင်း လက်တွေ့ကျင့်ကြံ အားထုတ်မှုမှ ရရှိထားသော အကျိုးများနှင့်အဓိက အခြေပြု၍ရေးသား လိုအပ်သောစာအုပ်များ ပတ်သက်သော ဘာသာရေးစာအုပ်များကို ဖတ်ခဲ့ပါသည်။ ဘာသာရေးနှင့် ပတ်သက်သော စာပေကျမ်းဂန်များ၊ လူတိုင်းနားလည်လွယ်သောကျမ်းများစသည်တို့ သာမက ကတ်ကျေးညှပ်ကျမ်းတွေကိုပင် ဖတ်အားပိုခဲ့ပါသည်။

ကိုယ်တွေ့ (သမထ )ကျင့်နည်း ပထမပိုင်း ရေးသားခဲ့သော စာအုပ်နှင့် ပတ်သက်ပါက ကျနော့်အတွက် ဂုဏ်ယူရမည်လား မပြောတတ်။ ထိုစာအုပ်နှင့်ပတ်သက်၍ ရဟန်း ရှင်လူ သူတော်စင် သမထ ကျင့်ကြံအားထုတ်သောသူများနှင့် စာဖတ်ပရိသတ် အပေါင်းက စာနဲ့တမျိုး၊ လူကိုယ်တိုင်သော်၎င်း၊ ဖုန်းဆက်၍ သော်၎င်း မေးမြန်းလာကြပါသည်။

ကိုယ်တွေ့ (သမထ) ကျင့်နည်းစာအုပ်နှင့် သမထ အကျိုး အကြောင်း စာအုပ်ကို ကိုယ်တိုင်ကျင့် ကိုယ်တိုင်ရေးသားချိန်၌ ကျနော်သည် အစိုးရဝန်ထမ်းတဦး၊ ရုံးလုပ်ငန်းကိုလည်း နေ့စဉ် ထမ်းဆောင်ရပါသည်။ စာလည်းရေးရပါသည်။ တရား လည်း အားထုတ်ရပါသည်။ ကြာတော့ အားပြတ်လာသည်။ ထို့ကြောင့် စစ်ဆေးရုံသို့ တလကျော် အစာအိမ်ရောဂါကို တက်ရောက် ကုသခဲ့ရသည်။ အားအင် နည်းပါး ချိန် တွင်

ကသိုဏ်းကျင့်သဖြင့် အတွင်းလည်ပင်းကြီး ( Toxi ) ရောဂါဖြင့် (၆) လတိုင်တိုင် နာတာရှည်ရောဂါဖြစ်၍ ကုသခံခဲ့ရပါသည်။

ဤကဲ့သို့ အသက်အန္တရာယ် နီးကပ်စွာ ရောဂါဖြစ်လာလင့် ကျနော်၏ ယုံကြည်အားထားသော သမထယာနိက တရားကို ကိုယ်တိုင်မကျင့်ပါဘူးလို့ မပြောပါ၊ အားမထုတ်တော့ဘူးလို့ မဆိုပါ၊ မိမိယုံကြည်ချက်ကို နည်းနည်းကလေးမျှ အားမလျော့၊ အသက်ပင် သေဆုံးသွားပါစေ။ နောက်ဘဝသည် သမထတရားကိုဘဲ ကျင့်ကြံအားထုတ်မည်ဟု အဓိဋ္ဌာန်ပြုထားခဲ့ပါသည်။

လောကဓံဘဝနှင့် ရင်းနှီးရသော အလုပ်ဟူသမျှ ပြေပြစ်ချောမွေ့သည် မရှိချေ။ ကြမ်းတမ်းသည်။ဆူးပြွမ်းသည်၊ခလုတ်ကန်သင်း ထူပြောသည်။ တခါတရံ အသက်နှင့် အရင်းတည်ရတတ်ပြန်သည်။

ဤသို့သော အတွေ့အကြုံသည် အခက်အခဲပေါင်းနှင့် နင်လား ငါလား တွေ့ကြ ကြုံကြ ဆုံကြသည့်အခါတွင် ယုံကြည်ချက်ရှိရန်လိုအပ်ပြန်သည်။ ယုံကြည်ချက် မရှိပါက ရည်ရွယ်ချက်လည်း ပျောက်ကွယ် သွားတတ်သည်။ရည်ရွယ်ချက်ပျောက်ကွယ်သွားတော့ ပန်းတိုင်ကိုလည်းမတွေ့နိုင်ပါ။

ယုံကြည်ချက်ရှိသူတဦးသည် မည်သည့် ဒုက္ခပေါင်းနှင့် ရင်ဆိုင်ပေလင့် မကြောက်မရွံ့၊ မတုန်မလှုပ်၊ ကျောက်ရုပ်ကျောက်သားပမာ ခိုင်မာသည်။ အသက်ပင် အသေခံရဲသည်။

ပမာတခုပြပါက ယုံကြည်ချက်အတွက် အသက်စွန့်ခဲ့သူတွေးခေါ်ရှင်ကြီး အာခိမီဒက်ဇ်။

ခေါမတိုင်းဖြစ်သော ဂရိပြည်ကို ရောမစစ်သည်တော်တို့ကလာရောက် တိုက်ခိုက်ကြသောအခါ ခေါမတိုင်းတွင် အပါအဝင်ဖြစ်သည့် ဆိုင်ရာ ကျူးစ်မြို့တော်မှာလည်း ရန်သူတို့၏ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို မလွဲမရှောင်သာ ခံရ၏။

သင်္ချာဗေဒနှင့် စက်မှုလက်မှုသိပ္ပံဆရာကြီး အာခိမီဒက်ဇ်သည် ဝိုင်းဝန်းပိတ်ဆို့ထားသော ရောမစစ်တပ်ကြီးကို ပြန်လှန် တိုက်ခိုက်ရန်အတွက် လက်နက် အသစ်အဆန်းများတီထွင်ပေးခဲ့၏။

သို့ရာတွင် အင်အားချင်းမမျှသောအခါ ရောမ စစ်တပ်ကသာ အနိုင်ရသွားခဲ့လေသည်။

ထိုအချိန်တွင် ရောမစစ်သားတယောက် သူ့ရှေ့မှောက်သို့ ခြေသံပြင်းပြင်း နင်း၍ ရောက်လာသည်။

"ကျုပ်စက်ဝိုင်း တွေကို လာပြီး အနှောင့်အရှက် မပေးပါနဲ့"

သင်္ချာဗေဒနှင့် စက်မှုလက်မှု သိပ္ပံ ဆရာကြီး အာခိမီဒက်ဇ်က စက်ဝိုင်းဆီမှမျက်စိမခွာဘဲ ပြောလိုက်၏။စစ်အောင်သဖြင့်စစ်သွေး ဆူလျက်ရှိသော ရောမစစ်သားသည် မိမိကဲ့သို့ရောမတပ်မတော်ကြီးအား မရိုမသေ မခန့်မငြား ပြောကြားရသလားဟု ဒေါမာန်ပွားကာ လက်ထဲရှိသော လှံတံဖြင့် သင်္ချာ

ဗေဒနှင့် စက်မှုလက်မှုသိပ္ပံ ဆရာကြီးကို အားကုန် ထိုးသတ်လိုက်၏။

ဆရာကြီးအာခိမိဒက်ဇ်သည်

"ကျုပ် စက်ဝိုင်းတွေကို လာပြီး အနှောင့်အရှက်မပေးနဲ့" ဟုပြောရင်း ကုလားထိုင်ပေါ်တွင် အသက် ပျောက်သွားလေသည်။ သေရမည့် ဘေးနှင့် ကြုံရသော်လည်း ယုံကြည်ချက် မစွန့်ချေ။

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ဆိုရေးဆိုအပ်သည် ရှိက မထောက်မညှာ ဆိုတတ်သည်။

မင်း ဟူသောအကြောင်းဖြင့် ဘယာဂတိကို မလိုက်ချေ။ တရံခါသော် အတွင်းရေးကိစ္စနှင့် စပ်လျဉ်း၍ မင်းတရားကြီးအားရွှေပြည်ဝန်ကြီးက "အမနှမ၊ သမီးလှကို၊ စ၍ ဆက်နှင်း၊ လက်ဆောင်သွင်း၍ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည် အတတ်မရှိ၊ သတ္တိကင်းကွာ၊ ဘန်းကြီးလှာမူ၊ ပြည်ရွာပျက်ကြောင်း၊ တပါတည်း...." ဟု ရှိပါကြောင်းပါဟူ၍ တင်လျှောက်လေ၏။

ဤအခါ....တော်ကြီးဘုရားက....

"ငလှိုင် သည်လှ ကိုကြည့်စမ်း....မည်သူကိုင်တဲ့ လှတုန်း" ဟု မေးတော်မူရာ....

"အရှင့်ခမည်းတော် ကိုင်သော လှ ဖြစ်ပါကြောင်း" ကို လျှောက်သည်။

မင်းတရားကြီးက....

"ငါခမည်းတော်သည် ဤလှံနှင့် မည်သူ့ကို စီရင်ပါ သနည်း"ဟု မေးတော်ရှိရာ....

"ကျွန်တော်မျိုး ကျေးဇူးရှင် အဖကို စီရင်ပါကြောင်း" လျှောက်၏။

"ဤလှံတော်နှင့် မောင်မင်းစီရင်ခြင်းကို ခံလိုသလား"ဟု မေးတော်မူရာ ရွှေပြည်ဝန်ကြီးက....

"ထိုးတော်မူပါဘုရား"ဟု ရင်ပပ်ကို ကော့၍ ပေးလာသည်။

မင်းတရားကြီးကလည်း လှံတော်ကိုကိုင်၍ အတွင်းတော်သို့ ဝင်တော်မူလေသည်။

ကျန်ရစ်သော ဝန်များက....

"ဝန်ကြီးမင်းမလဲ တင်းတင်းမာမာ ရဲပဲရဲလွန်းလှဗျား"ဟု ပြောကြသည်။

"ကျွန်ုပ်သည် လှံနှင့်ထိုးသတ်၍ သေရခြင်းကားမြတ်သည်။ နေရာတိုင်း မင်းလိုလိုက်၍ စီမံသော် မကောင်းမှု ဖြစ်ပွားနေသည့်အတွက် နိုင်ငံတော်ပျက်စီးခြင်းဖြစ်ရလေသည်။ ဤနံမည်မျိုးကျန်ရစ်ခဲ့လျှင် သေကျိုးမနပ် ဖြစ်သည်။

ထိုမကောင်းသော အပုပ်နံ့သည် တထောင်းထောင်းနှင့် လူ အပေါင်းတို့ နှာခေါင်း ရှုံ့ကြမည်ကို ကြောက်စရာ

ကောင်းသည်။ မှုးမတ် ဆိုသည့်အတိုင်း အကြီးအမှူးဖြစ်သည့် အတိုင်း တည့်တည့်မတ်မတ်ဖြစ်အောင် စိမံခန့်ခွဲလျက် လျှောက် တင်ခွင့်ရှိက အသက်ကိုစွန့်၍ ရဲရဲဝံ့ဝံ့ တင်ကြရမည်၊ သို့မှ မှူးမတ်နှင့်သည်''ဟု ပြောပြလေသည်။

နောက်တနေ့ အကျယ်ချုပ်နှင့် ရာထူးမှ လျှောချထား ခြင်းကို ခံရလေသည်။

ဤသည်ကား အသက်ကိုပင် မထောက်မညှာ စွန့်ဝံ့သော ယုံကြည်ချက် ရှိသူတို့၏ထုံး။

(၂)

ဟုတ်ပါသည်။

သည်နေ့ ကျနော် ဆုံးဖြတ်ချက်တခုချမိတာအမှန်။ သုဿန်ခုတင်(၃)ရက် အဓိဋ္ဌာန်ဝင်ရန် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်အတိုင်း လုပ်လေ့ လုပ်ထရှိတတ်သောကျနော့်စိတ်ကို ယုံကြည်ပါသည်။

ဆုံးဖြတ်ချက်ချသည့်အတိုင်း ကျနော် သုဿန်မြေသို့ ခြေချမိပါသည်။ ကိုယ့်ပြဿနာနှင့်ကိုယ်သာ၊ တဦးတည်း တယောက်တည်းပင်။

သုဿန်သင်းချိုင်းတခုလုံး နှင်းများတဖွဲဖွဲ ကျဆဲ ဖြစ်နေပါသည်။ ရှိရှိသမျှသစ်ပင်၊ အုတ်ဂူတွေမြေပုံ၊ ဇရပ်ပျက်မှာလည်း နှင်းလွှာအောက်၌ ငြိမ်သက် အိပ်မောကျနေပါသည်။ တမိုးတွင်းလုံး မိုးရေ မိုးပေါက်များကိုသာ သောက်သုံးခဲ့ရသော သစ်ပင်ကြီး၏ ချုံပင်တွေမှာ ခုတော့ နှင်းရည်နှင်းပေါက်ကို

သောက်သုံးရသောကြောင့် အကိုင်းအခက် အညွန့်အတက်တို့ သည်စိုပြေလန်းဆန်းလာပြီး ပင်စည်ဖွံ့ဖြိုးနေပါသည်။

ကျနော်သည် သဘာဝရာသီ စက်ဝန်း၏ လည်ပတ်ခြင်းကို ကြည့်ပြီး တရားဓမ္မသဘောကို ပြန်ပြောင်းတွေးမိတော့၊အရွက် ဟောင်းတို့ ကြွေ၍ အရွက်သစ်တို့ နုပျိုစကိုကြည့်ကာ အစိုးမရ သော သဘောကို မြင်ပြန်သည်။ သခါရသဘောကို မြင်ပြန် သည်။ ဖြစ်ခြင်းသဘောကို မြင်ပြန်သည်။ ပျက်ခြင်းသဘောကို မြင်ပြန်သည်။

နေရောင်ခြည်များက ဆောင်း၏ နှင်းငွေဇာခြည်ကို ထိုး ဖောက်လိုက်သဖြင့် နှင်းရိပ် နှင်းငွေ့များ ပျက်ပြယ်စ ပြုလာ ပါသည်။

ထိုအချိန်တွင်။

ကျနော်သည် ဇရပ်တဆောင်ပေါ်သို့ ရောက်ခဲ့ပါသည်။ ဇရပ်ဟု ဆိုသော်လည်း ဇရပ်တဆောင်၏ အင်္ဂါရပ်ဖြင့် မညီ ညွတ်တော့ချေ။ အချိန်ကာလ မည်မျှဖြတ်သန်းခဲ့ရသည်မသိ။ ယခုတော့ ဟောင်းနွမ်းနေပြီ။ ခင်းထားသော ကြမ်းပျဉ်များ ယိုယွင်းပျက်စီးနေပြီ။ အမိုးသွပ်များလည်း မရှိတော့။ အဖီ လေးဘက်တိုင်များ အချို့ယိမ်းယိုင်တော့၊ ပျဉ်ကာများလည်း မရှိတော့။ လူအများ အသုံးပြုနိုင်ရန်ပင် ခပ်ခက်ခက်၊ အများ ပိုင် ဇရပ်ဖြစ်သော်လည်း လူတွေ ပြန်လည် မွမ်းမံခြင်းမရှိတော့၊ ဇရပ်အိုသည် လူတွေ၏ အပယ်ခံဘဝ ဖြစ်ရပ် တည်နေရရှာလေ သည်။

ကျနော်သည် ဇရပ်အို၏တနေရာ ထိုင်နိုင်သည့် ခိုင်ခန့်စွာ ရှိနေသော နေရာတွင် ထိုင်ချပြီး ကျွန်းတိုင်တခုကို အမှီပြုလိုက်ပြန်သေးသည်။ အိတ်ထဲ၌ပါလာသော ခြူးဆေးပေါ့လိပ်တလိပ်ကို နှုတ်ခမ်းထဲ မီးညှိလိုက်ပါသည်။ လောင်ကျွမ်းနေသော မီးခြစ်ဆံကို ငြိမ်းသတ်လိုက်ခါ နံဘေးသို့ လွှတ်ပစ်လိုက်သည့် အချိန်တွင် အုတ်ဂူပျက်တခုမှ လူသေ၏ အရိုးကျနေသော ဦးခေါင်းခွံ၊ နံရိုး၊ ခြေထောက်ရိုး စသည်တို့ကို ရုတ်တရက်တွေ့ပါသည်။ ကျနော့စိတ်များ လှုပ်ရှားသွားပါသည်။ ထိုလှုပ်ရှားလာသော စိတ်သဏ္ဌာန်က အခြားမဟုတ်ပေ။ သံဝေဂတရားများပင် ဖြစ်ပါသည်။

ထိုတရားနှင့် တဆက်တည်း အတွေးများ တခုပြီးတခု ဝင်ရောက်လာပြန်သည်။ နားကြားခဲ့ဘူးသော အနတ္တလက္ခဏာသုတ် အနက်ကိုပင် ဖြစ်ပါသည်။

အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန် မျက်မှောက်ဘဝတို့၌ ကိုယ်တွင်းရှိရုပ်သည်လည်းကောင်း၊ နူးညံ့သော ရုပ်သည်လည်းကောင်း၊ ကြမ်းတမ်းသော ရုပ်သည်လည်းကောင်း၊ မြင့်မြတ်သော ရုပ်သည်လည်းကောင်း၊ ယုတ်ညံ့သော ရုပ်သည်လည်းကောင်း၊ အနီး၌ဖြစ်သော ရုပ် သည် လည်း ကောင်း၊ အဝေး၌ရှိသော ရုပ်သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော ရုပ်တို့သည် ငါမပိုင်၊ ငါဖြစ်သည်ဟူ၍လည်း မဟုတ်ချေ။ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်ပြောင်းလဲမှု၊ သိမှုအစုစုတို့သည် မမြဲသောသဘော၊ ဖောက်ပြန်သောသဘော၊ ပျက်စီးသောသဘော ဖြစ်လေသည်။

ခန္ဓာငါးပါးကို ပိုင်စိုးသော အတ္တသည် တကယ်ပင် ရှိရိုးမှန်ကန်က မိမိတို့ဖြစ်စေချင်သလို ဖြစ်နိုင်စရာရှိမည်။ ယခုကား အိုနာ သေဘေးကိုမဆိုထားဘိ စားဝတ်နေရေးကို မနေနိုင်။ ဤကား မပိုင်ခြင်းသဘော၊ အစိုးမရသော သဘောပင် ဖြစ်ပါသည်။

ဤ အသိတရားတွေက ကျနော့်စိတ်ကို ရစ်နှောင် ထားသဖြင့် တဒင်္ဂအားဖြင့် ငြိမ်းချမ်းနေပါသည်။ အေးချမ်းနေပါသည်။ တိတ်ဆိတ်သော ဝန်းကျင်နှင့်အတူ ကျနော့်မျက်လုံးအစုံသည် အချိန်အနည်းငယ်မျှ မှိတ်၍သွားပါသည်။ မည်မျှကြာညောင်းသွားသည်ဟူကား မသိလိုက်ပေ။ ချောင်းဟန့်သံတခု ကျနော့်နားထဲသို့ ဝင်ရောက်လာမှ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိသည်။

မမြော်လင့်ဘဲ ခြေအစုံကို ဦးစွာ မြင်လိုက်ရပါသည်။တဖြေးဖြေးနှင့် ခေါင်းအထိ ကြည့်လိုက်ပြန်သည်။ အရုပ်ဆိုးသော စာရင်းထဲတွင် ပါဝင်သူတဦးဟု ပြောရမည်လား မသိချေ။

အကျည်းတန် အရုပ်ဆိုးသလောက် ခန္ဓာကိုယ်က တောင့်တင်း ခိုင်မာနေသည်။ အသက်အရွယ်ကမူ ရာဇပိုင်းသို့ ချဉ်းကပ်နေသည်။ မျက်လုံးတဖက် လပ်နေသည်။ ရွှေသွားများက ယိမ်းယိုင်နေသည်။ အချိုလည်းမရှိ၊ နှာခေါင်း ပြား သည်။ အသားရောင်က မဟူရာအသွင်ဆောင်သည်။ မျက်နှာ လေးထောင့်ကျကျ၊ ဟောင်းနွမ်းသော လုံချည်ကို ဝတ်ထားသည်။

အပေါ်ပိုင်း စွပ်ကျယ်လက်ပြတ်မှာ အရောင်အဆင်း ကင်းမဲ့နေသည်။ သူ၏လက်တဖက်တွင် ပေါက်တူးတလက် ကိုင်ထားသည်။

"မင်းမှာ မီးခြစ်မပါဘူးလား"

"ပါပါတယ်"

"ဒီလိုဆို ခဏပေးပါ"

"ရပါတယ်"

ကျနော်သည် အိတ်ထဲ၌ထည့်ထားသော သစ်သားမီးခြစ်ကို ထုတ်ပေးလိုက်ပါသည်။ ထိုသူသည် နားရွက်ဖြင့် ညှပ်ထားသော ဆေးလိပ်တိုကို ယူလိုက်ပါသည်။ ဆေးလိပ် မီးညှိပြီးနောက် အားပါးတရ ဖွာရှိုက်လိုက်ပါသည်။

"သည်နေ့ချမ့် မြို့ထဲက အသုဘကိစ္စအတွက် မင်း လာကြည့်ဒါလား"

"မဟုတ်ပါဘူး"

"အဲဒီ အသုဘကိစ္စနှင့် ပတ်သက်ပြီး ကျင်းတူးဘို့ ဦးကြီးကို ပြောထားတယ်"

"ဒါတော့ ကျနော် မပြောတတ်ပါဘူး"

ကျနော်သည် သူ၏အမေးကို ရိုးရိုးအေးအေး ဖြေဆိုနေပါသည်။ သူ၏မျက်နှာသည် အနည်းငယ် ပြုံး၍ စကားဆက်ပြန်သည်။

"ဒီလိုဆိုတော့ မင်းက အပြင်လူတယောက်ပဲ"

"ဟုတ်ပါတယ်"

"ဦးကြီးက အသုဘကိစ္စနဲ့ပတ်သက်နေသလားလို့ပါ၊ စိတ်မရှိပါနဲ့နော်"

"ဟုတ်ကဲ့"

ထိုသူသည် ကျနော်နှင့် စကားပြောနေရာမှ သုဿန်ဝသို့ မျှော်ကြည့်လိုက်ပါသည်။ လူရွယ်သုံးဦးဝင်လာသည်ကို တွေ့မြင်လိုက်ပါသည်။ သူသည် ကျနော့်ဘက်သို့ တချက်ပြုံးကာ၊

"လာပါကွ- သွားလိုက်အုံးမယ်၊ မင်းနောက်ထပ်ဦးကြီးနဲ့ တွေ့ချင်တယ်ဆိုရင် ဟိုဘဲဆီကို လာလည်နိုင်ပါတယ်၊ ဦးကြီးရဲ့ နံမည်ကတော့ ပန်းအိ၊ အလုပ်အကိုင် သုဘရာဇာပေါ့"

ဤသို့ ပြောဆိုပြီးနောက် ပေါက်တူးကို ပခုံးပေါ်တင်၍ ထွက်ခွာသွားပါတော့သည်။

သုဿန် သင်းချိုင်းလမ်းဝယ် သုဘရာဇာ ဦးပန်းအိနှင့် ဝင်လာသော လူရွယ်သုံးဦး ဆုံကြလေသည်။

ဦးပန်းအိ၏ ဘေးပတ်လည်တွင် လူရွယ်သုံးဦးက မိုးတိုးမတ်တတ်ဖြင့် ရှိနေသည်။ တယောက်နှင့်တယောက် စကားလက်ဆုံကြနေသည်။ ဦးပန်းအိ၏ ခေါ်ရာနောက်သို့ ထိုလူရွယ်သုံးဦးလိုက်ပါသွားတော့သည်။ ပြီးတော့ ဦးပန်းအိ ပြသောနေရာသို့ သဘောတူကြောင်း ခေါင်းညိတ်ကြသည်။ ပေါက်ဘူးကို အားယူ၍ မြေကို တူးဆွလိုက်သော ဦးပန်းအိ၏ လက်မောင်းကြွက်သားများက အမြောင်းမြောင်း ထနေသည်။ ပေါက်လိုက် နားလိုက်ဖြင့် တဦးတည်း အလုပ်များနေသော

ဦးပန်းအိကို လူရွယ် သုံးဦးက မျက်ကွယ် ပြုသွားကြလေသည်။ လိုချင်သော တွင်း၏ အတိမ်အနက်အထိ ပြီးလုချိန်တွင် ဦးပန်းအိသည် ကျနော့်ဆီသို့ ပြန်လည်ရောက်လာပြန်ပါသည်။

ကျနော်က ယခုအချိန်အထိ သုသာန်ဇရပ်အိုပေါ်တွင် ထိုင်လျက်ရှိနေသေးပါသည်။ ကျနော့်နားသို့ သူရောက်လာသောအခါ တကိုယ်လုံး စိုရွှဲနေသော ချွေးတို့ကို ဝတ်ထားသော စွပ်ကျယ်ဖြင့် ချွတ်၍ သုတ်လိုက်ပါသည်။ မျက်နှာပေါ်တွင် နှင်းပွင့်များသဖွယ်ရှိသေးသော ချွေးသီး ချွေးပေါက်ကို သုတ်လိုက်ပြီးနောက် ခြေသလုံးတွင်ရှိသော မြေမှုန့်များကို စွတ်ကျယ်ဖြင့် ခပ်ထုတ်လိုက်ပါသည်။

"မင်းမှာ ဆေးလိပ်အပိုပါသေးသလား"

သူသည် ကျနော့်အား ရင်းနှီးသော မိတ်ဆွေတဦးကဲ့သို့ ဆက်ဆံလိုက်သောစကားကြောင့်၊

"ကြည့်လိုက်အုံးမယ် ဦး"

"အေး"

ကျနော်သည် အင်္ကျီအိတ်ထဲတွင် ဆေးလိပ်ရှိ မရှိ ပြန်စမ်းသပ်ပြီးနောက် ဆေးလိပ်နှစ်လိပ် အဆင်သင့် စမ်းမိသဖြင့် ကျနော် တလိပ် သူတလိပ်ထုတ်၍မီးညှိဖွာရှိုက်ကြပါသည်။ သူသည် ကျနော့်ထက် ဆေးလိပ်ကို အားပါးတရ ဖွာရှိုက်ပါသည်။သူက အလုပ်လုပ်၍ မောလာသည်။အမောပြေရန် ဆေးလိပ်ကို အားပြုနေခြင်း ဖြစ်ပါသည်။

ကျနော်တို့ နှစ်ဦးသည် တဦးနှင့်တဦး စကားမပြော၊ ပြောရမည့်အကြောင်းက မရှိသေး။ တယောက်မျက်နှာ တယောက်

လည်း မကြည့်၊ ကိုယ့်အတွေးနဲ့ကိုယ်သာ။ အချိန်အနည်းငယ် ကြာညောင်းလာတော့ စကား စပြန်သည်။

"မင်း ခုထိမပြန်သေးတော့ အကြောင်းတခုခု ရှိမှာဘဲ နော်"

သူသည် ရှေ့နေဆန်ဆန် သဘောမျိုးဖြင့် စကားကြောင်း ပေးလိုက်ပါသည်။ သူ့အမေးကို ကျနော် ဖြေရခက်နေပါ သည်။

ဝေ့လည်ကြောင်ပတ်သဘော ဖြေရန်လည်းမဖြစ်၊ ကျနော် ဓုတင်ဆောက်တည်မည့် အကြောင်း ဇာတ်စုံ ခင်းပြရန်လည်း မဖြစ်၊ အဘယ်ကြောင့်နည်း၊ ဤသို့ ကျမ်းအရဆိုရပေအုံး မည်။

သုသာန်သို့သွားသောအခါမှာလည်း လမ်းမကြီးကမသွားရ။ လမ်းငယ်ဖြင့်သာ မိမိကိုယ်ကို သုသာန် ဓုတင်ဆောင်သော ပုဂ္ဂိုလ်ဟု မသိအောင် လျှို့ဝှက်သွားအပ်၏။

နေ့အခါသာလျှင် သစ်ငုတ်သစ်ပင် တောင်ပို့ မို့မို့မဲမဲ မြင်ကောင်းသော အာရုံတို့ကို ပိုင်းခြား မှတ်သားရမည်။ ဤသို့ နေ့အခါက မှတ်သားထားမှသာ ထိုသစ်ငုတ် စသော အရာတို့ သည် ညဉ့်အခါ၌ ထို ဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်ကို ခြောက်လှန့်သော အာရုံများ မဖြစ်ဘဲ ရှိလိမ့်မည်။

ညဉ့်အခါ ဘီလူး ၃ ပါးတို့သည် မြည်တမ်း ဟစ်ကြွေး၍ လှည့်လည်ကုန်သော်လည်း တစုံတခုသော လှံကန် အုတ် ကျောက်တို့ဖြင့် မပစ်ခတ်အပ်၊ သုသာန်သို့ တနေ့မျှမသွားဘဲ မနေသင့်။ သုသာန်၌ မဇ္ဈိမယံကိုကုန်စေ၍ ပစ္ဆိမယံ၌ သုသာန်မှဖဲ

ခြင်းငှာသင့်၏ဟု အင်္ဂုတ္တိုရဘာဏကဆရာတို့ကဆိုကြကုန်၏။ဘိလူးဘာသက်တို့ချစ်မြတ်နိုးစွာ ကြိုက်နှစ်သက်သောထွေးနွမ်းလှော်ပဲထမင်းငါး အမဲဆီ တင်လဲစသော ခဲဘွယ် စားဘွယ်တို့ကို မမှိုဝဲအပ်။

ထိုကြောင့်-

သုဘာရာဇာကြီး ဦးပန်းအိ အမေးကိုကျဲနော် အဖြေ မပေးသေးချေ။

"ကိစ္စကတော့ အထူးမရှိပါဘူး၊ အပျင်းပြေ သ‌ေ ဘာလောက်ပါ"

ဤအဖြေကို သူက မနှစ်သက် မကျေနပ်သော အမူအရာမျိုးဖြင့်....

"မင်းလိုအရွယ်တွေမှာ ပျင်းရင် ရုပ်ရှင်၊ ဇာတ်သဘင်တွေကြည့်ပြီး အပျင်းဖြေကြတယ်၊ မင်းကျတော့ တမျိုးထူးနေပါလား"

"ဒါကတော့ လူအမျိုးမျိုး စိတ်အထွေထွေ ရှိပါတယ်၊ တယောက်နဲ့တယောက် အတွေးအခေါ် အယူအဆတွေဟာ မတူကြဘူးမဟုတ်လား"

"ဒါတော့ မှန်ဒါပေါ့၊ ဒါပေမဲ့ အာရုံခံစားချင်းကြတော့ လူတိုင်းဟာ တူညီတတ်ကြတယ်"

ကျနော်သည် ချေပပြောဆိုလိုသောဆန္ဒ မရှိသဖြင့် မျက်နှာကိုတဖက်သို့ လွှဲပြောင်းလိုက်သောကြောင့် စကားပြတ်သွားပါတော့သည်။

ယိုအခိုက်မြို့တွင်းဆီမှ လှုပ်လှုပ်ရှားရှား အသံဗလံများသည် သုဿန်သင်းချိုင်းရှိရာသို့ ပြန့်လွင့်လာသည်။ လေနှင့်အတူ ရော ထွေးလာခြင်း ဖြစ်သည်။

ကြေးစည်သံလွင်လွင် အသံနေအသံထားဖြင့် ကြူးရင့်လိုက် သောဝမ္ပသံ၊ မောင်တော်ကားသံများ၊ လူပရိသတ်သံများစသည် တို့သည် ဝန်းကျင်၌ ပေါ်ထွက်လာခိုက်။

"ချလာပြီ အသုဘချလာပြီ"

သုဘရာဇာဦးပန်းအိသည် ဤသို့ပြောဆိုပြီးနောက်သူတူးဆွ ထားသောတွင်းနားဆီသို့ ပြေးသွားပါသည်။

ကျနော်လည်း ထိုအသံကြောင့် စိတ်အနည်းငယ် လှုပ်ရှား လာသဖြင့် ဇရပ်ပေါ်မှသုဿန်လမ်းမကြီး တလျှောက်ကို လှမ်း ကြည့်လိုက်ပါသည်။ အော်စတင် ကားနက်တစီးသည် အရှိန် ပြင်းစွာ မောင်းလျက် ဝင်လာပါသည်။ ထိုကားနက်သည် သင်းချိုင်းလမ်းခရီး တဝက်လောက်တွင် ရပ်သွားပါသည်။ ကားပေါ်မှ လူရွယ်ခပ်ကြီးကြီးနှစ်ဦး ဆင်းခဲ့ကြသည်။ ထိုသူ နှစ်ဦးသည် ဦးပန်းအိရှိရာဆီသို့ ချဉ်းကပ်သွားကြသည်။

"ဦးပန်းအိဆိုဒါ ခင်ဗျားလား"

"ဟုတ်ပါတယ်"

"တွင်းတူးတဲ့ကိစ္စဘဲ လုပ်ထားဒါလား"

"ဟုတ်ပါတယ်"

"အုတ်ဂူသွင်းဘို့ မလုပ်ဘူးလား"

"မလုပ်ပါဘူး"

"ခက်တာဘဲဗျာ ကျုနိုပ်တို့က အုတ်ဂူသွင်းမလို့"

"မသိဘူးလေ စောစောက လူငယ်သုံးယောက်က မြေမြှုပ်မယ်လို့ပြောလို့"

"ဒီလိုဆိုခင်ဗျား တွင်းတူးခယူသွား"

ထိုသူနှစ်ဦးအနက် တယောက်သော သူက ငွေငါးကျပ်ထုတ်ပေးလိုက်ပါသည်။

"မနည်းဘူးလား"

"ဒါ တော်ရောပေါ့"

ဦးပန်းအိက မကျေနပ်သော အကြည့်မျိုးဖြင့် ကြည့်ကာ ထိုနေရာမှထွက်ခွာခဲ့သည်။ မကြာမီ ထိုနေရာတွင် ဘိလပ်မြေအထုပ်များနှင့်အုတ်များ ရောက်ရှိလာပါသည်။

ကျနော်နှင့်ဦးပန်းအိ ပြန်လည်ဆုံသောအခါ သူ၏မျက်နှာတခိုသည် မကျေနပ်သောအသွင်ကို ဆောင်လျက် ရှိပါသည်။ မှုန်းချက်နှင့် နှမ်းထွက်မကိုက်သည့် သဘော ဆောင်နေသည်။

"ပိုက်ဆံရှိတဲ့ လူတွေဟာ မိမိဘက်ကိုသာ ကြည့်တတ်ကြတယ်၊ မိမိကြီးပွားရေးသာ အာရုံရှိကြတယ်၊ ကိုယ်ချမ်းသာရေးတခုကိုသာ ဦးတည်ချက် ထားကြတယ်။

ခုကြည့်ပါလား၊ ငါမြေ့ဘ်မှန်းထားတာကအနည်းဆုံး ၁၅ ကျပ်လောက်ထင်ဒါ ခုတော့ငွေ ၅ ကျပ်နဲ့ဘဲ ငါ့ရဲ့လုပ်အားခကိုဆုံးဖြတ်တယ်၊ မေတ္တာတရား ခေါင်းပါးတယ်၊ စေတနာမရှိကြဘူး၊ ဘဝရဲ့နောက်ဆုံး ခရီးရောက်နေပြီ၊ စာပွဲဟောင်း၊ ဖိနပ်စုတ်၊ ငှက်ပျောတုံးစတဲ့ အရာဝတ္ထုတွေလောက် ထန်ဖိုးမရှိတော့ဘူး၊ ရှပ်ပိုင်းရေနှာမ်ပိုင်းမှာ ဘာတခုမှ တန်ဘိုးအစွမ်း

မရှိဘူးဆိုတဲ့ အပုပ်ကောင်ကြီးကို မြင်နေဒါတောင် လူတဦးနဲ့ တဦး နိုင်ထက်စီးနင်း လုပ်ချင်ကြသေးတယ်”

ဤသို့ ဦးပန်းအိ ပြောလှာပါသည်။

“ဒါပေါ့ဦး လူဆိုတာခက်တာဘဲ၊ ကိုယ်ပိုင် သံဝေဂတရား မရမချင်း ကိုယ်ချင်းစာနာစိတ် ကင်းတယ်၊ဒါကြောင့် ဗုဒ္ဓဘာသာအမည်ခံပေမဲ့ ဘုရားဟောတဲ့ တရားတော်တွေမှာ အပွား တရားရယ်၊ အကျင့်တရားရယ်လို့ နှစ်မျိုးဟောခဲ့တယ်၊ အပွား တရားက အဝိဇ္ဇာနဲ့ ဘဝဘဏ္ဍာဘဲ၊ အကျင့်တရားက သမထနဲ့ ဝိပဿနာဘဲ။ ခုကြည့်လေ၊ ဗုဒ္ဓရှင်တော်က သံသရာမှာ အရှည် ရှည်စေမဲ့ ကံအရှိန်အဟုန်၊ ကံရဲ့အကျိုးပေးမှုတွေ ချုပ်ငြိမ်း ရပ်စဲသွားအောင် လုပ်ရမယ်လို့ဟောပေမဲ့ လူတွေက သံသရာ ပြန်လည်မဲ့ တရားတွေကို အာရုံ စူးစိုက်နေကြတယ် မဟုတ် လား”

ကျနော် ပြောလိုက်သောစကားကြောင့် ဦးပန်းအိ အနည်းငယ် ငိုင်ကျသွားပါသည်။ သူသည် စကား တခွန်း တပါဒမျှ မပြောတော့ဘဲ တဖက်သို့ငေးငိုင်နေပါသည်။

အသုဘအခမ်းအနားသည် ကြီးကြီး ကျယ်ကျယ်ပင် ဖြစ်သည်။ ထယ်ထယ် ဝါဝါရှိသည်။ မြို့၏ မျက်နှာပုံး ဆိုတော့ ဒီလောက် ခန်းနားမှု ရှိရအုံးမည်။

အသုဘမော်တော်ယာဉ်သည် ဇရပ်ရှေ့သို့ ဆိုက်ရောက်လာ ပါသည်။ အသုဘ ပို့ဆောင်သော ပရိသတ်မှာလည်း အထူး စည်ကားလျက်ရှိပါသည်။ အသုဘခေါင်းကို မော်တော်ယာဉ်

ပေါ်မှထုတ်ယူကာ လူရှယ်ခပ်များများကထမ်းလျက် တွင်းဆီသို့ သယ်ဆောင်သွားကြပါသည်။

လူအုပ်ကြီးမှာလည်း နောက်မှ ထပ်ချပ်မခွာ ကပ်လိုက်သူများရှိသကဲ့သို့ အုတ်ဂူမြေပုံများကို ကျော်ဖြတ် ပြေးလွှားနေကြသူတွေလည်း ရှိပါသည်။ ကြည့်ရှုပြေးလွှားနေကြသော လူအုပ်ထဲတွင် ကျနော်တယောက်လည်း ပါဝင်သည်။

အသုဘခေါင်းမြေမမြှုပ်ခင် ပူဆွေးငိုကြွေးကြသော အသံများသည် ဆူညံစွာ ထွက်ပေါ်လာပါသည်။

"နောက်ဆုံးအနေနဲ့ ကြည့်ချင်သေးကြတယ်ဆိုရင် ကြည့်ကြအုံးပေါ့"

လူအုပ်ကြားမှ လူကြီးတဦး၏ အသံက ထွက်ပေါ်လာပါသည်။ သုဘရဇာလူရှယ်တဦးကခေါင်းအပေါ်ယံတွင်ခေတ္တပိတ်ထားသောသံများကို အနည်းငယ်ဟဖွင့်လိုက်ပါသည်။ ကျနော်လည်းထိုဝန်းကျင်၌ ရှိနေပါသည်။

အပုပ်နံ့သည် ဝန်းကျင်သို့ ပျံ့လွင့်လာပါသည်။ ပရိသတ်အားလုံးပင် နှာခေါင်းများကို ပိတ်လိုက်ကြသည်။ ရုပ်ဆင်းသဏ္ဍာန် ပျက်နေသော လူသေကောင်ကို မြင်တွေ့လိုက်သော ကျနော့်အဖို့ သတိသံဝေဂတရားများ ချက်ချင်းဝင်ရောက်လာလေသည်။ တနေ့ ငါ့ရုပ်ခန္ဓာလည်းဤသို့ ပုပ်ပွရအုံးမှာဘဲ။

× × ×

(၃)

ဟိုယခင်တခေါက်။ ခုတခေါက်ဆို နှစ်ခေါက်။

သုသာန်တစပြင်သည် တိတ်ဆိတ်နေပါသည်။ နေရောင်ပင် အပူရှိန်အားကောင်းစ ပြုနေသည်။ သို့သော် လူစလူန ဟူ၍ကား တဦးတလေမျှမတွေ့ရချေ။

ကျနော်သည် သုသာန်မြေသို့ ခြေချသည်တပြိုင်နက် ဤသို့ မြင်လိုက်မိသည်။ တွေးလိုက်သည့်အတွေးကတော့ ဤသို့မဟုတ်ပေ။ စိတ်တွေက ဦးပန်းအိ နေထိုင်သော တဲဆီသို့ ပြေးလွှား သွားသည်။ မျက်လုံးတွေကလည်း သူ့တဲဆီသို့ လှမ်းကြည့်လိုက်ပါသည်။

သူ့ကိုတွေ့လိုသောဆန္ဒက စောနေပါသည်။ မတွေ့ရင်မဖြစ် သောကိစ္စတရပ် ရှိသေးသည်။ ကျနော်သည် တဲနားသို့ ချဉ်း ကပ်သည့်တိုင်အောင် ဦးပန်းအိကို မတွေ့ရသေး။

ခွေးဟောင်သံကသာ စူးစူး ဝါးဝါး ပေါ်ထွက်နေပါသည်။ တဲပေါက်ဝမှနေ အတွင်းဆီသို့ လှမ်းကြည့်သော်လည်း မည်သူမှမတွေ့သဖြင့် စိတ်ပျက်ပျက်ဖြင့် ဇရပ်အိုဘက်သို့ ထွက်သွားမည်အပြု....။

"မင်း လာသေးဒါကိုး"

ကျနော့်နောက်မှ ရုတ်တရက် အသံနက်ကြီးသည် ကျယ်လောင်စွာ ပေါ်ထွက်လာသောကြောင့် အနောက်ဘက်သို့ လှည့်ကြည့်မိပါသည်။

ဦးပန်းအိသည် ဤသို့ ပြောလိုက်ခြင်းကြောင့် အနောက်ဘက်သို့လှည့်ကြည့်မိပါသည်။ ဦးပန်းအိသည် ဤသို့ပြောပြီးနောက် တဲနံဘေးရှိ ရေပုံးတလုံးထဲမှရေဖြင့် ခြေလက်ဆေးကြောလိုက်ပါသည်။

"ဟုတ်ပါတယ်၊ ကျနော် မလာမဖြစ်ဘဲ့ ကိစ္စ ရှိနေသေးတော့ ခုလိုဘဲလာရဒါ"

"ဒီလိုဆို တဲပေါ် တက်ထိုင်အုံးလေကွာ"

"ဟုတ်ကဲ့"

ကျနော်သည် သူပြောလိုက်သည့်အတိုင်း တဲပေါ်သို့ တက်လိုက်ပါသည်။ လွတ်နေသော ဝါးကြမ်းတနေရာပေါ်သို့ထိုင်ချပြီးနောက် တဲ၏အခြေအနေကို အကဲခတ် ကြည့်မိသည်။

သဘာရာဇာ ဦးပန်းအိ၏အပြင်သဏ္ဍာန် အရုပ်ဆိုးသလောက် အတွင်းသဏ္ဍာန်၏ နေထိုင် စားသောက်မှုမှာ သန့်သန့်ပြန့်ပြန့်

တော့ရှိနေပါသည်။ လူ့ဘဝနှင့် လူ့မနော ဆိုသည်မှာ တခါတခါတော့ အသိရအခက်သား။

ဦးပန်းအိသည် ကျနော် ထိုင်နေသောနေရာမှ ကျော်ဖြတ် ကာမီးဖိုဆောင်ထဲသို့ ဝင်သွားပြီးနောက် ဤသို့ အသံပြုလိုက်ပါသည်။

"ဦးနာမည်ကိုတော့ မင်းသိခဲ့ပြီးနော် မင်းနာမည်ကိုလဲ ဦးသိဘို့လိုသေးတယ်"

"သိနိုင်ပါတယ်"

"ဒီလိုဆို ဘယ်လိုခေါ်သလဲ"

"ကောင်းမြတ်ပါ"

"ကောင်းမြတ်"

ဦးပန်းအိသည် ကျနော့် နာမည်ကို သူ၏နှုတ်မှ ထပ်ဆင့်ခေါ်လိုက်ပြန်သည်။

"အေးကွ....လူနဲ့နာမည်ကတော့ လိုက်သား"

"ဘာကြောင့်လဲ ဦး"

"လူတယောက်ကို လူလိုမြင်တတ်တဲ့စိတ် ရှိလို့ပါ"

သူသည် ဤသို့ပြောဆိုပြီးနောက် ကျနော့်ထံသို့ ပြန်လည်ရောက်ရှိလာပါသည်။

ထိုအချိန်တွင် ရေနွေးခရားတခု၊ အကြမ်းပန်းကန် ၂ လုံး၊ နောက်ပြီးရှိပါသေးသည်။ နံနက်စာစားရန်အတွက် ထမင်းအိုးတလုံး၊ ဟင်းပန်းကန်တခု၊ ပန်းကန်ပြား (၂) ချပ်။

"ကဲ....ထမင်းစားရင်း စကားပြောကြဒါပေါ့"
"ကျနော် စားခဲ့ပြီးပါဘဲ"
"နည်းနည်းတော့ စားပါအုံးကွာ"
"ကျနော် ရေနွေးကြမ်းဘဲသောက်ရရင် တော်ပါဘီဦး"

သူသည် မည်မျှဆာလောင်မွတ်သိပ်နေသည် ဟူကားမပြော တတ် ထမင်းကိုအားပါးတရ စားနေပါသည်။ ကျနော် ရေနွေး ကြမ်း သုံးခွက်မြောက်သောအခါ ထမင်းစားလို့ ပြီးဆုံးသွား တော့သည်။

သူ့အိတ်ထဲ၌ အဆင်သင့်ရှိနေသော ဆေးပေါ့လိပ် နှစ်လိပ် ကိုယူလိုက်ပြီး ကျနော့်အား တလိပ် လှမ်းပေးလိုက်ပါသည်။
ကျနော်သည် တလိပ်လိပ် လွင့်ပျံ့နေသော ဆေးလိပ် ငွေ့များကို ငေးကြည့်ပြီး။
"သင်းချိုင်းအစောင့် မရှိဘူးလား ဦး"
"ရှိပါတယ်....ဘာလုပ်ဖို့လဲ"

ဤသို့မေးလာတော့၊ ကျနော်လုပ်မည့် ဓုတင်အကြောင်းကို ပြန်ပြောင်း သတိရလိုက်ပါသည်။ ဓုတင်ဆောက်သော ယောဂီ ပုဂ္ဂိုလ်သည် သင်းချိုင်း အစောင့်ထံ ခွင့်တောင်းရမည်။ ထိုကြောင့် ဤသို့မေးလိုက်ခြင်း ဖြစ်ပါသည်။
"ခု ဘယ်မှာနေသလဲ ဦး"
"တခါတခါမှ လာတတ်တယ်၊ အမြဲတန်း ဒီသင်းချိုင်းမှာ မနေပါဘူး"

"ဟုတ်ကဲ့"

"မင်း သူ့အကြောင်း ဘာသိချင်လို့လဲ"

"ကျနော် သုသာန်ဓုတင်ဝင်မလို့ပါ"

ယခင် ဤဓုတင် ဆောက်တည်ခြင်းကို မပြောဟု စိတ်ဝယ် စောင့်စည်းထားသော်လည်း မပြောမဖြစ်သော အကြောင်း ကြောင့် ဖွင့်ပြောလိုက်ပါသည်။

"ဓုတင် ဆောက်တယ်ဆိုဒါ ဘာကို ဆိုလိုဒါလဲ မောင် ကောင်းမြတ်"

"သုသာန်ဓုတင်ဆောက်တည်တယ်ဆိုဒါက လိုရင်းပြောမယ် ဆို သချင်းတရားကို ပွားများဒါဘဲ"

ကျနော်သည် ဓုတင်ဆောက်တည်ခြင်းအကြောင်းကို ပြော ပြသည့် အခါတွင် သူသည် ခေါင်းကလေး တညိတ်ညိတ်ဖြင့် နားထောင်နေပါသည်။ အမှတ်မထင် သူ၏ မျက်လုံးများသည် ပြင်ပသို့ဝေးမြော်ကြည့်လိုက်ပါသည်။

ဤသို့ကြည့်ရှုပြီးနောက်။

"မောင်ကောင်းမြတ်ရေ....ဦးကိစ္စ ဆောင်ရွက်လိုက်အုံးမယ် နော်"ဟုပြောပြီး တဲအောက်သို့ ဆင်းသွားပါတော့သည်။

ဦးပန်းအိ ဆင်းသွားသည့်အကြောင်းကို သိလိုသဖြင့် ကျွန် တော်သည် ထိုင်နေရာမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပါ သည်။ သူ ဆောင်ရွက်ရမည့် လုပ်ငန်းကို ဆောင်ရွက်နိုင်မှ သူ့ဝမ်းအတွက် နေ့ညဖူလုံပေမည်။ ဒါကတော့ သူ့အလုပ်ပင် ဖြစ်ပါသည်။ ကျနော်သည် သူ့နောက်မှ လိုက်သွားပါသည်။

မနေ့ကနှင့် သည်နေ့မတူ။ ထူးခြားနေပြန်သည်။
အကြောင်းကဤသို့ပင်မနေ့ကအသုဘကစည်စည်ကားကား ရှိသည်။ ပကာသနကိုဦးဆောင်သည့်အတွက် ငွေကြေး အကုန် အကျခံထားသည်။
သည်နေ့ ဤသို့မဟုတ်ပေ။
အများဆုံး လူဆယ်ယောက်။
အသုဘက လက်တွန်းလှည်းဖြင့်သာ။

အသုဘ ပို့ဆောင်သူတွေမှာ ဆင်းရဲနွမ်းပါးပုံ ရသ်။ ပို့ဆောင်သူအားလုံးပင် မိမိပိုင်ဆိုင်သော ကိုယ်ပိုင်အားကိုသာ အသုံး ပြုကြသည်။ ခြေလျင် လျှောက်လျက် ပို့ဆောင်ကြ သည်။
"ဒီဘက်ကို လာကြ"

ဦးပန်းအိက လှမ်းခေါ်လိုက်ပါသည်။ ထိုအသံကြောင့် လက်တွန်းလှည်းသည် ဦးပန်းအိရှိရာသို့ တွန်းလာကြသည်။
မကြာမီ ဦးပန်းအိသည် မိမိတာဝန်ကို ကျေကျေပြွန်ပြွန် ပြုလုပ်ဆောင်ရွက်ပါသည်။ ထို့ကြောင့် လူတဦး လှမ်းပေးလိုက် သောငွေကို လှမ်းယူလိုက်ပါသည်။

သူ၏ ပုဆိုးကပ့်စထဲသို့ ထည့်လိုက်ပြီးနောက် လုံချည်ကို ကျစ်ကျစ်ပါအောင် ပြန်ဝတ်လိုက်ပါသည်။ အသုဘ မြေမြှုပ် သည့်ကိစ္စ ပြီးသည့်အခါတွင် ဦးပန်းအိ တဲဘက်ဆီသို့ ပြန်လာ သည်။

ကျနေ၁်လည်း သူနှင့်အတူ ပြန်လိုက်လာပါသည်။ သူနှင့်ကျနေ၁်တဲပေါ်တွင်ဆုံကြပြီးနောက် ဦးပန်းအိက စတင်စကားပြောလှာသည်။

"မောင်ကောင်းမြတ်၊ လူ့ဘဝရဲ့ နောက်ဆုံး တိုင်အောင် မြေကြီးဟာလူတွေအတွက် ဘယ်လောက် တန်ဘိုးရှိတယ်ဆိုတာ သိတယ်နော်"

သူ့စကားကို ထောက်ခံသည့်သဘောဖြင့် ဤသို့ပြောလိုက်ပါသည်။

"ဟုတ်ပါတယ် ဦး၊ လူတွေဟာ လူ့ဘဝအစကို ရှန်းကန်တော့မယ်ဆို မြေပေါ်မှာဦးစွာ ရပ်တည်ကြရတယ်၊ မြေကြီးရဲ့ ဆွဲငင်အားကြောင့် လူတွေဟာ မြေပေါ်မှာ လမ်းလျှောက်လို့ ရတယ်၊ဆွဲငင်အားသာ မရှိဘူးဆိုရင် လမ်းလျှောက်ခြင်း၊ ရပ်တည်ခြင်းဆိုတာ ပြုလုပ်နိုင်မှာ မဟုတ်ကြပါဘူး၊ နောက်ပြီး ရှိသေးတယ်၊နေထိုင်ဘို့အတွက်လည်း မြေပေါ်မှာဆောက်တည် ခွင့်ရတယ်၊ စားဘို့အစာတွေ စပါးပင်တွေ၊ စားစရာ သစ်သီး သစ်ဥတွေလဲ ပေးတယ်။ နာမ်မရှိတဲ့ အပုပ်ကောင် ရုပ်ကလာပ် ကြီးကျတော့ ဘယ်သူမှ လက်မခံတာကိုပင် သူကလက်ခံရတယ်။ ဒါကြောင့် လူသားတွေဟာတန်ဘိုးရှိတဲ့မြေကြီးကို အားမကိုးဘဲ အခြား တစ္ဆေသရဲတွေကို ရော်ရမ်းမှန်းဆ ကျေးမွေးကြသေး တယ်၊ကြောက်ကြတယ်၊ ရှိုကြတယ်၊ တကယ်တော့ ကြောက် စရာမလိုပါဘူး၊ အမှန်သိတဲ့လူတွေဟာ မြေကြီးဟာအားထား စရာအစစ်ပါ"

"အေးကွ....မင်းလာတော့မှ ငါလဲအမှန်တရားတွေကိုကြား ရတယ်၊ ငါ့ဘဝဟာ လူတိုင်းရဲ့တံတွေးခွက်ထဲ ပက်လက်မြော နေခဲ့တယ်၊ လူတယောက်ကို လူလို မြင်တတ်သူတွေဟာ လော ကမှာခပ်ရှားရှားဘဲ၊ ငါသင်းချိုင်းထဲ ရောက်လာတာ (၃)နှစ် ရှိပြီ၊ ဘယ်သူမှလာပီး ဆေးဖေါ်ကြောဘက် မလုပ်ကြဘူး၊ ဘဝကအလွန်နိမ့်ကျတာကိုး၊ လူ့ဘဝရဲ့ အနိမ့်ဆုံးအဆင့်ရောက် နေတယ်၊ ဒါပေမယ့်ငါဟာ လူ့ကျင့်ဝတ် လူ့သိက္ခာ၊ လူမှာ စောင့်စည်းအပ်တဲ့ တရားတွေကိုတော့ အမြဲမပြတ် ကိုယ့်ကိုယ် ကို စောင့်ရှောက်ခဲ့တယ်"

"ဒါပေါ့ဦး လူတယောက်ဟာ ပညာရှိ၊ ဥစ္စာရှိပေမယ့် လူ့သိက္ခာလူ့ကျင့်ဝတ် မရှိတဲ့လူတွေဟာဒုနဲ့ဒေးဘဲ၊ ကိုယ့်ဘာ သာတရားပေါ်မှာလဲ ယုံကြည်မှုကင်းမဲ့ကြတယ်၊ ဘုရားသခင် ဆုံးမတာကို လိုက်နာ ကျင့်ကြံမှုမရှိကြဘူး၊ ကိုယ့်တိုင်းပြည် လူမျိုးအပေါ်မှာ သစ္စာမရှိကြဘူး၊ ငါကောင်းစားရင်ပီးရော ဆိုတဲ့ ဘယ်သူသေသေ ငါတေမာရင် ပီးရောဆိုတဲ့ စိတ်တွေ မွေးသူတွေဟာ များတယ်....

နောက်ပီးရှိသေးတယ်၊ လူတယောက်ဟာ မွေးခြင်းဇာစမှ သေခြင်း အဆုံးအထိ မိမိပြုလုပ်ခဲ့တဲ့ ကောင်းမှု ကုသိုလ်နဲ့ မကောင်းမှုအကုသိုလ်တွေဟာ အရိပ်ပမာ နောက်ကလိုက်တယ် ဆိုတာ ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့တယ်"

ဥပမာ စက္ကူပါလမထေရ်ဝတ္ထုကိုပြန်ပြောရရင် စက္ကူပါလ မထေရ်ဟာ ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ

ဆေးသမား တဦးဖြစ်ပြီး ရှာကြီးရှာငယ် လှည့်လည် ဆေးအမှုကိုပြုလေတော့ တယောက်သော မိန်းမ၏ မျက်စိနာကိုမြင်၍ သင်၏မျက်စိနာကို ငါကုအံ့၊ အဘယ်မျှပေးမည်လဲ''ဟု မေးတဲ့အခါ ထိုမိန်းမက ''အကယ်၍ ငါ့မျက်စိ ပြန်မြင်သော် ငါ၏သားသမီးနှင့်တကွ ငါ့ကိုကျွန်ပြုလော့''ဟုဆိုတယ်။ ဆေးသမားက ကောင်းပြီဟု ဆိုတယ်၊ ဆေးတကြိမ်ခတ်တော့ မြင်မြဲတိုင်းမြင်ပြန်တယ်။

• ....ဒါပေမယ့် မိန်းမက သားသမီးနှင့်တကွ ဆေးသမားကျွန်ဖြစ်မည်ကို ကြောက်လို့ ဥပါယ်တမည်ဖြင့် မမြင်ဘူးလို့ပြောတယ်၊ ဒီတော့ဆေးသမားလဲ နောက်ထပ် ဆေးခတ်ပြန်တယ်၊''သင်မျက်စိ မြင်ပြီလား''ဟု မေးပြန်တယ်၊ မျက်စိမမြင်သေးပါ၊ရှေးကထက် သာလွန်နာကျင်ကြောင်း ပြန်ပြောတယ်။

....ဆေးသမားက အမျက်ထွက်ပြီး ဒီမိန်းမဟာ ငါ့ကိုလှည့်စားတယ်၊မျက်စိ ပြန်ကန်းစေတတ်သော ဆေးကိုခတ်အံ့ဟုအိမ်ပြန်ပြီးမယားကို ပြောဆိုတယ်၊ မယားက ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်တယ်၊ ဒီတော့ ဆေးသမားလည်း ကန်းစေတတ်တဲ့ ဆေးကိုယူပြီး ခတ်ပြန်တော့ မမြင်ရ ရှိသွားတယ်။

....အဲဒီဆေးသမားဟာ နောက်ဘဝမှာ စက္ခုပါလမထေရ် မျက်မမြင် ဘဝသို့ ရောက်ခဲ့တယ်လို့ ဗုဒ္ဓ ဘုရားသခင်သည် ရဟန်းတို့အား မိန့်တော်မူခဲ့တယ်။

....ချစ်သားတို့ စက္ခုပါလ မထေရ်ရှဲပြုသော မကောင်းမှုသည်နောက်မှ အစဉ်လိုက်သည်။ အဘယ်ကဲ့သို့ နည်းဟူကား

ဝန်ကိုရွက်ဆောင်သော နွားလား၏ခြေကို လှည်းဘီးသည်အစဉ် လိုက်သကဲ့သို့တည်း” ဟုမိန့်တော်မူခဲ့တယ်။

“မောင်ကောင်းမြတ်ပြောသလိုဆို ဦးလဲရှေးဘဝက အကုသိုလ်ကံတွေကြောင့် ခုဘဝမှာ အနိမ့်ဆုံးအဆင့်ရောက်နေတယ် ထင်ပါတယ်”

“ဒါကတော့ ကံဆိုတာအလုပ်ပါဘဲ၊ မကောင်းဒါ လုပ်ရင် မကောင်းတဲ့အကျိုးပေးမှာဘဲ၊ လောကီမှာဘဲဖြစ်ဖြစ် လောကုတ္တရာမှာဘဲဖြစ်ဖြစ်ပေါ့”

ကျနော်တို့နှစ်ဦးသည် တဦးနှင့်တဦး စကားလက်ဆုံကျ၊ရာမှ ကျနော်လုပ်ဆောင်ရမည့် လုပ်ငန်းဘက်သို့ ဦးတည်ရပြန်တော့သည်။

“ကျနော်ဓုတင် အကျင့်တရားအားထုတ်တဲ့အခါ အကူအညီ ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်”

“ဘာအကူအညီ ပေးရမှာလဲ”

“အခြားတော့ မဟုတ်ပါဘူး၊ နံနက်စာ အတွက် ချက်ပြီး ကျနော်ဓုတင်ဝင်တဲ့နေရာကို ပို့ပေးဘို့ပါ”

“ဒါကတော့ မခက်ပါဘူး”

ကျနော် ပြောလိုသော ကိစ္စကို ဦးပန်းအိအား တင်ပြပြီးနောက် သဘောတူညီချက် ရရှိ၍ အိမ်သို့ ပြန်လာခဲ့ပါသည်။

နေအားသည် အတော်ကောင်းလျက်။

သုသာန်ထဲရှိ သစ်ပင်တွေသည် စိမ်းစိမ်းမြမြ။ ကျေးငှက်တွေက တေးသံ သာသာယာယာ။

× × ×

( ၄ )

ကျနော့်စိတ်အာရုံသည် ရုပ်အား ပူဆာ လွန်းလှလေပြီ။ သဲထိတ်ရင်ဖို စွန့်စားခန်းတခုကို ကြုံတွေ့ရသည်နှယ် ထင်လာသည်။

အကြောင်းမူ ကျနော်သည် သုဿန်ဝတင်ဆောင်ခြင်းကို မည်သူမျှ မသိလိုပေ။ ပို၍ အသိမပေးလိုတာကတော့ ကျနော်၏ အိမ်သားများကိုပင် ဖြစ်ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်လာပါက အမေလည်း သဘောတူမည်မဟုတ်၊ ဇနီးဖြစ်သူက ပို၍ စိုးရိမ် ပေလိမ့်မည်။

အမေ ပြောဘူးသောစကားကို ကျနော် အမှတ်မထင် သတိရလိုက်မိပါသည်။

သုဿန်တစပြင်ဆိုတာဟာ အမင်္ဂလာ အရပ်ဖြစ်တယ်။ လူတွေ နေအပ် သွားအပ်သော နေရာမျိုး မဟုတ်ဘူး၊ မစည်ကား

အပ်တဲ့ ဌာနသုံးမျိုးမှာ သုသာန်လဲ ပါတယ်။ ဤစကားမျိုး အမေ ပြောဘူးပါသည်။

ကျနော် တရားအားထုတ်ခြင်းနဲ့ပတ်သက်၍ အမေ မေးဘူးသည်။ သည်တော့ ကျနော်က "ပုတီးစိပ်တာပါ"ဟု လိမ်ပြောခဲ့သည်။ အမှန်တော့ ကျနော် အားထုတ်နေသော သမထ ယာနိက အကြောင်းကို အမေ့အား ပြောပြရင် တားဆီး ပိတ်ပင်မည်။ အမေ့ အယူအဆက ရှေးဆန်လွန်းသည်။

ဒါန သီလ ပါရင် ဘဝကူးကောင်းဒါဘဲ။

သမထဆိုတဲ့ တရားကျင့်ရင် ရူးနိုင်တယ်။

အမေ မကြိုက်နှစ်သက်သော တရားကိုမှ ကျနော်အားထုတ်နေမိသည်။ ကျနော်သည် ငယ်ရွယ်သူပီပီ၊ စွန့်စားလိုသည်။ အများတကာ မလုပ်ရဲ အားမထုတ်ရဲသော လုပ်ရပ်တွေကိုမှ ကျနော် လုပ်လိုသော ဆန္ဒရှိတတ်ပါသည်။ ဒါကတော့ ကိုယ့်အယူအဆနှင့် ကိုယ်ပင်။

ကျနော့်အိမ်တွင် အမေရယ်၊ ဇနီးရယ် သားနှစ်ယောက် ပေါင်း (၅) ယောက်ရှိပါသည်။

ကျနော်သည် အိမ်ရှေ့ခန်း၌ ဆေးလိပ် ထိုင်သောက်နေပါသည်။ အမေ အနားသို့ ရောက်လာသည်။

"မင်းကြည့်ရဒါ တခုခု စဉ်းစားနေပီထင်တယ်၊ ဘယ်သွားဘို့ စိတ်ကူးနေသလဲ၊ အိမ်မှာနေဘို့လဲ စိတ်ကူးအုံး၊ လွတ်လွတ်လပ်လပ် တကိုယ်ရေတကာယသမားလဲမဟုတ်ဘူး"

တောင်စဉ်ရေမရပြောဆိုနေသော အမေ့စကားကြောင့် ကျနော် ထိုနေရာမှ ထွက်ခွာခဲ့လေသည်။ ကျနော် သွားမည့် လမ်းကို စတင် ပိတ်ဆို့ခံလိုက်ရသဖြင့် မကျေနပ်သော စိတ် ကြောင့် ရုပ်အသွင်ပင် ပြောင်းလဲသွားပါသည်။ စောစောက စိတ်ကူးနေသော အကြောင်းရုပ်တွေမှာ ပျောက်လုလု ဖြစ်သွား ပါသည်။

"အမေကလဲ ကျနော့်ကို ခလေးကျနေဒါဘဲ၊ နေရာတကာ လိုက်ပီး ဆုံးမနေဒါဘဲ"

"ပြောရမယ်-ပြောရမယ်၊ မိဘဆိုတာ ဝတ္တရားရှိတယ်ကွဲ့"

အမေ၏ အသံက ခပ်ပြတ်ပြတ်၊ မာ ကျော နေ ပါ သည်။ ကျနော်သည် စကားဆက်မပြောတော့ဘဲ တနေရာသို့ အာရုံ ပြောင်းလိုက်ပါတော့သည်။

အမေသည် ဈေးခြင်းတောင်းကိုင်၍ အပြင်ဘက်သို့ ထွက် သွားသည်။ကျနော်သည် ထိုင်လျက်ရှိနေသော နေရာမှအခြား တနေရာသို့ ရွေ့လျား ရွှေ့ပြောင်းခြင်း မရှိ။ လုပ်ဆောင်ရမည့် ကိစ္စအတွက်သာ စိတ်ကူးနေမိပါသည်။ အမှတ်မထင် ကျနော့် အနားသို့ ရောက်ရှိလာသော ဇနီးသည်ကို မြင်လိုက်ရပါသည်။

"ဘယ်လိုတုန်း ကိုကောင်းမြတ်၊ ရှင့်ကြည့်ရတာ အရင်နေ့ တွေနဲ့ မတူဘူး၊ မျက်နှာကလဲ ရွှင်ရွှင်ပျပျ မရှိဘူး၊ ဘာများ ဒီလောက် စဉ်းစားနေဒါလဲ၊ အလုပ်သွားဘို့ ရေချိုးတော့လေ"

ဇနီးသည်၏ ပြောလိုက်သော စကားကြောင့် ကျနော့် ဦးကျောက်ထဲ၌ အကြောင်းအရာ တခုပိုလာပြန်ပါသည်။

အလုပ်ဘဲ သွားရမည်လား၊ ဒါမှမဟုတ် သုဿန်ဓုတင် ဆောက်ခြင်းကိုပင် ပျက်လိုက်ရမည်လား ဟူသော ဒွိဟ စိတ်တွေမှာ ရေ ပူစီဖောင်းကလေးသဖွယ် စီတန်း ပေါ်ပေါက်လာပါသည်။ မည်သို့ပင်ဖြစ်စေ အလုပ်တော့ သွားရန်မဖြစ်။ ဓုတင်ဆောက်တည်ရန်အတွက် အခွင့်ယူထားပြီးဖြစ်သည်။

ကျနော်သည် ဇနီးသည်၏မျက်နှာကို တချက် လှမ်းကြည့်လိုက်ပါသည်။ သူမ၏ မျက်နှာသည် ပကတိ တည်ငြိမ် အေးဆေးသောအသွင်ကို ဆောင်နေပါသည်။ မည်သည့်ကိစ္စကိုမျှ စိတ်ဝင်စားခြင်းမရှိ။ ပြောဆိုရန်လည်း မပေါ်ပေါက်ပေ။ တဦးတည်း ကျနော့်အနားတွင် စာအုပ်တအုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေသည်။

ကျနော့် ဦးကျောက်ထဲ၌ ကြာရှည် ထိန်းသိမ်း မထားနိုင်သော အကြောင်းရပ်ကို ပြင်ပသို့ ပေါက်ကွဲ ထွက်ပေါ်လာပါသည်။

"ကျော့- ကို ရုံးမတက်ဘူး ခွင့် (၃)ရက် ယူထားတယ်၊ ဒီနေ့ကစပြီးတော့ ဘုရားပေါ်မှာ ပုတီးတက်စိပ်မယ်၊ ညလဲ ပြန်မလာဘူး၊ ကိုယ့်အတွက် စိတ်မပူနဲ့ မေမေ ပြန်လာရင် အဲဒီ အတိုင်းဘဲ ပြောလိုက်နော်"

ကျနော့်စကားကြောင့် ကျနော့်ဇနီးသည်မှာ ဖတ်လက်စ ရှိသော စာအုပ်ကို နံဘေးတွင် ချလိုက်ပါသည်။

"ရှင် ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ အိမ်မှာလဲ ယောကျ်ား ကြီးကြီးမားမား ဆိုလို့ ရှင်တယောက်ဘဲရှိဒါ ကျမတို့ မိန်းမ သားတွေချည်းဘဲ ကြည့်လဲ လုပ်ပါအုံး"

"နေလို့ ရ မရပြောမနေနဲ့၊ ကိုယ်သွားမယ်ဆိုရင် သကြား မင်းကြီးက ဆင်းတားတာတောင် မရဘူး၊ သွားရမဲ့လမ်းကို တော့ သွားမှာဘဲ၊ ခုသွားဒါလဲကုသိုလ်ရမဲ့ အလုပ်ကို သွားလုပ် တာ၊ သွားမှဖြစ်မယ်"

ကျနော်သည် အိမ်ထဲသို့ဝင်သွားပီး စောင်တထည်ယူကာ အပြင်သို့ ထွက်ခဲ့ပါသည်။

"ရှင်ပြောတဲ့အတိုင်း တကယ်သွားမလို့လား"

"အေးပေါ့"

"ဒီလိုဆို ရှင့်အမေကို ပြောသွားအုံးလေ"

"မဖြစ်ဘူး၊ ဟိုတယောက် ဒီတယောက်ဆို နှစ်ယောက် ဖြစ် သွားပီး လူများတော့ ပိုစကားများတယ် ကိုယ်သွားမဲ့လမ်းမှာ အတားအဆီး ဖြစ်နေလိမ့်မယ်"

ကျနော်သည် လွယ်အိတ်ထဲ၌စောင်တထည်ကိုထည့်ပြီး အိမ် ပေါ်မှ ဆင်းခဲ့ပါတော့သည်။ သံယောဇဉ်မီးဆိုသည်မှာ အရိပ် ပမာရှိတတ်ပါသည်။ ထိုကြောင့် သံယောဇဉ်မီးဆိုသည် ချက် ချင်း ဖြတ်တောက်ရန် လူတိုင်းခဲယဉ်းပါသည်။

တနည်း မဟုတ် တနည်း အိမ်အကြောင်း၊ သားသမီး အကြောင်း၊ မိဘ မောင်နှမတွေအကြောင်းကို ပြန်လည်သတိ

ရမိ တွေးတောစရာ အကြောင်းတွေမှာ ရေကိုသာ ပိုင်းဖြတ်လို့ရမည်။ သံယောဇဉ်မီးမှာ ငြိမ်းသတ်လို့မရပေ။

သူတော်ကောင်းတရားကို အားထုတ်သော သူများသည် နာရီပိုင်း၊ နေ့ရက်ပိုင်း၊ လပိုင်းအထိ သံယောဇဉ် မီးကို ငြိမ်းသတ်လေ့ရှိတတ်ပါသည်။ ရက်မှလပိုင်း ငြိမ်းသွားပြီ ဆိုပါက နှစ်သို့ ကူးပြောင်းကြလေသည်။

ကျနော် အားထုတ်သော သမထ ဘာဝနာ ကျင့်ကြံရာတွင် ဤမျှသော (၃)ရက်သာနေ့များအတွင်း သံယောဇဉ်အနှောင်အဖွဲ့တွေကို မေ့ထားလိုက်ပါသည်။ သွားမည့်ခရီးကိုသာ ဦးတည်ထားသောကြောင့် ကျနော့်ခြေထောက်တွေမှာ ပျှပ်ရှားမှုမြန်ဆန်ခဲ့ပါသည်။

နှင်းရိပ် နှင်းငွေ့များ ပြယ်ပျောက်လုနီးနက်၏ ဆည်းစျာသည် လုပနေပါသည်။ နေရောင်နုနုက လောကကြီးကို ပိုက်တွေးထားသဖြင့် နွေးထွေးထွေးရှိနေပါသည်။

ကျနော်သည် လမ်းထိပ်သို့ ရောက်ရှိလာပါသည်။ ကုလားဆိုင်သို့ ဝင်ရောက်မိသည်။ ၎င်းဆိုင်မှ ဆန်လေးလုံးနှင့် ကုလားပဲခြမ်းတဘူး ဝယ်လိုက်ပြီးနောက် ပါလာသော လွယ်အိတ်ထဲသို့ ထည့်လိုက်ပါသည်။

ကျနော်သည် ကားတတန် ခြေလျင်တတန် ခရီးဖြင့် သုဘရာဇာကြီး ဦးပန်းအိ တဲဆီသို့ ရောက်လာပါသည်။

ဦးပန်းအိသည် ဘဝတနေရာစာ ရရှိထားသော တဲအတွင်းရှိ သင်ဖြူးကြမ်းပေါ်တွင် လဲလျောင်းနေပါသည်။ သူသည် ခြေ

ဆန့်လက်ဆန့်ဖြင့် မှိန်းနေတုန်းရှိသေးသည်။ ကျနော် ရောက်ရှိသွားမှ ပျာရိပျာယာ ထလိုက်ပါသည်။

"မောင်ကောင်းမြတ်တယောက် ဝီရိယရှိတယ်ဟေ့၊ ဦးကတော့ ဘဝက ပါရမီမပါလို့လား မပြောတတ်ဘူး၊ ခုထိ ကျော ဆန့်တုန်းဘဲကွ"

ကျနော် တဲပေါ်သို့ရောက်ပြီး တအောင့်တနား ထိုင်လိုက်သည့်အခါတွင် ဤသို့ ပြောလာသည်။

"ဒါပေါ့ ဦး၊ ပါရမီဆိုတာ ရောက်ရှိနေတဲ့ဘဝမှာ ဖြည့်ဆည်းရဒါပါ၊ လသာတုန်း ဗိုင်းငင်ဆိုတဲ့သဘောလိုပါဘဲ၊ ကျန်းမာတဲ့အချိန်မှာ သူတော်ကောင်းတရားဆိုတာ အားထုတ်ရပါတယ်၊ မကျန်းမာတဲ့အချိန်ကျတော့မှ ဗုဒ္ဓရဲ့တရားတော်ပွားများလိုပါတယ်လို့ ပြောပေမဲ့ ခန္ဓာကိုယ်ကြီးကို ဝေဒနာက ဖိစီးထားတော့ ဘယ်မှာလာပြီး သူတော်ကောင်းတရား အားထုတ်နိုင်မှာလဲ"

"ဒါလဲ ဟုတ်တာပေါ့၊ အူမ မတောင့် သီလမစောင့် ဆိုတဲ့ သဘောလဲ ရှိသေးတယ်နော်"

"အူမတောင့်မှ သီလစောင့် ဆိုတာက ဘဝတကျော မဖြတ်နိုင်တဲ့သူတွေရဲ့ လက်သုံးစကားပါ၊ လူတွေရဲ့အူမက ပင်လယ်သမုဒ္ဒရာနဲ့ တူတယ်မဟုတ်လား၊ ပင်လယ်သမုဒ္ဒရာ ဆိုဒါဟာ မြစ်ချောင်း အင်းအိုင်တွေက ဘယ်လောက်ဘဲ စီးဝင်ပေမယ့် ပြည့်တယ်လို့မရှိပါဘူး။ ဒီလိုမပြည့်နိုင်တဲ့ ပင်လယ်ကြီးကို ပြည့်အောင်လို့ စောင့်နေရင် လထဲမှာရှိတဲ့ ဆန်ဖွတ်တဲ့ အဖိုးအိုနဲ့

ယုန်သူငယ်ကိုတွေ့လိုကြတဲ့ အတွေးသမားတွေနဲ့ တူနေမှာပါ။ အင်္ဂလိပ်စစ်သူကြီး နပိုလီယံရဲ့ အဘိဓမ္မာအရဆို (Inpossible is a word only to be found as a dictionary of fool )မဖြစ်နိုင်ဘူးဆိုတာ အရူးတွေရဲ့ အဘိဓာန်ထဲမှာသာ တွေ့နိုင်တယ်"

"မင်းလိုလူငယ်တွေကတောင် ဘာသာတရားကိုင်းရှိုင်းအား ထုတ်နေတာတွေ့ရလို့ ငါလိုသက်ကြီးပိုင်း ရောက်နေတဲ့ သူကျ စားလိုက်၊အိပ်လိုက်နဲ့ဆို တိရစ္ဆာန်နဲ့တူနေပြီ၊ သည်နေ့ကစပြီး တော့ ပုတီးစိပ်တော့မယ်၊ ငါ့ဘာ အကူအညီပေးရမယ် ဆိုတာလဲ ပြောပြအုံးနော်"

"ဟုတ်ကဲ့"

ကျနော်သည် လွယ်အိတ်ထဲမှာပါလာသော ဆန်နှင့်ကုလားပဲခြမ်းကိုလှမ်းပေးပြီး။

"ကျနော် နဝင်္ဂသီလယူပြီး ဉပုသ်(၃)ရက် စောင့်မယ်၊ ကျနော့်အတွက် သတ်သတ်လွတ် ပဲထမင်းချက်ပြီး မွန်းမလွဲခင် လာပို့ပေးစေလိုပါတယ်"

"ဒါတော့ ဖြစ်ပါတယ်"

ကျနော်သည် ဦးပန်းအိတ်ပေါ်မှဆင်းခဲ့ပြီး ဓုတင်ဆောက်တည်မည့်နေရာကို ရွေးချယ်ရပြန်သည်။ သုသာန်ဓုတင်ဝင်သော ယောဂီသည် မိန်းမအလောင်းမြှုပ်ထားသော ဂူမြေပုံပေါ်တွင် ထိုင်၍ အားမထုတ်ရပေ။ လွင်တီးခေါင်ကို ရွေးချယ်၍ အား

ထုတ်ရပါသည်။ သုသာန်မြေသည် လွင်တီးခေါင်ဟူ၍ မရှိသဖြင့် ရုက္ခမူလိကင်္ဂဓုတင်ကိုယူ၍အားထုတ်ရန် ဆန္ဒပေါ်ပေါက်လာပါသည်။

ဓုတင်နှစ်မျိုး အား ထုတ်လိုက်ပါသည်။

ရုက္ခမူ ဓုတင်ဆိုရာ၌ သစ်ပင်ရင်း၌ အားထုတ်သော ပုဂ္ဂိုလ်ကို ရုက္ခမူလိကဟူ၍ ခေါ်သည်။ ထို့ကြောင့် ကျနော် ရောက်ရှိနေသောသစ်ပင်၏ အရိပ်အာဝါသ ကောင်းသည်။ စိမ်းလန်းသည်။ ပင်စည်လုံးပတ်က ကြီးမားသည်။ ပတ်ဝန်းကျင်သည် ပြန့်သည်။ မြေပုံများနှင့် အနည်းငယ် အလှမ်းဝေးသည်။

ကျနော်သည် တရားအားထုတ်ရန် ထိုနေရာကို ရွေးချယ်လိုက်ပါသည်။ လွယ်အိတ်ထဲ၌ပါလာသော စောင်နှင့်အခင်း တထည်ကိုထုတ်၍ မြေပေါ်၌ ခင်းလိုက်ပါသည်။

ဓုတင်ဆောက်တည်သောယောဂီသည်

**စည်းမှုချရ၊**

ပရိတ်တော်များ မရွတ်ရ၊

မိမိစောင့်ရှောက်သောပုဂ္ဂိုလ်များ မပင့်ရ၊

အဒိဋ္ဌပုဂ္ဂိုလ် ဒိဋ္ဌပုဂ္ဂိုလ်များ မေတ္တာပွားခြင်းနှင့်ပဘ်သက်၍ မမြင်ရသောနာနာဘာဝ၊ ဝိနာဘာဝတို့အား ညှင်းပန်းနှိပ်စက်ခြင်းမပြုလုပ်ရ၊

မကျွတ်လွတ်သော ပုဂ္ဂိုလ် အပေါင်းအား မေတ္တာထားရမည်။

အသက်အသေခံရဲရမည်။

ဝိသေသ ထူးရမည်။

စသည့်အကြောင်းအချက်မျိုးကို နားလည် သဘောပေါက်ရန်လည်း လိုအပ်ပေသည်။

ဝန်းကျင်၏ တိတ်ဆိတ်ခြင်းကို ကျေးငှက်တို့၏ သာယာသောအသံများက လွှမ်းမိုးထားလေသည်။ ဆောင်း၏အလှက သုဿန်တစပြင်ကို လွှမ်းခြုံထားသဖြင့် တရားဘာဝနာ အားထုတ်သူ၏စိတ်နှလုံးကို အေးမြကြည်လင်စေပါသည်။

ကျနော်သည် ကိုးပါးသီလကို ထိုနေရာမှနေ ဗုဒ္ဓရှင်တော်မြတ်ထံစိတ်ကရည်စူး၍ ရွတ်ဆို တောင်းခံလိုက်ပါသည်။ ၎င်းနောက်အရိယာပုတ် မျှတစေရန်အတွက် မိမိလျှောက်လိုသည့်အကျယ်အဝန်းကို မှန်းဆ၍ သတ်မှတ်လိုက်ပါသည်။ ထိုနေ မှလွဲပြီး အခြားနေရာသို့ လွဲပြောင်းမသွားရန်လည်း အဓိဋ္ဌာန်ပြုလိုက်ပါသည်။

အဓိဋ္ဌာန်ပြီးဆုံးသော နံနက်တွင် မိမိခိုလှုံနေသောသစ်ပင်၏ အကိုင်းအခက်တခုသည် ကျိုးကျပါစေသတည်း။ ၎င်းအကိုင်းအခက် မြေပေါ်သို့ ကျလာပါက ကျနော်၏ အဓိဋ္ဌာန်သည် အောင်မြင်ခြင်း ရောက်ပါစေသတည်း။

မုတင်ဆောက်တည်သော ယောဂီသည် လောကီကိုလိုလားပါက မေတ္တာတရားကို ပွားများရ၏။ လောကုတ္တရာကိုလိုလားပါက လက္ခဏာကြီး (၃)ပါးကိုပွားရ၏။ အနုဿတိတရားကို ပွားရ၏။

ကျနော်သည် လောကီကိုလည်း လိုလားသည်။ လောကုတ္တရာကိုလည်းလိုလားသည်။ ထိုကြောင့်မေတ္တာကမ္မဋ္ဌာန်းနှင့် လက္ခ

ဏာကြီး(၃)ပါး၊ အနုသယတိ (၃)ပါး၊ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံတို့ ပွားများအားထုတ်ပါသည်။

ဤအချိန်တွင် ကျနော်၏ ရုပ်ခတ်အင်အား၊ စိတ်ခတ် အင်အားနှစ်ခုစလုံး ကောင်းမွန်လျက် ရှိပါသည်။ ကြောက် စိတ်ဟူကား မရှိ၊ မည်သည့် အဖျက်အဆီးတွေ ပေါ်လာလင့်၊ မကြောက်၊မရွံ၊ပူပင်သောကစိတ်ဟူမရှိ၊မိမိ၏ အဓိဋ္ဌာန်အောင် မြင်ရေးကိုသာ ဦးစားပေးထားသည်။

ထိုမေတ္တာလက်နက်သည် ဒေါသကိုလည်း ဖယ်ရှားနိုင်၏။ မောဟကိုလည်း ဖြိုခွဲနိုင်၏။ မေတ္တာတရားသည် ကြည်လင်အေး ချမ်း၏။တည်ကြည်၏။ ဖြောင့်မတ်၏။

တရံရောအခါ တောအုပ်ကြီး တခုတွင် တောရဆောက် တည် သော ရဟန်းတို့အား တောစောင့် ဘီလူးနှင့် ရုက္ခစိုးတို့ နှိပ်စက်နှောင့်ယှက်ဖျက်ဆီးလေသော် ဗုဒ္ဓသည် မေတ္တာသုတ်ကို ဟောကြားလေသည်။

မေတ္တာသုတ်တော်ကိုဆောင်သော ရဟန်းတို့သည်ဘီလူးနှင့် ရုက္ခစိုးတို့ဘေးကို အောင်နိုင်၏။ ဘီလူးနှင့် ရုက္ခစိုးတို့သည် မေတ္တာ၏တန်ခိုးကြောင့် မိတ်ဆွေဟု ထင်မှတ်ကုန်လေ့သည်။

ဒိဋ္ဌပုဂ္ဂိုလ်တို့ မေတ္တာပွားသခြင်းအကျိုးမှာ တခါက ဦးသီလ ဆရာတော်သည် ပဲခူးရိုးမတောင်ပေါ်တွင် သစ်ခက် ကျောင်း သခ်မ်းထိုး၍ ကပ္ပိယ ဘိုးသူတော်တဦးနှင့် တောရဆောက် တည်လျက် သီတင်းသုံးတော်မူ၏။

တနေ့တွင် တောင်ရိုးတခုလုံး၌ စိမ့်၍ အေးလွန်းလှသဖြင့် ဆရာတော်နှင့် ကပ္ပိယတို့သည် အမြဲနံနက်တိုင်း မီးလှုံကြလေသည်။ ဆရာတော်နှင့်ကပ္ပိယတို့မီးလှုံတိုင်းကျားကြီးတကောင် လာ၍မီးလှုံလေ့ရှိပြန်သည်။ ဆရာတော်နှင့်ကပ္ပိယ သူတော်တို့အား မည်သို့မျှရန်မူခြင်း အန္တရာယ်ပေးခြင်းမပြု။

တနေ့အရုဏ်တက်ချိန်တွင် ဆရာတော်ကြီး၊ကပ္ပိယသူတော်ကြီးနှင့် ကျားကြီးသုံးဦးတို့ မီးလှုံနေစဉ် ဆရာတော်ကြီး ကုဋီအိမ်သို့ ကြွသွားလေသည်။

သူတော်သည် ဤသို့ကြံစည်သည်။

ဤကျားကြီးသည် ငါ့ကို ကိုက်လျှင်အနားမှာ ရှိသော ကျောက်ခဲကြီးနဲ့ထု၍ မီးစနှင့်ပါးစပ်ကို ထိုးမည်ဟု ကြံစည်မိ၏။ မေတ္တာပျက်၏။

သူတော်၏ မေတ္တာပျက်ခြင်းကြောင့် ကျားကြီး၏ ရောင်ပြန်ဟပ်၍ ဟိန်းဟောက်ခြင်းမှာ တောတခုလုံး ဟိန်းသွား၏။

ထိုအခါ သူတော်ကြီးမှာ ဆရာတော်ကြီး''ကယ်တော်မူပါဘုရား''ဟု အော်ဟစ် အကူအညီတောင်းလေသည်။

ဆရာတော် ကြွလာပြီး....

''သူတော်ရယ် မင်းက သူ့အပေါ်မှာ မေတ္တာပျက်သကို၊ မင်းမေတ္တာ ပျက်တာကို သူသိတယ်၊ မင်းမေတ္တာ နည်းနည်းပျက်လို့ သူဟိန်းတာပါ၊မင်းများများ မေတ္တာပျက်ပီး သူ့ကို ရန်ပြုရင် မင်းကိုအန္တရာယ် ပေးလိမ့်မယ်'' ဟု ဆရာတော်က အမိန့်ရှိခဲ့ဘူးလေသည်။

ကာမစ္ဆန္ဒနီဝရဏ အားထုတ်သူ၏စိတ်သည်....
သန့်ရှင်းစင်ကြယ်ခြင်း။
ဖြူစင် သန့်ရှင်းခြင်း။
ပူလောင်မှု ကင်းခြင်း။
ညစ်ညူးမှု ကင်းခြင်း။
နူးညံ့ သိမ်မွေ့ခြင်း။
ပြုလုပ်လိုရာသို့ လိုက်ပါရန် အသင့်ဖြစ်နေခြင်း။
ထားသလို တည်နေခြင်း။
တုန်လှုပ်မှု ကင်းခြင်း။

ဤကဲ့သို့ သမာဓိကြောင့် ဖြစ်ပေါ်လိုသော စိတ်၏ဖြစ်ရပ်အကြောင်းများကြောင့် အာရုံတည်မှုမှာလည်း အံ့သြလောက်စရာမြင်တွေ့လာတတ်သည်။မတွေ့ဘူးသောအရာ၊မမြင်ဘူးသောအချက်အလက် အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံ မြင်ကွင်းများ မှာလည်း သမာဓိ၏ရင့်ကျက်မှုပေါ်တွင် တွေ့မြင်နိုင်ပေသည်။

ယင်း တွေ့မြင်ရသော်လည်း ကာမစ္ဆန္ဒနီဝရဏ အားထုတ်သောပုဂ္ဂိုလ်သည် တုန်လှုပ်ချောက်ချားမှုဖြစ်မလာပေ။ကြောက်ရွံ့တုန်လှုပ်ခြင်းလည်း ဖြစ်မလာ၊ စိတ်ကို ထားလိုသည့် နေရာ၊ တည်လိုသည့်လမ်းကြောင်းပေါ်တွင် မယိမ်းမယိုင် ပကတိတည်ငြိမ်လျက် ရှိလေသည်။

ကိုယ်တိုင် ကျင့်လိုသူများ နည်းလမ်းရရှိခဲ့ပါက ကျင့်သည့်အခါတွေ့မြင်ရသော အာရုံနိမိတ်များမှာ ထူးဆန်း အံ့ဘွယ်မှုရှိပေမည်။

မိမိ၏ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကိုဘုရား၊တရား၊သံဃာကို လှူဒါန်းပြီးချေ၏။

ဤနေရာတွင် သေသွားပါက မြတ်၏။
ဤသဘော ဤဆန္ဒများက ကျနော်၏ရင်၌ ရှိလေသည်။

ကျနော်၏ ပါရမီဖြည့်ပေးသူက ဦးပန်းအိ၊သူသည် ကျနော် စားရန်အတွက် ပဲထမင်းကို ပန်းကန်ပြားတချပ်နှင့်ရေတခွက်ကို ယူခဲ့ပါသည်။ သူလာပေးသောထမင်းကို ကျနော် စားလိုက်ပါသည်။

ကျနော်လုပ်ရမည့်လုပ်ငန်းစဉ်ကို တခုပြီးတခုချမှတ်၍ အားထုတ်နေပါသည်။ မေတ္တာကမ္မဋ္ဌာန်း ပီးပါက လက္ခဏာကြီး (၃)ပါး။ရင်းနောက် အနုဿတိ(၃)ပါး၊တခါတရံအညောင်း အညာဖြေရန် သတ်မှတ်ထားသော စည်းအရ လမ်းလျှောက် ပါသည်။

အလင်းရောင်ကို အမှောင်ထုက မာန်ဖိပြီး အနိုင်ယူချိန်၊ ကျေးငှက်တို့သည်လည်း အိပ်တန်းတက်ရန် အသိုက်သို့ ပြန်လာ လေသည်။ အသိုက်မရှိသော ကျေးငှက်တွေမှာလည်း သစ်ကိုင်းများပေါ်တွင် ခိုနားကြလေသည်။

တနေ့တာခရီးဝယ် ပင်ပန်းကြီးစွာ အစာရှာ စားရသဖြင့် ဘဝကိုအနားပေးနေကြလေသည်။သုဿန်မြေသို့ မည်သူမှမလာ ချေ။တိတ်ဆိတ်ခြင်းက လွှမ်းမိုးထားလေသည်။

အမှောင်ထု လုံးလုံးလျားလျားကျရောက်လာသော သုဿန် မြေပေါ်တွင် လရောင်ရိပ်တွေက သစ်ခက် သစ်လက်တွေကြားမှ

ယိုစီးကျလာပါသည်။ လဝန်းပြည့်သောကြောင့် ကောင်းကင်ပြင်သည် လရောင်အားကောင်းနေပါသည်။

တခါတရံ ညဏ်တိတ်ဆိတ်ခြင်းကို ဖြိုခွင်းတတ်သော ညဥ့်ငှက်ကလေးတွေ၏ အသံတွေက ပေါ်လာတတ်ပြန်သည်။

ဆောင်း၏ အအေးဓာတ်က ရစ်ပတ်လာသဖြင့် ကျနော့်တွင်ပါလာသော စောင်ကို အားကိုးပြုရပါသည်။ ညဥ့်ဦးပိုင်းသို့ ကူးပြောင်းလာသည်။ ကျနော်၏ မျက်လုံးများသည် ကျိန်းဖန်လာသည်။ အိပ်လိုသောဆန္ဒက ကျနော်၏ တကိုယ်လုံးကို အုပ်စိုးလိုက်ပါသည်။

အိပ်လိုသော ထိနမိဒ္ဓ ပျင်းရိခြင်းကို တွန်းလှန်နေပါသည်။ သို့သော် မရပေ။ အိပ်လိုသောဆန္ဒကြောင့် ကျနော်အိပ်လိုက်ပါသည်။ လုံးလုံး လျားလျား အိပ်ပျော် သွားခြင်းမျိုးတော့ မဟုတ်ပေ။ တရေးတမော မျှပင်။

ကျနော်သည် ဤသို့ ဓုတင်မပျက်ရအောင် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်မှုကြောင့် (၃)ရက်ပြည့်ပြီး နံနက်ခင်းဝယ် အဓိဋ္ဌာန်ပြုထားသည့်အတိုင်းသစ်ကိုင်းတကိုင်း မြေပေါ်သို့ ကျလာခဲ့ချေပြီ။

× ×

(၅)

## ဓုတင် နိဒ္ဒေသ

ဓုတင် တဆယ့်သုံးပါးတို့သည်ကား....

၁။ ပံသုကူလိကင် ဓုတင်။
၂။ တေစီဝရိကင် ဓုတင်။
၃။ ပိဏ္ဍပါတိကင် ဓုတင်။
၄။ သပဒါနစာရိကင် ဓုတင်။
၅။ ဧကာသနိကင် ဓုတင်။
၆။ ပတ္တ ပိဏ္ဍိကင် ဓုတင်။
၇။ ခလု ပစ္ဆာ ဘတ္တိကင် ဓုတင်။
၈။ အာရညိကင် ဓုတင်။
၉။ ရုက္ခမူလိကင် ဓုတင်။
၁၀။ အဗ္ဘောကာသိကင် ဓုတင်။

၁၁။ သောသာနိကင် ဓုတင်။

၁၂။ ယထာသန္တတိကင် ဓုတင်။

၁၃။ နေသဇ္ဇိကင် ဓုတင် ဟူ၍ဖြစ်သည်။

အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း အစရှိသောဂုဏ်ကျေးဇူးတို့ကြောင့်သာ ဆိုအပ်ခဲ့ပြီးသော သီလ အကျင့်များ၏ ဖြူစင်ခြင်းသည်ဖြစ်နိုင်၏။ ယခုအခါ ထိုဂုဏ်ကျေးဇူးတို့ကို ပြည့်စုံစေခြင်းငှာ ဆောက်တည် ကျင့်သုံးအပ်ပြီးသော သီလရှိသော ယောဂီပုဂ္ဂိုလ်သည် ကိလေသာကို ဖျက်ဆီးခြင်း၏ အကြောင်း ဓုတင်ဆောက်တည်ခြင်းကို ပြုအပ်၏။

ဤသို့ဓုတင် ဆောက်တည်သည်ရှိသော် ထိုယောဂီ ပုဂ္ဂိုလ်အားနည်းသော အလိုရှိသော သူ၏အဖြစ် ရောင့်ရဲလွယ်သော သူ၏အဖြစ်၊ခေါင်းပါးအောင်ပြုခြင်း၊ ဆိတ်ငြိမ်ရာ၌ နေခြင်း၊ ကိလေသာကိုဖျက်ဆီးခြင်း၊ အားထုတ်သော ဝီရိယရှိခြင်း၊ မွေးမြူလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူး တည်းဟူသော ရေဖြင့် အညစ်အကြေးတို့ကို ဆေးလျှော်အပ်သည်အဖြစ်ကြောင့် သီလသည်လည်း အထူးသဖြင့် စင်ကြယ်သည်ဖြစ်လတ္တံ့။

ဓုတင်အကျင့်တို့သည်လည်း ပြည့်စုံလတ္တံ့။

ဤသို့ဖြစ်သည်ရှိသော် အပြစ်မရှိသော သီလဓုတင် ဂုဏ်တို့ကြောင့် စင်ကြယ်သော အလုံးစုံသောအကျင့်ရှိသော ယောဂီပုဂ္ဂိုလ်သည် ရှေးအရိယာ သူတော်ကောင်းတို့၏ အရိယဝံသ

တရားသုံးပါး၌ တည်၍ ဘာဝနာ၌ မေ့လျော့သော သူ၏ အဖြစ်ဟုဆိုအပ်သော စတုတ္ထအရိယဝံသ တရားကို ရခြင်းငှာ ထိုက်သည်ဖြစ်၏။

ထိုကြောင့် ဓုတင်ကျင့်သုံးခြင်းနှင့်စပ်သော စကားကို အား ထုတ်ရေးသား ဟောကြားပေအံ့။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် လာဘ်များခြင်း အစရှိသော လောကာမိသ ဟူသမျှကို စွန့်လွှတ်တော်မူ၍ ကိုယ် ကိုရင်း၊ အသက်ကိုရင်း ငဲ့ကွက်ခြင်း မရှိသော နိဗ္ဗာန်အား လျော်သောအကျင့်ကိုသာလျှင် ပြီးစေခြင်းငှာအလိုရှိကုန်သော အမျိုးကောင်းသားတို့အား တဆယ့်သုံးပါးသော ဓုတင်တို့ကို ခွင့်ပြုတော်မူအပ်ကုန်၏။

ထိုဓုတင် တဆယ့်သုံးပါးတို့ကို အနက် သဘောအားဖြင့် ၎င်း၊ လက္ခဏာ အစရှိသည်တို့ဖြင့်၎င်း၊ ဆောက်တည်ပုံ ကျင့်ပုံ အစီအရင်အားဖြင့်၎င်း၊အပြားအားဖြင့်၎င်း၊ ဓုတင် ပျက်ခြင်း အားဖြင့်၎င်း၊ထိုထိုဓုတင်တို့၏ အကျိုးအာနိသံသအားဖြင့်၎င်း၊ ကုသလတ္တိကအားဖြင့်၎င်း၊ ဓုတင်အစရှိသည်ကို ဝေဘန်သော အားဖြင့်၎င်း၊ ပေါင်းရုံးခြင်း အကျယ် ရေတွက်ခြင်းအားဖြင့် ၎င်း၊အဆုံးအဖြတ်ကို သိအပ်၏။

ထိုဆိုအပ်ခဲ့ပြီးသော မာတိကာစဉ်တွင် အနက်အဓိပ္ပာယ် အဆုံးအဖြတ်ကို ရှေးဦးစွာ ဆိုမည်။

(၁) "ပံသုကူလိကင်"ဆိုရာ၌ ပံသုဆိုသည်ကား–မြေမှုန့်ကိုဆိုသည်။

ပံသုကူလိက ဆိုသည်ကား–မြေမှုန့်ပေါ်တွင် လှမ်းမိုးကျရောက်နေခြင်းကို ဆိုလိုသည်။

အဓိပ္ပာယ်မှာ လမ်းခရီး သုဿန်သင်းချိုင်း တံမြက်ချေးစု အစရှိသော မြေပေါ်တွင် လှမ်းမိုး ကျရောက်နေသော အဝတ်အထည်ကို ပံသုကူလ ဟူ၍ ခေါ်သည်။ တနည်းမှာ သုဿန်မြေ စသည်ကဲ့သို့ စက်ဆုပ်ရွံရှာဘွယ် အဖြစ်သို့ ရောက်သောကြောင့် ထိုအဝတ်အထည်ကို ပံသုကူလ ဟူ၍ ခေါ်သည်။ ထိုပံသုကူ သင်္ကန်းကို ဆောင်သော အလေ့ ရှိသူပုဂ္ဂိုလ်ကိုမူကားပံသုကူလိကဟူ၍ခေါ်သည်။ပံသုကူသင်္ကန်းကို ဆောင်လေ့ရှိသောသူ၏ အကြောင်းကို ပံသုကူလိကင်ဟူ၍ ဆိုသည်။

ထိုကြောင့် ပံသုကူလိကင် ဆိုသည်ကား ဓုတင်ဆောက်တည်ကြောင်း စေတနာ၏ အမည်ပေတည်း။

(၂) "တေစီဝရိကင်"ဆိုရာ၌ ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ဒုကုဋ်၊ကိုယ်ဝတ်၊သင်းပိုင်ဟု ဆိုအပ်သော သုံးထည်သော သင်္ကန်းကို ဆောင်လေ့ ရှိသောကြောင့် ထိုပုဂ္ဂိုလ်သည် တေစီဝရိက မည်၏။

သက်နှံး သုံးထည်ကိုသာ ဆောင်ခြင်း၊ ဓုတင်ကို ဆောက်တည်ကြောင်း ဖြစ်သော စေတနာသည် ကား တေစီဝရိကင် မည်သည်ဖြစ်၏။

(၃) "ပိဏ္ဍပါတိကင်" ဆိုရာ၌ သူတပါးတို့ လောင်းလှူသော ဆွမ်းအာမိသတို့သည် သပိတ်၌ ကျရောက်သည်ကို ပိဏ္ဍပါတဟု ဆိုသည်။

ထိုထိုအမျိုးဒါယကာအိမ်သို့ ချဉ်းကပ်၍ ထိုဆွမ်းကို ရှာမှီးလေ့ ရှိသောကြောင့် ထိုပုဂ္ဂိုလ်ကို ပိဏ္ဍပါတိကဟူ၍ ခေါ်သည်။

တနည်းမှာ ဆွမ်း သပိတ်တွင်းသို့ ကျရောက်ရန် လှည့်လည် သွားလာရသောကြောင့် ထိုပုဂ္ဂိုလ်ကို ပိဏ္ဍပါတိကဟူ၍ ခေါ်သည်။

ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်းစေတနာသည်ကား ပိဏ္ဍပါတိကင် မည်သည်ဖြစ်၏။

(၄) "သပဒါနစာရိကင်"ဆိုရာ၌ အိမ်စဉ် ပြတ်ခြင်းကို ဒါနဟူ၍ဆိုသည်။ အိမ်စဉ်မပြတ် လှည့်လည်ခြင်းကို သပဒါန ဟူ၍ဆိုသည်။

အိမ်စဉ်မပြတ် လှည့်လည်သော ပုဂ္ဂိုလ်ကိုမူကား သပဒါနစာရိက ပုဂ္ဂိုလ်ဟူ၍ ခေါ်သည်။

ထိုအကျင့် ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား သပဒါနစာရိကင်္ဂ မည်သည် ဖြစ်၏။

(၆) “ပိတ္တပဏ္ဍိကင်္ဂ”ဆိုရာ၌ နှစ်ခုမြောက်ခွက်ကို ပယ်၍ တခုသော သပိတ်တွင်ရှိသော ဆွမ်းကို ပတ္တပိဏ္ဍဟု ဆိုသည်။

တခုသော သပိတ်၌ရှိသောဆွမ်းကိုသာ သုံးဆောင်လေ့ရှိသောကြောင့်ထိုပုဂ္ဂိုလ်ကို ပတ္တပိဏ္ဍိက ဟူ၍ ခေါ်သည်။

ထိုဓုတင်ကို ဆောက်တည် ကြောင်း စေတနာသည်ကား ပတ္တပိဏ္ဍိကင်္ဂမည်သည် ဖြစ်၏။

(၇) “ခလုပစ္ဆာ ဘတ္တိကင်္ဂ”ဆိုရာ၌“ခလု”ဟူသော ပုဒ်သည် တားမြစ်ခြင်းအနက်ကို ဟောသော နိပါတ်ပုဒ်ဖြစ်သည်။ ဆွမ်းစားစဉ် ကပ်လာသော ဘောဇဉ်ကို တားမြစ်မိသော ရဟန်းမှာ ပဝါရိတ်သင့်သည်။

ထိုနောက် ရသော ဘောဇဉ်ကို ပစ္ဆာ ဘတ္တဟု ခေါ်သည်။ ထိုပစ္ဆာဘတ္တ ဘောဇဉ်ကို ဝိနည်းကံပြု၍ သုံးဆောင် ထိုက်သော်လည်း သုံးဆောင်သော အလေ့ မရှိသော ပုဂ္ဂိုလ်ကို “ခလုပစ္ဆာဘတ္တိက”ဟူ၍ ခေါ်သည်။

မဟာအဋ္ဌကထာကြီး၌ ဆိုသည်ကား ခလုဆိုသည် မှာ ငှက်သတ္တဝါကို ခေါ်သည်။ နှုတ်သီးဖြင့် သစ် သီးကိုချီယူရာကို သစ်သီးလွတ်ကျလေသော် တဖန် အခြားသစ်သီးကို မစားသကဲ့သို့ ပဝါရိတ်သင့်ပြီး သောရဟန်းသည်လည်း အတိရိတ်ဝိနည်းကံကို ပြု၍ စားကောင်းသော ဘောဇဉ်ကိုပင် မစားခြင်း အလေ့ ရှိသောကြောင့် ခလုပစ္ဆာဘတ္တိက မည် ကြောင်းကို ဓုတင်ကိုဆောက်တည်ကြောင်း စေတ နာသည်ကား ခလုပစ္ဆာ ဘတ္တိကင် မည်သည် ဖြစ်၏။

(ဂ) "အာရညိကင်"ဆိုရာ၌ တော၌ နေလေ့ ရှိသော ပုဂ္ဂိုလ်ကို အာရညိကဟူ၍ ခေါ်သည်။ ထိုတော၌ နေသော အကျင့်ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား အာရညိကင် မည်သည်ဖြစ်၏။

(ဇ) "ရုက္ခမူလိကင်" ဆိုရာ၌ သစ်ပင်ရင်း၌ နေလေ ရှိသော ပုဂ္ဂိုလ်ကို ရုက္ခမူလိက ဟူ၍ ခေါ်သည်။ ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်းစေတနာ သည်ကား ရုက္ခမူလိကင် မည်သည်ဖြစ်၏။

(၁၀-၁၁)"အဗ္ဘောကာသိက""သောသာနိကင်" တို့၌လည်း ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း သိအပ်၏။

(၁၂) "ယထာသန္တတိကင်"ဆိုရာ၌ကျောင်းဝေဘန်သော ရဟန်းက ဤကျောင်းအိပ်ရာနေရာသည် သင့်အား ရောက်၏ဟု လက်ဦးညွှန်ပြသော ကျောင်းအိပ်ရာ နေရာကို ယထာသန္တတိ ဟူ၍ ခေါ်သည်။
ထိုသို့ လက်ဦးညွှန်ပြသော ကျောင်းအိပ်ရာ နေရာ၌ နေလေ့ရှိသောပုဂ္ဂိုလ်ကိုယထာသန္တတိကဟူ၍ ခေါ် သည်။

ထိုဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည် ကား ယထာသန္တတိကင် မည်သည်ဖြစ်၏။

(၁၃) "နေသဇ္ဇိကင်"ဆိုရာ၌အိပ်ရာခေါင်းအုံးတင်ခေါင်း ချ၍ လျောင်းစက် အိပ်ခြင်းကိုပယ်၍ ထိုင်နေခြင်း အလေ့ရှိသော ပုဂ္ဂိုလ်ကို နေသဇ္ဇိကဟု ခေါ် သည်။

ထိုဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည် ကား နေသဇ္ဇိကင် မည်သည်ဖြစ်၏။

အလုံးစုံ၁၃ဆိုအပ်ခဲ့ပြီးသော ပံသုကူလိကင် စသည်တို့သည် ထိုထိုကျင့်သုံး ဆောက်တည်ခြင်းဖြင့် ကိလေသာကို ခါပြီး သောရဟန်းအကြောင်း အင်္ဂါသည် ဓုတင်မည်သည် ဖြစ်၏။ တနည်းမှာ ကိလေသာကို ခါတတ်ဖျက်ဆီးတတ်သောကြောင့် ဓုတဟုခေါ်အပ်သောဉာဏ်သည် ထိုထိုကျင့်သုံး ဆောက်တည်

ခြင်း၏ အကြောင်းဖြစ်လေသည်။ ထို့ကြောင့်ဓုတင်ဟူ၍ဆိုအပ်လေသည်။

တနည်း ဓုတင်တို့ဆိုသည်မှာ ထို ဆောက် တည် ကျင့် သုံးခြင်းတို့သည် ဆန့်ကျင်ဘက် ကိုလေသာတို့ကို ဖျက်ဆီးတတ်သည်လည်း ဟုတ်၏။ သီလ စသော ကောင်းသော ကျင့်ဝတ်၏ အကြောင်းတို့လည်း ဖြစ်ကုန်၏။ ထိုကြောင့် ဓုတင်တို့ မည်ကုန်၏။

သောသာနိကင် ဓုတင် ဆောက်တည်ရပုံမှာကား၊

"သုသာန်လက္ခဏာမှ ကင်းသောနေရာအရပ်ကို ပယ်ပါ၏။ သုသာန်လက္ခဏာရောက်သောအရပ်၌ နေခြင်း အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏"ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့်ဆို၍ ဆောက်တည်တတ်၏။

သောသာနိကင် ဓုတင်ဆောက်တည်သော ရဟန်းသည် ရွာသစ်တည်ထောင်သော လူတို့က ဤနေရာဌာနသည် သုသာန်ဟု မှတ်သား၏။ ထိုသုသာန်ဟု မှတ်သားထားကာမျှတစ်ခုတရာ သူသေကောင်မဖုတ်ဘူး မမြှုပ်ဘူးသေးသော အရပ်၌မနေအပ်။ အကြောင်းမူကား သူသေကောင် မဖုတ်မမြှုပ်သေးသော အရပ်သည် သုသာန်မည်သည် မဖြစ်သေးချေ။ သူသေကောင်ဖုတ်မြှုပ်ပြီးသောကာလမှ ဆဲ့နှစ်နှစ်တိုင်အောင် စွန့်ပစ် အပ်သည်။ အကယ်၍ ဖြစ်စေကာမူ သုသာန်မည်သည်သာ ဖြစ်၏။

ထိုသုသာန်လက္ခဏာရောက်သောအရပ်၌ နေသော ရဟန်းသည် စင်္ကြံမဏ္ဍပ်တို့ကို ဆောက်လုပ်စေ၍ ညောင်စောင်း

အင်းဖျဉ်ကိုခင်း၍ သောက်ရေသုံးဆောင်ရေကို တည်ထား၍ တရားပေစာ သင်ကြားပို့ချလျက် ထယ်ထယ်ဝါဝါ မနေသင့်ချေ။

ဤဓုတင်သည် ဆောင်နိုင်ခဲစွာ ဝန်လေးလှ၏။

ထို့ကြောင့် ဖြစ်လတံ့သော ဘေးရန်ကို ဖျောက်ခြင်းငှာ သံဃထေရ်ကိုဖြင်း ရွာ၌ မင်းနှင့်စပ်သောသူကိုဖြင်း မိမိသုသာန်ဆရာဖြစ်ကြောင်း သိစေ၍ မမေ့မလျော့နေအပ်၏။

စင်္ကြံသွားသော ရဟန်းသည်ထက်ဝက်သော မျက်စိဖြင့်သုသာန်ဖုတ်ရာကို ငဲ့ကာကြည့်၍စင်္ကြံသွားအပ်၏။ သုသာန်သို့သွားသောအခါမှာလည်း လမ်းမကြီးက မသွားဘဲ လမ်းငယ်ဖြင့်သာ မိမိကိုယ်ကို သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်ဟု မသိအောင် လျှို့ဝှက်သွားအပ်၏။

နေ့အခါကသာလျှင် သစ်ငုတ်သစ်ပင် တောင်ပို့ မို့မို့မဲမဲမြင်ကောင်းသော အာရုံတို့ကို ပိုင်းခြားမှတ်သားရမည်။ ဤသို့နေ့အခါက မှတ်သားထားမှသာ ထိုသစ်ငုတ်စသော အရာတို့သည် ညဉ့်အခါ၌ ထိုပုဂ္ဂိုလ်ကို ခြောက်လှန့်သော အာရုံများမဖြစ်ဘဲ ရှိလိမ့်မည်။ ညဉ့်အခါ ဘီလူး ဥပါတို့သည် မြည်တမ်းဟစ်ကြွေး၍ လှည့်လည်ကုန်သော်လည်း တစုံတခုသော လှံတန်အုတ်ကျောက်တို့ဖြင့်မပစ်ခတ်အပ်။

သုသာန်သို့ တနေ့မျှမသွားဘဲ မနေသင့်၊ သုသာန်၌ မဇ္ဈိမယံကို ကုန်စေ၍ ပစ္ဆိမယံ၌ သုသာန်မှ ဖဲခြင်းငှာသင့်၏။ အင်္ဂုတ္တရဘာဏက ဆရာတို့က ဆိုကြကုန်၏။

ဘီလူးသဘက်တို့ချစ်မြတ်နိုးစွာ ကြိုက်နှစ်သက်သော ဆီထွေး နှမ်းလှော်၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့ဆီ၊ တင်လဲ စသော ခဲဘွယ် စားဘွယ်တို့ကို မမှီဝဲအပ်၊ ဒကာတို့အိမ်တွင်းသို့ မဝင်အပ်။ ဤသည်ကား သောသာနိ ကင်္ဂုတင်ဆောက်တည်ခြင်း အစီရင် ပေတည်း။

အပြားအားဖြင့်သော်ကား ဤသောသာနိကင်္ဂုတင်သည် လည်း ဥက္ကဋ္ဌ၊မဇ္ဈိ၊ မုဒု ဟူ၍ပင် သုံးပါး အပြားရှိ၏။ ထိုသုံး ပါးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည် အကြင် သုသာန်၌မပြတ် သူသေ ကောင်ကို ဖုတ်သော၊ မပြတ် အပုပ်နံ့ နံသော၊ မပြတ် ငိုကြွေး သံရှိသောအရပ်၌ နေအပ်၏။ မဇ္ဈိပုဂ္ဂိုလ်သည်ကား ထိုသုံးမျိုး တို့တွင် တခုခုရှိသောအရပ်တွင် နေအပ်၏။ မုဒု ပုဂ္ဂိုလ်မူကား သုသာန်လက္ခဏာရှိကာမျှသော သုသာန်၌ နေခြင်းငှာ အပ်၏။

ဤသည်ကား အပြားတည်း။

ဤသုံးမျိုးသော ပုဂ္ဂိုလ်တို့သည်ပင် သုသာန် မဟုတ်သော အရပ်၌ နေခြင်းကိုပြုကာမျှဖြင့် ဓုတင်ပျက်၏။ သုသာန်သို့မသွား သောနေ့၌ ဓုတင်ပျက်၏ဟု အင်္ဂုတ္တရဘာဏကမထေရ်တို့က ဆို ကြကုန်၏။

ဤသည်ကား ဓုတင်၏ပျက်ခြင်းပေတည်း။

ထိုခုတင်ကို ဆောက်တည်ခြင်း၏အကျိုးကား သေရချေအံ့ သေရချေအံ့ဟု အဖန်တလဲလဲ အမှတ်သတိရ ရရှိခြင်း မမေ့မလျော့နေခြင်း အလေ့ရှိသည်၏အဖြစ်။

သုသာန်၌ စွန့်ပစ်အပ်သော အကောင်ပုပ်ကို မြင်ရသဖြင့် အသုဘဟု မှတ်ကြောင်း အာရုံကိုရခြင်း၊ ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း အမြဲမပြတ် ဤခန္ဓာ၏ စက်ဆုပ်ဘွယ် မစင်ကြယ်သော သဘောကို မြင်နိုင်ခြင်းများစွာ ထိတ်လန့် သံဝေဂရသောအဖြစ်။

အနာကင်းခြင်း၊ အရွယ်ပျိုခြင်းကြောင့် တက်ကြွသော မာန်ယစ်ခြင်းကို ပယ်ရခြင်း၊ ဘေးကြီးဘေးငယ်အသွယ်သွယ်ကို သည်းခံနိုင်ခြင်း၊ နတ်တို့၏ အလေးအမြတ် ချီးမွမ်းအပ်ခြင်း၊ အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးအား လျော်သော အဖြစ်။

ဤသည်ကား ထိုခုတင်၏ အကျိုးတို့ပေတည်း။

သုသာန်၌နေခြင်း၊ ကျင့်ဝတ် ခုတင်ကို ဆောက်တည်သော ရဟန်းသည် မရဏာနုဿတိ ကမ္မဋ္ဌာန်း၏ အာနုဘော်ကြောင့် အိပ်ပျော်ခြင်းသို့ ရောက်ပါသော်လည်း မေ့လျော့ခြင်းဟူသော အပြစ်တို့သည်မနှိပ်စက်နိုင်ကုန်။ များစွာကုန်သောအပုပ်ကောင်တို့ကို အစဉ်မပြတ် မြင်တွေ့ရသောကြောင့်လည်း ထိုရဟန်း၏ စိတ်သည် ဝတ္ထုကာမ အာရုံကို ခံမင်လိုက်စားသည် မဖြစ်နိုင်။

ပြန့်ပြောသော ထိတ်လန့်ခြင်းသို့ရောက်၏။ မာန်ယစ်မေ့လျော့ခြင်းသို့ မရောက်။ တဆယ့်တသီး မီးတို့၏ ငြိမ်းရာနိဗ္ဗာန်ကိုသာ ရှာသည်ဖြစ်၍ အသင့်အားဖြင့် လုံ့လပြု၏။

ဤသို့လျှင် များစွာသော ဂုဏ်ကျေးဇူးတို့ကို ရွတ်ဆောင်တတ်သောကြောင့် နိဗ္ဗာန်သို့ ညွတ်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည် သောသာနိကင်္ဂ ဓုတင်ကို အစဉ်မပြတ် မှီဝဲအပ်လှပေ၏။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ)

×

# (၆)

ကျနော်ဖတ်ဘူးခဲ့သော စာပေကျမ်းဂန်များအရ သမထနှင့် ပတ်သက်သော မရှိမဖြစ် မသိ၍ မရသည့် အချက်အလက်များ၊ သဘောပေါက် နားလည်ရမည့် အကြောင်းအရာတွေကိုတော့ အနည်းငယ်ရှင်းလင်း ဖော်ပြရမည်။ ဒါမှ ကျင့်ကြံလိုသော ပုဂ္ဂိုလ်၊ သမထအရာကိုလေ့လာနေသောပုဂ္ဂိုလ်၊ တကယ်ကို ကျင့်မည့်ပုဂ္ဂိုလ် အမျိုးမျိုးအစားစားရှိသောသူတွေ၏ ဘဝနှလုံးဝယ် ထူးခြားချက် ဖြစ်လာဘွယ် ရှိပေမည်။

အမှန်စင်စစ် စာအုပ်တအုပ် ရေးသားရာ၌ ကိုယ့်အထင်ကိုယ်ရေးသည့်သဘောမျိုး မဖြစ်ရန်လည်း လိုအပ်ပေသည်။ အထောက်အထား ခိုင်လုံရမည်။ မှတ်တမ်းပြုထားသောစာပေတွေလည်း ရှိရမည်။

တနည်းဆိုသော်စာပေနှင့်လုပ်ရပ်တို့၏ အခြေခံအကြောင်းအကျိုးဆက်မှ လုံးလုံးလျားလျား ပွင့်လင်းစွာသဘောပေါက်

နားလည်မိမှ ဖတ်သူအဖို့ရော ရေးသူအဖို့ပါ အကျိုး ရှိနိုင်မည်။

အမှန်ကို ဝန်ခံပါက ကျနော်ကျင့်ကြံမှုမှရရှိသော သမထ အာရုံပေါ်တွင် မှီငြမ်း ကိုးကား၍ ရေးသားခြင်းမျိုးတော့ မဟုတ်သေး။ ဤအပိုဒ်သည် ကျမ်းအစောင်စောင် လူတွေနားလည်နိုင်သောကျမ်းများအရ ရေးသားခြင်း ဖြစ်ပါသည်။

“သမထ ဝီရိယသောဝ”

သမထ အရာသည် တိဟိတ်( Portrait of a mind ) မှန်က သမာဓိနှင့်အညီမျှသောဝီရိယသာ လိုရင်းဖြစ်ပေသည်။ ဝီရိယသည် မည်မျှ အရေးကြီးသည်ဟူကား သမထဘာဝနာကျင့်သောသူတွေအတွက် သဘောပေါက်နားလည်ရန် လိုအပ်ပြန်လေသည်။ တိဟိတ်စိတ်ရှိသော သူတွေမှ သမထဘာဝနာကို ကျင့်ကြံအားထုတ်ကြလုန်၏။

တိဟိတ်ကုသိုလ်စိတ်သည် အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ်(၃)ပါးနှင့်ယှဉ်သော ကုသိုလ်စိတ်သည် တိဟိတ်ကုသိုလ်စိတ်မည်၏။ ကုသိုလ်ပြုစဉ်အခါ၌ ကံကိုငင်း၊ ကံ၏ အကျိုးကိုငင်း၊နားလည်သော ကမ္မဿကတဉာဏ်ပါလျှင် တိဟိတ်ကုသိုလ်ဖြစ်၏။

သမထကျင့်သော ယောဂီသည် သမာဓိသာလျှင် အဓိက ရေသောက်မြစ်ဖြစ်သည်။ အိမ်တဆောင် ဆောက်လုပ်ရာ၌ အဓိက အရေးပါသော အရာသည် အုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် သမာဓိနှင့်ပတ်သက်ပါက လိုအပ်သော အကြောင်း နိဒါန်းပျိုးအဖွင့်သဘောလောက်သာ ရေးပြပါမည်။

သမာဓိသည် အဘယ်နည်း။ အဘယ်အနက်ကြောင့်သမာဓိဟူ၍ ဆိုအပ်သနည်း။ထိုသမာဓိ၏လက္ခဏာကားရသ၊ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့က အဘယ်နည်း။ သမာဓိသည် အဘယ်မျှ အပြား ရှိသနည်း။

ထိုသမာဓိညစ်နွမ်းကြောင်းကား အဘယ်နည်း၊ ထိုသမာဓိ၏ဖြူစင်ကြောင်းကား အဘယ်နည်း၊ ထိုသမာဓိကို အဘယ်သို့ ပွားအပ်သနည်း၊ သမာဓိ၏ ပွားခြင်း၏ အကျိုးထူးကား အဘယ်နည်း စသည်စသည့်တို့ကို ဤစာအုပ်၏ နောက်ပိုင်း အခန်းများတွင် ဖော်ပြထားပါသည်။

ဆက်ပါအုံးမည်။ စာပေ ကျမ်းဂန်ထဲမှ ကောင်းနိုးရာရာ ထုတ်ဖော်ရေးသားမည်ဆိုပါက ကုန်နိုင်တော့မည် မဟုတ်။

လောကီသမထသည် တနည်းဆိုသော် ဗုဒ္ဓ၏ သမထယာနိက ပွားများကြသော အခြေခံ အကြောင်းတရားများက အဘိညာဉ်ငါးပါး၊ ကသိုဏ်းဆယ်ပါး၊ ကမ္မဋ္ဌာန်း လေးဆယ် စသည့်အခြားလိုအပ်ချက်တွေ ရှိကောင်းရှိပေလိမ့်မည်။ ကျင့်ကြံသောယောဂီသည် ဤအကြောင်းတွေကို သွေဖီသွားရန် မဖြစ်။

ထိုကြောင့် ဤအကြောင်းနှင့် ပတ်သက်ခြင်းကို နောက် အခန်းတွင် အကျယ်တဝင့် ဖော်ပြထားပါသည်။

သမထယာနိက ကျင့်ကြံ ပွားများသော ယောဂီသည် မိမိ ကျင့်ကြံရာတွေ့မြင် ခံစားရသော အတွေ့အကြုံ၊ အာရုံထင်မြင်မှု အပေါင်းတို့သည် စာပေကျမ်းဂန်၌ ဖော်ပြရန် မဖြစ်။

ဟုတ်မလား ဖြစ်နိုင်ပါမည်လား၊ ဒွိဟစိတ် တမျိုးလည်း ထင်မှတ်စရာ မလိုပေ။ တကာယ်ကျင့်အားပိုင်းကို အထောက် အကူပြုဘူးကြသော စာပေကျမ်းဂန် တတ်မြောက်သော ဆရာ တော်နှင့် အကျင့်ပိုင်းဆရာတော်တို့၏ ဆွေးနွေးခန်းကို ဖတ်ရှု ပါက သိလိုသော အကြောင်းရပ်အပေါင်း ရှင်းရှင်း လင်း လင်းသဘောပေါက်နိုင်သည်။

ရဟန္တာကင်းတောရဆရာတော်နှင့် တရားဆွေးနွေးကြပုံမှာ ကင်းတောရဆရာမှာ စာပေ ပရိယတ် တတ်မြောက်အောင် သင်ကြားပြီးနောက် ပဋိပတ်အကျင့်ဖြစ်သော သမထ ဝိပဿ နာဘာဝနာတရား အားထုတ်မွေ့လျော်နေတော်မူ၏။အပ္ပမာဒ ဝိဟာရီစစ်စစ် ကေစာရီအဖြစ်ဖြင့် အနာပါနကမ္မဋ္ဌာန်း၊ သတိ ပဋ္ဌာန်လမ်းကို ကျင့်သုံး အားထုတ်၍ မင်းကွန်းမြောက်ဘက် ကင်းတောရ၌ သီတင်းသုံးနေလေ၏။

မကြာမီ ရဟန်းတို့ကိစ္စပြီးမြောက်ရဟန္တာအဖြစ်သို့ ရောက် လေသည်။ ထိုအခါဆရာတူတပည့်သမာနိနာစရိယဖြစ်သောဓမ္မ မိတ်ဆွေကို သတိရလေ၏။ ထိုကြောင့်ကင်းတောရ ဆရာတော် သည် လောကုတ္တရာတရားများကို မိမိနှင့်အလားတူ ထိုးထွင်း သိမြင်ရရှိစေလိုသော သမ္မာဆန္ဒဖြင့် သီးလုံး ဆရာတော်ထံသို့ ကင်းတောရမှ ညနေချမ်း အချိန်တိုင်း မကြာ မကြာ သွား ရောက်၍ တရားဆွေးနွေး ဓမ္မသာကစ္ဆာ စကား ပြောကြား လေ၏။

ကင်းတောရဆရာတော်က သီးလုံးဆရာတော်အား "ဆရာတော်ကဲ့သို့ မင်းဆရာအဖြစ်ဖြင့်သာသနာတော်တွင် ဂန္ထဓူရနှင့်တော့ မသေဝံ့သေးကြောင်း" ပညာရှိ စကားမျိုးဖြင့် သတိပေးတော်မူ၏။

ဤကဲ့သို့ကင်းတောရဆရာတော်သည် သီးလုံးဆရာတော်ထံ ၊ကြွခဏသွားပြီးလျှင် တခါတရံလောကုတ္တရာ အသိဉာဏ်နှင့်ပတ်သက်သော မဂ်ဖိုလ်နိဗ္ဗာန် တရားများ၊ တခါတရံ ဈာန်တရား၊ သမထဝိပဿနာနှင့် ဆိုင်ရာသိပုံ၊ မြင်ပုံ၊ ထင်ပုံ၊ အာရုံပြုပုံများကို သတိပေးသောအနေဖြင့် အကြောင်းရှာ၍ ပြောကြားပေသည်။

ဤကဲ့သို့သမထ၊ ဝိပဿနာ၊ ဈာန်တရား၊ မဂ်ဖိုလ်တရား၊ နိဗ္ဗာန်၏သဘောတရားများကို ပြောကြားရာတွင် သီးလုံးဆရာတော်က ပါဠိ၊အဋ္ဌကထာ၊ဋီကာများနှင့် ညီညွတ်သော အသိအမြင်များသာလျှင် ဟုတ်မှန်နိုင်မည့်ဖြစ်ကြောင်းဖြင့် ကျမ်းဂန်များအရ များစွာသောနည်းတို့ဖြင့် ဝေဖန် လျှောက်ထားလေသည်။

ကင်းတောရ ဆရာတော်က ပြန်လည် မိန့်ကြားသည်မှာ "အရှင်ဘုရားအားထုတ်ရာ၌ ထင်မြင်ပိုင်းခြားပုံမှာမိမိသိရှိသော ကျမ်းဂန်များအဆိုနှင့် တိုက်ရိုက်မညီနိုင်ပေ။

ကျမ်းဂန်ဟူသည် ပုဂ္ဂိုလ် အစားစား၊ စရိုက် အစားစား၊ ဉာဏ်အစားစားတို့နှင့် သင့်လျော်သော ယေဘုယျနည်းကိုသာ

ဖွင့်ဆို ရေးသားကြပါသည်။ ပုဂ္ဂိုလ်တိုင်းပင် ဉာဏ်အားထင် မြင်ပုံအားလုံး ညီညွတ်ကြမည် မထင်၊ ကျမ်းဂန်လာ အားလုံး နှင့်မညီက ဈာန်မဂ်ဖိုလ်မရနိုင်၊ မရထိုက်၊ မဖြစ်နိုင်ဟူ၍တထစ် ချမဆုံးဖြတ်အပ်ပါ"ဟု ပြန်ကြားမိန့်တော်မူလေသည်။

ဤသည်ကား ကျမ်းဂန်၏ သဘောပင် ဖြစ်လေသည်။

× × ×

နေရောင်ခြည်သည် ဝန်းကျင်တခုလုံး ပြန့်ကြဲတောက်ပနေ သည်။

ခိုနားရန် အရိပ်ဟူ၍ အနီးအနားတွင်မရှိ၊ လွင်တီးခေါင် သက်သက်မို့ နေရောင်ခြည်က ပိုမိုအားကောင်းပြီး လေက လည်းတဟူးဟူး တိုက်ခိုက်နေသည်။

ကျနော်သည် ကုန်းကြောင်းခရီးကို တထောက် နားပြီး ရေကြောင်းခရီးဆက်ရအုံးမည်။ ဒါမှ ကျနော်ရောက်လိုသော အရပ်သို့ ရောက်နိုင်မည်။ တကိုယ်လုံးမှာလည်း ချွေးတွေစိုရွှဲနေ သည်။

ခရီးလမ်းကြမ်းသည်။ နေပူပြင်ကို ဖြတ်သန်းနေရသော ကြောင့် တကိုယ်လုံးနွမ်းနယ်စ ပြုလာသည်။ နံနက်စာကို လုံးဝ မစားရသေးသဖြင့် ဝမ်းထဲ၌ ပူလောင်နေသည်။ တခါတခါ ခြေလှမ်းများပင် သယ်လိုစိတ် မရှိ။

ကျနော်ရောက်လိုသော နေရာသို့ ဆန္ဒက စောနေလို့ပင်၊ ပင်ပန်းသော်လည်း စိတ်ကညစ်ညူးခြင်းမရှိပေ။ ခန္ဓာကိုယ်က စက်ရုပ်ပမာ တလှုပ်လှုပ်တရွရွဖြင့် သွားနေသည်။

ယခုကဲ့သို့ ကျနော် သွားနေခြင်းမှာလည်း ရည်ရွယ်ချက် ရှိပါသည်။အကြောင်းမှာမူ အာကာသ ကသိုဏ်းကျင့်ကြံ အား ထုတ်ရန်ပင်ဖြစ်ပါသည်။

ကျနော်ကျင့်မည့် ကသိုဏ်းသည် အိမ်၌ကျင့်လို့ မရ၊ ဝန်း ကျင်သည် ဆူညံ၏။ သမာဓိကိုပျက်ပြားစေသည်။ ထို့ကြောင့် ထိုဝန်းကျင်မှ ထွက်ခွာခဲ့သည်။

ကျနော်ကျင့်မည့် အာကာသ ကသိုဏ်းသည် စကြာဝဠာ ထဲသို့မိမိ၏ပဋိဘာဂနိမိတ်သည် မည်မျှအကွာအဝေးသို့ စေလွှတ် နိုင်သည်။ မြင်အပ်သောအရာ၊ မမြင်အပ်သောအရာ အရာ ပေါင်းမည်မျှရှိသည်ကို သိလိုသည်။ မြင်လိုသည်။ သည်တော့ ခရီးဆက်ရပြန်သည်။

ကျနော်သည် ချောင်းတခု၏ကမ်းနဖူးတွင် ရပ်လိုက်သည်။ ရေပြင်ကို ရှပ်တိုက်၍ တိုက်ခတ်လာသော လေပြေအေးက ကျနော်၏တကိုယ်လုံးကို ရစ်သိုင်းခံရသည့်အချိန်တွင် အေးစိမ့် သွားသည်။ စောဦးကပ္ပလောင် အိုက်စပ်သော ဝေဒနာသည် အနည်းငယ်သက်သာခွင့် ရလိုက်သည်။

ရေပြင်သည် တည်ငြိမ်မှု မရှိချေ။ လှိုင်း ကြက်ခွပ်ဏလေး ထလျက်ရှိသည်။ ရေကျချိန်မို့ ချောင်းနံဘေး ပတ်လည်စွာင်

ရွှံ့နွံ့များ ထူပြောသည်။ မြစ်ရေသည် နောက်၏။ ကြည်လင်ခြင်းမရှိ။

ကျနော်သည် ကမ်းနှဖူးမှနေ၍ ရှေ့ဖက်သို့ မျှော်ကြည့်လိုက်သည်။ တဖက်ကမ်းရှိ တဲတလုံးဆီသို့ ရောက်သွားသည်။ တဲထဲ၌လူအချို့ရှိနေသည်။ တဲ၏နံဘေးတွင်ကျွဲများ လှုပ်လှုပ်ရွရွသွားနေသည်။

ကျနော်သည် တဲ၏အခြေအနေကို ခုမှအကဲခတ် ကြည့်နေခြင်းမျိုးတော့ မဟုတ်ပါ။ ယခင်ကလည်း ဤနေရာသို့ ရောက်လာသည့်အခါတိုင်း ထိုတဲသို့ လှမ်းမျှော် ကြည့်ရဘူးသည်။

ကျနော်ရောက်လိုသောနေရာက ဟိုမှာဖက်ကမ်းတွင် ရှိနေခြင်းကြောင့်ဖြစ်သည်။ တဲထဲ၌လူရှိမရှိ ကျနော်သေသေချာချာကြည့်လိုက်သည်။ မည်သူမျှ မတွေ့ရသဖြင့် တဖက်ကမ်းတွင်ဆိုက်ကပ်ထားသော သမ္ဗာန်ရှိမရှိကို ကြည့်လိုက်သည်။သမ္ဗာန်တော့ရှိသည်။

သည်တော့ ကျနော့်စိတ်ကဆုံးဖြတ်ချက်တခု ချလိုက်သည်။ သမ္ဗာန်ရှိပါက တဲထဲ၌ လူရှိရမည်။

"ဂျို့....သမ္ဗာန်ဆရာကြီး"

ကျနော်သည် ခပ်ကျယ်ကျယ် ဟစ်အော်လိုက်ပါသည်။ ထိုအသံသည် မြစ်ပြင်ကိုဖြတ်၍ တဲဆီသို့ လွင့်ပါးနေသည်။

ပထမတကြိမ်တော့ တဲတွင်းရှိလူကိုကြားစေနိုင်သည့် အသံမျိုးမဟုတ်ပေ။ သည်တခါ ပါးစပ်ကို လက်နှစ်ဖက်ဖြင့် ကာ၍

အသံကျယ်လောင်မည့် အနေအထားမျိုးရှိစေရန် တဖန်အော် လိုက်ပါသည်။ ထိုအသံကြောင့် တဲထဲမှလူတယောက် ထွက်လာ သည်။ တဲပြင်သို့ရောက်လာသောအခါ တောင်မြောက် ဝဲယာ ကိုင်ငေးစောင်းကြည့်နေသည်။

"ဒီက ခေါ်နေဒါပျို"

ထိုအသံကြောင့် ကျနော့်ဘက်သို့ စိုက်ကြည့်ပါသည်။

"ဘာလုပ်မလို့လဲ"

"ကူးတို့သမ္ဗာန် လိုချင်လို့"

"လာခဲ့မယ် ခဏလေးနော်"

"ကောင်းပါပီ"

မကြာမီမြစ်ပြင်ကိုဖြတ်၍ တကျိကျိသမ္ဗာန်ခတ်သောအသံ သည် ကျနော့်နားထဲ၌ကြားရပါသည်။ သမ္ဗာန် ရောက်ရှိလာ သည်။ ကျနော်ချောင်းနံဘေးသို့ ဆင်းရသည်။ နွံထဲ ဗွက်ထဲ ကျော်ဖြတ်လျှောက်ရသဖြင့် ခြေထောက်တွေမှာ ညစ်ပေကျန် လေသည်။

ကျနော် သမ္ဗာန်ပေါ်သို့ ခုန်တက်လိုက်သည်။ သမ္ဗာန် အနည်းငယ်လှုးသွားသည်။ သမ္ဗာန်သမားက တက်ဖြင့်ထိန်း ထားသည်။

ကျနော်သမ္ဗာန်ပေါ် ရောက်ရှိပြီးနောက် ပေနေသောခြေ ထောက်များကို သမ္ဗာန်ပေါ်မှ အားပါးတရ ဆေးကြောနေ ပါသည်။ အချိန်ကတော့ သိပ် မကြာချေ။ တဖက်ကမ်းသို့

နာရီဝက်မျှ လှော်ခတ်ခြင်းဖြင့် ရောက်သွားပါသည်။ကျောင်း ပရဝုဏ်ထဲသို့ ရောက်လာပြီး ဇရပ်တဆောင်ကို ကျော်ဖြတ် သည်။ ထိုဇရပ်ထဲမှ မိန်းမ တဦး၏ အော်ခေါ်လိုက်သော အသံကို ကြားရသည်။

"မင်း ဘယ်တုန်းက ရောက်လာသလဲ'

ထိုအသံပြုသူသည် သီလရှင် ဒေါ်မာလာဖြစ်သည်။ဒေါ်မာ လာသည် ကျနော်၏ အရင်းနှီးဆုံး ဓမ္မမိတ်ဆွေ ဖြစ်သည်။ ဒေါ်မာလာသည် ဤကျောင်း၌ တရားအားထုတ်လာသူများ အား ပြုစုစောင့်ရှောက်ရသောတာဝန်ကို ထမ်းဆောင်ရသည်။ လိုအပ်သော ဝေယျာဝစ္စများနှင့်နေရာထိုင်ခင်း ပေးရသည်။

"ကျနော် တရားလာအားထုတ်တာပါ"

"အေး-ကောင်းတယ်၊ ဒါနဲ့ နံနက်စာ တခါတည်း ဝင်စား ပါလား"

ကျနော်သည် ထိုစကားကို လက်ခံလိုသည်။နံနက်စာမစားဘဲ ခရီးနှင်လာရသော ခန္ဓာသည် ဆာလောင် မွတ်သိပ်သည့် ဒုက္ခ ကြောင့် ဝမ်းပူလောင်နေသည်။ ကျနော် သီလရင် ဒေါ်မာ လာ ဖိတ်ခေါ်ခြင်းကို မငြင်းဘဲ ရှေ့သို့ လျှောက်မည့်ခြေလှမ်း တွေမှာ ဒေါ်မာလာဇရပ်ဆောင်ဘက်သို့ဦးတည်လိုက်ပါသည်။

''ဘာဟင်းတွေလဲ''

ကျနော် ဇရပ်ပေါ်တွင် ထိုင်မိသည့်အခါ ဤသို့ မေးခွန်း ထုတ်မိပါသည်။

"သက်သတ်လွတ် အမဲဝိဒ္ဒါန် (၄၅)ရက် ဝင်ထားတယ်"

"ကောင်းတာပေါ့ ဆရာလေး"

"ကျနော်လဲ အမဲဝိဒ္ဒါန်ဝင်ရင်တော့ သက်သတ်လွတ်နဲ့ ဝင်ဖို့ ဆန္ဒရှိပါတယ်"

"ကောင်းပါတယ်"

သက်သတ်လွတ်စားခြင်းနှင့် ပတ်သက်၍ ကျနော် လူငယ်ပီပီ သိလိုသော ဆန္ဒကြောင့် ဤသို့မေးမိသည်။

"သက်သတ်လွတ်စားတာ ဘာကောင်းသလဲ ဆရာလေး"

"အသက်ရှိသော သတ္တဝါ ကြက်၊ ဝက်၊ ဘဲ၊ ငါး စသော အသား အာဟာရတို့ဟာ စားသုံးသော ပုဂ္ဂိုလ်များကို သန်မာ စေတယ်၊ ထွားကျိုင်း အားဖြစ်စေတယ်၊ အသွေးအသားများ ကို ဖွံ့ဖြိုးစေတယ်၊ အာဟာရဖြစ်သည့်အလျောက် အကြောအခြင် တို့ကို တောင့်တင်း ခိုင်မာစေတယ်"

"ဒါကြောင့် ကာမလောကကို အားပေးစေပြန်တယ်၊ လောဘ ကိုလဲ အားပေးတယ်၊ မောဟကိုလဲ အားပေးတယ်၊ ဒေါသ ကိုလဲ အားပေးတယ်၊ အဲဒီ လောဘ၊ ဒေါသ၊ မောဟရှိသူဟာ သတ္တဝါတို့အသားကို ဘီလူးကြီးသဖွယ် မရ,ရသောနည်းဖြင့် ရှာဖွေစားသောက်တယ် သတ်ဖြတ်ပြီး မိမိခန္ဓာကိုအားဖြည့်တင်း ထောက်ပံ့ပေးကြရတယ်၊ ဒါကြောင့် ဗြဟ္မစာဝါဒီ ကျင့်သူ တို့ဟာ သားငါးကို မစားသောက်ကြဘဲ ရှောင်ကြဉ်ကြပါ တယ်"

"ဟုတ်ကဲ့ဆရာလေး"

ကျနော်သည် သီလရှင် ဒေါ်မာလာဇရပ်တွင် နံနက်စာ စားပြီးနောက် ဆရာတော်သတင်းသုံးတော်မူသည့်စံကျောင်းသို့ သွားရန်ဆန္ဒဖြစ်လာသဖြင့်....

"ဆရာလေး၊ ဆရာတော် ခုအချိန် ဘယ်မှာရှိသလဲ"

"စံကျောင်းမှာ ရှိပါတယ်"

ကျနော် ယခုကဲ့သို့မေးရသည့်အကြောင်းမှာလည်း ကျောင်း ပုရဝုဏ် ထဲ၌ ဓာတ်ခန်း၊ ဇရပ်၊ စာသင်ကျောင်း၊ ဓမ္မာရုံ စသည် တို့မှာ ဆောက်ဆဲများနှင့် ပြီးစီးသော အဆောက်အဦတွေ လည်း ရှိပါသည်။ တခါတရံ ဆရာတော် စံကျောင်း၌မရှိ၊ မပြီး စီးသော အဆောက်အဦများကို သွားရောက် ကြည့်ရှုနေတတ် ပါသည်။

ကျနော် ဆရာတော်ရှိသည့် စံကျောင်းသို့ ရောက်ရှိလာ သည်။ ဆရာတော်သည် ဧည့်သည်လေးယောက်နှင့် စကားပြော နေသည်ကို တွေ့ရပါသည်။ ကျနော် ဆရာတော်အား ဝတ်ပြု လိုက်ပါသည်။ ဆရာတော်သည် ကျနော့်အား လှမ်းကြည့်လိုက် ပြီး ပြုံးပြလိုက်ပါသည်။

"အရိယာကြီး"

ဆရာတော်သည် ကျနော့်အားတွေ့တိုင်း ဤသို့ ခေါ်လေ့ ရှိတတ်ပါသည်။ ဒါကတော့ သူ့ဓာတ်နှင့်သူ ခေါ်ဆိုခြင်းဖြစ် ပါသည်။ ကျနော် စောဒက တက်နေစရာမလိုပေ။ ဆရာတော်

လည်း မဟာဂန္ဓာရီဝိဇ္ဇာလမ်းစဉ်ကို ကျင့်ကြံနေသူတဦး ဖြစ်ပေသည်။ ဆရာတော်သည် ဤသို့စကားဆက်ပြန်သည်။

"အရိယ ရောက်လာတုန်း ဝိဇ္ဇာအကြောင်း ပြောရအုံးမယ်၊ ဝိဇ္ဇာဆိုတာ အို၊ နာ၊ သေဘေးရှိတယ်ကွ၊ ဘဒ္ဒကမ္ဘာနဲ့တကွ ဝရကမ္ဘာ၊ သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ သာရမဏ္ဍ ကမ္ဘာစတဲ့ ကမ္ဘာအရုပ်ရုပ် သင်္ချာအတိုင်း နှစ်ပရိစ္ဆေဒ လ, နာရီ, အချိန်, နက္ခတ်တာရာ၊ ရေ, မြေ, တောတောင်, ပင်လယ်သမုဒ္ဒရာ စသည် ဖြစ်ထွန်း ပေါ်ပေါက်ပီးကုန်ဆုံးမြဲဘဲ။

ဩကာသလောကကို မှီပီး တည်နေရသော သတ္တဝါဆိုသော နတ် ဗြဟ္မာ ငရဲ တိရစ္ဆာန်ပြိတ္တာ အသုရကာယ်တို့လဲ ရှိကြတယ်။

ဒီအတွက်ကို သိထားဘို့ လိုတယ်၊ ပုဂ္ဂိုလ်သတ္တဝါတွေဟာ ဗုဒ္ဓရဲ့သခ်ါရခေါ်တဲ့ မမြဲသည့်သဘောတရားကို ကြောက်လန့်တုန်လှုပ်၍ ဒီသခ်ါရနယ်မှ လွတ်သောအကျင့် လွတ်သောဆေး လွတ်မြောက်လိုသော အတတ်ပညာတို့ကို ရှာကြံကြတယ်။

ဒီလို ရှာကြံသောအခါ ဝိဇ္ဇာထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများတော့ ပြုပြင် ပြောင်းလဲမှု သခ်ါရနယ်မှ လွတ်မြောက်မှာဘဲလို့ အထင်ကြီးနဲ့ ဗုဒ္ဓထက်ပင် အားကိုးလွန်တတ်ကြတယ်၊ ကောင်းပါပြီ၊ ဝိဇ္ဇာထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ အို၊ နာ၊ သေဆိုတဲ့ သခ်ါရဒုက္ခက တကယ်လွတ်မည်လားလို့မေးတဲ့အခါ မသိသူများက လွတ်ပါမည်ဟု များသောအားဖြင့် ဆိုကြလိမ့်မယ်။

ကျွန်ုပ်တို့ ဝိဇ္ဇာထွက်ရပ်ပေါက်တွေဟာ မည်သည့်နည်းနှင့်မျှ သခၤါရ ဒုက္ခမှ မလွတ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီပုဂ္ဂိုလ်တွေဟာ သခၤါရ နယ်နိမိတ်အတွင်းမှ နေရခြင်းကြောင့် အို နာ သေဘေးမှ မလွတ်နိုင်ဘူး၊ မိုးသည် အမြဲမရွာဘူး၊ ဆောင်းနှင်းတို့သည် အမြဲမကျနိုင်ဘူး၊ နေမင်းကြီးသည် အမြဲမပူနိုင်ဘူး၊ လမင်းလဲ အမြဲမသာနိုင်ဘူး၊ နက္ခတ်တာရာတို့သည် အမြဲရပ်တည်၍မနေနိုင်ဘူး၊လောကဓံတရားတို့လဲ အမြဲပြောင်းလဲ နေသမျှ ကာလပတ်လုံး ပြောင်းလဲနေသော ကမ္ဘာလောကကို မှီတင်းတည်မြဲနေရသော လူနတ်ပြဟ္မာ သတ္တဝါအစားစားတို့လဲ ပြောင်းလဲ ဖေါက်ပြန်မည်မှာ အမှန်မလွဲဘူးပေါ့။

ဝိဇ္ဇာထွက်ရပ်ပေါက်တွေဟာ ဆေးတန်ခိုး၊ အင်းတန်ခိုး၊ ဓာတ်တန်ခိုးတို့ဖြင့် သခၤါရကို အခိုက်အတန့် ကျော်လွန်၍ တည်နေနိုင်သည်ဆိုပါအုံး၊ဒီပုဂ္ဂိုလ်တို့မှီတွယ်အားကိုးနေရသော ဆေး၊ အင်း၊ ဓာတ်ကောင်းတို့ကော မြဲပါ့မလား၊ ဒီအချက်ကို သင် သမထယောဂီဟာ အယူအဆ မမှားရန် အသိစိတ်ကလေး မွေး၍ ဝိဇ္ဇာထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ မသေဟူသော စွဲလမ်းမှုအစွဲကို ဖျောက်ပစ်ဘို့လိုပါတယ်”

“ဝိဇ္ဇာထွက်ရပ်ပေါက် သီးခြားဘုံမရှိဘူး၊ ဗုဒ္ဓအဘိဓမ္မာ အလိုတော်အရ ၃၁ ဘုံခေါ်တဲ့ ပြဟ္မာ ၂၀ ဘုံ၊ ကာမသုဂတိရဘုံ၊ အပါယ် ၄ ဘုံ၊ ပေါင်း ၃၁ ဘုံ၊ ၎င်း(၃၁) ဘုံတွင် ဝိဇ္ဇာဘုံ မပါဘူး၊ သမထ ယောဂီသည် မြော်မှန်း၍

အာရုံမပြုပါနဲ့၊ မိမိစိတ်က ဖန်တီးယူလိုက်သော အာရုံတွေကြောင့် ဝိဇ္ဇာဆိုသည်မှာ တောင်ဝှေ့နှင့် ခေါင်းပေါင်းဘောင်းတော်နှီ အင်္ကျီဖားဖားကြီးဖြင့် အာရုံ၌ ပေါ်လာပါက သင်တို့ရဲ့ အာရုံသည် မှားယွင်းနေတယ်လို့ ဆင်ခြင်သဘောပေါက်ရန်လိုအပ်တယ်၊ ဒီအချက်က သင်သမထ ယောဂီ သတိပြု ဆင်ခြင်ရမည့် အလုပ် ဖြစ်ပါတယ်။

## အသက်နှင့် ကိုယ်ခန္ဓာကိုလှူဒါန်းရန်

ဘန္တေဘဂဝါ–ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်တွေ အနန္တ အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အဟံ= ဘုရားတပည့်တော်သည်။ ဣမံ အတ္တဘာဝံ–နာမရူပ၊ ပေါင်းတမှည့်ဆို၊ ဤခန္ဓာကိုယ် အတ္တဘောကို။ တုမှာကံ– ကျေးဇူးတော်သခင် အရှင်မြတ်ဘုရားကြီးတို့အား။ ယာဝဇီဝံ– မပျက်မပြုန်း အသက်ရှည်သမျှ ကာလပတ်လုံး။ ပရိစ္စဇ္ဇာမိ–ယောဂီ ကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်သောအခါ၊ ဘေးရန်လွှင့်စင် နိမိတ်ထင်လျက် မဂ်ဉာဏ်-ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကိုလျင်မြန်စွာ ရလွယ်ရောက်လွယ်စေခြင်း အကျိုးငှာ၊ အသက်ကိုပါ အဆုံးထားလျက်၊ စွန့်လွှတ် လှူဒါန်းအပ်နှင်းပါ၏။ နာမာမိ-ပူဇော်ပါ၏။ ကန်တော့ပါ၏ အရှင်ဘုရား....။

ဓမ္မဥ္စ-မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်အပေါင်းကိုရင်း။

သံဃဥ္စ-မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာ ပရမတ္ထ သံဃာတော် အရှင်မြတ်အပေါင်းတို့ကိုလည်းကောင်း။ အာစရိယာနုဥ္စ- ဆရာတော်သခင် ကျေးဇူးရှင်ကြီးများအပေါင်းတို့ကိုလည်းကောင်း။ အဟံ- ဘုရားတပည့်တော်သည်။ ဣမံ အတ္တဘာဝံ- နာမရူပ ပေါင်းတမှည့်ဆို ဤခန္ဓာကိုယ် အတ္တဘောကို။ တုမှာကံ- ကျေးဇူးတော်သခင် အရှင်မြတ်ဘုရားကြီးတို့အား။ ယာဝဇီဝံ- မပျက်မပြုန်း အသက်ရှည်သမျှကာလပတ်လုံး။ ပရိစ္စဇ္ဇာမိ-ယောဂီကမ္မဋ္ဌာန်း ကြိုးပမ်း အားထုတ်သောအခါ၊ ဘေးရန်လွှင့်စင် နိမိတ်ထင်လျက် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ် ရောက်လွယ်စေခြင်းအကျိုးငှာ အသက်ကို အဆုံးထားလျက် စွန့်လွှတ် လှူဒါန်း အပ်နှင်းပါ၏။ နာမာမိ- ပူဇော်ပါ၏။ ကန်တော့ပါ၏ အရှင်ဘုရား။

## စိတ်မနောဖြင့် လှကြည့်၍ဘုရားပင့်ရန်

ယောပုဒ္ဓစန္ဒော- ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးကင်းကွာ ရောင်ဝါပဝင်း ရှုတိုင်းလင်းသည့် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီး တည်းဟူသော ရွှေလမင်းကြီးသည်၊ (ဝါ) လမင်းကြီးနှင့်တမူ တူတော်မူပါပေသောဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သဒ္ဓမ္မ ရံသိ ဇာလိတော-သူတော်ကောင်း တရားတည်းဟူသော ရောင်ခြည်တော် အဖူးအညွန့်တို့ဖြင့် မြူး

ကွန့်တက်ကြွ တထိန်ထိန် တဝင်းဝင်း ထွန်းလင်း တောက်ပ တော်မူသည်ဖြစ်၍။ လောကကော- လူ၊နတ်၊ နဂါး သိကြား ဗြဟ္မာ သတ္တဝါအဖုံဖုံ အလုံးစုံတို့၏ ထိပ်လယ်မှာ တံဆိပ်သ ဖွယ်ထင်လင်းတော်မူပါပေ၏ အရှင်ဘုရား။ သော ဗုဒ္ဓစန္ဒော ထိုလူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအမျိုးမျိုးတို့၏ ထိပ်လယ် မှာ တံဆိပ်သဖွယ် ထင်လင်းသည့် ဘုရားရှင် ကိုယ်တော်မြတ် ကြီးတည်းဟူသော ရွှေလမင်းကြီးသည်။ မောဟတမံ-အဝိဇ္ဇာ တိမ်တိုက် မောဟတည်းဟူသော မှောင်အမိုက်တွေကို။ (ဝါ) ဘုရားတပည့်တော်တို့၏ သဏ္ဍာန်မှာ အမှန်ပိတ်ဖုံး မောဟ တည်းဟူသော မှောင်အလုံးကို။ ဟန္တွာ-ရွှေလက်တော် ကိုင် သုံးသည့် အရဟတ္တမဂ်ဉာဏ် တည်းဟူသော စိန်ဖုန်းဖြင့် ချိမ့် အုံ့သဲသဲ ရန်ညွန့်လဲအောင် ဖြိုခွဲဖျက်ဆီးတော်မူလျက်။ ဥတ္တ မင်္ဂယု ဂန္ဓရေ-ကိုယ်ဒြပ်တွင် အမြတ်ပင်ဟု မှတ်ထင်ခေါ်ဆို ယုဂန္ဓိုရ်တောင်စွယ် ဦးထိပ်လယ်၌။ ဌာတု-ရောင်ခြည်ကွန်ရက် ဖြန့်မိုးကြက်လျက် တက်ထွန်းကွန့်မြူးတော်မူလှည့်ပါ အောင် စကြာ လ တန္ခုန်းကဲ့သို့ မြဘုန်းတော်သခင် အရှင်ကိုယ်တော် မြတ်ကြီးဘုရား။ ။

## စိတ်မနော၀ဖြင့် နေ့ကြည့်၍ ဘုရားပင့်

အာဒိစ္စဝံသကော-နေနွယ်နေမျိုးသတိုးသကျသာကီယနွယ် ဘွားအစစ်လည်း ဖြစ်တော်မူပေထသော။ (ဝါ) ရောင်ခြည် တထောင် အလင်းဆောင်သည့် ဖါလ်ရောင်ဝင်းလျှပ် နေရ

ဟတ်စကြာ သူရိယာပိုင်နှင်း နေမင်းမျိုးမှန် အသမ္ဘိန္န ခတ္တိယ နွယ်ဘွား အစစ်လည်း ဖြစ်တော်မူပေထသော။ ဗတ္တိံသ ဝရလက္ခဏာ–သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် လည်းပြည့်စုံတော်မူပေထသော။ ဗုဒ္ဓေါ-ဗုဒ္ဓါဒိစ္စော-ဘုရားရှင် ကိုယ်တော်မြတ်ကြီးတည်းဟူသော ရှင်နေမင်းကြီးသည်။(ဝါ) နေမင်းနှင့်တမူ တူတော်မူပါပေသော ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ တမောခန္ဓံ–ဘဝများစွာ သံသရာက မကွာအစဉ် ကိုယ်တွင်ကိန်းဝပ် မောဟမောတ် တည်းဟူသော အမိုက်အစု အမှောင်ထုတွေကို။ ပဒါလေတွာ–မှုန့်မှုန့်ကြေမွ ရှာမရအောင် တစမကျန် တွန်းလှန်ဖြိုခွဲတော်မူပြီး၍။ ဓမ္မမာ မဂ္ဂေ–ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန်တို့ကို ရွှယ် ရန်ရည်ရော် ဘုရားတပည့်တော်ကြည်ညိုရာ ဤနေရာ ဤ ဌာနသို့။ ဥဒေတု–ရောင်ခြည်ကွန့်ရွှက်ဖြန့်မိုးကြက်၍ တက်ထွန်း ကွန့်မြူးတော်မူလှဲ့ပါ အောင်စကြာ နေတနှုန်းကဲ့သို့ ရွှေဘုန်း တော်သခင် အရှင်မြတ်ကြီးဘုရား။

## ၃၁ ဘုံရှိရှိသမျှ နတ်အပေါင်းတို့အား ဘိတ်ကြားရန်

ကိုယ်စောင့်နတ်နှင့်တကွ ကျောင်းစောင့်နတ်။ အိမ်စောင့်နတ်။ အရံစောင့်နတ်။ ရွာစောင့်နတ်။ နယ်စောင့်နတ်။ ပယ်စောင့်နတ်။ မြို့စောင့်နတ်။ တောစောင့်နတ်။ တောင်စောင့်

နတ်။ ဘုမ္မစိုးနတ်။ ရုက္ခစိုးနတ်။ အာကာသစိုးနတ်။ ကမ္ဘာစောင့်နတ်။ သာသနာတော်စောင့်နတ်။ စတုလောကပါလနတ်။ နေနတ်သား။လနတ်သား။ မိုးနတ်သား။ လေနတ်သား သိကြားမင်းကြီးနှင့်ဓတရဋ္ဌ၊ဝိရူဠှက၊ ဝိရူပက္ခ၊ကုဝေရ၊မာတလိ၊ ဝိသကြုံအစရှိသော အလောင်းတော်နတ်မင်းကြီးများအပေါင်းတို့ကြွရောက်တော်မူကြပါ။

အထက်ဘဝဂ် အောက်အဝီစိ ဖီလာထုပ်ခြင်း အကြွင်းအကျန်မရှိသောအားဖြင့် နှစ်သိန်း လေးသောင်းအထုရှိသော ဝသုန္ဓြေ မြေစောင့်နတ်မင်းကြီးနှင့်တကွ အနန္တ စကြာဝဠာအတွင်း၌ ရှိရှိသမျှသော နတ်မင်း ဝိဇ္ဇာမင်း အပေါင်းတို့ ကြွရောက်တော်မူကြပါ။

အရှေ့နေထွက် အနောက်နေဝင် မြောက်မှုံကြယ် တောင်ကွန်တိုင် ပြန့်လှိုင်းကြယ်ဝန်း နယ်အတွင်းက နတ်မင်း ဝိဇ္ဇာမင်းအပေါင်းတို့ ကြွရောက်တော်မူကြပါ။

ဘဝပေါင်းအနန္တ ဘဝပေါင်းအသင်္ချေတို့က တော်စပ်ခဲ့သမျှသော အမိဟောင်း အဖဟောင်း ဖြစ်ကြကုန်သော နတ်သား နတ်သမီး အပေါင်းတို့ ကြွရောက်တော် မူကြပါကုန်လော။

အကျွန်ုပ်နှင့်အတူတကွ ဓမ္မဒိဋ္ဌာန် ဘုရားစစ်ဘုရားမှန် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အကျွန်ုပ်နှင့်အတူတကွ ကြည်ညိုရန် အကျွန်ုပ်နှင့်အတူတကွ ဖူးမြော်ကန်တော့ရန် ကြွရောက်တော်မူကြပါ။

အကျွန်ုပ်နှင့် အတူတကွ မြတ်စွာဘုရား၏ ပရိတ်တော် ဂုဏ်တော် ကျေးဇူးတော်မြတ်ကို ကြည်ညိုရန် ကြွရောက်တော်မူကြပါကုန်လော့။

ဆီ မီး ဖယောင်းတိုင် ပန်း ရေချမ်းတို့ဖြင့် ဓမ္မဒိဋ္ဌာန် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား လှူဒါန်း ပူဇော်ဆက်ကပ်ရန် ကြွရောက်တော်မူကြပါကုန်လော့။

ဤသို့ မှတ်သားရန်ရှိသော အကြောင်းများကို စသည့် ပြုခြင်းဖြစ်ပါသည်။ ကျနော်သည် ဆရာတော်ထံပါးမှ ထွက်ခွာပြီး တည်းခိုမည့်ဓမ္မာရုံဆီသို့လျှောက်ခဲ့ပါသည်။

× × ×

(၇)

အမှောင်ဆုံး၍ အရုဏ်ဦး ရောင်ခြည်သည် ဝန်းကျင်အား ဖုံးလွှမ်းစ ပြုလာချေပြီ။

နံနက်ဦး မြူးကြွနေသော ရောင်ခြည်နှင့်အတူ ကျနော်အိပ်ရာမှထလိုက်ပါသည်။ အိပ်မောကျနေသော လောကကြီးလည်း သက်ဝင်လှုပ်ရှားစ ပြုလာသည်။ ကျေးငှက်တို့လည်း အိပ်တန်းမှ ထ,စပြုလာသည်။ ဇရပ်အချို့မှ ခပ်မှိန်မှိန် အလင်းရောင်သည် ကြွင်းကျန်နေသော အမှောင်ထုကို ဖယ်ရှားလျက် ရှိနေပါသည်။ တရားဓမ္မဝတ်ပြုရွတ်ဖတ်သရဇ္ဈာယ်ကြသော အသံများသည် ကျောင်း၏ပရဝုဏ်၌ လွှမ်းမိုးစပြုလာသည်။

ကျနော်သည်တည်းခိုနေသော ဓမ္မာရုံနံဘေးရှိရေတိုင်ကီထဲမှ ရေကို တစချိုးလိုက်ပါသည်။ ခန္ဓာကိုယ်ကို စင်ကြယ်သွားသဖြင့် စိတ်လည်းကြည်လင်လာခဲ့ပါသည်။

ကျနော်သည်တည်းခိုသောဓမ္မာရုံအတွင်းရှိကျောက်ဆင်းတု ကိုယ်တော်ကြီး ရှေ့မှောက်၌ ရိုသေစွာထိုင်၍ ဘုရားဝတ်ပြု ပါသည်။ (၃၁)ဘုံ၌ရှိကုန်သော နတ်အပေါင်းတို့အား ဖိတ် ကြားပါသည်။ ၎င်းနောက်ဘုရားပင့်ခြင်း၊ စိတ်မနောဖြင့် နေကိုရည်မှန်း၍ဘုရားပင့်ခြင်း၊ စိန်ရောင်ခြည် ဘုရားပင့်ခြင်း၊ ဤသို့ဘုရားဝတ်ပြုပြီးနောက် အသက်နှင့်ခန္ဓာကိုယ်ကို လှူဒါန်း ခြင်း၊ ဘဝများစွာသံသရာက ပြစ်မှားခဲ့သော အပြစ်များကို ကန်တော့ခြင်း၊ မြတ်စွာဘုရား ကိုယ်တော်ကြီး၏ ၆ ဌာန စံတော်မူသည်ကို ရှေးဦးစွာမနောဖြင့် အာရုံနိမိတ်ယူ၍ကြည်ညို ကန်တော့ခြင်း။ ဆရာတော်ကြီးများ ပင့်လျှောက်ခြင်း၊ မဟာ ဂန္ဓာရီဝိဇ္ဇာထိုရ်တို့၏ မေတ္တာပွားခြင်း၊ (၃၁)ဘုံသို့ အမျှပေး ခြင်းကိစ္စအဝဝကို တခုပြီးတခု ဆောင်ရွက်ရှိခိုးကန်တော့ပြီးခဲ့ ချေ၏။

ပတ်ဝန်းကျင်တပြင်လုံး နေရောင်ခြည် ပြန့်ကြဲလာချေ၏။

မိုးသည် စင်းစင်းလင်းလာ၏။ အချိန်မှာ နံနက်ချိန်သို့ရောက် လာ၏။ ကျီးတွေမှာလည်း တကျော်ကျော်အော်စ ပြုနေသည်။ လူတွေမှာလည်း ကိုယ်ကိစ္စနှင့်ကိုယ် ပျားပန်းခတ်သည့် အလား သွားလာလှုပ်ရှားစ ပြုလာသည်။

ကျနော်သည် ဓမ္မာရုံထဲမှ ကျောင်း၏ပရဝုဏ်အပြင်ဘက်သို့ ထွက်ခဲ့ပါသည်။

ဤသို့ထွက်ခဲ့သည်လည်း ကိုယ့်ကိစ္စနှင့်ကိုယ်၊ အကြောင်းက တော့အာကာသကသိုဏ်း ကမ္မဋ္ဌာန်းတရား အားထုတ်ရန်ပင်ဖြစ်ပါသည်။

အာကာသကသိုဏ်းကို အားထုတ်ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကောင်းကင်အာကာသ၌နိမိတ်ကိုယူ၏။နံရံပေါက်ဖြင့်ငင်း၊ သံကောက်ပေါက်ဖြင့်ငင်း၊ လေသာ ပြတင်းပေါက်ကြားဖြင့်ငင်း၊ နိမိတ်ကိုယူ၏ဟု ဟောတော်မူသောကြောင့် ပွားအပ်သောအဓိကာရ ကောင်းမှုပုညရှိသူ ပုဂ္ဂိုလ်အား နံရံပေါက်စသည်တို့တွင် တခုခုကိုမြင်၍ နိမိတ်ဖြစ်၏။

ဤမှတပါး အာဟာရ မရှိသော ပုဂ္ဂိုလ်အား နေပြောက်မထိုးအောင် ကောင်းစွာမိုးအပ်သော မဏ္ဍာပ်၌ငင်း၊ သားရေဖျာစသည်တို့တွင် တခုခု၌ငင်း၊ တထွာ လက်လေးသစ်ပမာဏရှိသောအပေါက်ကိုပြု၍ ပွားအပ်သောဖာပေါက်ကိုငင်း၊နံရံပေါက်ကိုငင်း "အာကာသ အာကာသ"ဟူ၍ ပွားအပ်သည်။

အာကာသ ကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံအပေါက်စသည်တို့နှင့်တကွ အပေါက်နှင့်တူသည်သာလျှင်ဖြစ်၏။ ပွားစေအပ်သော်လည်း မပွားနိုင်။ ဘာဝနာ အားနည်းသောကြောင့်ဖြစ်၏။ ပဋိဘာဂနိမိတ်သည် ကောင်းကင်အဝန်းဖြစ်၍ပွားအပ်သည်ရှိသော် ပွားအပ်၏။

ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ်တို့၏အကြောင်းမှာမူ အရှောင်အဆင်းသဏ္ဌာန်နှင့်တကွဖြစ်သော နိမိတ်ကို "ဥဂ္ဂဟနိမိတ်"ဟု

ခေါ်ဆိုသည်။ ၎င်းနိမိတ်တို့တွင် မိမိကြိုက်နှစ်သက်သော အဖြူရောင်နိမိတ်ဖြစ်စေ၊ ခတ်မီးကဲ့သို့ ဖြူဝါရောင်နိမိတ် ဖြစ်စေ တခုခုကို မြင်ဘူးသည့်။ နိမိတ်အတိုင်း စိတ်ဖြင့်မှန်းဆ၍ မြင်အောင်ကြည့်ရပါသည်။ ကြာလျှင်၎င်းနိမိတ်သည် ပေါ်၍လာသလိုလိုဖြစ်လာတတ်သည်။ ခဏပေါ်လာပြီး ပျောက်၍လည်း သွားတတ်သည်။

ပေါ်လာပြီးလျှင် တဖြည်းဖြည်းရွေ့လျား၍ ပျောက်ကွယ်သွားတတ်သည်။

ပေါ်လာသောနိမိတ်ကို စိတ်ဖြင့်"ရှေ့တည့်တည့်တွင် တည်ပါစေဟုသဘောထား၍ စိတ်ဖြင့်ပင်မိမိရှေ့သို့ရောက်အောင်ရွှေ့ပေးပါ။မိမိက ရွှေ့သော်လည်း အစပထမ မရွှေ့သည်ဘက်ကို မပါဘဲ တခြားဘက်သို့ ဖြေးဖြေးကလေး ရွှေ့ရွှေ့ပြီးပျောက်ကွယ်သွားတတ်သည်။

အကြိမ်ကြိမ် ရွှေ့ဖန်များလျှင် မိမိစိတ်အလိုအတိုင်း ရွှေ့သလိုလာတတ်သည်။

ဤသို့ဖြင့်တဖြေးဖြေး မိမိထားလိုရာ ရှေ့တည့်တည့်တွင်တည်ငြိမ်၍နေတတ်သည်။ ထိုအခါ၌ နိမိတ်လုံးကို ဖန်ဂေါ်လီခန့်မှ လဝန်းခန့်အထိ အလိုရှိရာ အရွယ်အစားအတိုင်း ဖြစ်ပါစေဟု စိတ်ဖြင့်တောင့်တ၍ ရှုပါ။ ၎င်းအပြင် နိမိတ်လုံးကို မိမိ၏ ရှေ့တည့်တည့်၌ စူးစိုက်ကြည့်ပါ။ အလယ်တွင်စိုက်၍ ရှုနေသော်လည်း နိမိတ်လုံးသည် ပို၍တောက်ပနေပါလိမ့်မည်။

ဤသို့ရှုမြင်နေရင်း နိမိတ်လုံးသည် ပို၍ပို၍တောက်ပကြည်လင်ဖြူစင်သန့်ရှင်း၍ လာလိမ့်မည်။ထိုသို့အလိုရှိသလိုဖြစ်အောင်ထား၍ ရှုနေနိုင်သောအခါ ပဋိဘာဂနိမိတ်သို့ ရောက်ခါနီးပြီဟု သိရပေလိမ့်မည်။

ဤအတိုင်း အားစိုက်၍ ရှုနေလျှင် နာရီ အနည်းငယ်အတွင်းပဋိဘာဂနိမိတ်သို့ ရောက်သွားနိုင်ပါသည်။ ပဋိဘာဂနိမိတ်ဆိုတာ ဖြူစင်သန့်ရှင်းငြိမ်သက်စွာ တည်၍ နေပါသည်။

ကျနော်သည် ဘယ်နေရာကြည့်ကြည့် ပဋိဘာဂနိမိတ် အဖြူဝေါလီလုံးအရွယ် ရှိသောနိမိတ်သည် ကြည့်သည့် နေရာတိုင်းတွင် ပေါ်လွင်နေပါသည်၊ ကျနော်၏သမာဓိသည် ပဋိဘာဂနိမိတ်အထိတော့ ကျင့်သားရနေပါသည်။

ကျနော်သည် မိမိရရှိထားသော ပဋိဘာဂနိမိတ်ကို သမာဓိအားဖြင့် အာကာသပြင်၌ ချဲ့ထွင် ကသိုဏ်းကစားရန် ဖြစ်ပါသည်။

ကျနော်သည် ကျောင်း အပြင်ဘက်သို့ ရောက်လာခဲ့လေသည်။

နေရောင်သည် အစွမ်းကုန် ပွင့်လာသည်။ မြင်မြင်သမျှအရာတိုင်းသည် ဩကာသလောက၌ အလှအပတွေ ကြွရှလာသည်။ အမြင်တွေပြတ်သားလာသည်။

ထိုအခါ ရေရိပ်၊ ကမ်းရိပ်၊ သစ်ရိပ်ဟူသမျှ လူ့လောက၏ အလှရတနာများဟု သတ်မှတ်ရပေမည်။ အာကာသတပြင်လုံး

သည် ကြည်ကြည်လင်လင် မိုးပြာရောင်နောက်ခံ ပြုထားသည်။ မျက်စိအဆုံးထိ လယ်ကွင်းပြင်တွေက မိုးကုတ်စက်ဝန်းနှင့် ထိလုမတတ်ဟု ထင်မှတ်ဖွယ်ရာ။

ကျနော် တဦးတည်းသာ ပတ်ကြားအက်သော လယ်ကွင်း ပြင်၌ ရပ်လျက်ရှိပါသည်။

လွင်တီးခေါင်သက်သက်မို့ လေသည် တဟူးဟူး တိုက်ခတ် နေသည်။ ကျနော့်လက်၌ ပါလာသော သားရေအခင်းတခုကို မြေပြင်ပေါ်၌ ခင်းလိုက်ပါသည်။ ၎င်းနောက် (ပဒုမ္မသန) ကြာပွင့်သဏ္ဌာန် ထိုင်နည်းမျိုးကိုထိုင်ပြီး ကိုယ်ကို ကျောရိုးနှင့် တဖြောက်တည်း ထားလိုက်ပါသည်။

ခန္ဓာကိုယ်ကို မချုပ်ချယ်ပါ၊ အကြောတွေကို အတတ်နိုင် ဆုံး ရှော့ရှ်ထားပါသည်။

စိတ်ကိုလည်း တင်းကြပ်ခြင်းမရှိပါ။စိတ်နှင့်ကိုယ်ကို အတတ် နိုင်ဆုံး လွတ်လွတ်လပ်လပ် တည်တည်ငြိမ်ငြိမ် ထားပါသည်။

မျက်နှာကို ဘယ်ညာမရွေ့လျားဘဲ ရှေ့တည့်တည့်သို့သာ အာရုံပြုထားသည်။ မျက်စိ၏ အကျယ်အဝန်းကို သင့်တော် သလောက်ထားပြီး မျက်ခွံကို ပိတ်ထားခြင်း၊ အစွမ်းကုန် ဖွင့်ထားခြင်း၊ မှေးထားခြင်း မပြုလုပ်ပေ။ မျက်လုံးအားကို အစွမ်းကုန် ကြိုးစားကြည့်ခြင်းမျိုးကိုလည်း ရှောင်ရှားပါသည်။ ကာမစ္ဆန္ဒ စသည့် နီဝရဏ ငါးပါးတို့ကိုလည်း ဖယ်ကွာထား ရပါသည်။

ကျနော်သည် သမာဓိစိတ်ကို မနှိုးဆွခင် အောက်ပါ ဂုဏ်တော်ကို နှလုံးသွင်းလိုက်ပါသည်။

၁။ ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည်၊ ဘုရားတပည့်တော်၏ ဦးခေါင်းထက်၌၊ တို့ငွန္တု- အမြဲထာဝရ တည်တော်မူကြပါစေကုန်သတည်း။

၂။ ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီးအပေါင်းတို့သည်၊ ဘုရားတပည့်တော်၏ ဝဲယာနှစ်ဘက် ပခုံးထက်၌၊ တိဋ္ဌန္တု- အမြဲထာဝရ တည်တော်မူကြပါစေကုန်သတည်း။

၃။ ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီးအပေါင်းတို့သည်၊ ဘုရားတပည့်တော်၏ အဆုတ်အသဲနှလုံးထဲ၌၊ တိဋ္ဌန္တု-အမြဲထာဝရ တည်တော်မူကြပါစေကုန်သတည်း။

၄။ ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏောအနန္တော၊
သံဃာဂုဏောအနန္တော၊
မာတာပိတုဂုဏောအနန္တော၊
အာစရိယဂုဏောအနန္တော၊

အနန္တော– အနန္တထိုက်တော် မူကြပေကုန်သော ကျေးဇူးရှင်ကြီးများ အပေါင်းကို ကြည်ညိုပါ၏။ မြတ်နိုးပါ၏။ ပူဇော်ပါ၏။

၅။ သြကာသ၊ သြကာသ၊ ခုဒ္ဒကပီတိ၊ ခဏိကပီတိ၊ သြကန္တိကပီတိ၊ ဥဗ္ဗေဂပီတိ၊ ဖရဏာပီတိ တည်းဟူသော ငါးပါးသော ပီတိတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာကိုယ်၌ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ တည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် တည်တော်မူပါ အရှင်ဘုရား။

၆။ သြကာသ၊ သြကာသ၊ သြကာသ၊ ဥပစာရပီတိ၊ အပ္ပနာပီတိ၊ လောကုတ္တရာ၊ ပဉ္စက္ခန္ဓာငါးပါးတို့သည်၊ ဘုရားတပည့်တော်၏ အဆုတ်အသဲနှလုံးထဲ၌ တည်နေ ကိန်းဝပ်တော်မူပါဘုရား။

ဤကဲ့သို့ ဂုဏ်တော်အပေါင်းကို နှလုံးထဲ၌ ကိန်းဝပ်ရန် ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် ကျနော့်စိတ်ကို ဥပစာသမာဓိ အပ္ပနာသမာဓိအထိ ရောက်လာရန် စိတ်ကို နှိုးဆွရပြန်လေသည်။

အာကာသသို့ ကြည့်လိုက်သော ကျနော့်မျက်လုံးသည် အမှန်မြင်တွေ့နေရသော နိမိတ်များက ရေကန်းတခုကို ကြည့်ပါက

ရေအောက်ထဲ၌ လှုပ်ရှား ပြေးလွှားနေကြသော ငါးကလေးများသဖွယ် ပုစီပေါင်းကလေးများသည် တခုနှင့်တခု ထိလုမတတ် တလှုပ်လှုပ် တရွေ့ရွေ့ဖြင့် လှုပ်ရှားနေသည်ကို တွေ့ရပါသည်။

ထိုအရာများကို ကျနော့်မျက်လုံးက ထိုးဖေါက် နိုင်စွမ်းမရှိသေးပေ။ ကျနော့်၌ရှိရင်းစွဲ ပဋိဘာဂ နိမိတ်ပေါ်လာအောင် သမာဓိကို နှိုးဆွ နေရတုန်းပင်။

ပုစီလုံးကလေးများကို ထိုးဖေါက်နေသော ဂေါ်လီလုံးခန့်ရှိ အဖြူလုံးမှာ ဖြတ်သန်းရန် အားပြုနေတတ်ပါသည်။

သို့သော် လုံးလုံးလျားလျား ထိုးဖေါက်နိုင်ပြီ ဟူ၍မဆိုနိုင်သေးချေ။ လှိုင်းလုံးများကို ခွဲတတ်သော သင်္ဘောဦးကဲ့သို့ တဖြေးဖြေး တရွေ့ရွေ့ဖြင့် တွန်းလှန်နေပါသည်။

ဂေါ်လီအဖြူလုံး အဖြူရောင်လည်း ဟိုပြေး ဒီပြေးနဲ့ပင် ရှိနေတတ်ပါသည်။ တနေရာတည်း၌ တည်ငြိမ်ခြင်းမရှိ။

ကျနော်သည် မည်မျှကြာညောင်းစွာ အာကာသ ကသိုဏ်းပြုကျင့်နေသည်ဟူကား မပြောတတ်၊ အာကာသ ကောင်းကင်၏ အရိပ်များသည် ကျနော့်မျက်စိတဆုံး၌ ပေါ်လွင်လာတတ်ပါသည်။

ခိုပြာရောင် ကောင်းကင်ပြင်သည် အပြားလိုက် ကျနော့်မျက်စိရှေ့ဝယ် ပေါ်လွင်ပြီး ၎င်းပေါ်လာသော အရိပ်များကို ပရိကံ ပြုနေတတ်ပါသည်။

ဤသို့ ပေါ်လာသောအခါ ကျနော် စေ့စေ့ကာ ပေါ်လွင်နေသော ဂေါ်လီလုံး သဖွယ်ရှိ အဖြူရောင်လုံးကလေးမှာ ပျောက်နေတတ်ပါသည်။ ကောင်းကင်၏ အရိပ်ပမာရှိသော အာရုံပေါ်တွင် စိတ်တည်ငြိမ်မှုမှာ ကျနော့်အတွက် ထိုကြည့်ရှုခြင်းကို မှားယွင်းနေသည်ဟု ယူဆပါသည်။

အကြောင်းမူ ကျနော်၏ကြည့်နေသော မျက်လုံးတွင် မျက်ဝန်းများ အနည်းငယ် မှေးမှိန်လိုက်သောကြောင့် ကောင်းကင်၏ အရိပ်များသည် ကျနော်၏ မျက်စိရှေ့၌ အရိပ်သဖွယ် ပေါ်လာခြင်း ဖြစ်ပါသည်။

ဖြစ်ရမည့်အကြောင်းရင်းက ဤကဲ့သို့မဟုတ်ပေ။ ပဋိဘာဂနိမိတ်သာ ကောင်းကင်၌ တည်ငြိမ်စွာ ပေါ်နေရပါမည်။

ခုတော့ ဟိုပြေး ဒီပြေးနေသော အဖြူလုံးကို တနေရာတည်း၌ တည်ငြိမ်ရန်အတွက် ကျနော်၏ သမာဓိကို ထပ်ဆင့်နှိုးဆွပေးနေရပါသည်။

ဤသို့ နှိုးဆွနိုင်ခြင်းကြောင့် ကျနော်ကြည့်နေသော အဖြူလုံးသည် တနေရာတည်း၌ တည်နေပါသည်။ ကောင်းကင်၌ ပေါ်လွင်နေသော အာရုံနိမိတ်များသည် ပျောက်ကွယ်၍ သွားပါသည်။

တခုတည်းသော အဖြူလုံးသာ ပေါ်လွင်နေပါသည်။

သည်နေ့အဘို့ ဤမျှနှင့် ကျနော့်ကသိုဏ်းဝန်းကို ဖျက်သိမ်းခဲ့ပါသည်။ နောက်တနေ့သို့ ဆက်လက်ကြည့်ရှုရန် ရှိပါသေးသည်။

အစနေ့များနှင့်မတူ၊ သည်နေ့ ထူးခြားနေသည်။

ကျင့်ပါများလာတော့ သမာဓိအား ကောင်းလာသည်။ ကသိုဏ်းကျင့်သောသူတဦးသည် အပြောသမား တဦးမဟုတ် လက်တွေ့ကျင့်ရသည်။ လက်တွေ့အားထုတ်ရသည်။ အနှစ်နာ ခံရသည်။ ဆန္ဒစောလို့ မရ။

ပဋိဘာဂနိမိတ်ရရှိအောင် ကျနော် နေ့ရောညပါ နှစ်တွေ လတွေကျော်ဖြတ်ပြီး ကျင့်ခဲ့ရသည်။ ဘယ်နေရာကို ကြည့်ကြည့် ပဋိဘာဂနိမိတ် အဖြူရောင်ဂေါ်လီလုံးသည် တွေ့ရသည်။ မြင်ရသည်။

ခုကျနော် အာကာသကသိုဏ်း ကြည့်ရာဝယ် ပဋိဘာဂ နိမိတ်ကို စတင်တွေ့နိုင်ခဲ့သည်။ ယခင်နေ့ကလို ဟိုပြေး ဒီပြေး တော့မဟုတ်ပေ။ ကသိုဏ်းစိတ်ကို နှိုးဆွသည့်တချိန်က ထိုအဖြူ ရောင်လုံးကလေးသည် တနေရာထဲ၌ တည်မြဲနေသည်။ ဤသည် ကား သမာဓိအားကောင်းနေသည်ကို ဖော်ပြသော လက္ခဏာ ပင်ဖြစ်သည်။

ပဋိဘာဂနိမိတ်ကို အလယ် တည့်တည့်၌ စိုက်ကြည့်နေပါ သည်။ ဤကဲ့သို့တောက်ပလျက်ရှိသော နိမိတ်လုံးကို တည်ငြိမ် နေသောအခါ မိမိစိတ်ဖြင့် နိမိတ်လုံးကို မူလရှိရင်း ပုံသဏ္ဍာန် ထက်နည်းနည်း ကြီးလာစေဟု တောင့်တလိုက်ရာ ကြီးလာစေ လိုသောစိတ်ဖြင့် ရှုနေပါက အဘန် ကြာသောအခါ ယိုထက် ကြီးမားလာသည်ကို တွေ့မြင်ရပါသည်။

တွေ့မြင်နေရသော နိမိတ်လုံးကို မိမိစိတ်ဖြင့် ရွေ့၍ ရွေ့၍ ထားပြီး ရှုပါသည်။ ၎င်းနိမိတ်လုံးသည် ရွေ့နေပါသည်။ အနိမ့်အမြင့်ပြုလုပ်သည့်စိတ်ဖြင့် ကြံစည်သော အခါ၌လည်း နိမ့်၍ မြင့်၍လာတတ်ပါသည်။

နိမိတ်လုံးကို မပြောင်းမလွဲသွားစေဘဲ တနေရာတည်း၌ တည်ငြိမ်စေပြီး ကြည့်ဖန် များလာသည့်၊ ရှုဖန်များလာသည့် ထိုအချိန်တွင် နိမိတ်လုံးသည် အလွန်ကြည်လင် တည်ငြိမ်လျက် အရောင်အမျိုးမျိုး တောက်ပနေသည်ကို တွေ့မြင်ရပါသည်။

ထိုဖြစ်ရပ်ကမူ အခြားမဟုတ်ပေ။ ပထမဈာန်ပင် ဖြစ်ပါသည်။ အခြားအာရုံနိမိတ်များကို တွေ့မြင်ရပါသည်။ သို့သော် ရေးခွင့်မပြုသဖြင့် မရေးလိုပါ။ ကျင့်လိုသော ပုဂ္ဂိုလ်များ ကျင့်ပါ။ ထူးခြားချက်များ တွေ့လာနိုင်ပါသည်။

ဈာန်ဖြစ်ပုံအကြောင်းကိုတော့ အနည်းငယ်ရှင်းပြအံ့။

**ဝိတက္က။** ဥဂ္ဂဟ နိမိတ်မှစ၍ ငြိမ်သက်ကြည်လင် ဖြူစင်သန့်ရှင်း ထိန်လင်းလျက် နေသော ပဋိဘာဂ နိမိတ်သို့ရောက်အောင် ကြိုးစား အားထုတ်နေရခြင်းကို ဈာန်အင်္ဂါငါးပါးတွင် အစဖြစ်သော ဝိတက်ဟု ခေါ်ပါသည်။

**ဝိစာရ။** အထက် ဖော်ပြပါအတိုင်းမတုန်မလှုပ်တည်ငြိမ် ထိန်လင်းနေသော ပဋိဘာဂနိမိတ် အလယ်တည့်

တည့်၌ နိမိတ်ရောစိတ်ပါ တည်ငြိမ်စွာ ရှိနေခြင်းကို ဝိစာရဟု ခေါ်ပါသည်။

ပီတိ။ ဤသို့ဝိစာရအဖြစ်ဖြင့် နိမိတ် အလယ်၌ စိုက်၍ ရှိနေရင်း အချိန်တန်သော အခါ စိတ်သည် နိမိတ်၌တစထက်တစတိုး၍တိုး၍ နှစ်သက်ခြင်း ဖြစ်လာပါလိမ့်မည်။ ဤသို့ဖြစ်လာသည်ကိုပီတိ ဟုခေါ်သည်။

သုခ။ ပီတိဖြစ်လျက် တဆက်တည်းရှိနေတာကြာလျှင် စိတ်သည် အေးမြ ချမ်းသာလျက် ဖြစ်ပါလိမ့်မည်။ ဤသို့ဖြစ်နေသည်ကို "သုခ"ဟုခေါ်ပါသည်။ ပီတိနှင့်သုခသည် တူသလိုလိုနှင့် ကွဲပြားခြားနားပါသည်။

ဧကဂ္ဂတာ။ သုခဖြစ်လျက်ရှိနေတာကြာလျှင်သုခမှဥပေက္ခာသို့ တဖြေးဖြေး မသိမသာ ပြောင်း၍ပြောင်း၍ လာတတ်ပါသည်။ ဤသို့ ဥပေက္ခာ ဖြစ်ရင်း သုခမှလုံးဝ လွတ်မြောက် ဥပေက္ခာ ဖြစ်လျက် စိတ်သည် ဧကဂ္ဂတာ ဖြစ်၍ လာပါလိမ့်မည်။ ဤကဲ့သို့ဥပေက္ခာ ဧကဂ္ဂတာဖြစ်နေရင်း ပဌမဈာန်ဟာ ကျသွားပါလိမ့်မည်။ ဤသည်ကို ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပဌမဈာန် ဟုခေါ်ပါသည်။

စျာန်အင်္ဂါငါးပါးတွင် ဝိတက်အင်္ဂါသည်ပဋိဘာဂနိမိတ်သို့ ရောက်ပြီးနောက် ဝိစာရအဖြစ်ဖြင့် ရှုနိုင်သည်မှစ၍ နောက်ထပ်ရှုသောအချိန်များတွင် နိမိတ်ကိုတည်ငြိမ်အောင် ပဋိဘာဂနိမိတ်ဖြစ်အောင် ဝိစာရဖြစ်အောင် ပြုလုပ်ရသော ကိစ္စတို့ကို မပြုရဘဲနှင့် ထပ်ခါထပ်ခါ ရှုတိုင်းရှုတိုင်း ပဌမရှုလျှင် ရှုချင်း ဝိတက်မပါဘဲ ဝိစာရကသာစ၍ ရှုနိုင်ပြီးဖြစ်သဖြင့် ဝိတက်သည်ဝိစာရနှင့် သမဘာဂဖြစ်သွားသောကြောင့် ဝိတက် ဝိစာရ နှစ်ပါးတို့ပေါင်း၍ စျာန်အင်္ဂါတပါးတည်းအဖြစ်သို့ ရောက်ပြီးလျှင် ပဌမစျာန်ဝင်စားရာ၌ စတုတ္ထနည်းဖြစ်သော စျာန်အင်္ဂါ လေးပါးသာလျှင် ရှိပါတော့သည်။

ပဌမစျာန်သို့ ရောက်ပြီးသောအခါ ဝသီဘော်နိုင်အောင် လေ့ကျင့်ရာ၌ ဝိစာရကသာစ၍ ပီတိသုခဧကဂ္ဂတာ အဖြစ်သို့ ရောက်အောင် ရှုရမည်ဖြစ်၏။ ထိုအခါ၌ ဝိစာရကစ၍ ရှုသည် ဖြစ်သော်လည်း သမာဓိကိုနိုင်သောအခြေသို့ ရောက်နေပြီ ဖြစ်သဖြင့် ဝိစာရမှ ပီတိသုခဧကဂ္ဂတာကျအောင် အကြာကြီးရှုရ တော့သည်မဟုတ်၊ ဝသီဘော်နိုင်လျှင် နိုင်သလောက် မြန်၏။ ထိုအခါ၌ပဌမစျာန်တွင် အချိန်နာရီကို လိုသလောက် ပိုင်းဖြတ်ပြီးအဓိဋ္ဌာန်ပြု၍ ရှုပါ။ အဓိဋ္ဌာန်တိုင်းဓိဋ္ဌာန်သလိုဖြစ်လျှင် ပဌမစျာန်၌ ဝသီဘော်နိုင်ပြီဟု မှတ်ပါ။

ဤသို့သောနည်းဖြင့် ပဌမစျာန်ကို ဝိစာရမှစ၍ရှုဘိသကဲ့သို့ ဒုတိယစျာန်ကိုတက်လိုလျှင် ပီတိမှစ၍ ရှု၏။ တတိယစျာန်ကို သုခမှစ၍ ရှုရ၏။ စတုတ္ထစျာန်ကို ဥပေက္ခာမှစ၍ ရှုရ၏။

သို့ရာတွင် အထက်စျာန်များကိုရရှာ၌ လူတိုင်းအဘို့လွယ်ကူသည်၊ လျင်မြန်သည်မဟုတ်ပါကုန်။ ပါရမီအလျောက်နှင့် တကွ အားထုတ်သူ၏ ကျန်းမာခြင်း တဆက်တည်း ရှုရန်အချိန်ရနိုင်ခြင်း၊ ဆိတ်ငြိမ်ရာအရပ်ကိုရနိုင်ခြင်းအစရှိသောအင်္ဂါတို့နှင့်ပြည့်စုံရန် ခဲယဉ်းသည့်ပြင် မြို့ရွာရပ်ကွက်များတွင် စျာန်ကိုလျောကျစေတတ်သောဝိသဘာဂကာမ အာရုံတို့နှင့် ရောစပ်လျက်နေရကား ပဌမစျာန်ကိုပင် တဒင်္ဂတခဏ စသည်တို့လောက်သာ အားထုတ်နေရင်းရသည်ဟုဆိုနိုင်သော်လည်းအားထုတ်ရာမှ ထသောအခါကာမအာရုံနှင့်တွေ့၍ သာယာမိသည်နှင့်တပြိုင်နက် ပျက်သွားရသည် ဖြစ်သောကြောင့် ရပြီးသော စျာန်သည် မြဲရန်မှာခဲယဉ်းလှပါဘိ၏။ အချိန်ကိုမိဋ္ဌာန်၍ ဝင်စားသော အခါ မိဋ္ဌာန်သောအချိန်၌ ဝင်စား၍ ရပြီး မိဋ္ဌာန်သော အချိန်စေ့ လျှင်စေ့ ချင်း ဝင်စားခြင်းပြီးဆုံးအောင် အကြိမ်ကြိမ် ပြုလုပ်၍ဖြစ်လျှင် ပဌမစျာန်ကို ဝင်စားရာ၌ဝသီဘော်ကို နိုင်ပြီ ဟုမှတ်ပါ။

လောကီစျာန်သည် လုံ့လပါရမီထက်သောသူများ၌ ရရန် အလွန်မခက်ခဲလှသော်လည်း လုံ့လ ပါရမီမထက်သောသူများ မှာ အလျင်အမြန် ရရန် မလွယ်ကူပါ။

မလွယ်ကူဆိုသော်လည်း အထူးကြိုးစားလျှင် သိပ်မကြာတတ်ပါ။

သို့ရာတွင် ရပြီးသားစျာန်များကိုမူ ဆန့်ကျင်ဘက်ဖြစ်သော ဝိသဘာဂ ကာမအာရုံများနှင့်တွေ့လျှင် တွေ့၍ သာယာမိလျှင် ချက်ချင်း ပျက်တတ်ပါသည်။

ရှေးတုန်းက ကောင်းကင်ခရီးဖြင့် စျာန်ကြွနေသော ကိုရင်ငယ်တပါးသည် မိန်းမပျိုကလေး၏ သီချင်းသံကိုကြားရ၍ သာယာမိသည်နှင့်တပြိုင်နက် စျာန်လျှောကျဘူး၏။

လျှောကျပြီးသော စျာန်များကို ပြန်၍ တဖန်ရအောင် အားထုတ်လျှင်လည်း ပြန်၍ရတတ်၏။

ရှေးတုန်းက ဟရိတစရ ရသေ့ကြီးသည် ကာမ အာရုံကြောင့် စျာန်လျှောကျပြီးနောက် သတိရ၍ ပြန်ပြီး အားထုတ်ရာ စျာန်ကို မကြာမီပြန်၍ ရဘူးသော ထုံးရှိ၏။

သို့ဖြစ်သောကြောင့် စျာန်တရားကိုရအောင် အားထုတ်သူများသည် လူနေ ရပ်ကွက်၌အားထုတ်စဉ်အတွင်း ရနိုင်သည် ဆိုသော်လည်း ရပြီးသောအခါ ကာမဂုဏ်အာရုံများနှင့် တွေ့ကြုံပြီး သာယာမိသည်နှင့်တပြိုင်နက် ပျက်တတ်သောကြောင့် ဆိတ်ငြိမ်ရာ လုံခြုံရာ နေရာများ၌ ဖြစ်စေ၊ ကာမအာရုံနှင့် ဝေးသော တောထဲ၌ဖြစ်စေ အားထုတ်သင့်လှ၏။

ရှေးတုန်းက ရှင်ဘုရင်တပါးသည် နန်းပြာသဒ် ဘုံပေါ်၌ ကိုယ်တိုင်အားထုတ်ရာ တတိယစျာန်သို့ ရောက်သွားဘူးသည် ဟူ၏။

ယခုခေတ်တွင်လည်း ဆိတ်ငြိမ်လုံခြုံရာ၌အားထုတ်လျှင် ရနိုင်ကြသည်ပင်ဖြစ်၏။ သို့ရာတွင် ကာမဂုဏ်အာရုံနှင့် တွေ့သောအခါ မသာယာမိအောင် အထူးဂရုစိုက်သင့်၏။

ဂရုစိုက်ရန်နည်းမှာ ဝိသဘာဂ ကာမအာရုံများကို စက်ဆုပ်ဘွယ်ဟု ထင်အောင် အသုဘကမ္မဋ္ဌာန်းကိုလည်း လေ့လာသင့်၏။

စျာန်တရားသည် ပျက်ကွက်တတ်သည် ဆိုသောကြောင့် အားမထုတ်ဘဲ မနေအပ်၊အားထုတ်၍ပဋိဘာဂနိမိတ်ကိုနိုင်နင်းအောင်ပြုလုပ်နိုင်သောသမာဓိ ကောင်းကောင်း ရရှိထားလျှင် စျာန်ကို အမြဲဝင်စားနိုင်အောင် ထိန်း၍ မထားနိုင်သော်လည်း အကြားအမြင်ကိုရနိုင်ခြင်း၊ ဝိပဿနာကိုလည်း ရှုလျှင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို အလျင်အမြန် ရစေနိုင်တတ်သောအကျိုးရှိသောကြောင့် သမထစျာန်တရားကို လူတိုင်းပင်ကျား–မ ကြီး, ငယ်မရွေး အနည်းဆုံးအားဖြင့် ပဋိဘာဂ နိမိတ်ကို နိုင်နင်းစွာ ရနိုင်သော သမာဓိကို လက်ဝယ် အမြဲရရှိသိမ်းပိုက်ထားနိုင်အောင် အားထုတ်၍ ထားသင့်ကြ၏။

ပဋိဘာဂ နိမိတ်မှာ ကာမဂုဏ်အာရုံကြောင့် လုံးဝမပျက်ပြားနိုင်ပါ၊ အနည်းငယ်မျှလျော့၍သွားရတတ်ရုံသာရှိပါသည်။

သို့ရာတွင် အမြဲကပ်နေနိုင်အောင် အားလပ်သည့်အချိန်တိုင်းလိုလိုပင် နိမိတ်ကို သတိမလစ်စေဘဲ မိနစ်အနည်းငယ်မျှ

ကြည့်မိအောင် ဂရုစိုက်အပ်ပါသည်။ ဤသို့နိမိတ်ကို ဂရုစိုက်သောသူမှာ အမှတ်တမဲ့ နေရင်း သွားရင်း လာရင်းတို့၌လည်း နိမိတ်သည်အတူလိုက်၍ ပါလာသကဲ့သို့ တွေ့နေတတ်သည်။ အိပ်လျှင်လည်းမျက်နှာပေါ်တွင် ရောက်နေတတ်၏။

သမာဓိ ဆုတ်ယုတ် လျော့ပါး ပျက်ပြားသွားသော အခါများ၌မူကား ဝိတက်ကပင် ပြန်၍ ရှုရမည်ဖြစ်သည်။ ၎င်းပြင် ပဋိဘာဂနိမိတ်ကိုရအောင် ရှုနိုင်သောအခါ အခြားသော ကသိုဏ်းများကိုလည်း ပဋိဘာဂနိမိတ်သို့ ရောက်အောင် ရှုရန် လွယ်၏။

× × ×

(၈)

သမထနယ်ပယ်တွင် လိုအပ်ချက် အကြောင်းတွေက အသိတရားနှင့် အကျင့်တရား။

ကျွန်တော် လေ့လာလိုက်စား အားထုတ်သော ပညာရပ်ကတော့ လောကီယဝိဇ္ဇာပညာလမ်းစဉ်ပင် ဖြစ်ပါသည်။အဲဒီလိုကျင့်ကြံတဲ့အခါတွင် ကသိုဏ်း၊ဈာန်တို့ကိုရပြီး နိုင်နင်းအောင်အားထုတ်မှ ဣဒ္ဓိဝိဓအဘိညာ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မူပဂ၊အနာဂတံသ ဉာဏ်အဘိညာဟူသော မဟာအဘိညာဝိဇ္ဇာတို့ကို ဆိုလိုပါသည်။

လောကီအဘိညာဝိဇ္ဇာတို့သည် ဘုရား၊ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့နှင့်လည်း ဆက်ဆံကုန်ကြောင်း စာပေကျမ်းဂန်တွေမှာ ဖော်ပြကုန်လေသည်။

ဤအကျင့်ပိုင်းနှင့် သက်ဆိုင်သော စာပေ သဘောတရားအကြောင်း ... ကျမ်းဂန်ထဲမှ ကောက်နှုတ်ဖော်ပြပါမည်။

အစကနဦး ဖော်ပြရန် လိုအပ်ချက်တွေမှာမူ အဘိညာဉ် ငါးပါးပင် ဖြစ်ပါသည်။

"ဒိဗ္ဗသောတဓာတ်" ဟူသော စကား၌ နတ်တို့၏နားနှင့် တူသည်၏အဖြစ်ကြောင့် ဒိဗ္ဗမည်၏။

နတ်တို့အား ကောင်းစွာကျင့်အပ်သော ဇနက ကံကြောင့် ဖြစ်သောသည်းခြေသလိပ် သွေးလေ စသည်တို့သည် မမြေး ယှက်၊ မနှိပ်စက်အပ်သည်ဖြစ်၍ ညစ်ညူးကြောင်းအဖြစ် ဒေါ် သမှကင်းသည်၏အဖြစ်ကြောင့် ဝေးသောအရပ်၌သော်လည်း အာရုံကို ခံခြင်းငှာ စွမ်းနိုင်သော နတ်၌ဖြစ်သော ပသာဒ သောတဓာတ်သည် ဖြစ်၏။

ဤရဟန်း၏ ဝီရိယ ဘာဝနာ၏ အစွမ်းကြောင့် ဖြစ်သော ဒိဗ္ဗသောတအဘိညာဉ် ဟူသော နားဓာတ်သည် ထိုနတ်တို့၏ ပသာဒသောတဓာတ်နှင့်တူသည်သာလျှင်တည်း။

ဤသို့နတ်တို့၏ သောတဓာတ်နှင့် တူကြောင်း၊ ဒိဗ္ဗမည်၏၊ ဒိဗ္ဗဝိဟာရမည်သော စျာန် လေးပါးတို့၏ အစွမ်းဖြင့် ရအပ် သည်၏အဖြစ်ကြောင့်လည်း ဒိဗ္ဗမည်၏၊ မိမိသည် အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသဖြင့် အထွတ်အထိပ်သို့ ရောက်သော ပါဒကစျာန် ဟူသောဒိဗ္ဗဝိဟာရကိုမှီ၍ ဖြစ်သောကြောင့်လည်း ဒိဗ္ဗမည်၏။

သဒ္ဒါရုံကိုယူတတ်သော အနက်သဘောကြောင့်ရင်း၊ ဇီဝ မဟုတ်သော အနက် သဘောကြောင့်ရင်း၊ သောတဓာတ် မည်၏။

သောတဓာတ်၏ကိစ္စကို ပြုပြင်ခြင်းဖြင့် နတ်တို့၏ ပသာဒ သောတဓာတ်နှင့်တူသော အနက်သဘောကြောင့်လည်း သောတဓာတ်မည်၏။ ထိုဒိဗ္ဗသောတဓာတ် အဘိညာဉ်ဖြင့် ဆိုလိုသည်။

"စင်ကြယ်ပြီးသော်" ဟူသည်ကား ညစ်ညူးကြောင်း ဉပက္ကိလေသမှ ကင်းသည်ဖြစ်၍ အထက်ဝန်းကျင်စင်ကြယ်၏။

"လူတို့၏ နားကြားခြင်းထက် လွန်သော" ဟူသည်ကား လူတို့၏ကျက်စားအပ်သော ကျင်လည်အပ်သောအရပ်ကိုလွန်၍ အသံကိုကြားခြင်းဖြင့် လူတို့၏ဥစ္စာဖြစ်သော သောတဓာတ် နားကြားခြင်းကိုလွန်၏။ လွန်၍တည်၏။

"နှစ်ပါးသောအသံတို့ကို ကြား၏"ဟူသည်ကား နတ်ပြည်၌ အကျုံးဝင်သော အသံတို့ကိုရင်း၊လူတို့၏ဥစ္စာဖြစ်သော အသံတို့ကိုရင်းကြား၏ဟု ဆိုလိုသည်။

"နှစ်ပါးသောအသံတို့ကို" ဟူသော စကားဖြင့် တစိတ်သောအသံ၌ ယူခြင်းကို သိအပ်၏။

"ဝေးသောအသံ နီးသောအသံတို့ကို" ဟူသည်ကား ဝေးသောစကြာဝဠာ တပါး၌ဖြစ်သော အသံတို့ကိုရင်း၊ အနီး၌ဖြစ်သော အသံတို့ကိုရင်း၊ ယုတ်စွအဆုံး မိမိကိုယ်ကို မှီသော ပိုးမျိုးတို့၏ အသံတို့ကိုကြား၏ဟု ဆိုလိုသည်။ ဤဝေးသော အသံ နီးသောအသံ ဟူသောစကားဖြင့် အကြွင်းမဲ့အသံကို ယူခြင်းကို သိအပ်၏။

ဤဒိဗ္ဗသောတ နားဓာတ်ကို အဘယ်ကြောင့် ဖြစ်စေအပ်သနည်း။ ထိုဒိဗ္ဗသောတ နားဓာတ်ကို ရလိုသော ရဟန်းသည် စတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှ ထပြီးလျှင် ပရိကံ ဖြစ်သော သမာဓိစိတ်ဖြင့် လက်ဦးစွာ ပကတိ သောတပသာဒ၏ လမ်းဖြစ်သော ဝေးသော ရှုန့်ရင်းသောတော၌ ခြင်္သေ့တို့၏ အသံကိုဆင်ခြင်အပ်၏။

ကျောင်း၌ ခေါင်းလောင်းသံ၊ ကျောင်းစည်သံ၊ စည်ကြီးသံ၊ ခရုသင်းသံ၊ အားကုန်ဟစ်၍ သရဇ္ဈာယ်သော သာမဏေရဟန်းတို့၏အသံ၊ မည်သူမည်ဝါစသဖြင့် ပကတိစကား ဆိုသောသူတို့၏အသံ၊ ငှက်သံ၊ လေသံ၊ ရေနွေးဆူသံ၊ ထန်းရွက်ခြောက်သံ၊ မိုးရွာချပုံတို့၏အသံ၊ ဤသို့အလုံးစုံထက် ရှုန့်ရင်းသောအသံမှ စ၍ အစဉ်အတိုင်း သိမ်မွေ့သည်ထက် သိမ်မွေ့သောအသံတို့ကို ဆင်ခြင်အပ်ကုန်၏။

ထိုယောဂီသည် အရှေ့အရပ်အသံတို့၏ အကြောင်းကိုနှလုံးသွင်းအပ်၏။ အနောက်အရပ်၌၊ မြောက်အရပ်၌၊ တောင်အရပ်၌၊ အရှေ့ဖက်စသည့်အရပ်များ၏ အသံတို့အကြောင်းကို ရှုန့်ရင်းသောအသံ၊ သိမ်မွေ့သော အသံတို့၏ အကြောင်းကို နှလုံးသွင်းအပ်၏။ ထိုယောဂီ၏ အလုံးစုံထက် ရှုန့်ရင်းသော အသံမှ စ၍ဆိုအပ်ပြီးသောအသံတို့သည် ပကတိစိတ်အားလည်း ထင်ရှားကုန်၏။

ပရိကံဟူသော သမာဓိနှင့်ယှဉ်သောစိတ်အားမူကား အလွန်လျှင်ထင်ရှားကုန်၏။ ဤနည်းဖြင့် ဆန္ဒနိမိတ်ကို နှလုံးသွင်း

သောထိုယောဂီအား ယခုအခါ ဒိဗ္ဗသောတနားဓာတ်အဘိညာဉ် ဖြစ်လေသည်။

ဤသို့ဖြစ်သော ထိုအသံတို့တွင် တခုခုသောအသံကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်းသည်ဖြစ်၏။ ထိုမနောဒွါရာဝဇ္ဇန်း ချုပ်ပြီးသော်လေးကြိမ် ငါးကြိမ်သော ဇောတို့သည် ဇောကုန်၏။ အကြင်လေးကြိမ် ငါးကြိမ်သော ဇောတို့ ရှေ့ဇောတို့တွင် ရှေ့ဇောသုံးကြိမ် လေးကြိမ်တို့သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူအမည်ရှိကုန်သော ကာမာဝစရဇောတို့ ဖြစ်ကုန်၏။

လေးကြိမ်မြောက်သောဇော ငါးကြိမ်မြောက်သောဇောတို့သည်ကား ရူပါဝစရစတုတ္ထ အပ္ပနာဇောစိတ်နှင့်တကွဖြစ်သော ဉာဏ်သည် ဒိဗ္ဗသောတနားဓာတ် အဘိညာဉ်မည်၏။

ဤသို့အဘိညာဉ်ရပြီးသောယောဂီသည်ပါဒကစျာန်၏အာရုံဖြစ်သောကသိုဏ်းနိမိတ်ဖြင့် ထိအပ်နှံ့အပ်သောအရပ်အတွင်း၌တည်သော အသံတို့ကိုလည်း ပါဒကစျာန် တဖန်မဝင်စားဘဲ အဘိညာဉ်ဉာဏ်ဖြင့် ကြားသည်သာလျှင်တည်း။

ဤသို့ ပိုင်းခြား၍ ကြားသည်ဖြစ်သည့် လေ့လာအပ်ပြီးသောအဘိညာဉ်ရှိသဖြင့် ကြားသည်ဖြစ်၍သာလျှင် ဗြဟ္မာပြည်တိုင်အောင် ခရုသင်းစသည်ထက် စည်စသည်တို့၏ အသံတို့ဖြင့် အုတ်အုတ်ကျက်ကျက်တပြိုင်နက် အရောယှက်၍ဖြစ်စေမူ တပေါင်းတည်းဖြစ်ကုန်သော်လည်း အသီးသီးပိုင်းခြားမှတ်သားခြင်းငှာ အလိုရှိခဲ့သော် "ဤအသံကား ခရုသင်းအသံ ဤကားစည်ကြီးသံ စသည်ဖြင့် ပိုင်းခြား၍ သိနိုင်သတည်း။

"စေတောပရိယံဉာဏ်"ဟူသည်ကား....သရာဂ စသည်တို့၏ အဖြစ်ဖြင့် ပိုင်းခြား၍ သိတတ်သောကြောင့် ပရိယ မည်၏။ ပိုင်းခြား၍သိတတ်၏ဟု ဆိုလိုသည်။ သူတပါး၏ စိတ်ကို ပိုင်းခြား၍သိတတ်သောကြောင့် စေတောပရိယ မည်၏။

သူတပါး၏စိတ်ကို သရာဂစသည်တို့၏အဖြစ်ဖြင့်ပိုင်းခြား၍ သိတတ်သောဉာဏ်သည် စေတောပရိယဉာဏ်မည်၏။ "တပါးသော သတ္တဝါတို့၏" ဟူသည်ကား မိမိကိုယ်ကို ချန်ထား၍ မိမိမှကြွင်းသော သတ္တဝါတို့ကို ဆိုလိုသည်။ "တပါးသော ပုဂ္ဂိုလ်တို့၏"ဟူသည်လည်း အနက်တူ၏။ ဝေနေယျ၏ အစွမ်းဖြင့်၎င်း၊ ဒေသနာကို တန်ဆာဆင်သည်၏ အစွမ်းဖြင့်၎င်း၊ သဒ္ဒါအားဖြင့်သာ ထူးသည်၏အဖြစ်ကို ပြ၏။ "စိတ်ဖြင့်စိတ်ကို" ဟူသည်ကား မိမိစိတ်ဖြင့် မိမိတပါးသော သတ္တဝါတို့၏ စိတ်ကို ဆိုလိုသည်။ "ပိုင်းခြား၍ သိ၏" ဟူကား ပိုင်းခြား၍ သရာဂ စသည်တို့၏အစွမ်းဖြင့် အထူးထူး အပြားပြားအားဖြင့် သိ၏ ဆိုလို၏။

အဘယ်ကြောင့်ဖြင့် ဆိုစေသော ပရိယဉာဏ်ကို ဖြစ်စေ အပ်သနည်းဟူမူကား ဤစေတောပရိယဉာဏ်သည် ဒိဗ္ဗစက္ခု၏ အစွမ်းဖြင့်ပြည့်စုံ၏။ ထိုဒိဗ္ဗစက္ခုဉာဏ်သည် ဤစေတောပရိယ ဉာဏ်၏ဖြစ်စေခြင်း၏ ပရိကံတည်း၊ ထိုကြောင့် စေတောပရိယ ဉာဏ်ကိုဖြစ်စေလိုသော ရဟန်းသည် အလင်းကိုပွားစေ၍ ဒိဗ္ဗ စက္ခုဉာဏ်ဖြင့် သူတပါး၏နှလုံးသားကို မှီ၍ဖြစ်သော သွေး၏ အဆင်းကို ဖန်တလဲလဲ ရှု၍စိတ်ကို ရှာအပ်၏။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်” ဟူသည်ကား....ရှေး ဘဝ၌ နေဘူးသုံးဆောင် ခံစားဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သော သတိနှင့်ယှဉ်သောဉာဏ်ကို ရခြင်းငှာဆိုလိုသည်။

ရှေးကနေခဲ့ဘူးသော ဟူသည်ကား....ရှေး လွန်လေကုန်ပြီးသောဘဝတို့၌ မှီဝဲဘူး သုံးဆောင်ခံစားဘူးသောခန္ဓာတို့သည် မှီဝဲဘူး သုံးဆောင်ခံစား ဘူးသူသည်ကားမိမိ၏သန္တာန်၌ဖြစ်ပြီးကုန်သော သုံးဆောင်ခံစားကုန်ပြီးသော(ဝါ) မိမိ၏ သန္တာန်၌ ဖြစ်ပြီးချုပ်ပြီးကုန်သော တရားတို့သည် (ဝါ)ကျက်စားသော အစွမ်းအားဖြင့် မှီဝဲဘူး သုံးဆောင်ဘူးသော တရားတို့သည် နိဝုတ္ထ မည်ကုန်၏။

“နိဝုတ္ထ”ဟူသည်ကား ဂေါစရသေဝနအားဖြင့် မှီဝဲသုံးဆောင်ဘူးသော မိမိ၏ ဝိညာဉ်ဖြင့် သိအပ်ကုန်ပြီး အမျိုး၊ အမည်၊ အနွယ်၊အဆင်း၊အသွင်၊ အခြင်းအရာ စသော အတူးတို့ဖြင့် ပိုင်းခြား၍ ယူအပ်သော တရားတို့သည် နိဝုတ္ထ မည်၏။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ)

## ( ၉ )

(၁) သမာဓိဟူသည် အဘယ်နည်း။
(၂) အဘယ် အနက်ကြောင့် သမာဓိ ဟူ၍ ဆိုအပ်သနည်း။
(၃) ထိုသမာဓိ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်နည်း။
(၄) သမာဓိသည်ကားအဘယ်မျှ အပြားရှိသနည်း။
(၅) ထိုသမာဓိ၏ညစ်နွမ်းကြောင်းကားအဘယ်နည်း။
(၆) ထိုသမာဓိ၏ ဖြူစင်ကြောင်းကား အဘယ်နည်း။
(၇) ထိုသမာဓိကို အဘယ်သို့ ပွားအပ်သနည်း။
(၈) သမာဓိကိုပွါးခြင်း၏ အကျိုးထူးကား အဘယ်နည်း။

## သမာဓိ တရားကိုယ်

(၁) ထိုအမေးပုစ္ဆာတို့၏ အဖြေကို အစဉ်အတိုင်း ဆိုမည်။ "သမာဓိဟူသည် အဘယ်နည်း" ဟူသော အမေး၌ သမာဓိသည် များသော အပြားရှိ၏။ ထိုအလုံးစုံကိုထင်လင်းစွာ ဖွင့်ပြခြင်းငှာအားထုတ်ခဲ့သည်ရှိသော် အဖြေသည် လိုသောအနက်ကို မပြီးစေဘဲ အတိုင်းထက်အလွန် စကား ကျယ်ပြန့်လေရာသည်။ ထို့ကြောင့် လိုရင်းကိုသာ ရည်ရွယ်၍ ဖြေဆိုပေအံ့။ ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိ မည်၏။

## သမာဓိ၏ အနက်

(၂) "အဘယ်အနက်ကြောင့် သမာဓိ ဟူ၍ ဆိုအပ်သနည်း" ဟူသော အမေး၌ အညီအညွတ်ကောင်းစွာ "သမောဓာန" ဟူသော အနက်ကြောင့် သမာဓိ ဟူ၍ ဆိုအပ်၏။ ဤကောင်းစွာထားခြင်း သမောဓာနမည်သည်ကားတခုတည်းသော အာရုံ၌စိတ်စေတသိက်တို့ကိုအညီအညွတ်ဖရိုဖရဲမကွဲမပြားကောင်း

စွာ ထားအပ်သော တရားသည် သမောဓါန မည်၏။
တနည်းမှာ ကောင်းစွာ အထူးထူးသော အာရုံသို့ မပျံ့ မလွင့်စေမူ၍ ထားခြင်းသည် သမောဓါန မည်၏။ ထို့ကြောင့် အကြင်တရား၏ အစွမ်းအာနုဘော်ဖြင့် တခုတည်းသောအာရုံ၌ စိတ်စေတသိက်တို့သည် အညီအညွတ် ကောင်းစွာ မပျံ့မလွင့် ဖရိုဖရဲမကွဲမပြားမူ၍ တည်ကုန်၏။ ဤကောင်းစွာ တည်ခြင်း အစွမ်းသတ္တိရှိသော တရားသဘောကို သမောဓါနဟူ၍ သိအပ်၏။

## သမာဓိ၏လက္ခဏာ ရသ စသည်

(၃) "ထိုသမာဓိ၏လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်နည်း"ဟုဆိုရာ၌ သမာဓိသည် သမ္ပယုတ်တရားတို့ကို အထူးထူးသော အာရုံသို့ မပျံ့မလွင့်စေခြင်း "အဝိက္ခေပ" လက္ခဏာရှိ၏။ စိတ်ကို ထိုထိုအာရုံသို့ ပျံ့လွင့်စေတတ်သော ဥဒ္ဒစ္စကိုဖျက်ဆီးခြင်းကိစ္စရသရှိ၏။ ဥဒ္ဒစ္စကို ဖျက်ဆီးနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံခြင်း ဂုဏ်ရှိ၏။ မတုန်မလှုပ်သောအားဖြင့်ဉာဏ်အားရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ "ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏"

ဟုဆိုတော်မူသောကြောင့်သုခသည်။ ထိုသမာဓိ၏
နည်းစွာသောအကြောင်း ပဒဋ္ဌာန်ဖြစ်၏။

## သမာဓိအပြား

(၄) "သမာဓိသည်အဘယ်မျှအပြားရှိသနည်း"ဆိုသော အမေး၌ မပျံ့လွင့်သော လက္ခဏာအားဖြင့်တပါး အဘို့ရှိ၏၊

ဥပစာရ သမာဓိ အပ္ပနာ သမာဓိ၏အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

လောကီသမာဓိ လောကုတ္တရာ သမာဓိ၏ အစွမ်းဖြင့်၎င်း၊ ပီတိနှင့်တကွဖြစ်သောသမာဓိ၊ ပီတိကင်းသော သမာဓိ၏အစွမ်းဖြင့်၎င်း၊ သုခ ဝေဒနာနှင့်တကွဖြစ်သော သမာဓိ၊ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သမာဓိ၏ အစွမ်းဖြင့်၎င်း၊ နှစ်ပါးစီ အပြားရှိ၏။

ဟီနသမာဓိ၊ မဇ္ဈိမသမာဓိ၊ ပဏီတသမာဓိဟူ၍ သုံးပါး
သဝိတက္ကသဝိစာရ သမာဓိ၊ သဝိတက္က ဝိစာရမတ္တ သမာဓိ၊ အဝိတက္က၊ အဝိစာရ၊ သမာဓိ ဟူ၍ သုံးပါး။

ပီတိ သဟဂတ သမာဓိ၊ သုခသဟဂတ သမာဓိ၊သပေက္ခာ သဟဂတ သမာဓိဟူ၍ သုံးပါး။

ပရိတ္တသမာဓိ၊ မဟဂ္ဂတ သမာဓိ၊ အပ္ပမာဏသမာဓိ ဟူ၍ သုံးပါးစီ ရှိကုန်၏။

ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ အစရှိသည်တို့၏ အစွမ်းဖြင့် လေးပါး အပြားရှိ၏။

ပရိတ္တ ပရိတ္တာရမ္မဏ အစရှိသည်တို့၏အစွမ်းဖြင့်ရင်း၊ လေးပါးသောဈာန်အင်္ဂါတို့၏ အစွမ်းဖြင့်ရင်း၊ ဟာနဘာဂိယ အစရှိသည်တို့၏အစွမ်းဖြင့်ရင်း၊ ကာမာဝစရအစ ရှိသည်တို့၏ အစွမ်းဖြင့်ရင်း၊ အဓိပတိ၏အစွမ်းဖြင့်ရင်း၊ လေးပါးစီ အပြားရှိကုန်၏။

ပဉ္စကနည်း၌ ဈာန်အင်္ဂါတို့၏ အစွမ်းဖြင့် ငါးပါးအပြားရှိ၏။ ဤသည်ကား မာတိကာစဉ်တည်း။

ထိုသမာဓိ အပြားတို့တွင် တပါးအဘို့ရှိသော အပြားမှာ ထင်ရှားပေါ်လွင်ပါ၏။

နှစ်ပါးအပြားရှိသောအစု၌ ခြောက်ပါးသော ဗုဒ္ဓါနုဿတိ အစရှိသော အနုဿတိ ကမ္မဋ္ဌာန်း၊ မရဏဿတိ ကမ္မဋ္ဌာန်း၊ ဥပသမာနုဿတိ ကမ္မဋ္ဌာန်း၊ အာဟာရေ ပဋိကူလသညာ စတုဓါတု ဝဝတ္ထာန် ဤဆယ်မျိုးသော ကမ္မဋ္ဌာန်းတို့၏ အစွမ်းဖြင့် ရအပ်သော စိတ္တေကဂ္ဂတာ သည်ရင်း၊ အပ္ပနာ သမာဓိ၏ ရှေ့အဘို့၌ဖြစ်သော ဧကဂ္ဂတာသည်ရင်း၊ ဥပစာရ သမာဓိ မည်၏။

ပဌမဈာန်၏ ပရိကံမည်သော ဂေါတြဘူသည် "ပဌမဈာန်အား အနန္တရ ပစ္စည်းဖြင့် ကျေးဇူးပြုသည်ဖြစ်၏။" ဟု ပဋ္ဌာန်းဒေသနာတွင် ဟောတော်မူသောကြောင့် ဂေါတြဘူ၏၊

အခြားမဲ့၌ဖြစ်သော ဂောတြဘုသည် အပ္ပနာ သမာဓိမည်၏။
ဤသို့လျှင် ဥပစာရ သမာဓိ အပ္ပနာ သမာဓိ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိသည် ဖြစ်၏။

"မတည်ကြည်သောစိတ်ရှိသော ပုဂ္ဂိုလ်ကိုကြဉ်ရှောင်ခြင်း" မည်သည်ကား ဈာန်ရကြောင်း အကျင့်လမ်းခရီးသို့ မသွားဘူးသော များစွာသော ကိစ္စတို့ကို အားထုတ်ကုန်သော ပျံ့လွင့် လျှပ်ပေါ်သော စိတ်နှလုံးရှိသော ပုဂ္ဂိုလ်တို့ကို ဝေးစွာ စွန့်ခွာခြင်းကို ဆိုလိုသည်။

"တည်ကြည်သောစိတ်ရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း" မည်သည်ကား ဈာန်ရကြောင်း အကျင့်လမ်းခရီးသို့ သွားဘူးကျင့်ဘူးသော ဥပစာရ သမာဓိ အပ္ပနာသမာဓိကို ရကုန်သော ပုဂ္ဂိုလ်တို့ကို အခါကာလ အားလျော်စွာ ဆည်းကပ်ခြင်းကို ဆိုလိုသည်။

ထိုသမာဓိသို့ညွတ်သောအဖြစ်"တဒဓိ "မုတ္တတာ" ဆိုသည် ကား ဈာန်သမာဓိသို့ညွတ်သောအဖြစ် သမာဓိကို အလေးပြုသည်အဖြစ် သမာဓိသို့ညွတ်ခြင်း ကိုင်းရှိုင်းခြင်းရှိသည်အဖြစ်ကို ဆိုလို၏။

## ၂–တေဇောကသိုဏ်း

တေဇောကသိုဏ်းကို ပွားလိုသောယောဂီပုဂ္ဂိုလ်လည်း မီး၌ နိမိတ်ကိုယူအပ်၏။ ထိုတေဇော ကသိုဏ်း၌ပြုလုပ်ဆည်းပူးအပ်

သောအဓိကာရ ရှိသောဘာဝနာ ကုသိုလ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မပြုပြင်အပ်သောမီး၌ နိမိတ်ကိုယူသည် ရှိသော် ဆီမီးလျှံ၌ဖြင်း၊ မီးဖို၌ဖြင်း၊ သပိတ်ဖုတ်ရာအရပ်၌ဖြင်း၊တောမီး လောင်ရာ၌ဖြင်း၊ အမှတ်မရှိသောအရပ်၌ မီးလျှံကို ကြည့်ရှုစဉ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဖြစ်၏။စိတ္တဂုတ္တမထေရ်အား နိမိတ် ဖြစ်သကဲ့သို့ပေတည်း။

ထိုအရှင်စိတ္တဂုတ္တမထေရ်အား တရားနာသောနေ့၌ ဥပုသ် အိမ်သို့ဝင်၍ ဆီမီးလျှံကိုကြည့်စဉ် နိမိတ်သည်ဖြစ်၏။

အဓိကာရမရှိသော ပုဂ္ဂိုလ်သည်ကား တေဇောကသိုဏ်းကို ပြုလုပ်အပ်၏။

ဤသည်ကား တေဇောကသိုဏ်း ပြုလုပ်ရပုံတည်း။

အစေးရှိကုန်သော အနှစ်ရှိသောထင်းတို့ကိုခွဲ၍ခြောက်သွေ့ စေ၍ အပိုင်းအပိုင်းပြုပြီးလျှင် သင့်လျော်သော သစ်ပင်ရင်းသို့ ဖြင်း၊မဏ္ဍာပ်သို့ဖြင်းသွား၍ သပိတ်ဖုတ်သော အခြင်းအရာအား ဖြင့်အပုံအစုပြုပြီးလျှင် မီးရှို့၍ဖျာ၌ဖြစ်စေ၊ သားရေ၌ ဖြစ်စေ၊ ပုဆိုးအဝတ်၌ဖြစ်စေ၊ တထွာလက်လေးသစ်လောက် အပေါက် ပြုအပ်၏။ ထိုအပေါက်ရှိသော ဖျာ၊သားရေ၊အဝတ်တို့ကိုရှေ့၌ ထား၍ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ထိုင်၍ အောက်၌ ရှိသောမြက် ထင်းတို့ကိုဖြင်း၊ အထက်သို့တက်သောမီးခိုးကိုဖြင်း၊ နှလုံးမသွင်းဘဲ အလယ်၌တခဲနက်ဖြစ်သော မီးလျှံကို နိမိတ် အဖြစ်မှတ်အပ်၏။

အညိုဟူ၍ရင်း၊ အရွှေ ဟူ၍ရင်း၊ ဤသို့ အစ ရှိသည်ဖြင့် အဆင်းကိုမဆင်ခြင်အပ်၊ ပူသည့်အစွမ်းဖြင့် လက္ခဏာကို နှလုံး မသွင်းအပ်၊ အဆင်း၏မှီရာမီးကို အဆင်းနှင့်တကွပြု၍ တေဇော ဓာတ်လွန်ကဲသည်၏ အစွမ်းဖြင့် တေဇောဟူသော လောက ဝေါဟာရပညတ်၌ စိတ်ကိုထား၍ "ပါဝကော ကဏှဝတ္တနီ ဇာတဝေ ဒေါဟု တာသနော" အစရှိသောမီး၏အမည်တို့တွင် ထင်ရှားသော အမည်ဖြင့် "တေဇော တေဇော" ဟူ၍ ပွား အပ်၏။

ဤသို့ပွားသော ထိုယောဂီ ပုဂ္ဂိုလ်အား အစဉ်အားဖြင့် ဆိုအပ်ပြီးသော နည်းအတိုင်းဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ် နှစ်ခု သည်ဖြစ်၏။ ထိုနိမိတ်တို့တွင် ဥဂ္ဂဟနိမိတ်သည် မီးလျှံပြတ်၍ ပြတ်၍ကျသည်နှင့် တူသည်ဖြစ်၍ ထင်၏။ မပြုပြင်အပ်သော မီး၌နိမိတ်ယူသော ပုဂ္ဂိုလ်၏ ကသိုဏ်း၏ အပြစ်သည် ထင်၏။ မီးအပိုင်းသည်ရင်း၊ မီးကျီးစုသည်ရင်း၊ ပြာသည်ရင်း၊ အခိုး သည်ရင်း ထင်၏။

ပဋိဘာဂနိမိတ်သည် မတုန်မလှုပ် ကောင်းကင်၌ ထားအပ် သော နီမြန်းသော ကမ္ဗလာပိုင်းကဲ့သို့ရင်း၊ ရွှေတိုင်ကြီးကဲ့သို့ ရင်း ထင်၏။

ထိုယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ထင်သည်နှင့်အတူ တကွသာလျှင် ဥပစာရဈာန်သို့ရင်း၊ ဆိုအပ်ပြီးသော နည်း အတိုင်း စတုက္ကနည်းဈာန်ပဉ္စကနည်းဈာန်တို့ကိုရင်း ရောက်၏။

**တေဇောကသိုဏ်း ပြီး၏။**

## ၃။ ဝါယောကသိုဏ်း

ဝါယော ကသိုဏ်းကို ပွားခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်သည်လည်း လေ၌နိမိတ်ကို ယူအပ်၏။ ထိုဝါယော ကသိုဏ်း နိမိတ်ကို အမြင်၏အစွမ်းဖြင့်ရင်း၊ အတွေ့၏ အစွမ်းဖြင့်ရင်း၊ ယူအပ်၏။

ထို့ကြောင့် ဝါယော ကသိုဏ်းကို ယူသော ယောဂီပုဂ္ဂိုလ်သည်လေ၌ နိမိတ်ကိုယူ၏။ လေခတ်၍ လှုပ်သော ယိမ်းနွဲ့သော ကြံခင်း၌ရှိသော ကြံတို့၏ အဖျားကိုလည်းမှတ်၏။ လှုပ်သော ယိမ်းနွဲ့သောဝါးတို့၏ အဖျားကိုရင်း၊ သစ်ပင်တို့၏ အဖျားကိုရင်း၊ ဦးခေါင်း၌ ရှိသောဆံပင်ဖျားကိုရင်းမှတ်၏၊ ကိုယ်၌ထိခတ်လာသော လေကိုလည်းမှတ်၏”ဟူ၍ အဋ္ဌကထာတို့၌ဆို၏။

ထို့ကြောင့် ဦးခေါင်းနှင့်အမျှတည်သော တခဲနက်အရွက်ရှိသောကြံကိုရင်း၊ ဝါးကိုရင်း၊ သစ်ပင်ကိုရင်း၊ လက်လေးသစ်လောက်ရှည်သော တခဲနက်ထူသော ဆံပင်ရှိသောယောကျ်ား၏ဦးခေါင်းကိုရင်း၊ လေခတ်သည်ကို မြင်၍ “ဤ လေသည် ဤမည်သောအရပ်၌ တိုက်ခတ်၏”ဟု သတိထား၍ တနည်းကား ထိုရဟန်း၏ကိုယ်အစိတ်အပိုင်းကိုလေသာပြူတင်းပေါက် အပြားမှရင်း၊ နံရံပေါက်မှရင်း၊ ဝင်လာသောလေသည် တိုက်ခတ်၏။

ထိုလေ၌သတိကိုထား၍ ဝါတ၊မာလုတ၊ အနိလအစရှိကုန်သောလေ၏အမည်တို့တွင် ထင်ရှားသောအမည်ဖြင့် "ဝါတော ဝါတော"ဟူ၍ ပွားအပ်၏။

ဤလေ၌ ဥဂ္ဂဟနိမိတ်ဟူသည် ခုံလောက်မှချကာမျှ ဖြစ်သော နို့ဃနာဆွမ်း၏အငွေ့ လုံးနှင့်တူစွာ တုန်လှုပ်သည်ဖြစ်၍ထင်၏။ ပဋိဘာဂနိမိတ်သည် ငြိမ်သက်သော အနေအထိုင်ရှိ၏။ တုန်လှုပ်ခြင်းမရှိ၊ ကြွင်းသော စကားများကို ဆိုခဲ့ပြီးသော အတိုင်း သိအပ်၏။

ဝါယောကသိုဏ်း ပြီး၏။

× × ×

## ၅-နီလကသိုဏ်း

"နီလကသိုဏ်းကို ယူသော ပုဂ္ဂိုလ်သည် ညိုသော အဆင်း ရှိသောပန်းပွင့်၌၎င်း၊ အဝတ်၌၎င်း၊ ညိုသော အဆင်း ရှိသော ကျောက်ခတ်၌၎င်း၊ နိမိတ်ကိုယူ၏"ဟု ဟောတော်မူသော ကြောင့် ပြုအပ်ပြီးသော အဓိကာရပုညကောင်းမှု ရှိသော

ယောဂီပုဂ္ဂိုလ်အား ထိုသို့သဘောရှိသော ပန်းချီပန်းပင်ငယ်ကို ၎င်း၊ စေတီပူဇော်ရာ အရပ်၌ ပန်းအခင်းကို၎င်း၊ ညိုသော အဆင်းရှိသောအဝတ် ညိုသော အဆင်းရှိသော ပတ္တမြားတို့ တွင်တခုခုကို၎င်း မြင်ရ၍နိမိတ်သည် ဖြစ်၏။

ဤမှတပါး အကတာ နီကာရ ယောဂီ ပုဂ္ဂိုလ်သည်ကား ကြာညိုပွင့် အောင်မဲညိုပွင့်အစရှိကုန်သောပန်းတို့ကိုယူ၍ဝတ်ဆံ ကို၎င်း၊အညှာကို၎င်း၊ မထင်ရှားစေမူ၍ ပန်းတောင်း၌၎င်း၊ ကြုတ်ဖုံးပန်းကပ်ဖုံး၌၎င်း၊ ပန်းပွင့်ချပ်တို့ဖြင့် အနားရေးနှင့် အမျှပြည့်စေ၍ ကောင်းစွာခင်းစီအပ်၏။

ညိုသောအဝတ်ဖြင့်မူလည်း အထုပ်ထုပ်၍ ညိုသော အဝန်း ထင်အောင် ပန်းတောင်းကို၎င်း၊ ကြုတ်ဖုံးကို၎င်း ပြည့်စေ အပ်၏။ ထိုပန်းတောင်းကိုမူလည်း မျက်နှာဝ၌ စည်မျက်နှာ ကဲ့သို့ချည်အပ်၏။ ကြေးညို သစ်ရွက်ညို မျက်စဉ်းညို တပါး ပါးသောနိမိတ်ဖြင့်၎င်း၊ ပထဝီကသိုဏ်း၌ဆိုအပ်ပြီးသော နည်း အတိုင်း ပြောင်းရွှေ့ဆောင်ယူသွားကောင်းသော ကသိုဏ်းကို ၎င်း၊ နံရံ၌မပြောင်း ရွှေ့ကောင်းသော ကသိုဏ်းဝန်းကို၎င်း ပြု၍ သဘောမတူသောအဆင်းဖြင့် ပိုင်းခြားအပ်၏။

ထို့နောက် ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းအတိုင်း "နီလက နီလက" ဟူ၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

ဤနီလကသိုဏ်း၌လည်း ဥဂ္ဂဟ နိမိတ်၌ ကသိုဏ်း၏ အပြစ် သည်သင်၏။ ဝတ်ဆံ အရိုး အရွက်ကြား အစရှိသည်တို့သည် ထင်ကုန်၏။ ပဋိဘာဂ နိမိတ်သည် ကသိုဏ်းဝန်းမှ လွတ်၍

ကောင်းကင်၌ ဣန္ဒနီလာပတ္တမြားညိုဖြင့် ပြီးသော ယပ်ဝန်းနှင့် တူစွာထင်၏။ ကြွင်းသောစကားများမှာ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သိအပ်၏။

နီလကသိုဏ်း ပြီး၏။

× ×

## ၆-ပီတကသိုဏ်း

ပီတကသိုဏ်း၌လည်း ဆိုအပ်ပြီးသော နည်းအတိုင်း သိအပ်၏။

"ပီတကသိုဏ်းကို ပွားများသော ပုဂ္ဂိုလ်သည် ရွှေသော အဆင်းရှိသော ပန်း၌၎င်း၊ အဝတ်၌၎င်း၊ ရွှေ အဆင်းရှိသော ဓါတ်သတ္တုတို့၌၎င်းနိမိတ်ယူ၏။ထို့ကြောင့်ဤကမ္မဋ္ဌာန်း၌လည်း ပြုအပ်ပြီးသော အဓိကာရ ပုညကောင်းမှု ရှိသော ပုဂ္ဂိုလ်အား ထိုသို့သဘောရှိသော ပန်းချုံ ပန်းပင်ငယ်ကို၎င်း၊ ပန်းအခင်း ကို၎င်း၊ ရွှေသောအဆင်းရှိသော အဝတ်၊ ရွှေသောအဆင်း ရှိသော ဓါတ်သတ္တုတို့တွင် တပါးပါးကိုမြင်၍ ဥဂ္ဂဟနိမိတ် ဖြစ်၏။ **စိတ္တဂုတ္တမထေရ် ဖြစ်သကဲ့သို့ပေတည်း။**

ထိုအရှင်မြတ်အား စိတ္တလတောင်၌ ပတ္တဂ်မည်သော ပန်း ပင်ငယ်၏ ရွှေသောအဆင်းရှိသော ပန်းပွင့်တို့ဖြင့် ပြုအပ်သော စေတီယင်ပြင်တွင် ခင်းအပ်သော ပန်းအခင်းကို ကြည့်ရှုစဉ် မြင်သည်နှင့်အတူကကွ နေရာမျှလောက် ပမာဏရှိသော နိမိတ် သည် ဖြစ်၏။ ဤမှတပါး အဓိကာရမရှိသော ပုဂ္ဂိုလ်တို့သည် ကား မဟာလှေကားပွင့် အစရှိသည်တို့ဖြင့်ရင်း၊ ရွှေသော အဝတ်၊ ရွှေသော ဓာတ်သတ္တုတို့ဖြင့်ရင်း နီလကသိုဏ်းတွင် ဆို အပ်သော နည်းအတိုင်း ကသိုဏ်းဝန်းပြုလုပ်၍ "ပီတက ပီတက" ဟူ၍ နှလုံးသွင်းခြင်းကို ပြုအပ်၏။ ကြွင်းသော စကားစုမှာ ထိုဆိုခဲ့ပြီးသည်နှင့်အတူတည်း။

ပီတကသိုဏ်းပြီး၏။

× × ×

## ၇–လောဟိတသိုဏ်း

လောဟိတ ကသိုဏ်း၌လည်း ဆိုအပ်ပြီးသော နည်းအတိုင်း သိအပ်၏။

"လောဟိတ ကသိုဏ်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် သည် နီသောအဆင်း၌ နိမိတ်ကိုယူ၏။ ပန်းပွင့်၌ရင်း၊ နီသော

အဝတ်၌၎င်း၊နီသော ဓာတ်သတ္တု တို့၌၎င်း နိမိတ်ကိုယူ၏” ဟူ၍ အဋ္ဌကထာ၌ ဆိုအပ်၏။

ထို့ကြောင့် ဤကသိုဏ်း၌လည်း ပြုအပ်သော အဓိကာရ ပုညကောင်းမှုရှိသောသူအား ထိုသို့ သဘောရှိသော မိုးစွေ အစရှိသော ပန်းချုံ ပန်းပင်ကိုငြင်း၊ နီသောပန်းအခင်းကို၎င်း၊ နီသော ပုဆိုးဓာတ်သတ္တု စသည်တို့တွင် တပါးပါးကို မြင်၍ နိမိတ်သည်ဖြစ်၏၊ ဤမှတပါး အဓိကာရ မရှိသော ပုဂ္ဂိုလ်သည် ကားလယ်ခေါင်ရန်းပွင့်မိုးစွေပွင့် လိပ်ဆူနီပွင့်အစရှိသော ပန်း တို့ဖြင့်၎င်းနီသောဓာတ်သတ္တုတို့ဖြင့် ၎င်း နီလ ကသိုဏ်းတွင်ဆို သော နည်းအတိုင်း ကသိုဏ်းဝန်းပြုလုပ်၍ “လောဟိတက လောဟိတက” ဟု နှုလုံးသွင်းခြင်းကို ပြုအပ်၏။ ကြွင်းသော စကားများမှာ ဆိုအပ်ပြီး သည်နှင့်အတူပင်တည်း။

**လောဟိတ ကသိုဏ်းပြီး၏၊**

× × ×

## ၈-သြဒါတ ကသိုဏ်း

သြဒါတကသိုဏ်း၌ “သြဒါတကသိုဏ်းကို အားထုတ်လို သော ပုဂ္ဂိုလ်သည် ဖြူသောအဆင်း၌ နိမိတ်ကိုယူ၏။ ဖြူသော ပန်း၌၎င်း၊ ဖြူသော အဝတ်၌၎င်း၊ ဖြူသော ဓာတ်သတ္တု၌

ရင်း နိမိတ်ကိုယူ၏” ဟု ဟောတော်မူသောကြောင့် ပြုအပ်ပြီးသော အဓိကာရ ပုညကောင်းမှုရှိသော ပုဂ္ဂိုလ်အား ထိုသို့သဘောရှိသော ပန်းချုပန်းပင်ကိုရင်း၊ မြတ်လေးပွင့် အစရှိသော ဖြူသောပန်းအခင်းကိုရင်း၊ ကုမုဒ္ဒရာကြာပဒုမ္မာကြာဖြူပွင့်အစုကိုရင်း ဖြူသောအဝတ်၊ ဖြူသောအဆင်းရှိသော ဓာတ်သတ္တုတို့တွင် တမျိုးမျိုးကိုမြင်၍ နိမိတ်သည် ဖြစ်၏၊ သလွဲပြားဝန်း ငွေပြားလဝန်းတို့၌လည်း ဖြစ်၏။

ဤမှတပါး အဓိကာရမရှိသောပုဂ္ဂိုလ်သည်ကား ဆိုအပ်ခဲ့ပြီးသော ပန်းဖြူတို့ဖြင့်ရင်း၊ အဝတ်ဖြူတို့ဖြင့်ရင်း သတ္တုဖြူတို့ဖြင့်ရင်း နီလကသိုဏ်း၌ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ကသိုဏ်းဝန်းကို ပြုလုပ်ပြီးလျှင် “ဩဒါတံ ဩဒါတံ” ဟု နှလုံးသွင်းအပ်၏။ ကြွင်းသော စကားများမှာ ဆိုအပ်ပြီးသည်နှင့် သဘောတူ၏။

ဩဒါတကသိုဏ်း ပြီး၏။

## ၉–အာလောက ကသိုဏ်း

အာလောက ကသိုဏ်း၌ကား “အာလောက ကသိုဏ်းကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် နံရံပေါက်ဖြင့်ရင်း၊ သံကောက်ပေါက်ဖြင့်ရင်း၊ လေသောက်တံခါးပေါက်-

ဖြင့်၎င်း ဝင်၍ထင်သောလရောင်နေရောင်အဝန်း၌ နိမိတ်ကို ယူ၏”ဟုဟောတော်မူသောကြောင့် ပြုအပ်ပြီးသော အဓိကာရ ပုည ကောင်းမှုရှိသော ပုဂ္ဂိုလ်အား နံရံပေါက် စသည်တို့တွင် တခုခုဖြင့် နေရောင်သည်၎င်း၊ လရောင်သည်၎င်း၊ ဝင်၍ နံရံ၌၎င်း၊ မြေ၌၎င်း အရောင်ဝန်းကို ဖြစ်စေ၏။

တခဲနက်ထူသောအရွက်ရှိသော သစ်ပင်၏ အခက်ကြား ဖြင့်၎င်း၊ တခဲနက်ထူသောအရွက်ရှိသော မဏ္ဍပ်ကြားဖြင့်၎င်း ထွက်၍ မြေ၌သာလျှင် အရောင်ဝန်း ထင်၏။ ထို အရောင် ဝန်းကိုမြင်၍ နိမိတ်ဖြစ်၏။

ဤမှတပါးသော အဓိကာရမရှိသူ ပုဂ္ဂိုလ်သည်ကား ဆိုအပ် ခဲ့ပြီးသောအရောင်အဝန်းကို ဩဘာသ ဩဘာသ ဟူ၍၎င်း “အာလောက အာလောက”ဟူ၍၎င်း ပွားအပ်၏။

ထိုသို့ ပွားသဖြင့် နိမိတ်ထင်ခြင်းငှာ မတတ်နိုင်သောပုဂ္ဂိုလ် သည် အိုး၌မီးထွန်း၍ အိုးအဝကိုပိတ်၍ အိုးကို အပေါက် ဖောက်ပြီးလျှင် နံရံသို့ ရှေးရှုထားအပ်၏။ ထိုအပေါက်ဖြင့် မီးရောင်သည်ထွက်၍ အဝိုင်းအဝန်းကို ပြု၏။ ဤ ဆီမီးရောင် ဝန်းသည် နေရောင်ဝန်း လရောင်ဝန်းတို့ထက် ကြာမြင့်စွာ တည်၏။

ဤအာလောက ကသိုဏ်း၏ ဥဂ္ဂဟနိမိတ်သည် နံရံ၌၎င်း၊ မြေကြီး၌၎င်း ထင်သောအရောင်ဝန်းနှင့်တူ၏။ ပဋိဘာဂနိမိတ် သည် မြတ်စွာဘုရား၏ တလုံးမျှလောက်သော ရောင်ခြည်တော်

ဝန်းကဲ့သို့ တခဲနက်ဖြစ်၍ ကြည်လင်စွာသော အရောင်အစုနှင့် တူ၏။ ကြွင်းသောစကားစုမှာ ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

အာလောက ကသိုဏ်းပြီး၏။

× ×

## ၁၀—အာကာသ ကသိုဏ်း

ပရိစ္ဆိန္နာ ကာသ ကသိုဏ်း၌လည်း "အာကာသကသိုဏ်းကို အားထုတ်ပွားများလိုသောယောဂီပုဂ္ဂိုလ်သည်ကောင်းကင်အာကာသ၌ နိမိတ်ကိုယူ၏။ နံရံပေါက်ဖြင့်ရင်း၊ သံကောက်ပေါက်ဖြင့်ရင်း၊လေသာပြူတင်းပေါက်ကြားဖြင့်ရင်းနိမိတ်ကိုယူ၏" ဟု ဟောတော်မူသောကြောင့် ပြုအပ်သော အဓိကာရပုညကောင်းမှုရှိသူ ပုဂ္ဂိုလ်အား နံရံပေါက် စသည်တို့တွင် တခုခုကို မြင်၍ နိမိတ်ဖြစ်၏။

ဤမှတပါး အဓိကာရမရှိသော ပုဂ္ဂိုလ်အား နေပြောက်မထိုး ကောင်းစွာ မိုးအပ်သော မဏ္ဍာပ်၌ရင်း၊ သားရေ ဖျာ စသည်တို့တွင် တခုခု၌ရင်း၊ တထွာ လက်လေးသစ် ပမာဏသောအပေါက်ကိုပြု၍ ထိုပြုအပ်သော အပေါက် ကိုရင်းနံရံပေါက်ကိုရင်း "အာကာသ အာကာသ" ဟူ၍ပွားအပ်၏။

ဤအာကာသ ကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံ အပေါက် စသည်တို့နှင့်တကွ အပေါက်နှင့်တူသည်သာလျှင် ဖြစ်၏။ ပွားစေအပ်သော်လည်း မပွားနိုင်၊ (ဘာဝနာ အားနည်းသောကြောင့်ဖြစ်၏) ပဋိဘာဂနိမိတ်သည် ကောင်းကင်အဝန်းဖြစ်၍ ထင်၏။ ပွားအပ်သည်ရှိသော် ပွား၏။ ကြွင်းသောစကားများကို ပထဝီကသိုဏ်းတွင် ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း မှတ်အပ်၏။

ပရိစ္ဆိန္နာကာသ ကသိုဏ်းပြီး၏။

× × ×

(၁၀)

ကျနော်သည် အဓိဋ္ဌာန်ပြီးဆုံးသွားသဖြင့် ကျောင်းထဲသို့ ပြန်လည်ရောက်ရှိလာပါသည်။ ထိုအချိန်တွင် လေအဝှေ့ဝယ် ရှိလေးခိုလိုက်ပါလာသော ပြည်လုံးချမ်းသာ စေတီတော်ကြီး ဆီမှ ဆည်းလည်းသံများကို စတင် ကြားလိုက်ရပါသည်။ ကျနော်သည် ပြည်လုံးချမ်းသာစေတီတော်ကြီးရှေ့တွင် လက်အုပ်ချီကာ ထိုင်၍ဝတ်ပြုလိုက်ပါသည်။

ဘုရားတပည့်တော်သည် "နိဗ္ဗာန်မရောက်မချင်း သမထရှေ့လမ်းစဉ်ဖြင့် သာသနာ ပြုနိုင်သော ပုဂ္ဂိုလ် ဖြစ်ရလိုပါ၏ ဘုရား"ဟုဆုတောင်းပြီး ထမည်အပြု၊ ချောင်းဟန့်သံ ကြား

လိုက်သောကြောင့် အနောက်ဘက်သို့ လှည့်ကြည့်လိုက်ရာဆရာတော်အား တွေ့လိုက်ပါသည်။

ကျနော်သည် ပုဆစ်တုတ်၍ လက်အုပ်ချီ ကန်တော့လိုက်ပါသည်။

"သာဓုကွယ် သာဓု....တောင်းသောဆုနဲ့ ပြည့်စုံပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ" ဟု ကျနော်သည် ကြိတ်၍ ဆုတောင်းလိုက်ပါသည်။

"မင်းအခွင့်အခါ ပြီးခဲ့ပြီပေါ့"

"တင်ပါ့ဘုရား"

ဤသို့ပြောဆိုပြီးနောက် ထိုနေရာမှ နှစ်ဦးသား မိမိလိုရာခရီးသို့ ထွက်ခွါခဲ့ကြပါသည်။ ကျနော့်မှာမူ တည်းခိုသောဓမ္မာရုံဆီသို့ ဦးတည်လျှောက်လျက် ရှိပါသည်။ ဆရာတော်ဘုရားမှာ အခြားတနေရာသို့ကြွသွားပါသည်။

ကျနော်ဓမ္မာရုံတွင်ခေတ္တခဏအပန်းဖြေနေချိန်တွင် အသက်အရွယ်အားဖြင့် (၆၀)ခန့်ရှိ လူကြီးတဦးသည် ကျနော်ထိုင်နေသောနေရာဆီသို့ တူရူလျှောက်လာပြီးနောက် သူ၏ မျက်နှာတခွင်မှာလည်း အပြုံးယောင်သန်းလျက် ရှိနေပါသည်။

ရင်းနောက်....

"ဆရာက ရန်ကုန်ကဘဲလား"

"ဟုတ်ပါတယ်"

"ကျုပ်ကတော့ နယ်ကပါ"

"ဘယ်နယ်ကပါလဲ ခင်ဗျာ"

"တောင်ကြီးကပါ"

"အော်...."

ဤအသံက ကျနော့်နှုတ်မှ ထွက်သွားပါသည်။

"ဆရာသမထတရား ကျင့်နေဒါကြာပီလား"

"ဟုတ်ကဲ့"

"ဘယ်နှစ်ရက်လောက် ရှိပီလဲ"

"ရက်ကိုတော့ မမေးပါနဲ့၊ နှစ်ကိုမေးပါ"

"အော်....မသိလို့ပါနော်....စိတ်မရှိပါနဲ့"

"ဟုတ်ကဲ့"

"ဘယ်နှစ်နှစ်လောက် ရှိပီလဲ"

"ခြောက်နှစ်လောက် ရှိပါပီ"

"တော်တော် ခက်ခက်ခဲခဲ အားထုတ်ရသလား"

"ဟုတ်ပါတယ်၊ ဘယ်အရာမဆို အောင်မြင်ခြင်း ပန်းတိုင်ရောက်ဘို့ဟာ လွယ်လင့်တကူ ရရှိတယ်ဆိုတာ လောကမှာ မရှိပါဘူး၊ အခက်အခဲပေါင်းများစွာကို ကျော်လွှားဖြတ်သန်းပီးမှ လိုရာခရီးကို ရောက်နိုင်တာပါ"

"ဟုတ်ပါတယ်၊ဆရာစောစောက လယ်ကွင်းပြင်မှာ တရားအားထုတ်တုန်းက ကျုပ်နောက်က ကြည့်နေတယ်၊ ကျောက်ရုပ်လိုဘဲ၊ မလှုပ်မရှက်အချိန်တော်တော် ကြာကြာ ထိုင်နေဒါတွေ့ရလို့ ခုလိုမေးကြည့်တာ၊ မှားရင်လဲ ခွင့်လွှတ်ပါနော်"

"ဟုတ်ကဲ့"

"တောင်ကြီး ရောက်ရင်လဲ ကျုပ်အိမ်မှာ ဝင်တည်းပါ၊ အစစအရာရာ အကူအညီပေးပါ့မယ်"

"ဟုတ်ကဲ့....ကျနော်လဲ တောင်ကြီး မှတဝဂူ ဘုရားမှာ တရားအားထုတ်ဘို့ အာရုံပေါ်နေပါတယ်"

"ဒါဆို အဆင်သင့်ဘဲ၊ တခါတည်းလိုက်ခဲ့ပါလား"

"ကျနော် မအားသေးပါဘူး၊ အားလပ်တဲ့ တနေ့ကျတော့ လာဖြစ်ပါလိမ့်မယ်၊ ကျနော်က အစိုးရအမှုထမ်းတဦး ဆိုတော့ ခွင့်ယူရအုံးမယ်"

"အော်...."

တောင်ကြီးက ညှော်သည်တော်က ပြောလာသည်။

သူတော်ကောင်းတရား ကျင့်ကြံအားထုတ်သူသည် မိမိသွားလိုသော နေရာ၊စားလိုသော အစားအသောက်ကိုဆန္ဒဖြစ်ပေါ်လာပါက ကူညီမည့်သူ ပေါ်လာတတ်ပါသည်။ ဤသို့ အကူအညီပေးလာချင်ခြင်းသည်ပင် သိဒ္ဓိမည်၏။

ဆောင်းအလှ ငွေနှင်းဖွဲက ခတ်ထူထူလွှမ်း၍ နေသည်။

ချမ်းမြသော ဆောင်းနံနက်ဝယ် ငွေနှင်းဖွဲက တဖွဲဖွဲနှင့် သစ်ပင်သစ်ရွက်များမှ ငွေနှင်းရည်စက်တို့သည် လေအဝှေ့ဝယ် တဖြုတ်ဖြုတ် ကြွေကျနေသည်။ လူတိုင်းကိုယ်တွင် အနွေးထည် ကိုယ်စီဝတ်လျက် ခေါင်းတွင် သိုးမွေးထည် ဆောင်းထားပါသည်။

ထိုအခါ သမယ ရာသီချိန်တွင် ကျနော် တောင်ကြီးသို့ ရောက်သွားပါသည်။ တောင်ပေါ်မြို့တမြို့ဖြစ်၍ မြေပြန့်ထက် အလွန်ကဲပါသည်။ ရွှေညောင်မြေပြန့်ဆီမှ တရိပ်ရိပ်တောင်

ကြားသမ်းများကို ကွေ့ကာပတ်ကာ တရိပ်ရိပ် မောင်းနေသော ခရီးသည် ကားသည် ခရီးသည်များ သွားလိုသော နေရာဆီသို့ အရောက် လိုက်ပို့ပေးပါသည်။ ထို့ကြောင့် ကျနော့်အဘို့ သွားလိုသော နေရာဆီ ဆိုက်ဆိုက်မတ်မတ် ရောက်ရှိသွားပါသည်။

"ဆရာ ဆင်းမဲ့နေရာ ရောက်ပါပြီ"

ကားမောင်းသူက အသိပေးလာသဖြင့် ကျနော်ပါလာသော ပစ္စည်းများ သယ်ချကာ ကားပေါ်မှ ဆင်းမိပါသည်။

အငှား ဂျစ်ကား၏ စက်သံ ပျောက်သွားသော အခါ ကျနော်သည် အိတ်ထဲ၌မှတ်ထားသော အိမ်လိပ်စာကို ထုတ်ယူလိုက်ပါသည်။ ၎င်း လိပ်စာမှာလည်း ကျနော် ဆရာတော်ဘုရားကျောင်းတွင် အာကာသ ကသိုဏ်း ကျင့်ကြံအားထုတ်စဉ်က တွေ့ခဲ့သော ဦးလှကြည်၏ အိမ်လိပ်စာပင် ဖြစ်ပါသည်။

ကျနော်၏ မျက်လုံးအစုံသည် ဝန်းကျင်သို့ အကဲခပ်ကြည့်ရှုမိပါသည်။ သိလိုသော အိမ်နံပါတ်ကို လှမ်းကြည့်ရှုနေခြင်းပင် ဖြစ်ပါသည်။ နံပါတ်ကို တွေ့လိုက်သောကြောင့် အိမ်၏ အခြေအနေကို အကဲခပ်လိုက်ရပြန်သည်။

အုတ်ရိုးလေးဘက်လေးတန်ကာရံပြီး နိုင်ငံခြားတံခါးမကြီးအနက လှုတရပ်ပင် ကျော်လွှားနေသည်။ ရာသီအလိုက် ပွင့်သော ပန်းမာလာတကစေဆာလျက်ခြုံကြီး၏အလယ်ဗဟိုတွင် ခေတ်မှီစွာ ဆောက်ထားသော နှစ်ထပ်တိုက်ကြီးမှာ လှပတင့်တယ်နေပါသည်။

ကျနော်သည် သံတံခါးမကြီးအနီးသို့ ရောက်သွားပါသည်။ ယခုအချိန်အထိတော့ လူရိပ်လူစကို မတွေ့ရသေးချေ။ တိုက်အတွင်းထဲသို့ မျက်စိတဆုံးကြည့်လိုက်ပါသည်။ လူဟူ၍ တဦးတလေမျှ မတွေ့မိသေးပေ။ သည်တော့ ကျနော့် စိတ်တွေမှာ လှုပ်ရှားစ ပြုလာပါသည်။

လူသွားလူလာ နည်းသောကြောင့် ထိုဝန်းကျင်သည် တိတ်ဆိတ်နေပါသည်။ နေမြင့်လေ အရှူးရင့်လေဆိုသည့်စကားကဲ့သို့ နေရောင်ပြောက်ကလေးများ ပွင့်လင်းနေသော်လည်း အအေးက အချမ်းပေါ့သွားသည် မရှိ၊ အေး၍သာ အေးလျက် ရှိနေပါသည်။

အချိန်အနည်းငယ်မျှ ရပ်လျက်ရှိသော ကျနော်သည် အိမ်ထဲရှိ လူများအား ခေါ်ယူရန် စဉ်းစားနေခိုက် ကျနော့်ဘက်သို့ ဘူရှုလျှောက်လာသော လူငယ်တဦးကို တွေ့လိုက်ရပါသည်။

"ဦးလေးက ဘယ်သူ့ကို တွေ့ချင်လို့လဲ"

အသံခပ်ဝဲဝဲဖြင့် မေးလိုက်ပါသည်။

"အော်....ဒီအိမ်က ဦးလှကြည်တို့အိမ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဦးလှကြည်က ကျနော့် အဖေပါ"

"အေးကွာ၊ အစဉ်သင့်ဘဲ"

"ဟုတ်ကဲ့...."

ဤသို့ ပြောဆိုပြီးနောက် လူငယ်သည် သံတံခါးတဖက်တွင်ရှိ အုတ်နံရံတွင်ကပ်၍ ပြုလုပ်ထားသော လူခေါ်ခေါင်းလောင်း ဘဲလ်ကို နှိပ်လိုက်ပါသည်။

"ဂလင်....ဂလင်"

ထိုအသံသည် တိုက်တွင်းဝယ် မြည်ဟီးသွားသောကြောင့် အသက်အရွယ် (၅၀)ကျော်ရှိ မိန်းမကြီးတဦး ထွက်လာပါသည်။ ထိုမိန်းမကြီး၏ မျက်လုံးအစုံသည် ကျနော်နှင့်ယှဉ်၍ ရပ်နေသော လူငယ်ကို မကြည့်ဘဲ၊ ကျနော်၏ တကိုယ်လုံးကို လှမ်းခြုံကြည့်နေပါသည်။

"ဦးလှကြည်ရဲ့ မိတ်ဆွေပါ၊ တောင်ကြီးရောက်ရင် သူ့အိမ်မှာ ဝင်တည်းနိုင်ပါတယ် ဖိတ်ခေါ်လို့ ကျနော် ခုလာတာပါ၊ ကောင်းမြတ်လို့ ပြောပါ"

"အော်.... ဟုတ်ပါတယ်၊ ဦးလှကြည် ရန်ကုန်သွားတုန်းတွေ့ခဲ့တဲ့ ဆရာပါလား၊ လာပါရှင်၊ လာပါ"

ခုတော့မှ ဖော်ရွေသမှု ပြုပါသည်။

တယောက်တလက် ဆိုသကဲ့သို့ နှစ်ဦးသား ကျနော့်၌ ပါလာသော ပစ္စည်းများ သယ်ယူခါ တိုက်အတွင်းသို့ ဝင်လာကြပါသည်။

မကြာမီ....

တိုက်ဝင်းတံခါးမကြီးဆီမှ ဂျစ်ကားတစီးဟွန်းသံပေါ်ထွက်လာပါသည်။ထိုက်တွင်း၌ရှိနေသော လူရွယ်သည်အပြင်ဘက်သို့ ပြေးထွက်ခါ ဝင်းတံခါးဖွင့်ပေးလိုက်ပါသည်။ ဂျစ်ကားသည် အရှိန်ပြေးညှင်းစွာဖြင့် တိုက်ထဲသို့ မောင်းဝင်လာတော့သည်။ ကားစက်သံ ရပ်လိုက်သည်နှင့် တပြိုင်နက် ကျနော်၏မျက်လုံး

အစုံသည် ကားဆီသို့ လှမ်းကြည့်လိုက်ပါသည်။ ကားထဲမှဆင်းလာသူသည်ကျနော့်အား ညှော့ခန်းတွင်တွေ့မြင်လိုက်သောအခါ အနည်းငယ် အံ့ဩသောအကြည့်မျိုးဖြင့် ကြည့်လိုက်ပါသည်။

"ဆရာ ရောက်မယ်ဆိုတာ ကြိုတင် အကြောင်းကြားရင် ကျနော်လာကြိုမှာပေါ့"

ဦးလှကြည်က ပြောပါသည်။

"ခင်ဗျားတို့ တောင်ကြီးမြို့က လိပ်စာသိထားရင် ရှာဖွေရ လွယ်ကူပါတယ်"

"ဟုတ်ကဲ့....ဒါနဲ့နံနက်စာ စားဘို့အချိန် ရောက်နေပြီ၊ ကဲ တခါတည်း ဆရာလဲ စားပါ"

ကျနော်သည် သူ့အရိပ်ခိုပြီးမှတဆင့် မိမိလိုရာ ခရီးနှင်ရမည်ဖြစ်၍ သူတို့ခေါ်ကျွေးသောထမင်းကို ဝင်ရောက်စားလိုက်ပါသည်။ ထမင်းစားပြီးနောက် ကျနော့်အတွက် အိပ်စက်ရန် နေရာထိုင်ခင်း ပေးပါတော့သည်။

"ကဲ....ဆရာအပေါ်ထပ် ကြွပါ"

ကျနော်သည် ဦးလှကြည်ခေါ်လိုက်ရာဆီသို့ လိုက်ပါသွားပါသည်။ အပေါ်ထပ် တထပ်လုံးရှိ ရှာထိုးပျဉ်တွေမှာ အရောင် တဖိတ်ဖိတ် တောက်လျှက် ရှိပါသည်။

ကျနော့်အတွက် ဘုရားခန်းနံဘေးရှိ ဒေါင့်ပ နေရာတွင် တယောက်အိပ် ကုတင် တလုံးဖြင့် ထားပါသည်။ စ ကြည့် စာပွဲတလုံး၊ ပက်လက် ကုလားထိုင်တလုံး ပေးထားပ သည်။

ဦးလှကြည်သည် ဘုရားခန်းထဲသို့ ကျနော့်အားခေါ်ဆောင်သွားပြန်သည်။ ဘုရားခန်းမှာ အခန်းတခန်းသတ်သတ် ပြုလုပ်ထား၍ အလွန်ပင် သပ်သပ်ယပ်ယပ် ရှိပါသည်။ ခုံတန်းရှည်ကြီးပေါ်တွင် ဘုရားများနှင့် အခြားရုပ်ပွားတော် အဆူများလည်း ရှိပါသည်။ ဘုရားဆောင်ခန်းကလေးသည် ခတ်မီးရောင်များဖြင့် လင်းထိန်နေပါသည်။ မှန်ကျောင်းဆောင်အတွင်းရှိ ဆင်းတုတော်များသည် မီးရောင်ထဲဝယ် ရွှေရောင်များဖိတ်ဖိတ်တောက်နေကာ သပ္ပာယ်လှပါသည်။

ကျောင်းဆောင်အတွင်း၌ ဦးလှကြည် မွမ်းမံပြင်ဆင်ထားသောလက်ရာများမှာ မြင်သူတိုင်း ကြည်နူး ကြည်ညိုချင်စရာကောင်းပါသည်။ မှန်ကျောင်းဆောင်၏ မျက်နှာကြက်ပြုလုပ်ထားသောအမိုးနှင့် အခင်းပေါ်၌ စပယ်ပန်းများ ဖြန့်ကြဲခင်းထားဘိသကဲ့သို့ ဖဲစအဖြူဂွမ်းစဖြူဖြူကို စပယ်အဖူးအပွင့် အငုံပုံစံ ရွှရွကလေးပန်းပုံဖော်လျက် ကပ်ချုပ်ထားသည်။

မှန်ကျောင်းဆောင်ထဲ၌ တထွာလောက်မြင့်သော ငွေပန်းစိုက်အိုးကလေးသုံးလုံး ရှိလေသည်။ ငွေပန်းအိုးကလေးများထဲ၌ ပိုးဖဲ၊ကတ္တီပါစကို ရွှေချည်ငွေချည်တို့ဖြင့် ပန်းပုံစံပြုလုပ်ထိုးစိုက်ထားသဖြင့် ပိုးပန်းခိုင်၊ ပိုးပန်းခက်များမှာ တလက်လက် တောက်ပနေပါသည်။

ကျနော်သည် ဘုရားကိုရှိသေစွာ ပုဆစ်တုတ် ရှိခိုးဝတ်ပြုလိုက်ပါသည်။ ကျနော်ဘုရားခန်း အပြင်ဘက်သို့ ရောက်ရှိလာ

ပါသည်။ ထိုအချိန်တွင် အနောက်ဘက်မှ အသံပြုလိုက်သော အသံကြောင့် တစေ့တစောင်း လှည့်ကြည့်မိပါသည်။

"အားနာဘို့ မလိုဘူးနော်၊ အပေါ်ထပ်တထပ်လုံးကတော့ ဧည့်သည်တွေလာရင် တည်းခိုဘို့အတွက် အိပ်ခန်း နှစ်ခန်း ဖွဲ့ထားပါတယ်၊ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ဟုတ်ကဲ့"

အသားညိုညို ပိန်ပိန် ပါးပါး လူတယောက် ဦးလှကြည် နားသို့ ရောက်ရှိလာပါသည်။ သူ့လက်ထဲတွင် သံဇလုံတခုနှင့် ၎င်းဇလုံထဲတွင် မီးသွေးအနည်းငယ် ပါရှိပါသည်။

"အော်....ဆရာ ညဘက်အေးရင် မီးလှုံဘို့ မီးသွေးမီးပုံပါ"

"ဟုတ်ကဲ့"

ဦးလှကြည်သည် ကျနော့်အတွက် စေတနာအလွန် ထားကြောင်း ညွှတ်ကျေပြွန်နေသည်ကို တွေ့ရသဖြင့် အလွန် ကျေးဇူး တင်မိလေသည်။

အအေးဓာတ် လွန်ကဲသောကြောင့် ခြေထောက်များပင် ကြမ်းပြင်နှင့် ထိတွေ့ရန်ကိုပင် အလွန် စိတ်ပျက်နေမိသည်။ ထို့ကြောင့် ကျနော် ကုတင်ပေါ်တွင် နေဝင်ချိန်၌ တရေး တမောတော့ အိပ်စက်လိုက်ပါသည်။

× × ×

(၁၂)

အရုဏ်တက်ချိန်တွင် တောင်ပေါ် ဘုန်းတော်ကြီးကျောင်းမှ ပေါ်ထွက်လာသော ကုလားတက် တုံးခေါက်သံကြောင့် ကျနော် နိုးလာပါသည်။ ၎င်း ကုလားတက်သံနှင့် တဆက်တည်း ကြေးစည်သံပါ ပေါ်ထွက်လာသည်။ ငပိန့်လောက်၊ ကျောက်နှဲ့ ရွှေ စသည့် မိတ်ခေတ်သဘောအရ ကြည်နူးဘွယ်ကောင်းသော ကြေးစည်သံများသည် ကျနော့်နားထဲတွင် သာယာနာပျော်ဘွယ် မဆုံးအောင် ရှိမိသည်။

ကျနော်၏ နံဘေးတွင်ရှိ ဘုရားခန်း မီးခလုတ်ကို ဖွင့်လိုက်ပါသည်။ အမှောင် ပျောက်ကွယ်ပြီး အလင်းရောင်ကြောင့် အနည်းငယ် ဝန်းကျင်ကို ထင်ထင်ရှားရှား အရာရာတိုင်းကို တွေ့မြင်နိုင်ပါသည်။ ဖြေးညှင်းစွာထပြီး ခေါင်းရင်းပြူတင်းပေါက်ကို အသံမမြည်အောင် ဖွင့်လိုက်သည်။ ရာသီ၏ အအေးဒါဏ်က စတင် နှုတ်ဆက်လိုက်သဖြင့် တကိုယ်လုံး ချမ်းစိမ့်စိမ့်

ဖြစ်သွားသည်။ ပွင့်သွားသော ပြူတင်းပေါက်မှနေ ကောင်းကင်ကြီးကို မော့ကြည့်နေမိသည်။ ကောင်းကင်ပြင်၌ အလင်းရောင်များ မလာသေးချေ။ မှိုင်းနေသည့် ကောင်းကင်ကြီး၌ ဟိုနေရာ သည်နေရာတို့မှ တောက်ပလျက် ရှိနေသော စိန်ကြယ်ပွင့်ကလေးများသည် နက်ပြာရောင် ကောင်းကင်ကြီး၏ တင့်တယ်ခြင်း အသရေကို ဆောင်လျက် ရှိနေသည်။

သုတ်ဖြူးလာသော ဆောင်းလေအေးသည် ကျနော်၏ မျက်နှာပေါ်တွင် သာသာညှင်းညှင်း တိုးဝှေ့နေတတ်ပါသည်။ အတိုင်းအဆမရှိသော ကောင်းကင် ပြာမှိုင်းမှိုင်းကြီးကို ငေးကြည့်လျက် သန့်စင် လတ်ဆတ်လှသော ဆောင်းလေအေးကို အားပါးတရ ရှူရှိုက်လိုသော်လည်း အအေးဒဏ်ကို ကြာရှည်မခံနိုင်သဖြင့် ပွင့်လျက်ရှိသော ပြူတင်းပေါက်ကို ပိတ်လိုက်ပါတော့သည်။

ကျနော်တည်းခိုနေသော အပေါ်ထပ်တထပ်လုံး တိတ်ဆိတ်ငြိမ်သက်နေသော်လည်း အောက်ထပ်၌ အိပ်မောကျနေသူတွေထဲမှ အချို့မှာမူ ဟောက်လျက်ရှိနေ၏။ အချို့မှာ သွားကြိတ်သံများလည်း ကြားရလေသည်။

ကျနော်သည် ဘုရားခုံပေါ်ရှိ ပန်းအိုးများကို စိုက်ကြည့်လိုက်သည်။ ဘုရားခုံပေါ်၌ ပန်းအိုးများမှာ ကြေးပန်းအိုးများ၊ အချိုနိုင်ငံခြား ပန်းအိုး၊ သောက်တော်ရေခွက် အားလုံးပင်

ကြေးခွက်ကလေးများ ဖြစ်ပါသည်။ အချို့မှာ ပလပ်စတစ် ပန်းချောက်များ၊ ရာသီအလိုက် ပွင့်သောပန်းများလည်း ပန်းအိုးထဲ၌ စိမ်းလန်းလျက် ရှိနေပါသည်။

ကျနော်သည် နောက်ဖေးခန်းထဲသို့ဝင်ကာ မျက်နှာ၊ ပါးစပ် ဆေးကျောပြီး အိမ်ရှေ့ဘက်သို့ ပြန်လည် ရောက်လာပါသည်။ ၎င်းနောက် ဘုရားခန်းထဲသို့ တဖန် ဝင်လိုက်ပါသည်။ ဘုရားခန်းထဲရှိ ပန်းရနံ့တို့၏ ကြိုင်သင်းသော ရနံ့တို့မှာ နှာခေါင်းထဲသို့ တရှိန်ထိုး တိုးဝင်လာပါသည်။ တဖိတ်ဖိတ်တောက်နေသော ရွှေရောင်ခြည်၊ ထိန်လင်းနေသော ဓာတ်မီးရောင်၊ ဝါဝါ ဖြူဖြူ နီနီတို့ဖြင့် လန်းဆန်း ဝေစည်နေသော ပန်းတွေ၏ အရောင်တွေမှာ အေးမြကြည်လင်လျက် တလက်လက် လက်နေသော ရေကြည်တော်ခွက်တို့သည် ကျနော်၏ သဒ္ဓါကြည်ညို စိတ်အဟုန်ကို ဆထက် တိုးပွားအောင် ဝိုင်းဝန်းကူညီပို့ဆောင်ပေးလျက် ရှိကြပါသည်။

ကျနော်သည် ဘုရားစင် နံဘေးရှိ ရေအိုးစင်မှ ရေဖြင့် သောက်တော်ရေချမ်းများ လဲလိုက်ပါသည်။ ကြေးစည် (၃) ချက်တီးလိုက်ပြီးနောက် ဘုရားကို စတင်ဝတ်ပြုပါတော့သည်၊

အမှောင်ထုသည် လွင့်စင်ကွယ်ပျောက်စပြုလာချေ၏။ မှုန်ရီမှုန်မွား အလင်းရောင်သည် ပြိုးပြက် ပျံ့ပြူထွက်လာလေသည်။ ထိုအချိန်တွင် ကျနော်သည် ဘုရားရှိခိုးပြီး ပုတီးစိပ်နေပါသည်။

ဆီးနှင်းများကွဲ၍ အလင်းရောင် ထင်ရှားပေါ်ပေါက်လာသည့် အချိန်အထိ ပုတီးစိပ်နေတုန်းပင်။ အပြင်ဘက်မှ ကျေးငှက်တို့၏ အော်မြည်သံသည် သဘာဝအလှကို ဖော်ကျူးနေ၏။ နံနက်ဦး၏ ဆောင်းလေအေးသည် ထုံကြိုင်သင်းပျံ့သော ပန်းတို့၏ ရနံ့များနှင့် ဝေ့မြူးလျက် ရှိပါသည်။

ကျနော်သည် ပုတီးစိပ်ပြီး ဘုရားခန်းမှ အထွက် ဦးလှကြည်သည် အနားသို့ရောက်လာကာ

"ဆရာ လဘက်ရည်ချိုသောက်ရအောင်အောက်ကို ကြွပါ"

"ဟုတ်ကဲ့"

ကျနော်သည် ထမင်းစားခန်းသို့ ရောက်လာပါသည်။ စားစရာ မုန့်တို့မှာ စုံလင်စွာ ခင်းကျင်းထားပါသည်။ ဇာပွဲ ဝိုင်းပတ်လည်တွင် ကုလားထိုင် (၆)လုံးမျှ ရှိပါသည်။ အလယ်ဗဟိုတွင် ငွေပန်းအိုးကြီးတလုံး တင်ထားပါသည်။

"အားမနာနဲ့နော်ဆရာကိုယ့်အိမ်လိုသဘောထားပြီးစားပါ"

"ဟုတ်ပါတယ်....ဆရာ့အကြောင်းကို ကျမခင်ပွန်း ရန်ကုန်ကပြန်ရောက်လာကတည်းက ဆရာရဲ့ အကျင့်တရားကို အလွန်သဘောကျလွန်းလို့ တဖွဖွပြောပြခဲ့ပါတယ်"ဟု ဦးလှကြည်၏ဇနီးက ထပ်ဆင့်ပြောပြန်သည်။

"ဟုတ်ပါတယ်....ကျနော်လဲ လူဝတ်ကြောင်ပေမယ့်အတတ်နိုင်ဆုံး သီလ၊သမာဓိ၊ စိတ်ရဲ့ဖြူစင်မှုဖြစ်အောင် ကြိုးစားအားထုတ်နေတုန်းပါဘဲ၊ စိတ်အစဉ်ဖောက်ပြန်နေဒါကို အကုသိုလ်

မဖြစ်သွားရအောင်အမှားအမှန်၊ဗုဒ္ဓရဲ့တရားတော်နဲ့အညီ ကျင့်ကြံလျက် စိတ်ကိုဆုံးမလျက် ရှိပါတယ်"

"ကျမတို့မှာတော့ လောဘမီး၊ဒေါသမီး၊ မောဟမီး၊ကာမ (၁၁)မီးတွေကြောင့်စိတ်သွားတိုင်းခန္ဓာရုပ်ကြီးကအမြဲလှုပ်ရှားနေရဒါ တခါတလေမောမောနဲ့ ဘုရားတောင် မရှိခိုးမိဘူး"

ဦးလှကြည်တို့ဇနီးမောင်နှံ နှစ်ဦးလုံးပင် ဤသို့ ပြောကြပါသည်။

"ဒါပေါ့ဗျာ....မီးကို မွှေးပေးနေရင် တောက်နေမှာဘဲ၊ မမွှေးဘဲထားလိုက်ရင်လဲ ငြိမ်းသွားဒါပါဘဲ၊ မီးခြစ်ဗူးဟာ သူ့ဖာသာသူနေရင် မီးမတောက်ဘူး၊ မီးခြစ်ဆံနဲ့ယမ်းကပ်နဲ့ ခြစ်လိုက်ရင် မီးတောက်လာတယ်၊ သည်သဘောလိုပါဘဲ

ကာမ (၁၁)မီးဟာလဲ တောက်လောင်မှုဆိုသော အားကို အကျိုးပြုလိုက်တာနဲ့ တောက်လောင်ခဲ့ဒါဘဲ၊ အကျိုးပြုတဲ့ လောဘမီးမပါရင် သူ့ဖာသာသူ နေဒါမျိုးပါ"

စောဦးက တငွေ့ငွေ့ပျံ့လွင့်နေသော လဘက်ရည် အပူငွေ့များပင် ပန်းကန်လုံးထဲ၌ ငြိမ်းအေးစ ပြုလာတော့သည်။

"ကဲ... ဆရာ လဘက်ရည်လဲ သောက်လိုက်ပါအုံး....အေးကုန်ပီ"

"ဟုတ်ကဲ့"

ကျနော့်ရှေ့တွင် ရှိနေသော လဘက်ရည်ကို မော့သောက်လိုက်ပါသည်။ နောက်ပြီးမှ လဘက်ရည်ကြမ်းဖြင့် မုန့်အချို့ကို တမြုံ့မြုံ့ စားနေပါသည်။

"ဆရာ တောင်ကြီးကို ဘာ အမိဋ္ဌာန်များ ဝင်မလို့လာ ဒါလဲ"။

"ကျနော် မုံတဝဂူ ဘုရားမှာ ပုတီးစိပ်ဘို့ အမိဋ္ဌာန် ရှိတယ်၊ တနည်းပြောရရင်တော့ အမိဋ္ဌာန်လို့ ပြောလဲမရဘူး၊ အမိဋ္ဌာန် ဆိုဒါဟာ များသောအားဖြင့် ရက်ပိုင်း လပိုင်းနဲ့ ပြုလုပ်ကြပါတယ်၊ ခုတော့ ဘုရားဖူးသက်သက်ပါဘဲ"

ကျနော် ပြောလိုက်သော စကားကြောင့် ဦးလှကြည်၏ မျက်နှာသည် အနည်းငယ် ညိုးနွမ်းသွားသည်ကို ကျနော် အနည်းငယ် ရိပ်စားမိပါသည်။

"ကျနော့် အနေကတော့ ဆရာ မုံတဝဂူကို မသွားစေ ချင်ဘူး"

"ဘာကြောင့်လဲ"

"အဲဒီနေရာတဝိုက်မှာ မသမာမှုတွေ ခဏခဏ ဖြစ်ပေါ် တယ်ဆရာ....တလောကဘဲ ဘုရားဖူးသူတွေကို အလု ခံရတယ်၊ မကြာသေးဘူး....တောင်ဇီပေါ်မှာ သီတင်းသုံးနေတဲ့ ဘုန်းတော် ကြီးတပါးကို ဒမြတစုက သတ်ဖြတ်ပြီး ပစ္စည်း လုကြသေး တယ်၊ ဒါကြောင့်ကျနော့်အနေက မသွားစေချင်ဘူး"

ထိုစကားကြောင့် ကျနော် အနည်းငယ် ပြုံးလိုက်ပါသည်။ ထိုနည်းတူ ဦးလှကြည်လည်း ပြုံးယောင် သန်းလာပါသည်။

"ကျနော့် အနေနဲ့ကတော့ ကံယုံပြီး ဆူးပုံနင်းတဲ့ သူမျိုး မဟုတ်ပါဘူး၊ ကြမ္မာကိုရှီးမယ်ဖွဲ့ပြီး ကျားရဲရာ ဇွတ်တိုးဝင်တဲ့ လူလည်းမဟုတ်ပါဘူး။

"ကျနော်တို့မှာ ကိုယ်ကျင့်ကြံမှု တရားရဲ့ ဒရောင်ပြန်မေတ္တာ တရား၊ တနည်းပြောရရင် မိမိကျင့်ကြံသောအမိဋ္ဌာန်၊မေတ္တာ၊ ခန္တီ၊ သီလ စတဲ့တရားပေါင်းဟာ အရေးကြုံရင် အကုသိုလ် တရားပေါင်းကို ပယ်ဖျောက်နိုင်ပါတယ်၊ ဒါပေမယ့် ရှေးဘဝရဲ့ အတိတ်အကုသိုလ်ကံ ဝဋ်ကြွေးရှိရင်တော့ ပြေးမလွတ်ပါဘူး၊

သမထဘာဝနာကို အားထုတ်သူတိုင်းဟာ အမိဋ္ဌာန် ပြုလိုက်တဲ့ကိစ္စတရပ်ကို အသေခံပြီး ကျင့်တတ်တဲ့ သဘောမျိုး ရှိပါတယ်၊ နောက်ဆုတ်သွားလိမ့်မယ်လို့ စိတ်မကူးကြပါဘူး"

"ကျနော့်အနေက ပြောရမယ့် ဝတ္တရားရှိလို့ ပြောမိတာ ခွင့်လွှတ်စေချင်တယ်"

"ဖြစ်ပါတယ်....ဖြစ်ပါတယ် ဦးလှကြည်"

"ဆရာ မုံတဝဂူမသွားခင် ကျနော့်အိမ်ကို ဆရာရဲ့သမထ အာရုံလေးနဲ့ကြည့်ပေးစမ်းပါအုံး"

"ရပါတယ်"

မကြာမီ ကျနော်ရဲ့ သမာဓိစိတ်ကို နှိုးဆွလိုက်ပါသည်။ စိတ်အစဉ်ဝယ် ပေါ်လာသည့်အတိုင်း ပြောလိုက်ပါသည်။

"ဟုတ်ပါတယ်ဆရာ.... ကျနော် ဟိုတချိန်တုန်းက ဒီပညာတွေကို ယုံယုံကြည်ကြည်နဲ့ လိုက်စားခဲ့ပါတယ်၊ ဆရာတွေပေးတဲ့ ပစ္စည်းတွေ လက်ခံပြီး အိမ်မှာ သိမ်းဆည်းထားပါတယ်။

စီးပွားရေးက မကောင်းတော့ ကြီးပွားလာ မလာဆိုတဲ့ စိတ်နဲ့ ဒါတွေကို အားကိုးသမှု ပြုခဲ့ပါတယ်"

"ဒါတွေဟာ အစွမ်းထက်ရဲ့လား ဆရာ"

"ဒါကိုတော့ ကောင်း မကောင်းဘူးဆိုတာ မဝေဖန်လို ပါဘူး၊ ပေးတဲ့ ပုဂ္ဂိုလ်ဟာ သီလ၊ သမာဓိ ပြည့်စုံရဲ့လား၊အကျင့် တရားဟာ ဗုဒ္ဓရဲ့တရားတော်နဲ့ ညီညွတ်မှုရှိရဲ့လား၊ ဒီနှစ်ပိုင်းကို ခွဲခြားသိဖို့လိုပါတယ်၊ လူတဦးရဲ့ ကံကို ပြုပြင်ဖို့ဆိုတာ သိပ် မလွယ်ကူပါဘူး၊ ဗုဒ္ဓရဲ့ တရားတော်ကို ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ ကံကိုယုံကြည်ရပါတယ်၊ အတိတ်ဘဝကံရဲ့အရှိန်အဟုန် ဒါန ကုသိုလ် နည်းပါးရင်လဲ ခုဘဝမှာ သူဌေးဖြစ်ချင်ပါတယ်ဆိုပြီး အလုပ်တွေ ကြိုးကြိုးစားစား လုပ်ပေမဲ့ သေသာ သေသွား တယ်၊ ဆင်းဆင်းရဲရဲ နေသွားရတာဘဲ၊ ရှေးဘဝက ဒါန မျိုးစေ့များခဲ့တဲ့သူကျတော့ ပစ္စုပ္ပန်ဘဝမှာ ဆိုးဆိုးပေပေ နေ ပေမဲ့သူဌေးဖြစ်တဲ့သူတွေလဲရှိပါတယ်၊ဒါကြောင့် ဒီဘဝမှာလဲ ကောင်းမှုကုသိုလ်တွေလုပ်မယ်ဆိုရင် အတိတ်ဘဝရဲ့ မကောင်း သော အကုသိုလ်ကံဟာ အနည်းငယ် ပပျောက်ပြီး ကောင်းတဲ့ ကံနဲ့ ယှဉ်လာဆက်တော့ လိုချင်တဲ့ကိစ္စမှန်သမျှ ပြီးမြောက် ထွန်း ပေါက်နိုင်ပါတယ်၊ ခုလို အင်းတွေ၊ ခါတ်လုံးတွေဟာ အငှား သိဒ္ဓိတွေဘဲ၊ ကိုယ်ပိုင်သိဒ္ဓိရဖို့ အရေးကြီးပါတယ်"

"ကိုယ်ပိုင် သိဒ္ဓိဆိုတာဟာ ဘာကို ဆိုလိုတာလဲ"

"သိဒ္ဓိမှာ နှစ်မျိုးရှိပါတယ်၊ အတတ်ပညာပိုင်းနဲ့ ဆိုင်တဲ့ သိဒ္ဓိရယ်၊ အကျင့်ပညာပိုင်းနဲ့ဆိုင်တဲ့ သိဒ္ဓိရယ်လို့ နှစ်မျိုးရှိပါ တယ်။

ကိုယ်ပိုင် သိဒ္ဓိကတော့ အကျင့်တရားနဲ့ဆိုင်ပါတယ်၊ကျနော်တို့ ကျင့်ကြံအားထုတ်နေတဲ့ လောကီသမထဟာ ကိုယ်ပိုင် သိဒ္ဓိဖြစ်ပါတယ်၊ ဈာန်၊ အဘိညာဉ်တွေ၊ မိမိစိတ်က လိုလားတောင်းတတာနဲ့၊ ပီးမြောက်ပြည့်စုံတာကို ဆိုလိုပါတယ်''

ကျနော် ပြောပြချက်ကို ဦးလှကြည် သဘောကျဟန် တူလေသည်။ သူ၏မျက်နှာတခိုတွင် ရွှင်ပြနေသည်။ မြူးကြွနေသည်။ ကိုယ်ပိုင်သိဒ္ဓိသည် သမာဓိကို အခြေခံရသည်။ အကျင့်တရားရှိမှ ဖြစ်နိုင်သည်။ ဘာသာတရားကို အလေးအနက် ယုံကြည်မှရှိတို့လည်း လိုသည်။ ကိုယ်ပိုင်သိဒ္ဓိလိုလားသော ပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ အဓိဋ္ဌာန်၊ ခန္တီတရားအပေါင်းကို အခြေခံရသည်။ ဆောက်တည်ရသည်။

သူသိလိုသောအကြောင်းကို ကျနော်ရှင်းပြသည်။ သည်တော့ သူသိလိုချက်ကို လက်ရေးဖြင့် မှတ်ယူသည်။

ကျနော်တို့သည် လဘက်ရည်ဝိုင်းမှ ထလာပြီး မုံကဝဂူသို့သွားရန် ပြင်ဆင်ကြပါသည်။ ဦးလှကြည်က သူပိုင်ဂျစ်ကားကို စက်နှိုးလိုက်ပါသည်။ ကျနော်ယူစရာရှိသောပစ္စည်းများကို အပေါ်ထပ်သို့ တက်၍ယူလိုက်ပါသည်။

ဂျစ်ကားကလေးသည်တဖြေးဖြေးဖြင့်ခြံဝင်းတွင်းမှထွက်ခွာသေသည်။

နေခြည်ပြောက်များသည် နှင်းမှုန်များကို ထိုးဖောက်လျက်လေပြေက တသွင်သွင် သုတ်ဆော်လိုက်သည့် တခဏ၌ ခဲ့ညီညာ

သော တောင်ထိပ်တဝိုက်ပေါ်မှဖြတ်၍ရိုက်ခတ်လာခဲ့သည်။ သစ်ပင် ကြီး-ငယ်တို့၏အညွန့် အဖူး အရွက်တို့သည် လေအဝှေ့ဝယ် ယိမ်းနွဲ့နေကြသည်။ ကားလမ်းဟူ၍ သတ်မှတ်၍မထား သို့သော် တောင်စောင်းကိုပတ်၍သော်လည်း တောင်ကြားကိုဖောက်၍ သော်လည်း လမ်းသဖွယ်ပြုလုပ်ထားသည်။ လမ်းက ကြမ်းတမ်း လွန်းလှသည်။ ကိုယ်ပိုင် စလွန်းကားများ မသွားချေ။ အငှားဂျစ် ကားများပင် အတော်ခက်ခက်ခဲခဲ ငှားရမ်းရသည်။ ဤလမ်းသို့ လိုက်သော ဂျစ်ကားအချို့မှာ အခြားနေရာထက် ဈေးပိုပေး ရသည်။

ဦးလှကြည်သည် ကျနော့်အပေါ် စေတနာ ဗလဝမို့ အလွန်ကြမ်းတမ်းပြီး ချောမွတ်ခြင်းမရှိ။ ကျောက်ခဲကြီးများ သည် ညီညွတ်စွာ ခင်းကျင်းထားခြင်းမရှိဘဲ လှိုင်းထနေသည်။ ကျနော်တို့ စီးလာသောဂျစ်ကားသည် ပင်လယ်ပြင်၌ လှိုင်းဒဏ် ကို ခံရသော သင်္ဘောသဖွယ် ယိမ်းထိုးလျက်ရှိသည်။

ဤသို့မောင်းနှင်ခဲ့ရာမှ တောင်ထိပ်ပေါ်သို့ ရောက်ခဲ့ပါ သည်။ ၎င်းတောင်ထိပ်တွင် သစ်သားကျောင်းတကျောင်း ရှိပါ သည်။ မော်တော်ကားသံကြားသဖြင့် ကျောင်းထဲမှတောင်သူ နှစ်ယောက် ထွက်လာကြသည်။ တယောက်သောသူက အသက် အရွယ်ကြီးပြီး ကျန်တယောက်မှာမူ အသက်အရွယ် ၂၀ ကျော် ဝန်းကျင်မျှရှိပါသည်။

ကျနော်တို့ဂျစ်ကားကို ကျောင်းရှေ့သို့ ထိုးရပ်လိုက်သည်နှင့်တပြိုင်နက် သူတို့နှစ်ဦးသည် ကားနားသို့ ချဉ်းကပ်လာသည်။ ကားစက်ရပ်လိုက်သည်နှင့် တပြိုင်နက် သူတို့၏မျက်နှာများကို သေချာစွာ ကြည့်ရှုလိုက်ပါသည်။ စိမ်းစိမ်း ဝါးဝါး ကြည့်နေသော သူတို့၏မျက်နှာကို ကျနော်သေချာစွာ ကြည့်လိုက်သောအခါ မျက်နှာကို တဖက်သို့ လွှဲပစ်လိုက်ပါသည်။

ကျနော်တို့နှစ်ဦးသည် ကျောင်းပေါ်သို့ တက်ရောက်သည်အထိ သူတို့နှစ်ဦးသည် နောက်မှကပ်၍ လိုက်ခဲ့ကြပါသည်။

"သည်ကျောင်းကတော့မှ တဝဂ္ဂုရဲ့တည်းခိုစခန်းဘဲ၊ ဆရာသွားမယ်ဆိုရင် ကျနော်လူငှား ထည့်ပေးလိုက်မယ်"

"ကိစ္စမရှိပါဘူး၊ ဒုက္ခမရှာပါနဲ့၊ ကျနော့်ကိုသာ သည်ကနေဘယ်နေရာလောက် မှ တဝဂ္ဂုရှိတယ်ဆိုတာ လက်ညှိုးထိုးပြလိုက်ပါ၊ ကျနော်သွားရဲပါတယ်"

"မဟုတ်တာ ဆရာ....တော်တော်ကြာ ဆရာ ရောင်လည်လည်ဖြစ်နေမယ်၊ ဘာကြောင့်လဲဆိုတော့ လမ်းမှာလူရယ်လို့ သိပ်မရှိဘူး"

"သည်လိုဆိုတော့ ဦးလှကြည်သဘောပါဘဲ"

ကျနော့်စကားကြောင့် ဦးလှကြည်သည် ကျောင်းပေါ်၌ရှိသော တောင်သူနှစ်ဦးအား လှမ်းကြည့်လိုက်ပါသည်။

"ခင်ဗျားတို့ မှ တဝဂ္ဂု လမ်းပြလိုက်ကြမလား' ဟု လှမ်းမေးလိုက်ပါသည်။

"သည်ကလူငယ် လိုက်ပြပါ့မယ်"

"ဘယ်လောက် ပေးရမှာလဲ"

"ကြည့်ပေးပေါ့"

ဦးလှကြည်နှင့် ထိုတောင်သူကြီးစကားပြောကြသည်။ ပြေလည်သွားသောကြောင့်....

"ကဲဆရာ....သူ လမ်းပြမယ်၊ ဆရာ သူ့နောက်က လိုက်သွားပါ"

ဦးလှကြည်၏ ပြောလိုက်သောစကားကြောင့်လမ်းပြမည့်သူနောက်သို့ ကျနော်လိုက်ပါသွားပါသည်။

ခပ်သုတ်သုတ်ခြေလှမ်းဖြင့် တောင်ကြောအတိုင်း လျှောက်သွားသောလမ်းပြနောက်သို့ ကျနော်ထပ်ချပ်မကွာ လိုက်သွားပါသည်။

တတောင်ဆင်း တတောင်တက်၊တတောဝင် တတောထွက်ဖြင့်မုံတဝဂူဘုရားသို့ ရောက်ရှိသွားပါသည်။

"သည်ဘုရားဘဲ"ဟု လမ်းပြက လက်ညှိုး ညွှန်ပြပါသည်။

လမ်းပြညွှန်ပြသော နေရာသို့ ကျနော်သေချာစွာ ကြည့်ရှုလိုက်ပါသည်။ ရှေး နှစ်ပေါင်းများစွာက လိုဏ်ခေါင်းဂူတခုဖြစ်ပါသည်။

နိုင်ငံခြား ဘိလပ်တံခါးကြီးများ တပ်ဆင်ထားပါသည်။ ဂူထဲသို့ ဝင်မိသည့်အခါ ရှေးဟောင်း ဘုရားများကို နံရံ၌

ထွင်းပြီး ဘုရားကျောင်းဆောင်သဏ္ဌာန် ပြုလုပ်ထားပါသည်။ ပြင်ပမှအလင်းရောင်သည် ဂူအတွင်းထဲသို့ ၂၅ ပေမျှ ဝင်ပြီး အတွင်းပိုင်း နက်ရှိုင်းသောအခါ အလင်းရောင်များ ပျောက်ကွယ်ပြီး မဲမှောင်နေပါသည်။

လမ်းပြသည်မီမီး၌ပါလာသော လက်နှိပ်ဓာတ်မီးဖြင့်အတွင်းအမှောင်ပိုင်းသို့ ထိုးပြပါသည်။ ပေ ၂၀၀ ခန့် ဂူနံရံတဖက်တချက်တွင် ဘုရားဆင်းတုတော်များ ရှိနေသည်ကို တွေ့ရပါသည်။ ကျနော်သည်ဝန်းကျင်ကို လေ့လာ ကြည့်ရှုပြီးနောက် ဝင်ရောက်လာသည့် တံခါးပေါက်နှင့် ခပ်လှမ်းလှမ်းရှိ ဘုရားစင်ပေါ်သို့ လွယ်အိတ်ထဲ၌ပါလာသော ဖယောင်းတိုင်များနှင့် အမွှေးတိုင်များကို ယူထုတ်ခါ ပူဇော်လိုက်ပြီးနောက် ဘုရားဝတ်ပြုပါတော့သည်။

ဤသို့ ဝတ်ပြုအမျှဝေပြီးနောက် စိပ်ပုတီး(၁၀၈)ပတ် စိပ်ရန်ပရိကံပြုချိန်တွင် ကျနော့်အနား၌ မည်သူမျှမရှိပေ။ လမ်းပြတောင်သူလည်း မည်သည့်နေရာတွင် ရောက်ရှိနေကြောင်းကိုလည်းမသိရပေ။ ဝန်းကျင်တိတ်ဆိတ်မှုကြောင့် စိပ်ပုတီးစိပ်ရသည်မှာလည်း အလွန်ပင်အာရုံရလျက် ရှိနေပါသည်။ အမိဋ္ဌာန်ပုတီး(၁၀၈)ပတ်စိပ်ပြီး၍ ထလိုက်သည့်အခါ ကျနော့်နားသို့ လမ်းပြရောက်ရှိလာပါသည်။

ကျနော်၏ရှေ့တွင်ရှိနေသော အလှူခံသေတ္တာထဲသို့ အလှူငွေအချို့ ထည့်လိုက်ပြီးနောက် မုခ်ဝဂူအပြင်ဘက်သို့ ထွက်

လာခဲ့ပါသည်။ လမ်းပြလည်း ကျနေ့ဘ်နောက်မှ ထပ်ချပ်မခွာ လိုက်လာသည်။ ဝန်းကျင် တခုလုံးသည် တော၏ သဘာဝက အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ကျေးငှက်တို့၏ မြူးတူးစွာ အော်မြည် နေကြသည့်အသံမှာ မှိုင်၏တေးဂီတသဖွယ် ရင့်ကျူးနေသည်။ တသွင်သွင် စမ်းရေကျသံများကလည်း ညီညာလှသည့် တောင် ထိပ်ပိုင်းမှတဆင့် မြေနိမ့်ရာဆီသို့ တဖွားဖွားဆင်းကာ ရစ်သီ ကာဖြင့် ထူးမြတ်သောမှ တစ်ဂူကို ဂုဏ်ပြုနှင့်သကဲ့သို့ပင်။

တောင်ကျစမ်းရေသံများကြားလိုက်တော့မှအမှတ်မထင် ကျ နေ့ဘ်ဦးကျော်ထဲသို့ အကြောင်းအရာ တခု ပေါ်လာပါသည်။ ၎င်းအကြောင်းကမူ အခြားမဟုတ်ပေ။ ဦးလှကြည် အိမ်မှ သိမ်းဆည်း ယူခဲ့သောပစ္စည်းများကို ရေတံခွန်ထဲသို့ ပစ်လွှတ် လိုက်ပြီး လမ်းပြရှိရာသို့ လှမ်းကြည့်လိုက်ပါသည်။

ထိုအခိုက်။

လမ်းပြ၏ အပြုအမူမှာ တမျိုးတဖုံ ပြောင်းလဲနေသည်ကို တွေ့လိုက်ရပါသည်။ တွေခါ စနှင့်မတူပေ။ စိမ်းစိမ်းဝါးဝါး စားမတတ်။ စိတ်ရိုင်း၏ ဖေါက်ပြန်နေသောစိတ်ကြောင့် သူ၏ မျက်နှာသည် အမူအရာပျက်ကာ မျက်လွှာကို အထက်သို့ ပင့် လျက် လက်တွင်း၌ ရှိနေသော ရှစ်လက်မခန့်ရှိ ဒါးမြှောင်ကို ဒါးအိမ်ထဲမှ ဆွဲထုတ်လိုက်နေပါသည်။

ကျနေ့ဘ်နှင့် သူသည် တောင်ထိပ်ကျောင်းပေါ်မှ တူစွာ ဆင်းလာချိန်က သူ၏လက်ထဲ၌ လက်နှိပ်ဓာတ်မီးတခုမှ လွဲ၍

အခြားဘာတခုမှ မတွေ့ရချေ။ သူသည် အေးဆေးတည်ငြိမ်စွာ ဖြင့်ကျနော့်ရှေ့မှ လျှောက်နေသည်မှလွဲ၍အခြားစိတ်ရှိင်း၏ပြုမှု လှုပ်ရှားမည့်အခြေအနေကို ပြသလေ့ မရှိခဲ့ပါ။

ခုလို သူ စိတ်ပြောင်းသွားသည်မှာလည်း ကျနော်သည် မုံတဝဂူအတွင်းရှိ အလှူခံသေတ္တာထဲသို့ အလှူငွေကို လွယ် အိတ်ထဲမှ နှိုက်၍ယူလိုက်သည့်အချင်းကြောင့် သူ၏ စိတ်သည် ကျနော် ကိုင်ဆောင်သော လွယ်အိတ်ထဲတွင် ငွေ ပါမည်ဟု အထင်ဖြင့် လုယူရန် ကြံစည်ဟန် တူလေသည်။

သူ၏ ဖောက်ပြန်နေသော စိတ်ကို အကဲခပ်မိလိုက်သော ကျနော်သည် ရုတ်တရက် သူ့မျက်နှာကို စိုက်ကြည့်လိုက်ပါ သည်။ သူ၏မျက်စိကို အောက်ဖက်သို့ ငုံ့သွားပြီး ဒါးကိုသာ အတင်းဒါးအိမ်ထဲမှ ဆွဲထုတ်နေပြန်သည်။ သူ့လက်၌ ဒါးရှိ သည်ကို ကျနော် သတိပြုထားသော်လည်း ကျနော့်လက်ထဲ၌ ပုတီးတကုံးရှိသည်မှလွဲ၍ အခြားဘာတခုမှ မရှိပါ။

သူ၏ ရှေ့ပြုလုပ်တော့မည့် အခြေအနေကို ကျနော် သိပါ သည်။

ကျနော်သည် သူ၏တကိုယ်လုံးကို ငုံ့၍ ခြုံကြည့်လိုက်ပါ သည်။ ဤသို့ကြည့်လိုက်သည်ကိုတော့ သူ သတိပြုလိုက်ဟန် တူ ပါသည်။ ကျနော်နှင့် သူ မျက်လုံးချင်း ဆုံကြလေသည်။ သူ၏ စိတ်ရှိင်းဝင်နေသော မျက်လုံးအိမ်မှာ ညှိုးလျှလျှရှိနေပါသည်။

ကျနော်၏ မျက်လုံးမှာ တည်ကြည်တောက်ပ၍ သမာဓိအား ကောင်းနေပါသည်။

ကျနော်၏ သမာဓိစိတ်ကြောင့် မျက်လုံးအားသည် စူးရှ တောက်ပပြီး သူ၏မျက်လုံးမှတဆင့် အမိန့်ပေးလိုက်သည်။ စက္ကန့် ပိုင်းလှုပ်ရှားသွားသော ကျနော်၏ စိတ်မှာ-

"မင်း စိတ်ရိုင်းတွေ မမွေးပါနဲ့ ငါဟာ သူတော် ကောင်းတဦးပါ၊ သူတော်ကောင်းတယောက် အပြစ် မှားမှုဟာ သံသရာမှာ ကောင်းကျိုးမပြု။

မင်းနဲ့ငါ ဘဝပေါင်းများစွာ ကျင်လည်ခဲ့ကြရာမှ တဦးနဲ့တဦး ညီအကိုမောင်နှမ အမိအဖ တော်စပ်ဖူးခဲ့ ပါတယ်၊ ခုဘဝမှာ တယောက်နဲ့တယောက် ဆွေမျိုး တော်စပ်မှုမရှိသော်လည်း ကျန်တဲ့ဘဝတွေမှာ တော် စပ်ဘူးခဲ့ပါတယ်၊ မင်းရဲ့ စိတ်ရိုင်းတွေဟာပျောက်ကွယ် ပါစေ"ဟု ကျနော်၏ မနောစေစေတနာချက်ကြောင့် သူ သည် ဒါးမြှောင်ကို ဒါးအိမ်ထဲမှ ထုတ်ရာမှ ပြန်လည်သွင်းလိုက် ပါသည်။

"ကဲ-ပြန်ကြစို့" ဟု ကျနော်၏တင်းမာသော သတိပေး လိုက်သောအသံကြောင့် သူသည် ခေါင်းငုံ့၍ ကျနော့်ရှေ့မှ လျှောက်သွားပါသည်။ ကျနော်လည်း သူ၏ နောက် ခပ်လှမ်း လှမ်းမှ လိုက်ခဲ့ပါသည်။ ကျနော်သည် သူ၏ ကျောပြင်ကိုကြည့်၍ **အထက်ပါအတိုင်း** မေတ္တာပို့၍ လျှောက်ခဲ့ပါသည်။

ခရီးက နာရီဝက်နီးပါးခန့် ကြာခဲ့လေသည်။ လမ်းပြသည် နောက်သို့လှည့်၍ သူ၏ ခါးကြားထဲမှ ဒါးမြှောင်ကို သုံးကြိမ်တိုင်တိုင် လက်ဖြင့် စမ်းကြည့်နေလေသည်။ ကျနော်ကလည်း မေတ္တာမပျက်သူ့အား ပို့သနေဆဲပင်။

ကျနော်တို့ တောင်ပေါ်ကျောင်းသို့ ပြန်လည်ရောက်လာသည်။ လမ်းပြသည် ကျောင်းပေါ်ရှိ အခန်းတခုထဲသို့ဝင်သွားသည်။ ဦးလှကြည်သည် လမ်းပြအတွက် အခကြေးငွေ ၅ဝ-ထုတ်၍ အသက်အရွယ်ကြီးသူအား လှမ်းပေးလိုက်ပါသည်။

ကျနော့်အား လမ်းပြသူမှာမူ အခန်းထဲမှ လုံးဝထွက်မလာတော့ချေ။ ဦးလှကြည်၏ ဂျစ်ကားသည် တရိတ်ရိတ်ဖြင့် ယိုနေရာမှ ထွက်ခွာခဲ့လေသည်။

"ဦးလှကြည် ခင်ဗျားပြောတာ မှန်တယ်"

"ဘာမှန်တာလဲ ဆရာ"

ကျနော်နှင့် လမ်းပြတို့၏ ဇာတ်လမ်းကို ပြောပြလိုက်ပါသည်။

"ဒါကြောင့် ကျနော် ဆရာ့ကို သတိပေးတာပေါ့"

"ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကျနော်မှာ ကာယသိဒ္ဓိ မြောက်ခဲ့ပါတယ်"

"ဆရာ့ကိုယ်မှာ ကာယသိဒ္ဓိအင်းတွေထိုးထားလို့လား"

"သည်လိုလဲမဟုတ်ဘူး"

"ဘာတွေအစောင်ကောင်းလို့လဲ"

"ဘာမှ အစောင်မကောင်းပါဘူး၊ အင်းလဲ မသောက်၊ ဆေးလဲမထိုးပါဘူး"

"သည်လိုဆို ဘယ်လိုသတ္တိထူးများ ရှိနေလို့လဲ"

"မေတ္တာတန်ခိုးပေါ့ဗျာ၊ သမာဓိရင့်ကျက်ဖန်များလာတော့ တနည်း ပြောရရင် လောကီသမထတန်ခိုးတွေပေါ့"

"ဟုတ်ကဲ့"

ကျနော်တို့နှစ်ဦးသည် ချစ်ကားပေါ်၌အခြေအတင် ပြောဆိုပြီးနောက် ဦးလှကြည်အိမ်သို့ ရောက်ရှိလာခဲ့ကြပါသည်။

နောက်နေ့သို့ ကူးပြောင်းချိန်တွင် ကျနော် တောင်ကြီးမြို့မှ ရန်ကုန်သို့ပြန်လည်ထွက်ခွာခဲ့လေပြီ။

× × ×

(၁၃)

အဖျားအပူရှိန်ဒီဂရီ ၁၀၀-နီးပါးခန့်သာရှိ၍ ပေါ့ပေါ့ တန်တန်နေမိသည်၊ ချွေးထုတ်ဆေးသောက်ရင် ပျောက်လိမ့်မည်ဟု ထင်မိသည်။ ဒါကြောင့် နေ့ရက်တွေပြောင်းခဲ့ပြီ၊ သို့သော် အဖျားက မပျောက်ချေ။

တနေ့နှင့်တနေ့ ပျောက်လိမ့်မည်ဟု ထင်သည်။ မပျောက်နိုင်သည့်အဆုံး ဆေးရုံသို့ ပြေးခဲ့သည်။ လူတွေကလည်း များပါပေ့၊ မိမိရောဂါနှင့်မိမိဆိုတော့ ခံစားချက်ချင်း တူညီလင့်ဝေဒနာချင်းကတော့ မတူချေ။

တနာရီခန့်စောင့်ဆိုင်းပြီးမှ ဆရာဝန်နှင့်တွေ့ရသည်။ ဆရာဝန်သည် ကျနော်၏တကိုယ်လုံးအား သူ၏မျက်လုံးအစုံက လှမ်းခြုံလိုက်သည်ကို မြင်တွေ့ရသဖြင့် ကျနော့်အဖို့ ထိတ်ထိတ်ပျာပျာ စိတ်အားငယ်မိသည်။

"အေးပေါ့ဗျာ....ရောဂါဆိုတာ စ,ဖြစ်တဲ့ အချိန်က လာပြရမယ်၊ နောက်ကျမှဆို ကုရတာ ခက်တယ်ဗျ"

ဆရာဝန်၏ ကရုဏာသံသည် ကျနော်၏ ရောဂါဝေဒနာကို ကြည့်ပြီးတော့ ပြောရှာ သတိပေးလေသည်။

ဒါပေမယ့် ကျနော်က သေသေချာချာ နားမလည်တော့ နားထောင်ရုံမှလွဲပြီး ဆရာဝန်ရှေ့တွင် ကြောင်အမ်းအမ်း ရပ်လျက်ရှိနေပါသည်။

"ခင်ဗျားရောဂါက အသဲရောင်သော ရောဂါဗျ.... ဒီလိုရောဂါအစကတော့ အဖျားအပူရှိန် သိပ်မရှိဘူး၊ ကြာလာတော့ အသက်ရှူကျပ်လာပြီး အသက်သေသည်အထိ ဖြစ်သွားနိုင်တယ်"

ကျနော်သည် ရောဂါ အမည်နှင့် ရောဂါ အခြေအနေကို ပြောပြ၍ သိရှိတော့မှ ကြောက်စိတ်တွေ တဖွားဖွား ပေါ်လာတော့သည်။

ဆရာဝန်သည် ဆေးရုံသို့တက်ရန် တိုက်တွန်းပါသည်။ ဒါကြောင့် ကျနော်ဆေးရုံတက်ရန် သဘောတူညီလိုက်ရသည်။

ကျနော်သည် ဆေးရုံတက်ပြီးနောက် အချိန်အနည်းငယ်တွင် ရောဂါအခြေအနေနှင့် ကိုယ်ရေးမှတ်တမ်းကို ရေးယူကြပါသည်။

"ခင်ဗျား....အရက် သောက်တတ်သလား"

ထိုအမေးကို ကျနော်က သောက်ကြောင်း ဝန်ခံပါသည်။

"ဘယ်အရွယ်က စ သောက်သလဲ၊ စ သောက်တဲ့နှစ်ကို ခင်ဗျား မှတ်မိသလား"

ကျနော်သည် မှတ်မိသ၍ ဆရာဝန်၏ အမေးကို ဖြေလိုက်ပါသည်။ အရက်သောက်သူ အနည်းနှင့်အများ အသဲရောင်ရောဂါများ စွဲကပ်တတ်ကြောင်း ပြောပြပါသည်။

ကျနော့်ရောဂါကို စမ်းသပ် စစ်ဆေးပြီးနောက် ကျနော်နေရမည့် အခန်းဆီသို့ လိုက်ပို့ပါသည်။ ၎င်းအခန်းတွင် လူနာကုတင်သုံးလုံး ရှိပါသည်။ တဖက်တချက်တွင် လူနာများ ရှိနေပါသဖြင့် ကျနော်စိတ်အားမငယ်မိပါ။

အကယ်၍ ကျနော်တဦးတည်းဆိုပါက ကြောက်စိတ်များ ဝင်လာမည်မှာ အမှန်ဖြစ်ပါသည်။

မှောင်စပျိုးတော့မည်။ ဆေးရုံတခုလုံးရှိ ဓာတ်မီးချောင်းတွေမှာ လင်းထိန်လာ၏။ ကျနော့် စိတ်ထဲတွင် မကြေလည်ခဲ့သော ခံစားချက်တခုကို ပြန်လည် သတိရလျက် ရှိတော့သည်။ ၎င်းမှာ အရက်သောက်၍ ရရှိခဲ့သော အသဲရောင် ရောဂါကို ပြန်လည်သတိရမိသည်။

"အရက်.... အရက်...."

အသံမထွက်ဘဲ စိတ်ထဲမှ တယောက်တည်း ရေရွတ်လိုက်သည်။

အရက်ကို ကျနော်ကြိုက်လို့ သောက်ခြင်း မဟုတ်ပေ။ မသောက် မနေနိုင်သော အခြေမျိုးလဲ မဟုတ်ပါ။

ဘာကြောင့် ကျနော် အရက်ကို သောက်လာ သလဲ။ ကျနော်၏ အလုပ်သည် နယ်လှည့်စာရင်းစစ်ရသည့် အလုပ်ဖြစ်သည်။

နယ်ရောက်၍ အလုပ်အားလပ်သော အချိန်တိုင်း လုပ်ဖော်ကိုင်ဖက်တွေနှင့် ဟိုအကြောင်း ဒီအကြောင်း စပ်မိစပ်ရာ ပြောရာမှ အရက်ကို သောက်လေ့ရှိသည်။

ထိုမှတဆင့် အရက်ကို တယောက်တည်း ဆိုင်ထွက်သောက်လာသော အကျင့်မျိုးဖြစ်လာသည်။ အရက်ဆိုင်တွင် သောက်ရသောအခါ မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းများ တွေ့ရစမြဲ၊ ကျနော်ကလည်း၊ စာရေး၊ စာဖတ်၊ ဝါသနာရှိတော့ စာရေးဆရာ အချို့နှင့် သိခွင့်ရသည်။

ဒါကြောင့် ကျနော် စာရေးဆရာ နယ်ပယ်သို့ ဝင်ရောက်လာတော့သည်။ စာရေးရန် ဝါသနာ ပါသော်လည်း သိခွင့်ရသော စာရေးဆရာများကဲ့သို့ ရေးအားတော့ သိပ်မရှိပေ။

အတော်အတန်တော့ ဆောင်းပါး၊ ဝတ္ထုမျိုး ရေးတတ်ပါသည်။ စာရေးဆရာ အင်အားကောင်းတော့ တယောက်မဟုတ် တယောက် အရက်ကို တကာခံပြီး တိုက်လေ့ရှိသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ကျနော်တို့ အဖွဲ့သည် ညနေတိုင်း အရက်ကို သောက်ပါသည်။ အချိန်ကုန် ငွေကုန်

ခံပြီး သောက်သော အရက်ကြောင့် ကျနော် ရောဂါရရှိခဲ့သည်ကို တွေးမိတော့သည်။

အရက်အကြောင်း အတွေးသည် ပျောက်ကွယ်၍ သွားပါတော့သည်။ ဆေးရုံတွင် နေ့စဉ်ရက်ဆက်ဆိုသလို ဆေးထိုးရသည် ရှိသကဲ့သို့ ဆေးသောက်ရသည်လည်း ရှိပါသည်။

ဆေးသောက်ရသည်ကို ကျနော် အားမငယ်ပါ။ အကြောဆေးထိုးရမည်ကို ကျနော် အလွန်ပင် စိတ်ပျက်ရပါသည်။

အကြောရှာရန် အသားကို အပ်ထိုးဖောက်ပြီး အကြောရှာကြပါသည်။ အကြောမတွေ့မချင်း အသားကို အပ်စိုက်ခံရသည်မှာ မသက်သာလှပေ။

ဆေးရုံတက်သောရက် အတော်ပင် ရခဲ့သည်။ လူနာအချို့ အော်ဟစ်နေသံ၊ သေဆုံးသွားသော လူနာအချို့တို့၏ အနိဋ္ဌာရုံမြင်ကွင်းကို တွေ့လိုက်ရသော အချိန်တွင် ဝမ်းနည်းသလို ငါတော့ တနေ့နေ့ သေရမည်ဟု သတိ သံဝေဂတရား ရလာသည်။

ပြင်ပတွင် ပျော်ပါးနေချိန်က ဤအတွေး မပေါ်ပေါက်ချေ။အသိတရားက ဖုံးလွှမ်းလာသောကြောင့် ကျနော်၏စိတ်သည် အတော်ကလေး နူးညံ့ခဲ့သည်။

ကျနော် ဆေးရုံကဆင်းပြီး အိမ်ထောင်စုစီးပွားရေး အဆင်မပြေသဖြင့် ရရှိသောလခကလည်း မလုံလောက်သောကြောင့် စီးပွားရေးလုပ်ငန်းတခုခုလုပ်ရန်စိတ်ဆုံးဖြတ်ပါတော့သည်။

ကျနော်တို့ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအရ စီးပွားရေးလုပ်ငန်းလုပ်တော့မည်ဆိုပါက ဗေဒင်မေးလေ့ ရှိတတ်သည်။

ဒါကြောင့်ကျနော်တို့၏ ရပ်ကွက်အတွင်းရှိ ဗေဒင်ဆရာ တဦးထံ ရောက်ရှိသွားပါသည်။

ပဝဖိုင့်ဖိုင့် မုတ်ဆိတ်မွေး တူထူထပ်ထပ်နှင့် မျက်လုံးအိမ်တွင်းရှိ မျက်လုံးအစုံသည် တောက်ပြောင်နေသည်။ မျက်တောင်အစဉ်အမြဲ ခပ်လေ့မရှိပေ။

သူ၏မျက်လုံးနှစ်လုံးက သမာဓိကောင်းကြောင်းကို သက်သေခံနေတော့သည်။ ကျနော်သည် ဆရာကြီးရှေ့သို့ ရောက်သွားပါသည်။ ပါလာသောဇာတာကို လှမ်း၍ ပေးလိုက်သည်။

သို့သော် ဆရာကြီးသည် ကျနော် ပေးသော ဇာတာကို မယူဘဲ ပြုံးလိုက်သည်။

ဆရာကြီးသည် ဗေဒင်ဆရာတဦး မဟုတ်ကြောင်း သိလိုက်သည်။ ကျနော်၏မွေးနေ့ကိုမေးပြီး ဟောပါတော့သည်။

ကျနော်သိလိုသော အကြောင်း များကို ဆရာကြီးက ကြိုတင်သိလေသည်။

ဆရာကြီးပြောတာ မှန်ပါသည်။ ၎င်းနောက် ကျနော်၏ မျက်နှာပြင်ကို လှမ်းကြည့်ပြီး နဖူးပေါ်တွင် “ဝ”ထွင်းထားကြောင်းပြောပါသည်။

ဒါကြောင့် ကျနော့်အား နတ်ကောင်းနတ်မြတ်နှင့်သူတော်ကောင်းတွေက စောင့်ရှောက်နေကြောင်း ပြောတော့သည်။

ထို့ကြောင့် တရားကျင့်ပါက အစောင့်အရှောက်ခံရလိမ့်မည်။

ထိုစကားကို ကြားလိုက်ရသောအခါ ကျနော့်အဖို့ အထူးအဆန်းသဖွယ် ဖြစ်သည်။

ထိုစကားမှာ အလွန်ပင် အံ့ဩမိသည်။ ကျနော့် အနေနှင့် တနေ့တခါဘုရားကို အာရုံခံပြီး ရှိခိုးလေ့ မရှိ၊ဦးသုံးကြိမ်ချပြီး အိပ်တတ်သော ကျနော့်လိုလူမျိုးထံ ပုဂ္ဂိုလ်ထူးတွေက စောင့်ရှောက်လိမ့်မည် ဆိုသော အဟောကြောင့် အံ့ဩနေတော့သည်။

ကျနော်သည် ဆရာကြီးအား စေ့ဒက တက်လိုက်သည်။

ဆရာကြီးကဲ့သို့ ပြောဆိုရန် လိုလားကြောင်း၊ ယခုပြောနေသောပညာသည် မည်ကဲ့သို့ ကျင့်ကြံအားထုတ်ရသနည်း၊ကျင့်ကြံအားထုတ်ပါက လွယ်ကူစွာ ရနိုင်မည်လော....စသော မေးခွန်းများ မေးလိုက်ပါတော့သည်။

သူ၏အဖြေက သမထဖြင့် ဟောပြောနိုင်သည်။

ထိုတရားသည် လွယ်ကူမှုမရှိပေ။ သို့သော် ကျင့်တတ်ပါက အလွယ်တကူရနိုင်ပါသည်။ ထို့ကြောင့်ယခုဆရာပြောနေသော သမထကမ္မဋ္ဌာန်း အားထုတ်ပါက ငါးပါးသောအသိဉာဏ်တို့သည် အထုံပါရမီရှိသည့်အားလျော်စွာ ရရှိနိုင်သည်၊

၎င်းတို့ကား....

၁။ ဒိဗ္ဗစက္ခု အမြင်ပေါက်ခြင်း
၂။ ဒိဗ္ဗသောတ အကြားပေါက်ခြင်း

၃။ ဣဒ္ဓိအမျိုးမျိုးဖန်ဆင်းနိုင်သော တန်ခိုးများ
၄။ ပရိစိတ္တဇာနန သူတပါး၏စိတ်ကို သိနိုင်ခြင်း
၅။ ပုဗ္ဗေနိဝါသ ရှေးဘဝအစဉ်ကို ပြန်၍ မြင်နိုင်ခြင်း

ထိုအသိဉာဏ် ငါးပါးတွင် ယခု ဆရာကြီး ပြောနေသော သူတပါး၏စိတ်ကို သိနိုင်သော သမထကမ္မဋ္ဌာန်းကို ကျင့်ကြံရရှိသောပညာ သို့မဟုတ် တရားပင်ဖြစ်ပေမည်။

ကျနော်သည် ဆရာကြီးအား သမထကျင့်နည်းကို မည်သို့ကျင့်ရန်မေးမြန်းခဲ့ပါသည်။ သူ့သဘောက အသက်ရှုရပ်၍ ရုပ်နာမ်ကွဲအောင် ကျင့်ခိုင်းပါသည်။ ကျနော့်အဖို့ထိုတရားကို ကျင့်ရန် ဆုံးဖြတ်လိုက်ပါသည်။

ဆရာကြီးကဲ့သို့ ကျင့်ကြံ ပြောဆိုရန် ဆန္ဒပေါ်လာသည်။
ကျနော်သည် အိမ်သို့ပြန်ရောက်ခဲ့သည်။
စာအုပ်စင်သို့ ကျနော့်မျက်လုံးအစုံက ရောက်သွားသည်။
စာအုပ်ပုံထဲမှ ကောင်းနိုးရာရာ ရှာဖွေလိုက်ပါသည်။

ဆရာကြီး ရွှေဥဒေါင်း၏ စာအုပ်တအုပ် ဖတ်ရန် ပြင်လိုက်သည်။

ဆရာကြီး၏ စာအုပ်ထဲမှ ဆန္ဒိဒ္ဓိပါတ်ကို အောက်ပါအတိုင်း စိတ်တွင်စွဲမြဲခိုင်ခန့်စွာ မှတ်သားလိုက်သည်။

လောကီရေးဖြစ်စေ၊ လောကုတ္တရာရေး၌ဖြစ်စေ၊ ထမြောက်အောင်မြင်ခြင်း၏ မူလ အခြေခံဖြစ်သော စိတ်နေ စိတ်ထားသည်ကား ပြင်းပြစွာသောဆန္ဒရှိခြင်းပင် ဖြစ်၏။

လောကဥ ကြွယ်ဝချမ်းသာမှုမှစ၍ မဂ်တရား၊ဖိုလ်တရားကို ရရှိခြင်းတိုင်အောင် ပြင်းပြစွာသော ဆန္ဒရှိခြင်းသာလျှင် အခြေခံဖြစ်၏။

မဂ်တရား ဖိုလ်တရားသာလျှင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခြင်းသည်ပင်လျှင် ပြင်းစွာသောဆန္ဒကို အခြေခံပြု၍ ပါရမီတော်ဖြည့်ကျင့်ခြင်းအားဖြင့် ဘုရားအဖြစ်သို့ ရောက်နိုင်ကြရကား ဤမျှလောက် မခက်ခဲလှသော လောကီချမ်းသာမှုကို ပြင်းစွာသောဆန္ဒရှိသူ တယောက်သည် အဘယ်မျှ ရှာမရနိုင်ဘဲ ရှိပါအံ့နည်း။

ထိုကဲ့သို့ ပြင်းစွာသော ဆန္ဒဖြစ်ပေါ်ခြင်းသည် တန်ခိုး ဣဒ္ဓိပါတ်ကြီးတခု ဖြစ်လာတော့သည်။

ထို့ကြောင့် ဣဒ္ဓိပါတ်၄ ပါး၊ အဓိပတိ ၄ ပါးတို့တွင် ဆန္ဒတည်းဟူသာ သဘောတရားကို မူလအခြေခံထား၍ မြတ်စွာဘုရားသခင် ဟောတော်မူခြင်းဖြစ်၏။

ပြင်းပြစွာသောဆန္ဒဖြင့်အခြေခံခဲ့လျှင်ကြွင်းကျန်သောတန်ခိုး ဣဒ္ဓိပါတ်၃ ပါး၊ အဓိပတိသုံးပါးတို့သည် အလိုအလျောက် ပါလာတော့၏။

ပြင်းပြသောဆန္ဒ ဖြစ်ပေါ်လာသောအခါ စိတ်အား ထက်သန်ခြင်း၊ ဝီရိယနှင့် ဇွဲကောင်းခြင်း၊ ဉာဏ်ရှိသလောက် အမျိုးမျိုးဖန်တီးစီမံခြင်း စသည်တို့သည် အလိုလို နောက်မှ လိုက်ပါလာရစမြဲ။

ထို့ကြောင့် လောကီချမ်းသာမှုကို အလိုရှိသည် ဖြစ်စေ၊ နိဗ္ဗာန်ချမ်းသာကို အလိုရှိသည်ဖြစ်စေ ရှေးဦးစွာ လိုသော

အချက်သည်ကား ကာမတဏှာအလိုရှိခြင်းတည်းဟူသောစိတ်ကို ပြင်းစွာသော ဆန္ဒအဖြစ်သို့ ရောက်လေအောင် ပြုလုပ်ရမည်။

ဆန္ဒိဒ္ဓိပါဒ်ဟူသော တန်ခိုးသတ္တိကို ရာဇဝင်၌ ပါရှိသော အဖြစ်အပျက်တခုအားဖြင့် ထင်ရှားအောင် ဥပမာဆောင် ဦးအံ့။

စစ်ဗိုလ်ကြီး တယောက်သည် မြစ်တဘက်ကမ်း၌ ရှိသော ရန်သူစစ်တပ်ကို တိုက်ခိုက်ဖြိုဖျက်ရန် ပြင်းစွာ ဆန္ဒ ဖြစ်ပေါ် ဘူး၏။

ရန်သူစစ်တပ်သည် မိမိ၏ စစ်တပ်ထက် ဦးရေ များပြား တော့င့်တင်းကြောင်းကိုလည်းသိ၏။

သို့သော်....မိမိစစ်သားများသည် မိမိကဲ့သို့ပင် နိုင်ချင်သော ဆန္ဒပြင်းစွာပေါ်ပေါက်ခဲ့လျှင် ကေန်မုချ နိုင်ရလိမ့်မည် ဟူ၍ လည်း ယုံကြည်စိတ်ချ၏။

သို့ဖြစ်ရကား စစ်ဗိုလ်ကြီးသည် မိမိစစ်သားများကို လှေ ဖြင့် တင်ဆောင်၍ တဖက်ကမ်းသို့ဆိုက်ရောက်သောအခါ လှေ အားလုံးကို မီးရှို့ပစ်ပြီးနောက် စစ်သားများအား ပြောပြ သည်မှာ....

'ငါ့လူများ ငါတို့မှာ အသက်ရှင်ကြသည့်နည်းလမ်းတလမ်း သာရှိတော့သည်။ယခုတိုက်မည့်စစ်ပွဲတွင် ငါတို့ဘက်မှ နိုင်မှ ငါတို့ ပြန်ခွင့်ရကြတော့မည်။ ရှုံးနိမ့်ခဲ့လျှင် ပြေးရန်လမ်းမရှိ သောကြောင့် ငါတို့အားလုံး သေကြတို့သာ ရှိတော့သည်။ အသက်မသေလိုလျှင် နိုင်အောင် တိုက်ကြပေလော့" ဟုပြော၏။

စစ်သားများသည် ထိုအချင်းအရာကို သိမြင်ကြ၍ ငါတို့ မနိုင်လျှင် ငါတို့တော့ သေကြရမည်။

မနိုင် နိုင်အောင် တိုက်ပါသော်ကောဟု ဆန္ဒပြင်းစွာ ရွတ်ရွတ်ချွန်ချွန် တိုက်ခိုက်ကြသောကြောင့် ကြီးမားသော ရန်သူစစ်တပ်ကြီးကို ဖြိုခွင်းနိုင်နင်းခဲ့သည်။

ကျနော်သည် ဆရာကြီး၏ စာအုပ်ကို ဖတ်ပြီးနောက် စိတ်နေ စိတ်ထားမှာ ပြင်းပြစွာသော ဆန္ဒရှိရန် ကြိုးစားရပါတော့သည်။

ဆန္ဒတရား ရရှိသော်လည်း မပြီးသေးချေ။ အားထုတ်ရန် လိုသေး၏။ ထို့ကြောင့် နည်းလမ်းရှာဖွေရတော့သည်။

အတွေ့အကြုံမရှိသော ကျနော့်အတွို အားထုတ်ရန် ခက်ခဲပါသည်။ လုပ်လိုသော သဘောဆန္ဒက ပြင်းပြသော်လည်း ကျင့်ကြံရန် တရားလိုသေးတော့ ကျနော့်အတွို အခက်ကြုံရသည်။

ဆန္ဒပြင်းပြမှု ဝေဒနာကိုတော့ ခံစားနေရသည်။ တနေ့တခြားဆိုသလို မိမိပြုလုပ်လိုသော တရားကို ရှာဖွေရပြန်သည်။

ဒါကြောင့် ညီအကိုတော်သူတဦးအိမ်သို့ နံနက်စောစောရောက်ရှိသွားတော့သည်။ သူနှင့်လူမှုရေးအရ အလ္လာပသလ္လာပ စကားပြောနေသေးသည်။

နောက်မှ ကျနော်သိလိုသောအကြောင်းတရားကို ပြောပြတော့မှ သူ့အတွို အတော်ကလေး အံ့သြနေသည်။

အကြောင်းမူ တချိန်က အရက်အကြောင်းကို ဦးတည်ပြောတတ်သော ကျနော်လိုလူမျိုးက တရားအကြောင်းကို ပြောလာတော့ အံ့သြခြင်းမှ မယုံသင်္ကာဖြစ်လာတော့၏။

"ကြည့်လုပ်အုံး၊ တော်တော်ကြာ အကျွတ်တရား ရပြီး တောထွက်သွားမှဖြင့် မိန်းမနဲ့ ကလေးတွေ ဒုက္ခ ရောက်နေအုံး မှာ"

"ဒါပေါ့ဗျာ၊ ပျက်အစဉ် ပြင်ခဏပေါ့ဗျာ၊ လူတယောက် တသက်လုံး ဒီလိုဘဲနေသွားလိမ့်မယ်လို့မထင်လိုက်ပါနဲ့၊ ပြောတဲ့ အတိုင်း တောထွက်လောက်တဲ့ကိစ္စရပ်မျိုး ဖြစ်ပေါ်မလာပါ ဘူး၊ ဘာကြောင့်လဲဆို ကျနော်လုပ်မဲ့ တရားက ဘုရားကြိုက် တရားဆိုတော့ မြတ်စွာဘုရား ဟောထားတဲ့ ၃၈-ဖြာ မင်္ဂလာ တရားမှာ....

> ဘောဒေဝပုတ္တ-အိုနတ်သား၊ မာတာပီတု၊ အမိ၊ အဘတို့ကို ဥပဋ္ဌာနဥ္စ- လုပ်ကျွေး မွေးမြူရခြင်းသည် လည်းကောင်း၊ ပုတ္တဒါရဿ-သားမယားတို့အား သင်္ဂဟောစ- သင်္ဂြိုဟ် ထောက်ပံ့ရခြင်း သည်လည်းကောင်း၊ အနာကုလာ-အနှောက်အယှက်မရှိကုန်သော၊ကမ္မန္တာစ အမှုတို့ကို ပြုရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာ သော၊ မင်္ဂလံ-မင်္ဂလာမည်၏။

"ဘုရားက ဟောထားတဲ့ မင်္ဂလာတော်ထဲမှာ သားမယား ထောက်ပံ့ကျွေးမွေးရတာဟာ မင်္ဂလာဆိုတော့ သူတို့ကိုလဲ မပစ် ပယ်ဘဲ လုပ်ကျွေးပြီး ကျင့်ကြံအားထုတ်ရတာက ပိုမြတ်တာ ပေါ့ဗျာ၊ အိမ်မှာနေပြီး ကျင့်လဲရနိုင်ပါတယ်"

ငင်းနောက် သူ့ဆီမှ စွန်းလွန်း ဝိပဿနာ တရား အားထုတ်စဉ်ကို ထုတ်ပေးပါသည်။

ကျနော်သည် ထိုစာအုပ်ကိုယူပြီး အိမ်သို့ ပြန်လာခဲ့သည်။

တရားတော်နှင့် အထိအတွေ့မရှိသော ကျနော့်အဖို့ နည်းလမ်းစတော့ ရရှိကောင်း စွန်းလွန်း ဝိပဿနာ စာအုပ်ကို အခေါက်ခေါက် ဖတ်မိပါသည်။ စာအုပ်ထဲမှ အရေးကြီးသော စာတမ်းများကို လေ့လာမိသည်။

> "ခပ်သန်သန် ခပ်ပြင်းပြင်းရှူခြင်း၏ အကျိုးများသည် ပြင်ပအသံများ ပျောက်စေခြင်း စိတ်ကို ထိန်း, သိမ်းစေနိုင်ခြင်း၊ ထိနမိဒ္ဓ-ကာမစ္ဆန္ဒ အစရှိသော နိဝရဏ အတားအဆီးများကို လွယ်ကူ သွက်လက်စွာ ငြိမ်စေခြင်း၊ သမာဓိ လျင်မြန်စွာ ရင့်သန်စေခြင်း၊ နှာသီးဖျား၊ နှုတ်ခမ်းဖျားများကို လေတိုး ထိမိတော့ သိလိမ့်မယ်။ သတိအပေါ် သတိထား။ ခြေ၊ လက်၊ ခေါင်းနှင့် ကိုယ်ကို မလှုပ်ဘဲငြိမ်ပါ။ သို့မှ သာ လျင် သမာဓိ ရင့်မြန်ပြီ။

ကျနော်သည် စွန်းလွန်းဆရာတော်ဘုရားကြီး၏ စာအုပ်ကြည့်ပြီး ထွက်သက်ဝင်သက်ကို စတင်လုပ်ရန် ပြင်ဆင်လိုက်ပါသည်။

ကျနော်၏အိမ်သည် နှစ်ထပ်အိမ်။ ကျနော်နေသော အခန်းသည် အောက်ထပ်။ ပတ်ဝန်းကျင်သည် ဆူညံစွာရှိသည်။

အိမ်ပေါ်ထပ်မှ ဆူသည်။ ပတ်ဝန်းကျင်တွင် မော်တော်ကားပြင်သော ဝပ်ရှော့တွေက ဆူသည်။ ပတ်ဝန်းကျင် ဆူညံသံကို တွန်းလှန်ရန်သာ လိုတော့သည်။

ဒါကြောင့် ဆရာတော်ဘုရားကြီး၏ ခပ်ပြင်းပြင်း ရှုခြင်းအကျိုးများသည် ပြင်ပမှ အသံများပျောက်လိမ့်မည်။

ဒီနေ့အဖို့ ကျနော် တရားအားထုတ်ရန် ပြင်ဆင်လိုက်ပါတော့သည်။

× × ×

(၁၄)

တမိုးလုံးအုံ့မှိုင်း၍ မိုးသက်လေတို့ ဆင်လာသည်။

တောင်ဆီမှ မဲနက်သည့် တိမ်တမန်တို့သည် မိုးကို ဖိတ်ခေါ်၍ တရိပ်ရိပ် ပြေးလွှားလာသည်။

ငှက်ခါးတောင်နှယ် တိမ်စွယ်တိမ်လိပ်တို့ တရိပ်ရိပ် ပတ်ဝိုင်းကာ မိုးချုန်းသံနှင့်အတူ မိုးဦးဂီတကို သီကျူးနေသည်မှာ တုန်လှုပ်ဖွယ် ကောင်း၏။

တစတစနှင့် မိုးသက်လေက ထန်လာသည်။

သစ်ကိုင်းကလေးတွေများ၊ ရွက်သစ်များတို့မှာ ပြတ်လွင့်ကာ မိုးသက်လေနှင့်အတူ လွင့်ပါ၍ နေ၏။

မိုးဦး၏ ညနေခင်းမို့ ပို၍ မှောင်မဲနေ၏။

လျှပ်ပြက်သဖြင့် မျက်စိကျိန်းမတတ် ဝင်းဝင်းတောက်နေသည့် လျှပ်ရောင်နှင့်အတူ မိုးချုန်းသံက တုန်ဟီး၍ နေ၏။

မိုးပေါက် မိုးစက်တို့သည် လေနှင့်အတူ မုတ်သုန်စောင်းကြိုး သဖွယ် သွယ်တန်း၍ ကျလာပြီ ဖြစ်၏။

လေနှင့်မိုးကြောင့် ကျနော်၏အိမ်တံခါးများသည် တဂျုန်း ဂျုန်း မြည်ဟီးနေတော့သည်။ လေသံမှာလည်း တဝေါဝေါ မြည်နေ၏။

ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးငယ်တို့ ပွတ်တိုက်သံများသည် ဆူညံလျက်ပင်။

ကျနော်သည် တရားအားထုတ်ရန် အိမ်ရှေ့ခန်းရှိ ဘုရား စင်သို့ ဦးတည်၍ လာသည်။ သို့သော် မိုးစက်များသည် ဘုရား စင်ရှေ့ရှိ ကွပ်ပြစ်ကို စိုစွတ်ထားလိုက်သည်။ ဒါကြောင့် ကျနော့် အဖို့ တရားအားထုတ်ရန် နောက်ဆုတ်လင့်။ ကျနော်သည် အလုပ်တခုခုလုပ်ရန် ဆုံးဖြတ်မိပါက လုပ်ရချေမှကျေနပ်သည်။ ဒါဟာ ကျနော်၏ အကျင့်တခုပင်။

ဤည မိုးတွေဘယ်လောက်ရွာချေ၊ တရားအားထုတ်မည် ဟု ဆုံးဖြတ်သည့်အတိုင်း အားထုတ်တော့မည်။

ဘုရားစင်ရှေ့တွင် ကြာကြာထိုင်စ မရှိသော ကျနော့အဖို့ အတော်ကလေး ကသိကအောက်နိုင်လှသည်။

အကြောင်းမူ ထိုင်သည့် ပုံသဏ္ဌာန် မသိရှိသောကြောင့် မည်ကဲ့သို့ ထိုင်ရမည်ကို မတွေးတောမိ။

ဒါကြောင့် မြင်လေ့မြင်ထရှိခဲ့သောအတွေ့အကြုံက အခြား လူများ ထိုင်ပုံထိုင်နည်းက မြင်ဆရာ အနေဖြင့် အတွေ့အကြုံ ရခဲ့သည်။

ကျနော် ဘုရားစင်ရှေ့တွင် ထိုင်၍ ဝတ်ပြုသည်။

ဤနေရာမှာ ဘုရားဂုဏ်တော်များ ရွတ်ဆိုရမည်။ ဒါပေလင့် ကျနော် မရ။ ဒါကြောင့် ရတနာသုံးပါးကို ဘုရား၊ တရား၊ သံဃာတို့အား ရှိခိုးပါသည်။

ယင်းသို့ ရှိခိုးပြီးနောက် ကိုယ်ကို မတ်မတ်ထားပြီး ကြာဖူးပုံသဏ္ဍာန် ခြေနှစ်ဖက်ကို တဖက်နှင့် တဖက်ယှက်ပြီး မျက်စိကို မှိတ်ကာ ကျနော်၏ စိတ်သည် ဘုရားအာရုံပြုလျက် ရှိပါသည်။

မျက်စိထဲတွင် အရောင် အမျိုးမျိုး ပေါ်လွင်နေ၏။

ဥပမာ ...လေအဟုန်၏ တိုက်ခတ်ခြင်းကို ခံရသော တိမ်လိပ်တိမ်သားတို့မှာ လူးလိမ့်ပြန့်လွင့် သကဲ့သို့ အနီရောင်၊ အစိမ်းရောင် အရောင်အဆင်းမျိုးသည် တခုနှင့်တခု ဆေးယှက်လှုပ်ရှားနေ၏။

ကျနော်၏စိတ်သည် ဘုရားအား အာရုံပြုထားသော်လည်း တည်ငြိမ်မှု မရှိပေ။ အကြောင်းမူ စိတ်၏ လှုပ်ရှားနေသော ထွေလာသောင်းပြောင်း တောင်စင်ရေမရှိ တမျိုးတဖုံ စိတ်၏ သဏ္ဍာန်က လှည့်ဖျားခြင်းကြောင့် သမာဓိအားကို မတိုးပွားစေဘဲ ပျင်းရိသောစိတ်က ဖြစ်ပေါ်လာပါသည်။

ထိုင်လေ့ ထိုင်စမရှိသော ကျနော့်မှာ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများသည် နာကျင်သော ဝေဒနာမျိုးက ဖိနှိပ်လာပါသောကြောင့် ကြာကြာ မထိုင်ဖြစ်တော့ချေ။

ကျနော်သည် အချိန်အနည်းငယ် တရားထိုင်ရသဖြင့် စိတ်ဝယ် မကျေချမ်းသော ဘဝင်မကျသော လုပ်ရပ်တခု၏ အနှစ်အရသာကို မတွေ့ရှိ၊မခံစားရသောကြောင့် တမြေ့မြေ့ တရားကို ကြာရှည်စွာထိုင်ရန် နည်းလမ်း ရှာဖွေတော့သည်။

အမှတ်မထင် ညတညတွင် ကျနော်သွားမေးခဲ့သော သမထဆရာကြီးပြောလိုက်သော အသက်ရှူရပ်၍ ရပ် နှာမ်ခွဲကျင့်ခြင်း၊ တရားကို အားထုတ်ရန် စိတ်ဝယ် ဆောလျင်စွာ သတိရမိ၏။

ထို့ကြောင့် ဆရာကြီးပြောသော အသက်အောင့်ကျင့်ခြင်းကို စတင်ကျင့်ကြံပါသည်။ အသက်ကို မြန်မြန်ရှူ၊ မြန်မြန်ထုတ်၍ အသက်မရှူဘဲ ရပ်လိုက်တော့ အသက်ရှူခြင်းကြောင့် စိတ်၏လှုပ်ရှားမှုသက်သာန်သည် ပေါ်လွင်၍မလာဘဲ ကိုယ်တွင်း၌ လေ၏ ခိုလှောင်ခြင်း ခံရသောကြောင့် အသက်အောင့်၍ ခံစားရသော ဝေဒနာတမျိုး ခံစားရပါသည်။

ထိုအသက်အောင့်၍ ကျင့်ကြံသော အလေ့အကျင့်ကို ရက်ကြာကြာ ကျနော် လေ့ကျင့်ခဲ့၏။

တခါတရံ ညဘက်၌ အိပ်ရာပေါ်တွင် ပက်လက်လှန်၍ ရပ်-နှာမ်ကွဲသော အသက်အောင့် အကျင့်ကို ကျင့်ကြံခဲ့ပါသည်။

ဤကဲ့သို့ ကျင့်ကြံနေသော အချိန်တွင် သွေးခုန်နှုန်းမြန်ပြီး အပူရှိန်ဟပ်မှုကို ခံစားရသယောင်ယောင်နှင့် အသက်ကို ပြန်လည်ရှူသောအခါတွင် ကျနော်၏တကိုယ်လုံးမှာ အေးစက်၍လာပါသည်။

ထို့ကြောင့် ထိုအကျင့်တရား၏ ခံစားရသော ဝေဒနာမှာ သွေးခုန်နှုန်း မြန်လာခြင်း၊ နှလုံးတုန်ခြင်း၊ လက်များတုန်လာခြင်း ဝေဒနာကို ခံစားရပါသည်။ ထိုအကျင့်တရားသည် မမှန်ကန်သော အကျင့်ဟု ထင်မြင် ယူဆပါသည်။

× × ×

(၁၅)

ဤသို့တဖန် နောက်ဆက်လက် ကျင့်ပြန်ရာ၏။

ဤညအဖို့ စွန်းလွန်း ဆရာတော်ဘုရားကြီး၏ တရားအား ထုတ်စဉ် ဟောကြားညွှန်ပြတော်မူခြင်း၏ ခပ်သန့်သန့် ခပ်ပြင်း ပြင်း ရှုခြင်း၏ အကျိုးသက်ရောက်မှုသည် ပတ်ဝန်းကျင် ဆူညံ ခြင်းကို ငြိမ်သက်စေ၏။

ကွယ်ပျောက်စေ၏။ ထိုတရားကို ကျင့်ရခြင်း အားဖြင့် ကျနော့အတွက် အထူး ငြိမ်းအေးစေသည်။

သမာဓိအား တိုးတက်စေပါသည်။

တခါတရံ ကျနော်တရားအားထုတ်နေစဉ် နှာခေါင်းဝတွင် ၎င်း၊ ပါးပြင်တွင်၎င်း၊ စူးရှသော အကောင်ဟု ထင်ရသော

သက်ရှိအရာများသည် လှုပ်ရှားသွားလာဟန်ဖြင့် သမာဓိကို ပျက်ပြားစေအောင် နှောက်ယှက်ခြင်းကိုခံရလေသည်။

ယင်းကဲ့သို့အပြုအမူများကြိမ်ဖန်များစွာ ခံရသောကြောင့် ကျနော့်အဖို့ ယင်းနှောက်ယှက်ခြင်းကို ပရမပြု မိမိအားထုတ်သောတရားကိုသာ ဦးစားပေးအားထုတ်လျက်ရှိ၏။

ကျနော်သည် တရားအားထုတ်ချိန်မှ အပဖြစ်သော အချိန်များတွင် အချိန်ကို အလဟဿမဖြစ်စေဘဲ တရား အားထုတ်ခြင်းကို အထောက်အကူ ဖြစ်စေသော တရားစာအုပ်များ၊ သမထကျမ်းများကို ဝယ်ယူလေ့ကျင့်ရသည်။

ကျွန်တော် လေ့လာ မှတ်ကျက်ရသော သမထကျမ်း အစောင်စောင်များမှကောက်နှုတ်၍ သမထကျင့်စဉ်များပါရမီရှင်များ လေ့လာဖတ်ရှုနိုင်ရန် အနည်းငယ် ဖော်ပြလိုက်ပါသည်။

## သမထ (၀၁) သမာဓိတည်ဆောက်ခြင်း

သမာဓိ ဟူသည်မှာ သမဓာန ဟူသော အနက်ကြောင့် သမာဓိဟူ၍ ဆိုအပ်၏။အဓိပ္ပာယ်မှာ တခုတည်းသောအာရုံ၌ စိတ်စေတသိက်တို့ကို အညီအညွတ်ဖရိုဖရဲ မကွဲမပြားစေအောင် ကောင်းစွာ ထားသော တရား(၀၁) ကျင့်စဉ်သည် သမာဓိမည်၏။

သမာဓိ၏ သဘောတရား လက္ခဏာမှာ အထူးထူးသောအာရုံတို့ကို မပျံ့လွင့်စေခြင်း သဘောလက္ခဏာရှိ၏။ စိတ်ကိုထိုထိုဤဤသောအာရုံသို့ပြန့်လွင့်စေတတ်သောအခြင်းအရာကို ဖျက်ဆီးခြင်းအကြောင်း ရှိ၏။ ဖျက်ဆီးနိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံပေ၏။ မတုန်မလှုပ်သောအားဖြင့် ဉာဏ်အား ရှေ့ရှုစေခြင်းကိုလည်း ဖြစ်စေ၏။

## ထိုင်ပုံ ထိုင်နည်း၊ယောဂကျင့်နည်းများ

(၁) ပဒုမ္မာသန (ကြာပွင့်သဏ္ဍာန်ထိုင်နည်း)
(၂) သိဒ္ဓာသန(ခိုင်ခန့်စွာ ထိုင်နည်း)
(၃) သဝါတိကာသန(ကြီးပွားအောင်ထိုင်နည်း)
(၄) သုခါသန(ချမ်းသာသလို ထိုင်နည်း)

## သမာဓိ ထူထောင်ရာတွင် ခန္ဓာကိုယ် ကြံ့ခိုင်ရေး

စိတ်ဓာတ် ထားကြိုင်း သန်စွမ်း ပျိုးထောင်ရာ၌ ခန္ဓာကိုယ် အစိတ်အပိုင်းများကို လျစ်လျူရှု၍ မရပေ။ ခန္ဓာကိုယ် ကြံ့ခိုင်ရေးအတွက် ကိုယ်လက် လှုပ်ရှားမှု လေ့ကျင့်ခန်းများကို ပြုလုပ်ပေးရသည်။

## သမထ ဘာဝနာနှင့် ကမ္မဋ္ဌာန်းများ စရိုက်ခြောက်ပါး

သမထဘာဝနာဆိုသည်မှာ ကမ္မဋ္ဌာန်းလေးဆယ်တွင်တပါးပါးသောကမ္မဋ္ဌာန်းကို စူးစိုက်အားထုတ်ခြင်းဖြင့် ပြေးလွှားပြန့်လွင့်နေသောစိတ်ကို ငြိမ်ဝပ် တည်တံ့လာစေရန် အားထုတ်ခြင်းဖြစ်ပေသည်။

ခပ်သိမ်းသော စိတ်သဘာဝတို့သည် အပက်ပက်တွင်အယုတ်အလွန်မရှိ ပကတိညီညွတ် မျှတနေမှသာ ငြိမ်သက် တည်ကြည်လာနိုင်ပေသည်။

စိတ်ဓာတ်အညီအညွတ် အမျှအတ ဖြစ်နေစေရန် အလုံသော သံယောဇဉ်(သို့မဟုတ်) အနှောက်အရှက်တို့ကြောင့် တနည်းတဖုံ ယိမ်းယိုင်နေခြင်းမှ ကင်းရှင်းရပေမည်။

သို့ဖြစ်လေရာ အရေအတွက် အားဖြင့် ကမ္မဋ္ဌာန်းပေါင်းလေးဆယ်မျှရှိနေစေကာမူ ပုဂ္ဂိုလ်အစားစားအလိုက် လွန်ကဲသောစရိုက်အားလျော်သည့် တခုတည်းသော ကမ္မဋ္ဌာန်းကိုသာ ရွေးချယ်ကောက်နုတ်အားထုတ်ရန် လိုအပ်ပေသည်။

### အနုဿတိ [ ၁၀ ] ပါး
### (အဖန်ဖန်ပွားများအောက်မေ့သော သတိ)

ဗုဒ္ဓါနုဿတိ- (ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ခြင်း)

ဓမ္မာနုဿတိ- (တရားတော်၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ခြင်း)

သံဃာနုဿတိ- (သံဃာတော်၏ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ခြင်း)

သီလာနုဿတိ- (မိမိ ထိန်းသိမ်း စောင့်ရှောက် အပ်သော သီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း)

စာဂါနုဿတိ- (မိမိပြုခဲ့ဘူးသည့် ဒါန အစုစုကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း)

ဒေဝတာနုဿတိ- (နတ်ပြဟ္မာ အပေါင်းတို့၏ ဘဝဟောင်းက ကုလလ-ပညာ အစုစု ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် အောက်မေ့ခြင်း)

ဥပသမာနုဿတိ- (နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အဖန်ဖန်အောက်မေ့ခြင်း)

မရဏာနုဿတိ- (သေခြင်းကို အဖန်ဖန်အောက်မေ့ခြင်း)

ကာယဂတာနုဿတိ- (ဆံပင်၊ မွေးညှင်း၊ လက်သဲ၊ ခြေသဲစသည့် ၃၂ ပါးသော ကောဋ္ဌာသကို အဖန်ဖန် အောက်မေ့ခြင်း)

အာနာပါနာနုဿတိ- (နှာခေါင်းမှ ထွက်လေ ဝင်လေကို အာရုံပြုသော သတိ)

## ဗြဟ္မာဝိဟာရ [ ၄ ] ပါး

မေတ္တာ- (ချစ်ကြည်လေးမြတ်ခြင်း)
ကရုဏာ- (သနားသက်ညှာခြင်း)
မုဒိတာ- (သူတပါးတို့ ကြီးပွားချမ်းသာခြင်း၌ ဝမ်းမြောက်ခြင်း)
ဥပေက္ခာ- (မုန်းချစ်မဟူ- သူတပါးကို-တန်းတူထားရှိခြင်း)

## စရိုက် [ ၆ ] ပါးအား အသီးသီးလျော်သော ကမ္မဋ္ဌာန်းများ

ကျွန်ုပ်ပြဆိုခဲ့ပြီးသည့်အတိုင်း သမာဓိ ထူထောင်ရာတွင် ပျပ်ဝတ်ငြိမ်သက်သော စိတ်မျိုးကို ရရှိစေရန် အထူးလိုအပ်ပေသည်။

အောက်တွင် ဖော်ပြထားသည့် စရိုက် (၆)ပါးတို့အနက် တစုံတခုသော စရိုက်လွန်ကဲမှုမရှိမှသာလျှင် စိတ်သည် ငြိမ်ဝပ်ချုပ်းနိုင်ပေသည်။

သို့ဖြစ်သည့်အတွက် လွန်ကဲသည့် စရိုက်သဘောတို့ကို အခြေခံ အထောက်အထားပြုပြီးသည့်ကာလ၊ ပုဂ္ဂိုလ်အစားစား အားလျော်သော ကမ္မဋ္ဌာန်းတို့ကို ရွေးချယ်ရပေသည်။

• အသီးသီး လွန်ကဲစွာ ခြားနားသည့် စရိုက်(၆)ပါး အမျိုးအစားတို့မှာ....

၁။ ရာဂစရိတ- (ဝတ္ထုကာမ၊ ကိလေသာ ကာမတို့၌ လွန်ကဲစွာ ကပ်ငြိတတ်သောပုဂ္ဂိုလ်)

၂။ ဒေါသစရိတ- (အာဃာတ၊ ဣဿာ၊ မစ္ဆရိယ စသည်တို့၌ လွန်ကဲသည့် ပုဂ္ဂိုလ်)

၃။ မောဟစရိတ- (ထိုင်းမှိုင်း တွေဝေခြင်း၌ လွန်ကဲသည့် ပုဂ္ဂိုလ်)

၄။ သဒ္ဓါစရိတ- (ယုံကြည် လွယ် လေ့ ရှိသော ပုဂ္ဂိုလ် )

၅။ ဝိတက္ကစရိတ- (စိတ်ကူးယဉ်တတ်သော ပုဂ္ဂိုလ်)

## ရာဂစရိတ

ရာဂစရိတပုဂ္ဂိုလ်သည် အလှအပကို ခုံမင်နှစ်သက်တတ်၏။

သို့ဖြစ်ရာ လွန်ကဲနေသောစရိုက်တို့ လျော့ပါးပြီးသည့်ကာလ၊ စိတ်သဘာဝ အညီအညွတ်ဖြစ်စေရန် အလို့ငှာ၊ သာကီ

စင်အာရုံနိမိတ်ဖြစ်သော မနှစ်သက်ဖွယ် အဆင်းကို ကြည့်ရှုရ ပေသည်။

အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိကို အားထုတ်ရ ပေသည်။

## ဒေါသစရိတ

ဒေါသစရိုက်လွှမ်းကဲသည့် ပုဂ္ဂိုလ်သဏ္ဍာန်ဝယ်၊ တော်လှန် တိုက်ခိုက် ဖျက်ဆီးလိုသော ဒေါမနဿများ ပြည့်နှက်၍ နေ လေသည်။

သို့ဖြစ်ရာ၊ ထိုစိတ်များ လျော့ပါးသွားစေရန် အလိုငှာ၊ မေတ္တာ-ကရုဏာ၊ မုဒိတာ-ဥပေက္ခာ တည်းဟူသော ဗြဟ္မာ့စိုရ် လေးပါး ကမ္မဋ္ဌာန်း တရားတို့ကို အားထုတ်စီးဖြန်း အပ်ပေ သည်။

နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ-ကသိုဏ်းများ နှစ် သက်ဖွယ်သော အဆင်းအရောင်တို့ ဖြစ်လေရာ၊ ဒေါသစသည့် စရိုက်ဆိုးတို့ ပြေပြောင်းညွှတ်စေရန်အတွက် သင့်လျော်လှပေ သည်။

## ဝိတက္ကစရိတနှင့်မောဟစရိတ

ဝိတက္ကစရိုက်ရှိသော ပုဂ္ဂိုလ်စင်စိတ်သည် ရပ်တည်မရ လှုပ် ရှားလှပေရာ၊ ၎င်းပြင် မောဟစရိုက် ပုဂ္ဂိုလ်သည်လည်း ပျင်း

ရှိ ထိုင်းမှိုင်းလှပေရာ၊ ၎င်းတို့အတွက် အာနာပါနာနုဿတိ ကမ္မဋ္ဌာန်းကို ပြဋ္ဌာန်းရပေသည်။

အာနာပါနာနုဿတိသည် ထွက်လေ ဝင်လေ ပွတ်တိုက်သွားရာ နှာသီးဖျား၊ သို့မဟုတ် အထက်နှုတ်ခမ်းများ၌ အာရုံကို စူးစိုက်ထားခြင်းဖြင့် တဖြည့်ဖြည့်တပါးပြေးလွှားနေသော စိတ်ကို ထိန်းချုပ်ထားနိုင်ပေသည်။ အမြဲတစေ သတိကို ဆောင်ရွက်နေရသည်ဖြစ်ရာ၊ ပျင်းရိထိုင်းမှိုင်းခြင်းများလည်း လွင့်ပါးသွားနိုင်ပေသည်။

## သဒ္ဓါစရိတ

သဒ္ဓါစရိုက် ပုဂ္ဂိုလ်၏ သဏ္ဍာန်၌မူ၊ ကောင်းမြတ်သော စိတ်စေတနာ သဒ္ဓါတရားတို့သည် အမြဲတစေ ကိန်းမွေ့၍ နေလေသည်။

ဂုဏ်တော်ကို ချီးကျူး၍ ဘုရားဝတ်ပြုခြင်းတို့၌ မွေ့လျော်လေ့ရှိ၍၊ ကျမ်းကြီးကျမ်းခိုင်များတွင်လာသည့် ပါဠိ အနက် စသည်တို့၌ မတုန်မလှုပ်စုပ်စုပ်ယုံကြည့်လေ့ ရှိတတ်ပေသည်။

သို့ရာတွင် သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်သည်၊ နက်နဲစွာ ကြံဆတွေးခေါ်ရမည့် အကြောင်းအရာတို့ကို လက်မခံလိုပေ၊ ပြင်းထန်စွာ ကျင့်ကြံအားထုတ်ရမည့် ကမ္မဋ္ဌာန်းများကိုလည်း မလိုလားပေ။

သို့ဖြစ်သည့်အတွက် သဒ္ဓါစရိုက် လွန်ကဲသော ပုဂ္ဂိုလ်တို့အဖို့ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ ဒေဝတာနုဿတိ-တည်းဟူသော အနုဿတိ ၆-ပါးတို့သည် သင့်လျော်လှပေသည်။

## ဗုဒ္ဓိစရိတ

ဗုဒ္ဓိစရိုက်ရှိသောပုဂ္ဂိုလ်မှာမူ၊ ကိစ္စအချပ်ရပ်တွင် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို များစွာဆင်ခြင်တတ်၏။ သတိဝီရိယနှင့်လည်း ပြည့်စုံပေ၏။ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့ရှိပေရာ၊ အာဟာရ ပဋိကူလသညာ (ခဲဖွယ်ဘောဇဉ်တို့ကို ရွံရှာဖွယ်အဖြစ် ဆင်ခြင်ခြင်း) စတုဓာတုဝ ဝတ္ထာန် (မဟာဘုတ် လေးပါးကို နှလုံးသွင်းခြင်း)နှင့် မရဏာနုဿတိ (သေခြင်းကို အဖန်ဖန် အောက်မေ့ခြင်း)တို့နှင့် သင့်လျော်ပေသည်။

## ဒုစရိုက် ဆယ်ပါး

ဒုစရိုက်ဆယ်ပါးဟူသည်ကား-

ကာယဒုစရိုက် သုံးပါး။

ဝစီဒုစရိုက်လေးပါး။

မနောဒုစရိုက် သုံးပါးတို့ဖြစ်၏။

**ကာယဒုစရိုက်** ဟူသည်မှာ ကိုယ်လက်အင်္ဂါတို့ဖြင့် ပြုမူလုပ်ဆောင်သော မကောင်းမှုမျိုးဖြစ်သည်။

၁။ သူတပါးကို နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်ခြင်း။ ၂။ သူတပါး၏ ပစ္စည်းဥစ္စာကို လုယက်ခိုးယူခြင်း။ ၃။ သူတပါး၏ သား-သမီး-ဇနီး-ခင်ပွန်း-တို့ကို ပြစ်မှားလွန်ကျူးခြင်းတို့သည် ကာယဒုစရိုက်သုံးပါးပင် ဖြစ်၏။

ဝစီဒုစရိုက်လေးပါးဟူသည်မှာ နှုတ်ဖြင့် ပြောဆိုပြုမူသော မကောင်းမှုမျိုး ဖြစ်သည်။

၁။ လိမ်လည်လှည့်ဖျား မမှန်သော စကားကို ပြောဆိုခြင်း။ ၂ ။ချောပစ်ဂုံးတိုက်ချောက်တွန်းပြောဆိုခြင်း။ ၃။ ရှန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုရေရွတ်ခြင်း။ ၄။ ကျိုးကြောင်းမစပ်ရောက်တတ်ရာရာ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်းတို့သည် ဝစီဒုစရိုက်လေးပါးပင် ဖြစ်၏။

မနောဒုစရိုက် ဟူသည်မှာ စိတ်ဖြင့်ကြံစည်တွေးတော၍ ပြုမူသော မကောင်းမှုမျိုး ဖြစ်သည်။

၁။ သူတပါး၏ စည်းစိမ်ဥစ္စာကို မတရားသဖြင့် ရယူလိုခြင်း။ ၂။ သူတပါးကို ညှဉ်းပန်းနှိပ်စက် ဖျက်ဆီးလိုခြင်း။ ၃။ အမှားကိုအမှန်ဟုရင်း၊ အမှန်ကိုအမှားဟုရင်း၊ တွေးမြင်ယူဆခြင်းတို့သည် မနောဒုစရိုက် သုံးပါးပင်ဖြစ်၏။

ယင်းသို့လျှင် ဒုစရိုက်ဆယ်ပါး၊ အကုသိုလ်တရားစုကို ပိုင်းခြားသိမှတ်ထားသင့်ပေသည်။ ၎င်းတို့ကို မကောင်းမှုများ ဟူ

ရှုရင်း၊ မကောင်းကျိုးဖြစ်စေတတ်သည့် အကြောင်းများ ဟူ၍ ရှုရင်း၊ အမှားများ အမြင်များ ဟူ၍ရှုရင်း၊ ဗုဒ္ဓက ညွှန်ပြတော်မူ သည်။

ကျွန်တော်တွေ့ရှိသော သမထကျမ်း သမထနှင့် ပတ်သက် သော စာပေအကြောင်း အရာများကို လက်လှမ်းမှီသလောက် ရေးသား ဖော်ပြအပ်ပါသည်။

ယင်း အကြောင်း အရာများသည် သမထလိုက်စားလေ့ ကျင့်လိုသော ပုဂ္ဂိုလ်များအတွက် အထောက်အကူ ပြုပါ သည်။

× ×

( ၂၆ )

မှတ်သုန်မိုးဦး မြူးကြွစ ပြုလေသည်။

မိုးဦးကာလမို့ နံနက်ဦးလေသည် အေးအေး ညှင်းညှင်း တိုက်ခတ်နေ၏။

မိုးကိုကြိုသည့် မြက်ညှန့်ကလေးများက စိမ်းနုရောင် သန်း လျက်ရှိနေသည်။ နေရောင်ခြည်ကလေးများသည် အဖျားဝယ် တောက်ပ၍ နေကြ၏။

သဘာဝ ပတ်ဝန်းကျင်၏ အလှကို ကြည့်ရသူ ကျနော့် စိတ်က ကြည်နူးမိသည်။

ယနေ့သည် ရုံးပိတ်၏။

တရားအားထုတ်ရာဝယ် အချိန်ပိုရသည်။ ပတ်ဝန်းကျင်က တိတ်ဆိတ်၏။ ထိုတိတ်ဆိတ်ခြင်းကို ကျနော်က နှစ်သက်မိ သည်။

ထိုနောက် တရား အားထုတ်ရန် ပြင်ဆင်လိုက်သည်။ သို့ တစေကျနော့်စိတ်က သန့်ရှင်းသည်။ ရုပ်၏ ဖုံးလွှမ်းထားသော ဝတ်ကြောင်ကြောင့် ဒွိဟစိတ်များဖြစ်ပေါ်လာပါသည်။

ထိုကြောင့် မငြိမ်သက်သော စိတ်၏လှုပ်ရှားခြင်းကို ခံစားရပါသည်။ သို့သော်လည်း အပြင်၏စိတ်လှုပ်ရှားခြင်းကို အတွင်းစိတ်စင်ကြယ်မှုက အနိုင်ယူလိုက်သည်။

ဤသို့ကမ္မဋ္ဌာန်းတရား အားထုတ်သည်။ သမသကျမ်းစာအုပ်များဖတ်ထားသူ ကျနော့်မှာ ယခင်ကလိုမဟုတ္တပေ။

"ပဒုမ္မာသန" ကြာပွင့်သဏ္ဌာန် ထိုင်နည်းမျိုးကို ထိုင်လိုက်သည်။

မျက်စိကစုံမှိတ်ပြီး ထွက်သက် ဝင်သက်ကို ခပ်မှန်မှန် ခပ်လေးလေးရှူလိုက် ထုတ်လိုက်ပြုလုပ်ခြင်းဖြင့် ထွက်သက် ဝင်သက်ကို မှန်ကန်မှုရရှိရန်အတွက် လေ့ကျင့်နေရသည်။

အချိန်အနည်းငယ် ကြာညောင်းခဲ့သည်။

တဝီဝီနှင့်မြည်အောင် ပြေးလွှားနေသော ခြင်တွေ၏ ကိုက်ခဲခြင်းကို ခံလိုက်ရပါသည်။ သူတို့၏နှုတ်ချွန်များက ကျနော်၏ အသားများပေါ်တွင် စိမ်ယူပြီး သွေးများ စုတ်ယူကြသောကြောင့် ၎င်းတို့အား ရိုက်နှက်ခြင်းမပြုဘဲ အသက်ကို ခပ်ပြင်းပြင်း ခပ်သန်သန်ရှူရပြန်သည်။

ဒါကြောင့် ငြိမ်လိုက်လှုပ်လိုက် ဖြစ်နေသော ကျနော်၏ ကိုယ်ပေါ်တွင် ခိုနားနေသောခြင်များ၏ရန်မှ ကင်းဝေးခဲ့ပါသည်။

ကျနော်သည် ထွက်သက် ဝင်သက် လေ့ကျင့်ရသည်မှာ မိမိရှူသွင်းလိုက်သော လေသည် ခန္ဓာကိုယ်အတွင်းသို့ တချိန်တည်းရောက်အောင် ပို့ဆောင်ပြီး ၎င်းကိုတပြိုင်တည်း ပြင်ပသို့ မှုတ်ထုတ်လိုက်သည်။

ထိုရှူခြင်းရှိုက်ခြင်းကို ဖြည်းဖြည်းလေးလေးပြုလုပ်ပေးပြီးသောအခါတွင် အသက်မရှူဘဲ အလိုလို ငြိမ်လျက်သားရှိနေတော့သည်။ ထိုငြိမ်လျက်ရှိနေသောအချိန်တွင် သမာဓိအားကို အရဖမ်းယူချိန်ပင်။

ဆိုလိုသည်မှာ ဘဝင်ကျသောအချိန် ဖြစ်သည်။ မည်သည့်အရာတခုမှ ပြင်ပ၏ အတွေးအခေါ်များ မစဉ်းစားမိ၊ တခုတည်းသောအာရုံကို ခံစားယူမိသည်။ အခြားတော့မဟုတ်ချေ၊ "မြတ်စွာဘုရား၏ ဂုဏ်တော်တပါးကို ငြိမ်သက်သော" စိတ်ပေါ်တွင် ပွားနေတော့သည်။

ကြာရှည်တော့ မဟုတ်ပေ။ အနည်းငယ်ပင်စိတ်၏ စင်ကြယ်မှုကို ရရှိတော့သည်။

၎င်းလေ့ကျင့်ခန်းများကို ရက်မှ လသို့ ကြာညောင်းစွာ လေ့ကျင့်ဖန် များလာသောအခါတွင် စိတ်၏ စင်ကြယ်မှုကြောင့် ရှေးယခင်ကပင် ရောထွေးယှက်တင် အရောင်အဆင်းများနှင့် ညစ်ညူးသောစိတ်များက ကျနော်၏အာရုံကိုဖုံးလွှမ်း၍မရတော့ချေ။

ယခုအချိန်တွင် ကျနော်၏ အာရုံသည် ထူးထူး ခြားခြား ကြည်လင်၍ တည်ငြိမ်လျက်ရှိတော့သည်။

ဥပမာ မှိုယ်သောဆင်ကို ထူးခတ်ခံရသကဲ့သို့ ကျနော်၏ စိတ်ရိုင်းလည်း မြတ်စွာဘုရား၏ ဂုဏ်တော်တပါးကိုချည်နှောင် ထားလိုက်သဖြင့် အတွင်းစိတ်၊အပြင်စိတ်ဟူ၍ နှစ်မျိုးရှိရာတွင် အပြင်စိတ်သည် အထိန်းရလှယ်၏။

အတွင်းစိတ်သည် အလွန်ကြောက်စရာ ကောင်းသည်ဟူ၍ စိတ်ပညာ ဆရာကြီးများက ၎င်းစိတ်ကို စိတ်ရိုင်းဟု အမည် ပေး၏။ အတွင်းစိတ်များသည် လောဘ၊ ဒေါသ၊ မောဟ များကိုဖြစ်ပေါ်အောင် ပြုလုပ်နိုင်သည်။

ဆရာတော်တပါး ရေးသားထားသော စာအုပ်မှ အောက် ပါအတိုင်း မေတ္တာနုပဿနာ အကြောင်းကို ကျနော်မှတ်သား မိပါတော့သည်။

၎င်းတို့ကား။

## စိတ္တာနုပဿနာ

| | |
|---|---|
| ၁။ မြင်စိတ် | အပြင်စိတ် |
| ၂။ ကြားစိတ် | |
| ၃။ နံစိတ် | |
| ၄။ စားစိတ် | |
| ၅။ ယားနာကောင်းစိတ် | |

၆။ တွေးစိတ်၊တောစိတ်

| | |
|---|---|
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ် | အတွင်းစိတ် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကို သွင်းသောစိတ် | အိမ်သည်စိတ် |

၎င်းစိတ္တာနုပဿနာကို ပြန်လည် သုံးသပ်ကြည့်သော အခါ ကျနော်ကျင့်၍နေသော စိတ်တည်ငြိမ်မှုသည် အစပျိုးကနဦး လေ့ကျင့်၍ရသော သဘောတရားပင် ဖြစ်ပေသည်။

ဤသို့အပြင်စိတ်၊ အတွင်းစိတ် လှုပ်ရှားပုံကို တနည်း တဖုံ သိခွင့်ရသောကျနော်မှာ အပြင်အာရုံဖြစ်မှုမှန်သမျှအနည်းငယ် ပယ်ရှားခွင့် ရပေသည်။

မြင်မြင်သမျှမမြဲ၊ တည်တံ့မှုမရှိခြင်း၊ ရုပ်ဝတ္ထု အသစ်များ သည် အဟောင်းတဖန် ဖြစ်၏။

မဖြစ်သေးသော ရုပ်ဝတ္ထု ပစ္စည်းများသည် သစ်ဆန်းမှု၊ လှပမှု၊ နှစ်သက်ဖွယ် ကောင်းသော ပစ္စည်းသဖွယ် အဖြစ် ရောက်၏။

ဤသို့ ရောက်လာခြင်းသည် အဟောင်း အဖြစ်သို့ ရောက်ရှိ ရန်ဖြစ်သည်ကို မိမိစိတ်က သိလာသည်။ ထင်လာသည်။

ထို့ကြောင့် ပြင်ပရုပ်ဝတ္ထုပစ္စည်းများနောက်သို့ ကျနော့် စိတ်က မလိုက်တော့ပေ။ အစားအသောက်သို့ ခြိုးခြံ၍စားနိုင်သောအလေ့အထကို မွေးမြူနိုင်ကာ ရောင့်ရဲ တင်းတိမ်နိုင်ခဲ့သည်။

မြင်သမျှ၊ တွေ့တမျှ၊ ကြားသမျှ နေ့စဉ်မိမိနှင့် တွေ့ထိရသောအကြောင်းအရာ ဖြစ်ပေါ်သမျှကို ငြီးငွေ့စ ပြုလာတော့သည်။

ထို့ကြောင့် နံနက်စောစော ရွှေတိဂုံဘုရားသို့ သွား၍ တရားအားထုတ်ရန် စိတ်ကူး ပေါ်လာတော့သည်။ သို့သော်လည်းကျနော်သည် အစိုးရအမှုထမ်း တဦး ဖြစ်သောကြောင့် တာဝန်နှင့်ဝတ္တရားက ကျနော့်ကို အဟန့်အတား ဖြစ်စေပါသည်။

ကျနော်သည် ရုံးချိန်ကုန်ပြီးမှ ညနေဘက်တွင် ရွှေတိဂုံဘုရားယင်ပြင်ပေါ်သို့ ခြေချခွင့်ရသည်။

ဤအချိန်တွင် တခါဘူးမျှ တွေ့မြင်ခွင့် မခံစားဘူးသောနှလုံးသား၏ အေးငြိမ်းချမ်း သာယာမှုမျိုးကို ခံစားရသဖြင့် စိတ်ဘဝင်တွင် ပီတိလွှမ်းခြုံလျက် ရှိပါတော့သည်။

ပီတိဖြာသော စိတ်အစီအစဉ်၏ကြည်နူးမှုက ရွှေသားပကတိဖုံးလွှမ်းသည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပတ်ဝန်းကျင်ရှိ ပုထိုးများကို ကြည့်ရှုနေရခြင်းမှာ ကျနော်၏စိတ်ကို နူးညံစေခဲ့ပါသည်။

အကြောင်းမူ ကျနော်သည် နီးရက်နှင့် ဝေးနေသော ဤနေရာနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ခရီးစဉ် ဤသို့အကြောင်း၊ ထိုသို့အကြောင်းကြောင့် မြင့်မြတ်သောတည်နေရာ မနှိုင်းယှဉ်

အပ်သောနေရာသို့ တနှစ်တခေါက်ဆိုမလောက်ပင် ထိုနေရာသို့ မရောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပါသည်။

တခေါက်မှနှစ်ခေါက်ဆို ကျနော်သည် မြတ်ရွှေတိဂုံကုန်း ပေါ်သို့ ရောက်ရှိခဲ့ပါသည်။

ဤအချိန်တွင် ကျနော့်အဖို့ ကြီးကန်း တောင်းမှောက်သကဲ့သို့ မျက်စိအစုံက ဟိုကြည့် ဒီကြည့် သိကောင်းစရာများနှင့် သိလိုသောပုဂ္ဂိုလ်များ တွေ့နိုးနိုး။

တန်ဆောင်းများထဲမှ တန်ဆောင်း၊ ဝိဇ္ဇာ တန်ဆောင်း၊ ထိုတန်ဆောင်းသို့ ကျနော်ရောက်ရှိသည်။

ထိုတန်ဆောင်းအတွင်းမှာ လူအနည်းငယ်ရှိသည်၊ သိပ်တော့ မများ။

ထိုလူထဲမှ လူတဦး။

သူ၏ဉပဓိရုပ်မှာ အသားဖြူသည်။ခန့်ညားသည်။ မုတ်ဆိတ်မွေးထူလဗျစ်နှင့် သစ်ခေါက်ဆိုးရောင် အညိုကို ဝတ်ဆင်ပြီး ယောဂီသဘက်ကလေးကို လည်ပင်းတွင် ပတ်ထားလေသည်။

သူ၏မျက်လုံးအစုံသည် ပတ်ဝန်းကျင်ကို တစေ့တစောင်း ကြည့်နေသည်။

ကျနော်သည် ထိုတန်ဆောင်းအတွင်းရှိ ဘုရားများကို ဝတ်ပြုပြီး ထပြန်ရန်အပြု ထိုသူ၏ ခေါ်လိုက်သော အသံကြောင့် သူ၏အနားသို့ ရောက်ရှိသွားပါသည်။

ဆရာနှင့်တပည့် ထိုင်သကဲ့သို့သူ့နားတွင် ကျုံ့ကျုံ့ကလေး ထိုင်လိုက်ပါသည်။

သူပြောသောစကား၊ သူ၏ သမာဓိ၊ သူ၏ ကျင့်ကြံခဲ့ပုံကို အကျယ်တဝင့် ပြောပြပါသည်။

ကျနော်အလုပ်အကိုင်၊ ပညာအရည်အချင်းတို့ကို ရှေးပြစ် နောက်ပြစ် အကြောင်းတွေ ဟောတော့သည်။

သို့သော် သူပြောသော စကားများက ကျနော့် အတွက် မမှန်ကန်ချေ။

ကျနော့်သည် သူ့အနားမှထွက်ခွါရန် ပြင်ဆင်လိုက်တော့ သည်။

ထိုအခါန်တွင်....

"ငွေတကျပ်လောက် ပေးခဲ့ပါ"

သူ၏ စကားသံကြောင့် ကျနော့်အတွက် အဟန့်အတား ဖြစ်စေပါသည်။

ကျနော် အိတ်ထဲရှိငွေကို ပြန်လည် ရေတွက်မိပါသည်။သူ တောင်းသော ငွေတကျပ်သာ ရှိသည်။ ကျနော် ပြန်စရိတ်က လိုသေး၊ ဒါ့ကြောင့် သူ့အတွက် ငါးမူးတော့ လှမ်းပေးလိုက် သည်။ ထိုအခါန်တွင် သူ၏ မျက်နှာတပြင်လုံးသည် ပြုံးယောင် သန်းလျက် ရှိနေသည်။

"မင်းပေးမှဘဲ ငါလဘက်ရည်သောက်ရတော့မှာ"

ဤစကား ဆုံးသည်နှင့် တပြိုင်နက် ကျနော်သည် တန် ဆောင်းအပြင်ဘက်သို့ ရောက်ရှိလာပါတော့သည်။

× × ×

(၁၇)

ကူးလူးဖြတ်သန်းခဲ့ရသော ရက်,လ,တွေ ကုန်ဆုံးခဲ့သော ကျနော့်အသိတရားများကို တနေ့နှင့်တနေ့မတူတော့ချေ။

တိုးတက်လာခဲ့သည်။ ယခင်အစက အပြုအမူ မျိုးတော့ မဟုတ်ပေ။

ဘုရားစင်ရှေ့ ရောက်သောအခါတွင် ဘုရားဝတ်မပြုမီ မိမိ ဘဝကို ပြန်လည်သုံးသပ်ချက်ပြုသည်။

ရုပ်,ခန္ဓာမမြဲသော သဘောတရားကို အဖန်ဖန်ပြန်လည် သုံးသပ် စဉ်းစားမိတော့သည်။

ဤသို့ ကြောက်စိတ် ဝင်လာသည်။ သေခြင်းတရားကို ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ သေဆုံးသွားကြသော ညီအကို မောင်နှမ ဆွေမျိုး သားချင်းတွေ၏ အနိစ္စမမြဲတဲ့ သဘောတွေကို ပြန်လည် စဉ်းစားမိရင်း စိတ်၏ရောင်ပြန် ဟပ်မှုကို ငါလည်း တနေ့ ဒီလိုဘဲ သေရအုံးမှာဘဲ။

ထိုကြောင့် သံဝေဂတရားများ တဖွားဖွား ပေါ်လာပါ တော့သည်။

ဤနေရာတွင် ကျနော်ဆုံးဖြတ်ချက်တခုတော့ ချမိသည်။

အကြောင်းက ဒီလို–

ကျနော်သည် ကျန်းမာနေ၏။ စားဝတ်နေရေးအတွက် အလုပ်ကလုပ်နေသည်။ နေ့စဉ်ဝမ်းရေးအတွက် ဖူလုံ၏။ ဝတ်ဆင်မှုအတွက် ဖူလုံ၏။ ယင်းကား အိပ်ချိန်နှင့် အလုပ်ချိန်ကို နုတ်ပြီး ပိုနေသော အချိန်ကို အချည်းနှီးမဖြစ်ရန် ထိုအချိန်ကို တရားအားထုတ်ရန် ဆုံးဖြတ်လိုက်ပါသည်။

ဤလိုသော အတွေးက မသေခင် မြတ်စွာဘုရား၏ ရှေ့မှာ ဖြူစင်သော စိတ်ကို မွေးမြူရတော့မည်။

အကယ်၍ ငါတယောက် မူးမူးရူးရူးနှင့် သေဆုံးသွားပါက အပယ်ဘုံသို့ရောက်ချေမည်ဟူသော အသိစိတ်၏ ပဲ့ပြင်ဆုံးမမှုကို ခံစားနေရတော့သည်။

ထိုမှ ကျနော်သည် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကိုသေချာစွာအာရုံခံ၍ ဝတ်ပြုမိသည်။ ၎င်းနောက် ကျနော်ရှိခိုး ရှိခိုး နှစ်ပါး ခန္ဓာငါးပါးကို ဘုရား၊ တရား၊ သံဃာတို့အား လှူဒါန်းလိုက်ပါတော့သည်။

အားထုတ်မှုအချိန်က ယခင်ကထက် တိုးတက်လာသည်။

ဒီတော့ အာရုံက ကြည်လင်လာသည်။

ဆုံညီမှု ကင်းမဲ့သောကြောင့် ကျနော့်အတွက် တရားအားထုတ်ရသည်မှာ သမာဓိအား ပိုမိုရရှိခဲ့ပါသည်။

"မနက်ဖြန် ရွှေတိဂုံဘုရားပေါ်ရှိ ရှင်အဇ္ဇဂေါဏ တန်ဆောင်းသွား၍ တရားအားထုတ် လိုသောဆန္ဒ ဖြစ်ပေါ်လာပါ၏။

လူတွေကတော့ ဥဒဟိုသွားလာနေကြသည်။ လူအများထဲမှ တယောက်သောသူကို ကျနော်မေးကြည့်သည်။ သိလိုသော စိတ်က ကျနော့်ကို နှိုးဆွပေးသည်။

သူ၏အပြောကြောင့် နီးရက်နှင့် ဝေးကွာနေသော နေရာကို တွေ့ရတော့သည်၊ ခြေလှမ်းနှစ်ဆယ်လောက်ဆို ရောက်ပြီ။ တန်ဆောင်းထဲတွင်ရှိ မီးချောင်း၏ အလင်းရောင်ကြောင့် လင်းထိန်နေသည်။ အတွင်းရှိ ရုပ်ပွားတော်များနှင့် တရားအားထုတ်သူများကို ပီပီပြင်ပြင် မြင်ရသည်။

မကြာမီ ကျနော်လို လူအချို့ ရောက်လာကြသည်။

ဒါပေမင့် ကျနော်တရားထိုင်ရန်အတွက် လွတ်နေသော ထိုင်ခုံတခုကို အရယူထားပြီးနောက် ဘုရားရှိခိုးသည်။ တရားအားထုတ်သည်။

အချိန်ကိုပြောပါမူ နာရီဝက်လောက်တော့ ရှိမည်ထင့်၊ ဒီအချိန်တွင် သမာဓိအတော်ရနေ၍ ခန္ဓာကိုယ် ငြိမ်သက်ခြင်း ဖြစ်လေသည်။

တမျိုးတော့ ထူးခြားနေသည်။ အာရုံ၏ အလင်းရောင်များက ကြည်လင်သည်။ တိမ်ပြာရောင်နောက်ခံထားပြီး အဖြူရောင်အဆင်းများက ဝင်းတလက်လက်။

ရှုရရှိုက်ရဖန်များတော့ မောလာသလိုလို အသက်ရှူရပ်သွားလေရော့သလားဟု ထင်မိသည်။

အမှန်တော့ မဟုတ်ပေ။ ငြိမ်းအေးခြင်းအရသာပင်။

ရည်မှန်းချက် ဦးတည်ရာသည် အနိမ့်အမြင့်များတတ်၍ လွယ်မယောင်နှင့် ခက်ခြင်း၊ တိမ်ခြင်း၊ နက်ခြင်း၊ ကြမ်းတမ်းသည်။

မြစ်ကဲ့သို့ ကွေ့ကောက်သည်။ တောင်များလို မြင့်မား မတ်စောက်သည်။ ဒီညတော့ ကျနော်သည် နောင်တော်ကြီး ဘုရား ယင်ပြင်ပေါ်ဝယ် ခေတီတော်ကြီးအား ပူဇော်ထားသော ဓာတ်မီးအလင်းရောင်မှလွဲပြီး အခြားအလင်းရောင်တော့ မရှိ။ အမှောင်က ပတ်ဝန်းကျင်ကို ဖုံးအုပ်ထားသည်။

အမှောင်ရှိသည့် ရန်ကိုရှောင်ရန် စိတ်ကူးမိသည်။ သို့သော် အလင်းရောင်က သိပ်မရှိတော့။

နေထိုင်ရာမှာ အမှောင်ရိပ်ကျမြဲ ရှည်ရှည်ဝေးဝေးတော့ မသွား နီးရာတနေရာကို တရားအားထုတ်ရန် စိတ်ကူးရန် ဆုံးဖြတ်လိုက်သည်။

ဤနေရာနှင့်မနီးမဝေး သစ်သားကွပ်ပစ်တလုံးကိုတွေ့တော့ ကျနော် အလွန်ဝမ်းသာသည်။

တမံတလင်းပေါ်တွင် တရားကြာကြာ အားထုတ်မည်ဆိုပါက အုတ်ပူရှိန်ကြောင့် ကျနော့်အတွက် စိတ်ပူစရာတွေ့ရသည်။ လက်ဝယ်ရရှိထားသော သစ်သားကွပ်ပစ်ပေါ်တွင် ထိုင်ချလိုက်ပြီးနောက် တရားထိုင်လိုက်ပါတော့သည်။

အချိန်အနည်းငယ်တွင် ကျနော်၏ တကိုယ်လုံး လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

အကြောင်းကရှိသည်။ ကျနော်ထိုင်သော ခုံအောက်မှ ပုရွက်ဆိတ်အုံကရှိနေသည်။ ပုရွက်ဆိတ် ကိုက်ခံရသော အကြိမ် ပေါင်းမနည်းပေ။ဒါကြောင့် ကျနော်၏ခန္ဓာရုပ်က လှုပ်လှုပ်ရွရွ ဖြစ်လာတော့သည်။

သူတို့ကကိုက်လေ ကျနော့်ခန္ဓာကိုယ်က လှုပ်လေ။

ဒါကြောင့် ခန္ဓာမလှုပ်ဘဲနေသောအခါတွင် ပုရွက်ဆိတ် ကိုက်ခဲခြင်းမှ သက်သာ သယောင်ယောင် ကျနော့်စိတ်က တမျိုးတဖုံ ပြောင်းလဲသွားတော့သည်။

ရုပ်ပေါ်တွင် ဖေါက်ပြန်နေသော ကိစ္စမှန်သမျှသည် လျစ် လျူရှုနိုင်အောင် အာရုံတမျိုး ပြောင်းလဲ လိုက်ရတော့သည်။

စိတ်နှင့်ရုပ်ခွဲပုံကျင့်တော့မှ ပုရွက်ဆိတ် ကိုက်ခဲခြင်းဒဏ်ကို လျစ်လျူရှုနိုင်တော့သည်။ ပုရွက်ဆိတ်ကိုက်ခဲသောဒဏ်ကြောင့် မျက်ရည်ဥများသည် ပါးပြင်ပေါ်သို့ ကျဆင်း လာတော့ သည်။

အံကိုကြိတ်ပြီး ရုပ်ပေါ်တွင် ပေါ်လာသော ဝေဒနာကို အတတ်နိုင်ဆုံး မေ့ပျောက်ပစ်သည်။

ခန္ဓာရုပ်ကို အာရုံမပြုဘဲ အာရုံနောက်ကိုသာ စိတ်က အစဉ်လိုက်မြဲ....။

ထို့ကြောင့်....

၁။ ကနဦးကစိတ်ကို မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးဖြင့် ပွတ် တိုက်နေခြင်းကြောင့် သမာဓိ ထူထောင်နိုင်သည်။

၂။ ယခုတဖန် ပုရွက်ဆိတ်ကိုက်ခဲခြင်း၏ ဒဏ်ကို ဖျောက်ဖျက်ရန် ခန္ဓာရုပ်အပေါ် စိတ်က မည်သို့မျှ မအောင်းမေ့။ အာရုံနိမိတ်ပေါ်တွင် အတွင်းစိတ်ကလိုက်ခြင်းကြောင့် ခန္ဓာရုပ်၏ဖြစ်ပျက်မှန်သမျှကို မေ့ပျောက်သော နည်းလမ်းစကို ရရှိခဲ့ပါသည်။

ကျနော်သည် စိတ်ကို စင်ကြယ်အောင် တရားအားထုတ်၍ ကျင့်ကြံခဲ့သည်။

ယခုတော့ ဤကဲ့သို့ ထပ်လောင်း၍ ထိုင်ထ၊ သွားလာသည့်နေရာမျိုးတွင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ်ဆိုသည်။

အစတော့ အတော်ပင် မောသလိုလို၊ ကျင့်ဖန်များ ရွတ်ဖန်များတော့ ဘယ်နေရာ ဘယ်ဌာနတွင်မဆို ကျနော်၏ စိတ်က အလိုလိုမြတ်စွာဘုရား၏ ဂုဏ်တော်တပါးကို ရွတ်ဆိုတော့သည်။

ပမာတခုဆိုပါက မော်တော်ကား စက်နှိုးပြီး မောင်းသွားသကဲ့သို့ ကျနော်၏ လုပ်ငန်းဆောင်တာ ကိစ္စအဝဝ ပြီးဆုံးသွားပါက အလိုအလျောက် စိတ်က ဂုဏ်တော်တပါးပါးတော့ ပွားနေမှ ကျေနပ်သည်။

ကျနော်၏အတွင်းစိတ် ဂုဏ်တော် ရွတ်ဆိုနေခြင်းကို ပတ်ဝန်းကျင်က မသိ၊ သိဟန်လည်းမတူ။

အကြောင်းမူ ကိုယ်အမူအရာ နှုတ်အမူအရာ ပေါ်လွင်မှုမရှိတော့ အခြားလူများက သိနိုင်ရန် ခက်ခဲလှပေသည်။

စိတ်ကို ပြင်ပသို့ ပြန့်လွင့်မသွားစေရန် ဂုဏ်တော် တပါး ပါးရွတ်ဆိုသော အလေ့အထကြောင့် ကျနော့်ကိုယ် ကျနော် အံ့ဩလောက်အောင် ခံစားချက်မျိုး ခံစားရပါသည်။

အကြောင်းမူ ကျနော်၏ခန္ဓာကိုယ်သည် အလွန်ပေါ့ပါးပြီး သွားလာသောအခါ အလွန်လျင်မြန်လျက် ရှိသော အထိအတွေ့ များ ခံစားရပါသည်။

**မှတ်ချက်။ ။**
အနုဿတိ (၁၀)ပါး တပါးပါး ပွားများခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ပါသည်။

× × ×

(၁၈)

ရောက်လေ့ ရောက်ထ ရှိပါများတော့ တယောက်ကစ တရာကို မျက်မှန်းတန်းသူ ရှိသကဲ့သို့ ရင်းနှီးသူလည်း ရှိလေသည်။

နေရောင် ပျောက်လုအချိန် ကျွန်တော်သည် တရားအား ထုတ်ပြီး တန်ဆောင်းတနေအတွင်း ထိုင်လျက်ရှိသည်။

မကြာမီ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသူ လူတယောက် ရောက်လာပါတော့သည်။ အသက်အရွယ် ကြီးရင့်သူ တဦးမို့ သူဝတ်ဆင်ထားသော ဝတ်ဖြူစင်ကြယ်ရောင်က သူတော်စင် တဦးအသွင်ပေ။

သူသည် ကျနော့်အား အပြုံးဖြင့် လောကဝတ် ပြုသည်။ ဒါကြောင့်ကျနော်က ပြန်လည်ပြုံးမိသည်။

သည်နေ့သူ့အတွက် တရားအားထုတ်ရာတွင် တွေ့ရှိချက်များကို အကျယ်တဝင့် ပြောပြလေသည်။ သူ ပြောသော

စကားအရလိုရင်းကို တိုတို တုတ်တုတ် ရေးပြရမည် ဆိုပါက သူတရားအားထုတ်နေချိန်တွင် တဖက်တွင်ရှိ ပုဂ္ဂိုလ်တဦးက သူ့အားအနှောက်အရှက်ပေးသဖြင့် သူ၏လက်တွင်စိပ်နေသော ပုတီးကို တဖက်သို့ ဆွဲဆန့်လိုက်သော အခါတွင် အနှောက် အရှက်ပေးနေသောသူသည် မြေကြီးပေါ်သို့ ဘုံးဘုံး လဲကျသွားကြောင်းကို ပြောပြသည်။

ကျနော်သည် သူပြောသောစကားများကို နားထောင်သူတဦးအနေဖြင့် ရှိလေသည်။ ထိုကြောင့်ကျနော့်နားတွင် ထိုသူသည် ကြာကြာမ နေဘဲ ထွက်သွားပါတော့သည်။

သူထသွားပြီးနောက် မရှေးမနှောင်းတွင် လူတဦးရောက်ရှိလာပါတော့သည်။ သူသည် ကျနော့်အား ကရုဏာသံဖြင့် ပြောဆိုပါတော့သည်။

"ဟေ့လူ... ခင်ဗျားကိုဟို-ပိတ်ဖြူ ဝတ်ဆင်ထားတဲ့ အဘိုးကြီးက ဘာတွေပြောသွားသလဲ"

သူသိလိုသော အချက်ကို တိုတို တုတ်တုတ် မေးပါတော့သည်။

"ကျနော့်ကို ဘာမှ မပြောပါဘူး၊ သူ တရား အားထုတ်ရာတွင် တွေ့ကြုံခဲ့တဲ့ အကြောင်းအရာ လေးတွေကို ပြောတာပါ"

"ဒီလူ့ကို သတိထားဗျာ၊ ကျနော့်ဆီက ရွှေလက်စွပ်တကွင်းယူသွားပြီး ခုအထိ ပြန်မပေးသေးဘူး"

"ဘာ့ကြောင့် ခင်ဗျားက လက်စွပ်ပေးရသလဲ"

"ကျနော့်လက်စွပ်ကို ခေတ်သွင်းပေးမယ် ဆိုပြီး ယူသွားတာ ခုအထိ မရတော့ဘူးဗျာ့"

ကျနော်သည် သူ့အားအကဲခတ် ကြည့်မိတော့သည်။

သူ့အပြောနှင့် သူ့ခံစားချက် သူ၏ရုပ်အတွင်းဝယ် ဝမ်းနည်းကြေ ာင်း ပေါ်လွင်နေသည်။ နှမြော တမ်းတကြောင်းကို တွေ့ရှိရပါတော့သည်။

သူနှင့်ကျနော်သည် ဤနေရာမှ တပြိုင်တည်း ထလိုက်ပါတော့သည်။ ကျနော်သွားသောနေရာတွင် သူမပါချေ။ကျနော် တဦးတည်းပင်။

ကျနော်သည် တန်ဆောင်းအတွင်းရှိ လူငါးဦး နေထိုင်သော နေရာသို့ ချဉ်းကပ်မိသည်။

ထိုသူများပြောသော စကားများ ကြားနိုင်လောက်သည့် နေရာတွင် ထိုင်လျက်ရှိပါသည်။

ထိုသူများထဲမှ တယောက်သောသူက ပြောသော စကားများကို အများက နားထောင်လျက် ရှိနေသည်ကို တွေ့မြင်ရပါသည်။ ကိုယ့်အတွေ့အကြုံနှင့်ကိုယ်သာ။

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ပတ်ဝန်းကျင်သည် အိပ်မော ကျပေပြီ။

လမ်း ခေတ်တိုင် မီးရောင်မှ လွဲ၍ အခြား မီးရောင်များ ကင်းမဲ့သည်။

ဒါပေမင့် မီးရောင်တခုတော့ ရှိချေသည်။ အခြားတော့ မဟုတ်ပေ။ ကျ နော်ပူဇော်ထားသော မီးရောင်က အခန်း၏ပတ်ဝန်းကျင်တခုလုံးကို ဖုံးလွှမ်းထားသည်။

မီးရောင်ကြောင့် ပတ်ဝန်းကျင် သက်မဲ့ အရာဝတ္ထုပစ္စည်း အားလုံးကို သဲသဲကွဲကွဲ မြင်တွေ့နိုင်ပေသည်။

ဒီညကျနော်သည် အိမ်ရှေ့ဘုရားစင်ရှေ့တွင် တရားထိုင်ပါတော့သည်။ အခြားနေ့များကဲ့သို့ မဟုတ်ပေ။ တမျိုးတဖုံ ထူးခြား၍ တရားမထိုင်ခင် ဘုရား ရှိခိုးပြီးနောက် အောက်ပါအတိုင်း မဟာဂန္ဓာရီ အရိယာဝိဇ္ဇာခုဓိုရ်ကျင့်စဉ်ပရိကံကို ပြုပါသည်။

ဘုရားတပည့်တော်သည် ဘုရားရှင် ကိုယ်တော်မြတ်တို့၏ ဂုဏ်တော်အပေါင်းကို သက်ဝင်ယုံကြည်ပါသည်။ တရားတော်မြတ်တို့၏ ဂုဏ်တော် အပေါင်းကို သက်ဝင်ယုံကြည်ပါသည်။

သံဃာတော် အရှင်မြတ်တို့၏ ဂုဏ်တော်အပေါင်းကို သက်ဝင်ယုံကြည်ပါ၏။

မိခင်ဖခင် ကျေးဇူးရှင်တို့၏ ဂုဏ်တော်အပေါင်းကို သက်ဝင်ယုံကြည်ပါသည်။

ဆရာသခင် ကျေးဇူးရှင်တို့၏၊ ဂုဏ်တော် အပေါင်းကို သက်ဝင်ယုံကြည်ပါသည်။

ဤကဲ့သို့ အနန္တောအနန္တ ငါးပါးတို့၏ ဂုဏ်ကျေးဇူးကို ယုံကြည် ကိုးကွယ်ရသော ဘုရား တပည့်တော်သည်ကာယကံ၊ ဝစီကံ၊မနောကံစသောကံသုံးပါးတို့ကို သိမ်းဆည်း၍ ဘုရား တပည့်တော်သည် မဟာဂန္ဓာရီ အရိယာဝိဇ္ဇာခုဓိုရ်လမ်း၊ မှန်ကန်သောသစ္စာ၊ မှန်ကန်သောသီလ၊ မှန်ကန်သောသမာဓိ၊ မှန်ကန်သောခန္တီ၊

မှန်ကန်သော မေတ္တာဖြင့် အားထုတ်ပါမည် အရှင်ဘုရား။

ဤကဲ့သို့ အားထုတ်နေသောအခါန်အတွင်း၌ ဘုရားတပည့်တော်သည် အမြင်ခေတ်၊အကြားခေတ်၊ အထင်ခေတ်ရပါလို၏ အရှင်ဘုရား။

ဤသို့မှန်ကန်စွာဆိုရသော သစ္စာ စကားကြောင့် ဝင်စမ္မ,ထွက်စမ္မ,ထိမ်းစမ္မ, သိမ်းစမ္မတို့ကို အစိုးရတော်မူသော ဝိဇ္ဇာဓိုရ်ဆရာကြီးများက တပည့်တော်အားသားတပည့် အရင်းပမာ စောင့်ရှောက်တော်မူပါ အရှင်ဘုရား၊

## အထက်ဆရာတော်ကြီးများပင့်လျှောက်ရန်

မေတ္တာ၊ သီလ၊ သစ္စာ၊ ခန္တီ၊ အဓိဋ္ဌာန် အပေါင်းတို့ကို အားထုတ်လျက်ရှိသော တပည့်တော် မဟာဂန္ဓာရီ၊ အရိယာဝိဇ္ဇာဓိုရ်အကျင့်ကို အားထုတ်လျက်ရှိသော ဘုရားတပည့်တော်သည် ဂံသုံးပါးကို စောင့်ထိန်းရသော ဘုရားတပည့်တော်၏ ဦးခေါင်းရတနာမြက်ထားတင် ဦးထိပ်ပြင်၌ ဝင်စမ္မ,ထွက်စမ္မ,ထိမ်းစမ္မ, သိမ်းစမ္မ တို့ကို အုပ်စိုးပိုင်သ အစိုးရတော်မူသော ပထမံဘိုးဘိုးအောင်၊ ပြည်တော်ဝင် ဘိုးဘိုးအောင်၊ ရသေ့ဦးအောင်၊ ရှင်အဇ္ဇဂေါဏ၊ ရှင်မထီး ဓမ္မစေတီ

မင်းခေါင်၊ ဆံရှည်ကိုယ်တော်၊ ဦးကောဏ္ဍည ဆရာတော်၊ ဂန့်ဂေါဝင် ဆရာတော်၊ ဦးစန္ဒာဇောတိ ဆရာတော်၊ ဦးနန္ဒမာလာ ဆရာတော်၊ ဗားသာမြို့က် ဆရာတော်၊ ဗားကရာ ဆရာတော်၊ ဘားတမော့ ဆရာတော်၊ ဘားမဲ့ ဆရာတော်၊ ဘားထိ ဆရာတော်၊ ယက္ကန်းစင်တောင် ဦးကလျာဏ ဆရာတော်၊ ယက္ကန်းစင်တောင် ဦးသာသနဆရာတော်၊ ယက္ကန်းစင်တောင် ဦးဩဘာသ ဆရာတော်၊ တွံတေး တိုက်ကျောင်း ဦးဓမ္မစရိယ ဆရာတော်၊ ပုပ္ပါး ဘိုးမင်းခေါင် ဆရာကြီးနှင့် ကိစ္စပြီး အထက်ဆရာကြီး အပေါင်းတို့သည် အဟံ-ခန္ဓာနာမ်ရုပ် အကျုန်ုပ်ဟု ပညတ် မှည့်ခေါ် ဘုရားတပည့်တော်၏ ရှိသေစွာ ခင်းကျင်းအပ်သော နေရာထိုင်ခင်း နေရာဌာနသို့ ကြွရောက်၍ သိဒ္ဓိစခန်း မဟိဒ္ဓိလမ်းကို သာသနာပြု သတ္တဝါများ ကယ်ရန် ကြွရောက် ချီးမြှင့်တော်မူပါအရှင်ဘုရား။

## မဟာဂန္ဓာရီအရိယာဝိဇ္ဇာဓိုရ်ရှင်တို့၏ မေတ္တာပွားနည်း၊

၁။ ဤလောကဌ် ရှိသမျှ သက်ရှိသတ္တဝါ အားလုံးတို့သည် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ ရန်ရှင်းကြပါစေ။

၂။ ဤလောကဌ် ရှိသမျှသက်ရှိ နတ်ပြဟ္မာ အပေါင်းတို့သည် ကျန်းမာပါစေ၊ ချမ်းသာပါစေ။

၃။ ဤလောကဌ် ရှိသမျှဝိဇ္ဇာဓိုရ်အပေါင်းသည် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

၄။ ဤလောကဌ်မြင်ဘူးသော သတ္တဝါ၊ မမြင်ဘူးသော သတ္တဝါ၊ ထင်ရှားရှိသောပုဂ္ဂိုလ်၊ ထင်ရှားမရှိသော ပုဂ္ဂိုလ်၊ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်၊ရဟန္တာမဖြစ်သေးသော ပုဂ္ဂိုလ်၊ ချစ်ခင်သောပုဂ္ဂိုလ်၊ မချစ်ခင်သောပုဂ္ဂိုလ်၊ ဆင်းရဲသောပုဂ္ဂိုလ်၊ ချမ်းသာသောပုဂ္ဂိုလ် အပေါင်းတို့သည် ကျန်းမာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ။

ဤလောကဌ် မိုးသည် မှန်မှန်ရွာပါစေ။

ဥတုသုံးပါးတို့သည် မျှတပါစေ။

ရဟန်းသံဃာ တို့သည် သိက္ခာသုံးရပ် စောင့်နိုင်ကြပါစေ။

လူတို့သည် ငါးပါးသီလ မြဲကြပါစေ။

မှောက်မှားလျက်ရှိသော သတ္တဝါ အားလုံးတို့သည် လမ်းမှန်သို့ ရောက်ကြပါစေ။

မိမိသည် အဟံဝေရောဟောမိဖြစ်ပါစေ။

## (၃၁)ဘုံသို့ အမျှ ပေးဝေရန်

ဘုရားတပည့်တော်သည် ကာယကံ၊ ဝစီကံများကို သိမ်းဆည်း၍ စင်ကြယ်သော ခန္ဓာကိုယ်၌ တည်ဆဲဖြစ်သော မဟာ

ဂန္ဓာရီကျင့်စဉ်ကို အားထုတ်လျက်ရှိပါသည်။ သာသနာပြု သတ္တဝါများ ကယ်နိုင်ရန် သီလ၊ သမာဓိ၊သစ္စာ၊ခန္တီ၊မေတ္တာ၊ အဓိဋ္ဌာန်အကျင့်ကို အားထုတ်လျက်ရှိပါသည်။

ယက္ကန်းစင်တောင် ဦးဩဘာသဆရာတော်ဘုရားနှင့်အထက် ပုဂ္ဂိုလ်ကြီးများ၏ မဟာဂန္ဓာရီ အရိယဝိဇ္ဇာဓိုရ်ရ ကျင့်စဉ်ကို အားထုတ်ပွားများရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကို အထက်ပုဂ္ဂိုလ်၊ အောက်ပုဂ္ဂိုလ် ကြီးများ၏ အစဦး အထူး ထား၍ ရေ-မြေ-တော–တောင်-ပင်လယ်- သမုဒ္ဒရာ၊ အရှေ့ စကြာဝဠာ၊အနောက်စကြာဝဠာ၊ တောင်စကြာဝဠာ၊ မြောက် စကြာဝဠာ၊ အထက်စကြာဝဠာ၊ အောက်စကြာဝဠာ ဌာနမှ စ၍ ထွက်သက် ဝင်သက်ရှိသောသတ္တဝါအားလုံးတို့ကို ကျွန်ုပ်၏ ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါ၏။

(အမျှ-၃) ယူတော်မူကြပါ။ သူတော်ကောင်း သူမြတ် လောင်းတို့ကို ပေးဝေအပ်သော ကုသိုလ်ကောင်းမှုကို ကျွန်ုပ် သည် ဝမ်းမြောက် ဝမ်းသာစွာ (သာဓု–၃) ခေါ်ပါသည်။

ကျနော်သည် အာနာပါန ကမ္မဋ္ဌာန်းတရားကို ထိုင်ပါ တော့သည်။ မှန်မှန်ရှူ မှန်မှန်ထုတ် အလေ့အကျင့်ကိုအစတော့ ပြုလုပ်နေပါသည်။

ကြာလာတော့ တမျိုးပြောင်းလိုက်ပြန်ပါသည်။ လေးလေး နှင့် ငယ်ထိပ်ပေါက်အောင် ပင့်သက်ရှူခြင်း၊ လေကိုဖြေးဖြေး ထုတ်ခြင်းအလေ့ကို ပြုလုပ်ပြန်သည်။ ဤအချိန်တွင် သမာဓိက ပိုမိုအားကောင်းလာသည်။

အကြောင်းမူ အာရုံ၏အလင်းရောင်သည် ကြည်လင်ပြီး ပကတိမှန်သားကို ကြည့်ရသကဲ့သို့ ရှိပါသည်။

ကျနော်၏စိတ်သည် ပီပီပြင်ပြင် မြင်ရသော အာရုံအပေါ်တွင် တည်ရှိနေပါတော့သည်။

မပွင့်တပွင့် မျက်ခွံများကသည် လေးလံထိုင်းမှိုင်းနေ၏။

မှိတ်ရမလိုလို ဖွင့်ရမလိုလို၊ သို့သော် ဖွင့်သော အခြေသို့ ရောက်သွားပါတော့သည်။

ကျနော်သည် မျက်လုံးဖွင့်ပြီး အုတ်နံရကို စူးစူး စိုက်စိုက် ကြည့်ပါသည်။

ဤလိုကြည့်တော့ အုတ်နံရံကို မြင်ရပါသည်။ သို့သော် ထူးထူးထွေထွေ မမြင်တွေ့ရပါ။ ကြာကြာ ကြည့်ဖန်များလေလေ၊ ကျနော့်မျက်လုံးများသည် ညောင်းလာလေ ဖြစ်ပါတော့သည်။

မျက်ရည်ပူများက ပါးပြင်ပေါ်သို့ ကျဆင်းလာသည်။ နာရီဝက်ခန့် ကျနော့်မျက်စိများက ပိတ်လိုက်ဖွင့်လိုက်ဖြင့် ပြုလုပ်နေပါသည်။

ကျနော်သည် မျက်စိကိုဖွင့်၍ ပထဝီကသိုဏ်းမျိုးကို မကြည့်ဘူးသောကြောင့် ခုလို ကသိုဏ်းဝန်းကြည့်သော အလေ့အထမှာ ကျနော့်အတွက် တမျိုးတဖုံ အခက်ကြုံရပါသည်။

ထိုကြောင့် ကျနော် ဆက်လက်မကြည့်တော့ဘဲ တရားထိုင်သည့်နေရာမှထလိုက်ပြီး နောက်တနေ့မှ ဆက်လက် ကြည့်ရန် စိတ်ဆုံးဖြတ်လိုက်သည်။

နောက်နေ့များတွင်ကျနော်သည်နေ့စဉ်နေ့တိုင်း ထိုအုတ်နံရံ ကြည့်သောပထဝီကသိုဏ်းဝန်း ကြည့်သည့် အကျင့်ကို ကျင့်ပါတော့သည်။

ဤကဲ့သို့ကျင့်ဖန်များ၊ ထိုင်ပါများတော့ ကြာရှည်စွာ ကြည့်နိုင်သော အလေ့အထကို ရရှိပါတော့သည်။

ထိုကဲ့သို့ ကျင့်ရဖန်များသော အခါတွင် မျက်လုံးများ ညောင်းခြင်း၊ ကိုက်ခဲခြင်းမရှိ၊ ကျင့်သားရရှိပြီဟု ဆိုရပါမည်။

ကနဦးက မျက်လုံးဖွင့်ပိတ်ခြင်းမျိုး မရှိတော့ချေ။ မျက်လုံးပိတ်ခြင်း၊ မျက်တောင်ခတ်ခြင်းမျိုး ဖြစ်ပေါ်၍ မလာတော့မှ အရာဝတ္ထုတခုကိုကြည့်ပါက အချိန်ကြာမြင့်စွာ ကြည့်နိုင်ပါသည်။

ကျနော်သည် အာနာပါန ကမ္မဋ္ဌာန်းတရားကို အနည်းငယ် အားထုတ်ပြီး ပထဝီကသိုဏ်းဝန်း အုတ်နံရံကို စူးစိုက်ကြည့်လျက် ရှိပါတော့သည်။

ကျနော်သည် အုတ်နံရံ၏ အလယ်ဗဟိုတည့်တည့်ကို ကြည့်ရပါသည်။ ဤသို့ ကြည့်ဖန်များသောအခါတွင် ကျနော်၏ မျက်လုံးအိမ်မှ အဖြူရောင်ခြည်များသည် အုတ်နံရံပေါ်သို့ ကျရောက်ပြီး တဖန် ပျောက်ကွယ်သွားတတ်ပါသည်။

ကျနော့်မျက်လုံးအိမ်မှ ထွက်လာသော ရောင်ခြည်များသည် အုတ်နံရံပေါ်သို့ကျရောက်ခြင်း၊ ပျောက်ကွယ်သွားခြင်းဖြင့် အကြိမ်ပေါင်းများစွာ တွေ့မြင်နေရပါသည်။

ထိုသို့ နံရံပထဝီကသိုဏ်းဝန်းအား အာရုံစူးစိုက်မှု ကျင့်ရသည်မှာ ရက်ပေါင်း၊လပေါင်းများစွာ ကျင့်နေရပါသည်။

ဤနေ့တဖန် ပထဝီ ကသိုဏ်းဝန်း အုတ်နံရံကို စူးစိုက်ကြည့်မှုသည် စတင်ကျင့်ရပြန်သည်။

ဤကဲ့သို့ကြည့်နေခြင်းမှ ရုတ်တရက် ထွက်ပေါ်လာသော အဖြူရောင်အဆင်းသည် ကသိုဏ်းဝန်းပေါ်သို့ တည့်မတ်စွာ ကျရောက်လာပါတော့သည်။

ထိုအချိန်တွင် ကျနော်အနည်းငယ် ကြောက်စိတ် ဝင်လာသည်။ထိပ်ထိပ်ပျာပျာလည်း ဖြစ်သွားမိသည်။

ဤကဲ့သို့ ကသိုဏ်းဝန်း စူးစိုက်ကြည့်ခြင်းမျိုးကို ရှေ့ဆက်လက်ကြည့်ကောင်း၊မကောင်းဆိုသော ဒွိဟစိတ်များ ဖြစ်ပေါ်ရှိလာတော့သည်။

သို့သော် ကျနော်သည်တွေဝေငေးမောနေသော အချိန်တွင် စိတ်ခေတ်မြင့်မားရန်အခြေတခုကို ပြန်လည် စဉ်းစားမိပါသည်။ အခြားတော့ မဟုတ်ချေ။

ကျနော် ဘုရားရှိခိုးသောအချိန်က ရုပ်နှင့်နာမ်၊ ခန္ဓာငါးပါးကို ဘုရားအားလှူဒါန်းပြီးကြောင်းကို ပြန်လည်သတိရသောအခါတွင် ကြောက်စိတ်ဝင်သောစိတ်သည် ရဲရင့်လာပါသည်။

ခုလို တရားအားထုတ်ရင်း သေဆုံးသွားပါက မြတ်သေးသည်။ယင်းအတွေးဖြင့် ကြောက်စိတ်ကို မေ့ပျောက်ပြီး မိမိကြည့်နေသောအုတ်နံရံကို ပြန်လည်ကြည့်မြဲ ကြည့်နေ၏၊ ထို့ကြောင့် အုတ်နံရံပေါ်တွင် ကျရောက်နေသော အဖြူရောင်အဆင်းကို သေသေချာချာ စူးစိုက်ကြည့်ပါတော့သည်။

ဤသို့ကြမ်ဖန်များစွာ ဖြစ်ပေါ်နေသော ရောင်ခြည်သည် ယခင်ကလိုပျောက်ကွယ်၍မသွားဘဲအုတ်နံရံပေါ်တွင်တည်ရှိမြဲ တည်ရှိနေသည်။

ကျရောက်နေသော ရောင်ခြည် ပြောင်းလဲ မသွားရန် ကျနော်၏ မျက်လုံးအစုံသည် အုတ်နံရံပေါ်သို့ စူးစိုက်ပြီး အခြားသို့အာရုံပြောင်းမသွားစေရန် တနေရာတည်းကို စွဲမြဲစွာ ကြည့်နေရ၏။

အဖြူရောင်မပျောက်ဘဲ အုတ်နံရံပေါ်တွင် အချိန်ကြာမြင့်စွာရှိသောအခါတွင် ကျနော်သေသေချာချာ စိုက်ကြည့်ခြင်း၏ ဖြစ်ပေါ်လာသောအချက်နှင့် တွေ့ဆုံရသော အတွေ့အကြုံမှာ အံ့ဩလောက်အောင် ထူးဆန်းနေပေသည်။

အာရုံစူးစိုက်မှုမရှိဘဲ အမှတ်မထင် အုတ်နံရံကို ကြည့်ပါက ၎င်းအုတ်နံရံသည် မလှုပ်မရှက် ပကတိ တည်ငြိမ်နေသည်မှာ မှန်ပါသည်။ အချိန် အနည်းငယ်တွင် ကြည့်လိုက်ရသော ကြောင့် ဖြစ်ပေသည်။

ကျနော်၏ မျက်လုံးအစုံမှ ထွက်လာသော အဖြူရောင် ရောင်ခြည်သည် အုတ်နံရံပေါ်သို့ ကသိုဏ်းဝန်းပုံစံ ပြုလုပ်ထားသကဲ့သို့ လေးထောင့်ကသိုဏ်းဝန်းသဏ္ဌာန်အတိုင်း ပေါ်လွင်နေ၏။

ယင်းရောင်ခြည် ကျရောက်ပြီးနောက်ပိုင်း အချိန်ကြာမြင့်သောအခါတွင် အုတ်နံရံတွင် စုစည်းထားသော ဘိလပ်မြေနှင့် ရောထားသော သဲမှုန်ကလေးများ တခုနှင့်တခု ရှစိရှစိနှင့် တခုနှင့်တခုတို့၏ နေကြသည်ကို ခဲ့ဘူမြင်ရပါသည်။

ငှင်းအုတ်နံရံသည် တည်ငြိမ်မှုမရှိဘဲ အလွန်သေးငယ်သော အမှုန့်ကလေးများ လှုပ်ရှားမနေကြောင်း တွေ့ရသော ကျနော့် အဘို့ အလွန်ပင် အံ့ဩမိသည်။

ကျနော်သည် အုတ်နံရံပေါ်သို့ ကျရောက်သောရောင်ခြည် ကိုကြည့်ရသဖြင့် ထိုကြည့်ခြင်းကို ပိုမိုနှစ်ခြိုက်လာမိသည်။

ထို့ကြောင့်ကျနော်သည် ဘုရားရှိခိုးပြီးနောက် ထွက်သက် ဝင်သက်ကို ကျင့်ကြံအားထုတ်သောနည်းကို မကျင့်တော့ဘဲ တးအားရထုတ်သောအချိန်တွင် အုတ်နံရံကို ကသိုဏ်းဝန်း သဖွယ်သတ်မှတ်ခါ စူးစူးစိုက်စိုက် ကြည့်နေပါတော့သည်။

ဤကဲ့သို့ စူးစိုက်ကြည့်မှုကြောင့် သမာဓိအားသည် ရင့်သန် ပြီးအပြာရောင်မှ တဖြေးဖြေး အနီဖျော့ဖျော့ အရောင်သည် အပြာရောင်ကို လွှမ်းမိုးထားပါသည်။

အရောင်ပြောင်းမှုများသည် ကျင့်ဖန်များသော အခါ တွင် တမျိုးတဖုံ ပြောင်းလဲသွားပါသည်။

အပြာရောင် ကနဦးပေါ်ပြီးနောက် အနီဖျော့ရောင်၊ ခု တဖန် အစိမ်းရောင် သန်းလာပါသည်။

ထို့နောက် သမာဓိ ရင့်သန်လာသည်နှင့်အမျှ လိမ္မော်ရောင် များပါ ဝင်လာသည်ကို တွေ့ရပြန်သည်။

ကျနော်သည် ဤကဲ့သို့ နေ့စဉ်ရက်ဆက် ၃-လမျှ မပြတ် လေ့ကျင့်လာသောအခါ အရောင်များ ပေါ်လာပြန်သည်။

တခုနှင့်တခု အရောင်ချင်းသည် မတူကြဘဲ တခုပျောက် ကွယ်ပြီးမှ နောက်တရောင်က ပေါ်လာတော့သည်။

နောက်ဆုံးအနေဖြင့် ကြည်ပြာရောင် ပေါ်လာသည်။ အုတ်နံ့ရံပေါ်တွင် ကြည်ပြာရောင်က လွှမ်းမိုးထားခြင်းကို တွေ့မြင်ရပါသည်။

ရင်းကြည်ပြာရောင်သည် နောက်ဆုံးအနေဖြင့် ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်း အခြားအရောင်များ မပြောင်းလဲတော့ပဲ ပီပီပြင်ပြင် ပေါ်နေပါတော့သည်။

ကျနော်၏ မျက်လုံးအစုံမှ ထွက်လာသော အရောင်များသည် မီးမောင်းထိုးထားသကဲ့သို့ အုတ်နံ့ရံပေါ်တွင် တည်ရှိနေပါသည်။

ဤနေရာတွင် ကျနော်သည် ရုပ်ရှင်ထဲသို့ရောက်ပြီး ရုပ်ရှင်ကြည့်နေသူတဦးဟု မိမိကိုယ်ကို ထင်မိသည်။

အကြောင်းမှာ ကသိုဏ်းဝန်း အုတ်နံ့ရံပေါ်တွင် ပေါ်လွင်လာသည့် အာရုံနိမိတ်များသည် တောတောင်များ၊ သွားလာလှုပ်ရှားနေသော လူများ၊ ရေကန်နံဘေးတွင်ရှိ ပန်းမာလာများ ရေခပ်နေကြသူများ၏ လှုပ်ရှားနေပုံကို ပကတိ တွေ့မြင်ရပါသည်။

ယင်း ကသိုဏ်းဝန်းကို ကြည့်ရသည်မှာ အားတက်လာမိသည်။

အာရုံနိမိတ်များသည် တခုနှင့်တခု မတူပေ။ ကြည့်ဖန်များသောအခါတွင် ပေါ်လာသော ရုပ်သဏ္ဌာန်များသည် ပြောင်းလဲ၍ သွားပါတော့သည်။

ဤသို့ ကသိုဏ်းဝန်းကို ကြည်ပြာရောင် ကျရောက်သည် အထိ ကြည့်ရပါသည်။

ကျနော်၏ မျက်လုံးများမှာ ပေါ်ထွက်နေသော ရောင်ခြည်ထဲတွင် မြွေငယ် တကောင်လိုလို တန့်လိမ်လှုပ်ရှားပြီး ကျနော့ဘက်ကို ရွေ့ရှားလာနေသည်။

တဖြည်းဖြည်းနှင့် ကျနော်၏မျက်စိဆီသို့ ချဉ်းကပ်လာပါသည်။ ၎င်းနောက် ထိုသတ္တဝါသည် နဖူးဆီသို့ ဝင်သွားသည်ကို သတိပြုမိသည်။

နောက်ရက်များတွင် ကျနော်သည် ကသိုဏ်းဝန်းပေါ်တွင် ပေါ်လာသော အာရုံနိမိတ်များကို ပယ်ဖျက်လိုက်ပါတော့သည်။

ပေါ်လာသော အာရုံနိမိတ်များကို ပယ်ဖျက်ဖန်များသောအခါ အုတ်နံရံထဲသို့ ကျနော်၏ မျက်စိမှ ထွက်သော ရောင်ခြည်များက အုတ်နံရံကို ထိုးဖေါက်သွားပြီး အုတ်နံရံတခုလုံးပျောက်ကွယ်ကာ ရောင်ခြည်များသည် ကသိုဏ်းဝန်းတခု ဖြစ်နေတော့သည်။

အုတ်နံရံကို ထိုးဖေါက်သွားသော ရောင်ခြည်များထဲမှ မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်မြင်တော်မူသည့် ရုပ်ပွားတော်ကို ထင်ထင်ရှားရှား ဖူးမြင်ရပါသည်။

ထိုအာရုံနိမိတ်သည် ကျနော်ကျင့်နေသော ပထဝီကသိုဏ်း၏ နောက်ဆုံးဗုဒ္ဓနိမိတ်ဖြင့် အပြီးသတ် သွားခဲ့ပါသည်။

မှတ်ချက်တခု အနေဖြင့် တင်ပြရမည်ဆိုပါက ကသိုဏ်း (၁၀)ပါးအနက် တပါးကို စီးဖြန်းအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ပထမအနေဖြင့် သမာဓိရရှိရန်အတွက် မိမိကြိုက်နှစ်သက်သော ကမ္မဋ္ဌာန်းတရား တခုခုကို အားထုတ်ရပါမည်။

ယင်းကဲ့သို့ အားထုတ်ပြီး မိမိစိတ်ကို ထိန်းကြောင်းနိုင်မှ ကသိုဏ်းတပါးကို စီးဖြန်းစေလိုပါသည်။

ဥပမာတခု ရေးပြရမည်ဆိုပါက ကသိုဏ်းဝန်း ပေါ်တွင် ပေါ်လာသော အာရုံနိမိတ်များကို တရားအားထုတ်နေသော ယောဂီသည် ယင်းပေါ်လာသော အာရုံနိမိတ်နောက်သို့ မိမိ စိတ်က လိုက်သွားခြင်း၊ နှစ်သက်ခြင်းဖြစ်ပါမူ တွေ့မြင်ရသော ရုပ်သဏ္ဍာန်များ၏ လှည့်ပတ်မှု ခံရသောအခါတွင် မိမိသည် တွေ့မြင်ရသော ဥပမာ သိကြားမင်းစသည့် တခုခု အကြောင်း ပြုပြီး စကားပြောခြင်း၊ ထိုအာရုံနိမိတ်ကို နေ့စဉ် တွေ့မြင်လို ခြင်း စသည့် အတွေးများ ပေါ်လာတတ်သည်။

တွေ့မြင်ရသော အကြောင်းများကို ပီတိကျပြီး အာရုံ နောက်သို့ လိုက်သွားသောသူ၏စိတ်သည် တည်ငြိမ်မှုမရှိဘဲ ရူးတတ်ပါသည်။

ယနေ့ တရားကျင့်ပြီး ရူးသွားသော ပုဂ္ဂိုလ်များကို ကြည့် ပါက အချို့မူ သိကြားမင်းနှင့် စကားပြောနေခြင်း၊ မိမိ သည် ဥစ္စာစောင့် သိုက်နန်းသို့ လိုက်သွားပြီး ဥစ္စာစောင့်များ က ၎င်းနှင့်လာရောက် စကားပြောနေခြင်းဟု ထင်မြင်ယူဆ ကာ တဦးတည်း စကားပြောနေကြသူများ ရှိပါသည်၊

ထို့ကြောင့် သမာဓိခိုင်မြဲမှ အာရုံနိမိတ်ကို ပယ်နိုင်မည်။ သမာဓိ မခိုင်မြဲဘဲ ကျင့်ကြပါက အာရုံနိမိတ်နောက်သို့ လိုက် မသွားမိရန် အထူးလိုအပ်ပါသည်။

ကသိုဏ်းဝန်း နိမိတ်နှင့် ပတ်သက်သော အကြောင်းအရာများကို သမထကျမ်းမှ ကောက်နုတ် ဖေါ်ပြလိုက်ပါသည်။

ကသိုဏ်းဝန်းကို စူးစိုက်ကြည့်ရှုခြင်းနှင့် ဈာန်ဝင်စားခြင်းကိစ္စတို့ဝယ် ပဋိဘာဂနိမိတ် ပေါ်လာအောင် အားထုတ်ရန်မှာ အလွန်အရေးကြီးသော အချက်တရပ် ဖြစ်နေသည်။

ပရိကမ္မနိမိတ်(ပကတိ ကသိုဏ်းဝန်း)

ဥဂ္ဂဟနိမိတ် (ပကတိ ကသိုဏ်းဝန်းမှ ပြောင်းလဲ ဖြစ်ပေါ်လာသော အာရုံနိမိတ်)

ပဋိဘာဂနိမိတ် (ဥဂ္ဂဟ နိမိတ်ထက် ပိုမိုချောမွေ့ ပြောင်လင်း၍ အရောင်အဆင်း ကြည်လင် တောက်ရှန်းလာသော အာရုံနိမိတ်)ဟူ၍ နိမိတ်အပြား သုံးပါးရှိပါသည်။

× × ×

(၁၉)

သဘာဝအလှကို ငေးမောရင်း လေနုအေး ကလေးများ ရှူရှိုက်နေရသည့်အတွက် ကျနော့်အဖို့ ကြည်နူး နှစ်ခြိုက်မိပါသည်။

ကျနော်သည် အိမ်ရှေ့ ဝရမ်တာတွင်ထွက်ပြီး ပတ်ဝန်းကျင်သို့ ငေးမောရင်းဖြင့် ရပ်နေပါတော့သည်။

ကျနော်၏ မျက်လုံးအစုံသည် သစ်ပင်ကြီးငယ် ပေါ်သို့ ကျရောက် သွားပါသည်။ ယင်းကဲ့သို့ ကြည့်နေရင်း အမှတ်မထင် ထန်းပင်တပင်ကို ငေးစိုက်ကြည့်မိပြီးနောက် ကောင်းကင်သို့ လှမ်းကြည့်သောအခါတွင် ထန်းပင်၏ သဏ္ဌာန်သည် ကောင်းကင်ပေါ်တွင် ပင်စည်ပင်လုံး ခက်လက်ဝေဖြာ ရွက်လှများဖြင့် ကွက်ကွက်ကွင်းကွင်း ပေါ်နေပါတော့သည်။

ကျနော်သည် ထန်းပင်များကိုကြည့်လိုက် ကောင်းကင်သို့ တဖန်ကြည့်လိုက်ဖြင့် ရှိနေပါသည်။

ကောင်းကင်ပေါ်တွင် ထန်းပင်၏ အရိပ်သဏ္ဌာန် တရိပ်ရိပ်နှင့် အပြာရောင်အဆင်းများပေါ်လာပြန်သည်။

ဤကဲ့သို့ဖြစ်ရပ်များသည် ပထဝီကသိုဏ်းကိုကျင့်ထားခြင်းကြောင့် မျက်စိမှ ထွက်ပေါ်လာသော အရောင်များက ထိုထန်းပင်၏ရုပ်လုံးကို မှတ်သားယူပြီး တဖန် ကောင်းကင်ပေါ်သို့ အရိပ်သဏ္ဌာန် ပြုလုပ်ပေးခြင်းဖြစ်ပါသည်။

ကျနော်သည် အိမ်ထဲသို့ ပြန်ဝင်လာပါသည်။

ဧည့်ခန်းရှိ ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပါသည်။ ကျနော်၏မျက်လုံးအစုံက အိမ်ရှေ့တံခါးမကြီးဆီသို့ ရောက်သွားပြန်ပါသည်။

ထိုတံခါးမ၏ အမဲရောင် ပျဉ်ပြားပေါ်သို့ စူးစူးစိုက်စိုက်ကြည့်မိသောအခါ အပြာရောင်အဆင်းသည် တံခါးမျက်နှာပြင်တခုလုံးကို ဖုံးအုပ်ထားပါသည်။

အမှတ်မထင် ဖြစ်ပေါ်လာသောအကြောင်းအရာကို စေ့စေ့စပ်စပ် ကြည့်မိပါတော့သည်။

ယခင်အပြာရောင် အဆင်းများသည် ပျောက်ကွယ်၍ မသွားချေ။ ထိုတံခါးမကြီးအား စူးစိုက်ကြည့်နေတော့ လှုပ်ရှားနေသော သဏ္ဌာန်တခု ပေါ်လာပါတော့သည်။

ထိုသဏ္ဌာန်ကို သဲသဲကွဲကွဲ တွေ့ရသောအခါ လူတယောက်လမ်းလျှောက်နေသည်ကို တွေ့လိုက်ရပါသည်။

အမှန်ပင် လူတယောက် ကျနော့်အိမ်သို့ ရောက်လာတော့သည်။ ထိုသူမှာ ကျနော်၏ အကိုဝမ်းကွဲတော်သူတဦး ဖြစ်ပါ

သည်။ ထိုကြောင့် ကျနော်သည် အကြောင်း အကျိုးဆက်စပ် ကြည့်မိပါသည်။

ဇာခါးမကြီးပေါ်တွင် ပေါ်လာသောသဏ္ဍာန်မှာ ကျနော့် အိမ်သို့လာနေကြောင်း ကနဦးအစ ပြလိုက်ခြင်းဖြစ်ပါသည့်။

သည်နေ့ည ရွှေတိဂုံဘုရားပေါ်သို့တက်ပြီး တရားအား ထုတ်ရမည်။ နေ့လယ်ပိုင်းအချိန်ကစ၍ တံခါးမကြီးဆီသို့ အာရုံ ခံပြီး ကြည့်လိုက်ပါသည်။

မိမိသွားလိုသောနေရာတွင် မည်သူများ တွေ့ကြုံရမည်ကို လေ့လာကြည့်ပါသည်။

တံခါးမကြီးပေါ်တွင် အဖြူရောင်အဆင်းများ လွှမ်းခြုံ မိသောအခါတွင် ပေါ်လာသော သဏ္ဍာန်များသည် ကြည့်ရင်း ကြည့်ရင်းဖြင့် ထင်ရှားစွာ တွေ့လာပါတော့သည်။

၎င်းတို့မှာ ရဟန်းများတန်းစီပြီး ရွှေတိဂုံဘုရားယင်ပြင် တော် လျှောက်နေကြသည်ကို တွေ့ရသည်။

ကျနော်တွေ့ထားသော အာရုံနိမိတ်အတိုင်း ဘုရားယင်ပြင် တော်သို့ ရောက်သောအခါတွင် တံခါးမကြီးမှာ တွေ့မြင်ရသည့် အတိုင်း တွေ့ရှိခဲ့ပါသည်။

ရာသီစက်မောင်းက ပြောင်းလဲချေတကား။

မိုးကောင်းကင်သည် အမှောင်လွှမ်းလျက်ရှိသည်။ အားပြို ထွန်းပနေသော ကြယ်ရောင် လက်လက်တို့သည် ပြာမှောင် သောအမှောင်ဝယ် ယိုးတိုးရိပ်တိတ် ကြယ်ကလေး များက-

အားယူလျက် အလင်းကို ဆောင်သော်လည်း ရွှေတိဂုံစေတီ တော်ကြီးအား ပူဇော်ထားသော မီးရောင်များကို မထိုးဖောက်နိုင်ချေ။

ပူဇော်ထားသော ဓာတ်မီးရောင်တွေက ထိန်ထိန်လင်းလျက် ရှိသည်။

ဘေးပတ်ဝန်းကျင်တွင်လည်း အလင်းရောင်က ဖြန့်ကြဲသည်။ အလင်းရောင်တို့က လွှမ်းသော်လည်း မှောင်ခိုရိပ်လေးများ ရှိသေးသည်။

အမှောင်ရိပ်ဆိုသော်လည်း လူသူကင်း၍ မဲမဲလည်း မှောင်နေသည်မဟုတ်။ အမှောင်ရိပ်ခိုပြီး တရားအားထုတ် နေသူများလည်းမှုနည်းပေ။

မမျှော်လင့်ဘဲတွေ့မြင်ရသော ပတ်ဝန်းကျင်၏ အခြေအနေကို သုံးသပ်မိသောအခါတွင် အားတက်မိသည်။ ရင်ဝယ် သိမ်းဆည်းပြီး ဆန္ဒရှိသည့်အတိုင်း ဘုရားပေါ်သို့ တက်လာခဲ့ပါသည်။

ဂူဟ်(၈) ခွင်တွင် နေ့စဉ်ရက်ဆက် တနေ့ကျစီ တရားအားထုတ်ပြီးနောက် ကကုသန်၊ ကောဏဂုံ၊ကဿပ၊ဂေါတမ ဘုရားတန်ဆောင်းများတွင် အားထုတ်ရန်အဓိဋ္ဌာန်ဝင်ရမည် ဖြစ်ပါသည်။

နောက်ဆုံးနေ့ ဂေါတမတန်ဆောင်းမှနေ တရားအားထုတ်ပြီးခြင်း (အောင်ပြီ)ဟု သုံးကြိမ် ခေါ်ရမည်။

ထို့ကြောင့် သည်ညအဘို့ ကျနော်ဘုရားပေါ် တက်ရောက်ခဲ့ပါသည်။

လှူမြင်ကွင်း၏ မနီးမဝေးတွင် ကျနော်တရားအားထုတ်ရန် နေရာရွေးချယ် လိုက်ပါတော့သည်။ ကျနော်၏ နံဘေးတွင် တရားထိုင်သူကိုတွေ့ရသဖြင့် ဝမ်းသာမိသည်။

အကယ်၍ တဦးတည်းဆိုပါက ကြောက်စိတ်ဝင်လာမိမည်ကို စိုးရိမ်ပူပန်မိသည်။ ခုတော့ တော်သေးသည်။ ကျနော်သည် တရားအားမထုတ်မီ ဘုရားအစရှိသော ရတနာမြတ်သုံးပါးနှင့် မိဘဆရာသမားတို့အား ရှိခိုးခြင်း ပူဇော်ခြင်းအမှုကိုပြုပါသည်။

ထိုနောက် ငါးပါးသီလကို ခံယူ ဆောက်တည်ပါသည်။ ကံငါးပါးအနက် ကံနှစ်ပါးကို သက်ဆုံးထိုင် မကျူးလွန်ရန် ဆောက်တည်ပါမည်ဟု ဂတိသစ္စာပြုပါသည်။ ၎င်းက ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရကံတို့ ဖြစ်ပါသည်။

သမ္မာဒေဝ နတ်မင်းအပေါင်း ဗြဟ္မာမင်းအပေါင်းတို့အား ပန်ကြားပါသည်။

ဤကဲ့သို့သစ္စာပြုပြီးလျှင် နတ်ဗြဟ္မာအပေါင်း၊ သတ္တဝါဝေနေယျအပေါင်းတို့အား အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်း ပြုပြီးနောက် ကျနော့်အား လာရောက် (သမထ)တရားပညာသင်သော ပုဂ္ဂိုလ်သူ ပုဂ္ဂိုလ်မြတ်အား ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရနိုင်သူ ဖြစ်ပါစေဟု ဆုတောင်းပြီး တရားထိုင်ပါတော့သည်။

ယခင်ကလို အာနာပါန ထွက်သက်ဝင်သက် တရားမျိုး ထိုင်ခြင်းတော့မဟုတ်ပေ။ ခု စိပ်ပုတီးစိပ်၍ ထိုင်ရမည်။ ကျနော့်အဖို့ စိပ်လေ စိပ်ထ မရှိတော့ အတော်ကလေး ကသိကအောက်နိုင်ပါသည်။

ကျနော်သည် မျက်စိမှိတ်ပြီး ဂုဏ်တော်ကိုးပါး ဂုဏ်တော် ပုတီးကို စတင် စိပ်ပါတော့သည်။ စိပ်နေကျမဟုတ်တော့ စိပ် ပုတီးအပတ်ရေမှားယွင်းခြင်း၊ တလုံးနှင့်တလုံး ကျော်သွား သည်ကို သတိပြုမိပါသည်။

ဒီညအဘို့ ဒီလောက်ပင် စိပ်၍ အိမ်သို့ပြန်ခဲ့ပါသည်။

ဒီတခါတော့ ဒီနေရာသို့ ရောက်ခဲ့ပြန်ယည်။ အကြောင်းက ဤသို့ပင် ကျနော်၏အဓိဋ္ဌာန် မပြီးသေးချေ။

မပြီးဆုံးသော လမ်းဝယ် လျှောက်ရ သကဲ့သို့ပင် ဆက် လျှောက်ရပေအုံးမည်၊ သွားချင်လို့ သွားရခြင်းထက် မသွား မဖြစ်၍သွားသည့် ကိစ္စမျိုးလည်း မဟုတ်၊ ဤကား ကျနော်၏ အဓိဋ္ဌာန်အောင်မြင်ရန်အတွက် သွားရပေမည်။

သွားပါများ ခရီးရောက်၊ မေးပါများ စကားရ ဆိုရိုးရှိဘူး သည်။ ဒါကြောင့် သွားလိုသောနေရာသို့ မရောက်ရောက် အောင်သွားရန် စိတ်ဆုံးဖြတ်လိုက်သည်။

ကျနော်တဦးတည်းပင် စိတ်နောက်ကိုယ်ပါသကဲ့သို့ ရောက် လိုသောနေရာသို့ ရောက်ခဲ့သည်။

ဤနေရာသည် မြေပြန့်လည်းမဟုတ်၊ မြင့်မားမို့မောက်သော တောင်ကြီးလည်းမမည်၊ လူအများ ခေါ်စမှတ် ပြုကြသည်မှာ သိင်္ဂုတ္တရကုန်း ဟူ၍ပင်။

ဝန်ကြီး ပဒေသရာဇာကလည်း ဤသို့ ဘုရား ဆံတော်ရှင် သမိုင်းကို ကဗျာစပ်ဆိုခဲ့ပေသည်။

သိင်္ဂုတ္တရ၊ ကုန်းမြတ်လှစွာ
အမည်မှာမူ၊ သတ္တာဘုမ္မ
ဘူရိဒတ္တ၊ ပေါက္ခရဝတီ
သီဟရာဇာ၊ တမ္မာဂုတ္တ
တိဂုမ္ဘဟု၊ သတ္တနာမံ
ကမ္မည်းခံ၍၊ ကုန်းရံကိုးဆယ်
ကုန်းကိုးသွယ်ရှင့်၊
ရှေ့ဝယ်မျက်နှာ၊ ဓမ္မာပူရ
တောင်အရပ်ကမူ၊ ဓညပူရာ
နောက်မျက်နှာဝယ်၊ ဝိဇယာပူရ
ဥတ္တရဒိသာ၊ မြောက်ရပ်မှာကား
ဥက္ကလာပ၊ မြို့လေးဝတည်၊
ပုပ္ဖဝတီ၊ ရေသီတာရစ်
အရှေ့မြစ်နှင့်၊ တလှစ်တောင်မှာ
ပဏ္ဏာနဒီ၊ သညီတွင်ဘိ
အသိတဥ္စန၊ မစ္ဆိမတည့်
သုဝဏ္ဏနဒီ၊ မြောက်ရပ်မှီ၍။
လေးလီမျက်နှာ၊ ခြံရံကာနှင့်
ကမ္ဘာဘဒ္ဒ၊ ပဌမဝယ်
စ၍ပွင့်မှန်၊ ကကုသန်မြတ်စွာ
ဂေါဏာဂမန၊ ကဿပဟု
တေဇဝင်းပြောင်၊ နောင်တော်သုံးပါး
မြတ်ဘုရားတို့၊ တည်ထားသည့်ရှေး

တောင်ငှေး ရေစစ်၊ သက်န်းဖြစ်ဟု
တံတစ်မော်ကွန်း၊ အစဉ်ထွန်းရှင့်
ရည်ညွှန်းနိမိတ်၊ ရှေးအတိတ်ဖြင့်
ဗျာဒိတ်ထပ်ဆင့်၊ ဆံတော်နှင့်သော်
လေးမည်ပေါ်သား၊ ကုန်းတော်မြတ်ခေါင်
တောင်ငါးဆယ်သာ၊ အချင်းမှာမူ
ပြုဗ္ဗာမဇ္ဈိမ၊ ရှေ့နောက်မှကား
လေးရာ့ခြောက်ဆယ်၊ တောင်ဝယ်ကေ
ငါးသစ်မျှတည့်၊ တီးမှန့်စ်ဆယ်
စွန်းဝယ်ခြောက်တောင်၊ နှစ်မိုက်ဆောင်၍
မြောက်တောင်နောက်ရှေ့၊ စေ့မြေ့သေသပ်
ဘိနပ်မှာမူ၊ နှစ်ရာ့နှစ်ဆယ်
စွန်းဝယ်ခြောက်တောင်၊ အဝန်းဆောင်မူ
ကိုးရာဟူရှင့်၊
ထက်မပတ်ခြံ၊ စေတီရံဝယ်
ရှစ်ဆယ်လေးဆူ၊ အောက်မူတရာ
ခြောက်ဆယ်သာတည့်၊ သီဟာရူပ
ဒွေဝီသနှင့်၊ စရျှတွက်ရေ
ယင်းအနေတွင်၊ အောက်ခြေရံကာ
ပြာသာဒ်မှာမူ၊ ဆပညာသ
နောက်မှဆင့်ကာ၊ သမိုင်းမှာလည်း
မပါ့မရှိ၊ မြဲမှတ်သိလော့၊
သိရိလျှံဝေ၊ ကျက်သရေနှင့်

ညာကြေအောက်ထက်၊ ဘဝဂ်တိုင်အောင်
ပျံ့နှံ့ဆောင်သား၊ ဘုန်းခေါင်ဓမ္မရာဇ်
ရှင်ချစ်မြတ်စွာ၊ စေသကျာ၏
ရင်းချာပိုင်းခြား၊ မှတ်စိမ့်ထားသည်
ဘုရားဆံရှင် သမိုင်းတည်း။

ကျနော်သည် ဘုရားခြေတော်ရင်းမှ ယင်ပြင်ပေါ်သို့ရောက်ချိန်တွင် မောစပြုလာတော့သည်။

နေမင်း၏ ရောင်ခြည်များက ကျနော့်အား နှုတ်ဆက်လိုက်ပါသည်။ ဖြတ်သန်းလျှောက်ခဲ့ရသော တန်ဆောင်း အတွင်းမှ အမှောင်ရိပ်များက ပျောက်ကွယ်သွား၏။

တသွင်သွင်တိုက်ခတ်နေသော လေနုအေးများကို အားပါးတရရှူရှိုက်ရင်း ကျနော်သည် တန်ဆောင်းတခု အတွင်းသို့ ဝင်ရောက် ထိုင်လိုက်ပါသည်။

ဤသို့ ထိုင်နေရာမှ ပတ်ဝန်းကျင်သို့ တစေ့တစောင်း ကြည့်မိ၏။ ကျနော်တယောက်မှလွဲ၍ တခြားမည်သူမျှမရှိချေ။

မိမိကိစ္စနှင့် မိမိဆိုတော့ အခြားအကြောင်းကိစ္စကို မတွေးမိချေ။ တခုတည်းသော အကြောင်းကို စဉ်းစားရမိသည်။ မိမိအတွေးနှင့် မိမိကိစ္စက ရှိသေးသည်။ ဤသည်ကား တရားထိုင်ရန်ပင် မဟုတ်ပါလော။

ကျနော်သည် တရားထိုင်မည့် နေရာဆီသို့ ရောက်ခဲ့ပေမင့် တရားအားထုတ်ရန် မပြုသေးဘဲ ကျနော့်မျက်လုံး အစုံက တောင်မြောက်လေးပါးဆီသို့ ဝေ့ရမ်းမိသည်။

ဒီတော့ ကျနော်တဦးမှလွဲ၍ အခြားမည်သူမျှ မရှိချေ။ ဤကဲ့သို့ ပတ်ဝန်းကျင်အခြေအနေက ရှိနေသည်။

ပထာမပြုလုပ်ရမည့်လုပ်ငန်းကို စတင်ပြုလုပ်ပါသည်။ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း ပြုလုပ်ပါသည်။

ရင်းနောက် စိပ်ပုတီး စိပ်ပါသည်။ စိပ်ပုတီးစိပ်၍ ပြီးသောအခါတွင် နောက်ထပ် အာနာပါန ထွက်သက် ဝင်သက် တရားကို ဆက်လက်အားထုတ်ပါသည်။

အဘယ်ကြောင့် စိပ်ပုတီးနှင့် အာနာပါန ထွက်သက် ဝင်သက်အားထုတ်ရခြင်းမှာ စိပ်ပုတီးစိပ်ခြင်း အပြင် အရ များဖြစ်ကြသော....

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာစိတ်
၆။ တွေးတောစိတ်

အပြင်အာရုံ ခြောက်ပါးကို စိတ်ပုတီး စိပ်ခြင်းဖြင့် ပယ်ပျောက်စေသည်။ စိပ်ပုတီး စိပ်ပုတီးစိပ်သည့်အခါတွင် မိမိစိပ်သော ဂုဏ်တော်ကို အာရုံပြုရပါသည်။

အခြားသို့ စိတ်ဓာတ်မလွင့်ပါးစေရန် စိတ်ကို ဂုဏ်တော်ပေါ်တွင် အာရုံပြုရှိခြင်းဖြစ်ပါသည်။

ယင်းကဲ့သို့ အပြင်အာရုံသည် ပယ်ပျောက်ပြီးနောက် အတွင်းစိတ်တွင် ဖြစ်ပေါ်လေ့ရှိသည်။

၁။ လောဘ
၂။ ဒေါသ
၃။ မောဟ

အလွန်ဆိုးဝါးစေသည့် ရန်သူကြီး သုံးဦးသည် မိမိအတွင်းစိတ်တွင် မကိန်းအောင်ရန်အတွက် အာနာပါန ထွက်သက်ဝင်သက်ဖြင့်ရှင်း၊ စိတ်စင်ကြယ်မှု ဖြစ်စေရန် ပွတ်တိုက်ပေးရပါသည်။

ကျနော်သည် စိပ်ပုတီးစိပ်ပြီးနောက် အာနာပါန ကမ္မဋ္ဌာန်းတရားကို ဆက်လက် ပွားများနေပါတော့သည်။

ထိုအချိန်တွင် အမှောင်မထင် ကျနော့်စိတ်က ထင်လာတော့သည်။

ယင်းအကြောင်း နံဘေးတွင် သံဃာတပါး ကြွရောက်ပြီး တရားအားထုတ်မည်ဟု အထင်မြင်ခြင်း မြင်ပေါ် လာပါသည်။

ကျနော်၏ အထင်မြင်ခြင်းပေါ်ပြီးနောက် အချိန်အနည်းငယ်တွင် ကျနော့်နံဘေး၌ တဦးသော ပုဂ္ဂိုလ် လှုပ်ရှားနေသော အသံကို ကြားရပါတော့သည်။

ကျနော်မှိတ်လျက်ရှိသော မျက်စိကိုဖွင့်ပြီး ဘေးပတ်ဝန်းကျင်သို့ တစေ တစောင်း ကြည့်မိပါသည်။

ထိုအခါ ကျနော်ထင်သော အထင်မြင်ခြင်းအတိုင်း သံဃာတပါးရောက်နေသည်ကို တွေ့ရသည်။

ဒီနေ့သည် နောက်ဆုံးနေ့၊ အမှန်ဆိုပါက ဂူဟ်(၈)ခွင်တွင် နောက်ဆုံးအနေဖြင့် အဓိဋ္ဌာန်ဝင်ရောက်ခြင်း၊ ရာဟုဂူဟ်ခွင်တွင် တရားအားထုတ်ရန်ပင် ဖြစ်သည်။
ထိုနေရာသို့ ရောက်ရှိရန်မှုကား ဖြတ်သန်းလာရသော ခရီးလမ်းတွင် ကျနော့်အဖို့ နေပူရှိန်၏ဒဏ်ကို အလူးအလဲ ခံစားခဲ့ရပါသည်။

ထို့ကြောင့် ကျနော်၏ တကိုယ်လုံးမှာ ချွေးများက စွတ်စိုနေပါသည်။ ကျနော်သည် ရွှေတိဂုံဘုရား ယင်ပြင်ပေါ်သို့ ရောက်ရှိပြီးနောက် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် ခိုနားလိုက်ပါသည်။

ကျနေဘ်တွင် စွတ်စိုနေသော ချွေးများ တိတ်သွားသော အခါ လိုရာခရီးသို့ လာခဲ့ပါသည်။ အဝိဋ္ဌာန်ဝင်သည့်နေရာသို့ ရောက်ရှိခဲ့ပြန်သည်။ သို့သော် နေရောင်ကင်းသော နေရာကို လိုက်ရှာပြန်ပါသည်။

အကြောင်းမှာ တရားအားထုတ်သော အခါတွင် နေရောင်များ ကျရောက်သည့်နေရာ၌ ထိုင်မိပါက နေရောင်၏ အပူရှိန်ကြောင့် တာရှည်စွာ တရားအားထုတ်နိုင်မည် မဟုတ်ပေ။

ဤနေရာသည် ကျနေဘ်အတွက် သင့်လျော်သော နေရာ တရားအားထုတ်ရာတွင် ကြာရှည်စွာ တရားအားထုတ်နိုင်မည့် နေရာမျိုး ဖြစ်ပါသည်။

ကျနေဘ်သည် ပြုလုပ်နေကျအတိုင်း ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်းပြုလုပ်ပြီးနောက် စိပ်ပုတီးစိပ်ခြင်း၊ ကမ္မဋ္ဌာန်း တရားကို စီးဖြန်းပါတော့သည်။

ဂုဏ်တော် ပုတီးနှစ်ပတ်လောက်စိပ်ပြီးသောအခါ ကျနေဘ်၏ နောက်ကျောဘက်မှနေ ကြောင်တကောင်သည် ကျနေဘ် အား မာန်ဖီ၍နေပါတော့သည်။

ယင်းအသံသည် ကျနေဘ်အတွက် အနှောက်အရှက် ဖြစ် ခြင်းကြောင့် ဂုဏ်တော်ပေါ်တွင် အာရုံမတည်နိုင်ဘဲ ဖြစ်နေ ပါတော့သည်။

ကြောင်၏ မာန်ဖီသော အသံကို လေ့ကျက်သောအခါ တွင် တကြိမ်တခါ မြင်ဘူးခဲ့သော ကြောင်တကောင်နှင့် တ ကောင် ကိုက်ခဲရန် ပြုကြသောအချိန်တွင် တကောင်နှင့် တ ကောင် အရှုံးမပေး၊ အနိုင်မခံသော စိတ်ဖြင့် မာန်ဖီအော် မြည်နေသကဲ့သို့ ကျနော်၏ နောက်ကျောဘက်မှ အော်မြည် နေသော ကြောင်၏အသံက အဆက်မပြတ် အော်မြည်နေပါ သည်။

ကျနော် တရားအားမထုတ်ခင်က ဤနေရာ၏ ပတ်ဝန်း ကျင်ကို ဂရုစိုက်ကြည့်မိပါသည်။

ဤအချိန်တွင် တိရစ္ဆာန်ဟူ၍ တကောင်တလေမျှမတွေ့ပေ။ အော်နေသောကြောင်မှာ တကောင်တည်းပင်။

တကောင်နှင့်တကောင် ကိုက်ခဲမည်ဆိုပါက နှစ်ကောင်၏ အသံပေါ်လာပေမည်။ ထို့ကြောင့် ကျနော်သည် ကြောင် အော်သံကို စိတ်ကသာ မကျေနပ်သော်လည်း ရုပ်ခန္ဓာကမူ တည်ငြိမ်မြဲတည်ငြိမ်လျက်။

ယင်းကြောင် အော်နေခြင်းမှာ တစုံတယောက်သောသူကို တွေ့ခြင်းကြောင့် အော်နေဟန်တူပေသည်။

ကျနော်သည် တရားအားထုတ်ရာတွင် အထိုင်မပျက် ပကတိ တည်ငြိမ်နေခြင်းကြောင့် မာန်ဖီနေသော ကြောင်၏ အသံမှာ ကြာမြင့်သော အချိန်၌ ပျောက်ကွယ်သွားပါသည်။

လောက၌ အကောင်းဆုံးဟု သိလျက်နှင့်လုပ်သော အလုပ်များကိုပင် နှောက်ရှက်ခြင်းက ပေါ်လာစမြဲ။

လေးဆူကုန်သော ဘုရားရှင်အပေါင်းတို့၏ ကိန်းဝပ်တော်မူသည့် တန်ဆောင်းထဲတွင် အဓိဋ္ဌာန်တရားများ ဝင်ရောက်အားထုတ်ရတော့မည်။

သို့သော် မသိသေးသောအကြောင်းက ရှိသေး၏။

၎င်းက မည်သည့် တန်ဆောင်းတွင် ကိန်းဝပ် စံတော်မူသော ဘုရားရှင်၏ဘွဲ့နာမည်ကိုမသိနားမလည်သော ကျနော့်အဖို့ လေ့လာရပြန်သည်။

အရှေ့ဘက်တန်ဆောင်းတွင် ကကုသန်ဘုရား၊
အနောက်ဘက်တန်ဆောင်းတွင် ကဿပဘုရား၊
တောင်ဘက်တန်ဆောင်းတွင် ဂေါဏဂုံ ဘုရား၊
မြောက်ဘက်တန်ဆောင်းတွင် ဂေါတမ ဘုရား၊

လေးဆူကုန်သော ဘုရားရှင် အပေါင်းတို့ ကိန်းဝပ် စံပယ်တော်မူသည့် တန်ဆောင်းများကို သိရှိ နားလည်သောအခါ ကျနော်သည် အဓိဋ္ဌာန်တရား အားထုတ်ရန် စတင် ပြုလုပ်ပါတော့သည်။

လေးဆူသော ဘုရားရှင်အပေါင်းတို့၏ တန်ဆောင်းများတွင် နေ့စဉ်ရက်ဆက် တရားအားထုတ်ပြီးနောက် ဂေါတမ

ဘုရားရှင်၏ တန်ဆောင်းအတွင်းသို့ ဝင်ရောက်တရားအားထုတ်ရမည့်အချိန်သို့ ရောက်ခဲ့ပါသည်။

ထိုတန်ဆောင်းအတွင်း၌ တရားအားထုတ်ရန် ရောက်ရှိခဲ့ရာ တန်ဆောင်းအတွင်းတွင် ဘုရားဝတ်ပြုနေသူများ ရှိနေသောကြောင့် ကျနော်သည် မတ်တတ်ရပ်ကာ စဉ်းစားနေပါသည်။

အကြောင်းမှာ လူများသော နေရာတွင် တရားအားထုတ်ရန်အလို့ငှာ ကျနော့်အတွက် အနှောက်အယှက် ဖြစ်နေလိမ့်မည်အထင်ကြောင့် အနှောက်အယှက် ကင်းသော နေရာကို ရှာဖွေရပါသည်။

တန်ဆောင်းအတွင်းထဲသို့ ရုပ်ပွားတော်များကို ဖြတ်သန်းသွားပြီးနောက် အတွင်းထဲသို့ ရောက်ခဲ့ပါသည်။

တရားအားထုတ်ရန် ကောင်းသောဂူတခုကို တွေ့ရပါသည်။

ထိုနေရာသည် တိတ်ဆိတ် ငြိမ်သက်ပြီး ပတ်ဝန်းကျင်၌ လူသူကင်းမဲ့လျက် ရှိပါသည်။ ထိုဂူအတွင်း၌ ဘုရားတဆူ ရှိပါသည်။

ဂူအတွင်းရှိ ဘုရားအား ပန်း၊ဆီမီးများလှူဒါန်းထားသည်ကို တွေ့ရပါသည်။

ကျနော်သည် ၎င်းဂူ၌တရားအားထုတ်ရန် ပြင်ဆင်လိုက်ပြီးနောက် စိပ်ပုတီးကို စိပ်ပါသည်။

စိပ်နေရင်းမှ နောက်ဆုံးအပတ်တွင် ကျနော့်၏ တကိုယ်လုံးမှာ လှုပ်လှုပ်ရှရှ တုန်တုန်ရီရီဖြစ်ပြီး စိပ်နေသော ပုတီးမှာလည်း လေးလာပါသည်။

ကျနော်၏ စိပ်ပုတီးများသည် ကျနော်၏ လက်နှစ်ဖက်ကဘုရားသို့ဦးတိုက်ပြီး တဖန်လက်နှစ်ဘက်နှင့် စိပ်ပုတီးကို ပွတ်ချေ၍ အပေါ်မြှောက်အောက်နှိမ့်ဖြင့် စိပ်ပုတီးများ ပွတ်ကာ ကျနော်၏ လက်လှုပ်ရှားနေပါသည်။

ငင်းအပြုအမူများသည် ရုတ်တရက်ဖြစ်လာသော အပြုအမူများဖြစ်ပါသည်။

မိမိကိုယ်ကို ဆန္ဒဖြစ်ပေါ်စေရန် ကြိုတင် ကြံစည်မှုမရှိပါ။

သူ့သဘော သူဆောင်၍ ဖြစ်နေကြောင်း သတိ ပြုမိပါသည်။

ယင်းအကြောင်းအရာများကို မိမိပြန်လည် သုံးသပ်မိသည်မှာ စိပ်ပုတီးကို သိဒ္ဓိ တင်ပေးခြင်းဖြစ်သည်ဟု ထင်မှတ်မိပါသည်။

အကြောင်းကြောင့် အကျိုးထင်မိသည်။

ကျနော့်စိတ်ကို စိပ်ပုတီး စိပ်ခြင်းဖြင့် စင်ကြယ်အောင် ပြုလုပ်ပေးခြင်း၊ တခါတရံ စိပ်ပုတီး စိပ်နေရာတွင် စိတ်တည်ငြိမ်မှုမရှိ၊

ဟိုရောက် သည်ရောက် အပြင်အာရုံပေါ်တွင် တည်ရှိနေသောအခါတွင် စိပ်နေသော ဂုဏ်တော်ကို အသံထွက်အောင်

စိပ်ပြီး စိတ်အပေါ်တွင် ဂုဏ်တော် တည်ငြိမ်မှုရှိမှ ပြန်လည်၍ စိပ်နေကျအတိုင်း စိပ်ပါတော့သည်။

ၡင်းနောက် စိတ်စင်ကြယ်မှုရှိရန် တဖန် ထွက်သက် ဝင်သက်ကို အချိန်ကြာရှူရှိုက်ပြီး အသက်ရှူခြင်းကို သက်သာမှုရှိသောအခါ မြတ်စွာဘုရား၏ဂုဏ်တော်တခုခုဖြင့် ရွတ်ဆိုပေးခြင်းသည် စိတ်စင်ကြယ်မှု ရရှိခဲ့ပါသည်။

ပထဝီကသိုဏ်းဝန်းကို စူးစိုက်ကြည့်ပြီး ကျင့်ကြံခဲ့သောကြောင့် စိတ်စင်ကြယ်မှု ဖြစ်ခဲ့ပါသည်။

အားလပ်သော အချိန်အတိုင်း အနုဿတိ ဆယ်ပါးတွင် တပါးပါးကို ပွားများနေခြင်းကြောင့် စိတ်သည် စင်ကြယ်ခဲ့ပါသည်။

ယင်းအကြောင်းများကြောင့် အကျိုးတရားများ တွေ့ရှိခဲ့သည်။

ဒီနေ့ စိတ်က သက်သတ်လွတ် ၄၅ ရက်စားပြီး အဓိဋ္ဌာန်ဝင်ရန် ဖြစ်ပေါ်လာတော့သည်။

စိတ်၏ဖြူစင်သော အသိကြောင့်ပင် ၡင်းနေ့ကစ၍အဓိဋ္ဌာန်ဝင်ပါတော့သည်။စားလေ့စားကျင့်မရှိသောကြောင့် ကျနော့အဖို့ ကသိကအောင့်နိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း ကျနော်၏စိတ်က ရောင့်ရဲတင်းတိမ်မှု လေ့ကျင့်နိုင်သည့်အတွက် ယင်းသက်သတ်လွတ်စားခြင်းကို အလွယ်တကူ စားနိုင်ခဲ့လေသည်။

သက်သတ်လွတ် စားခြင်း၏ အကျိုး ကျေးဇူးကြောင့်ပင်ဖြစ်ပေမည်။

တရား အားထုတ်သောအခါတွင် အာရုံပေါ်၌ တွေ့မြင်ရသောအကြောင်းအရာများမှာ ယခင်ကလိုမဟုတ်ဘဲ ခပ်လှမ်းလှမ်းမှတရားအားထုတ်နေသော ပုဂ္ဂိုလ် သက်နိုးဝတ်ဖြင့် မတ်တတ်ရပ်နေသော ပုဂ္ဂိုလ်သဏ္ဍာန်များကို မသဲမကွဲ မြင်ရသော်လည်းကိုယ်လုံးသဏ္ဍာန်ကိုတော့ သဲသဲကွဲကွဲမြင်ရသည်။

ကျနော်သည် နေ့စဉ်နေ့တိုင်း သက်သတ်လွတ် စားခြင်း၊ တရားအားထုတ်ခြင်းများကို ပြုလုပ်နေသောတနေ့တွင် မမြော်လင့်ဘဲ အမိဋ္ဌာန်ပြုလိုသောဆန္ဒသည် ဖြစ်လာပြန်သည်။

"ဒီနေ့ကစပြီး ဥပုသ် ၉ ရက်စောင့်ပါ၊ညစဉ် ၉ ရက် ညဉ့်တနာရီကျော်တိုင်း စတင်တရားအားထုတ်ပါ"

ပတ်ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါသည်။

အကြောင်းမူပတ်ဝန်းကျင်တခုလုံးကိုအမှောင်ထုကဖုံးလွှမ်းထားလေသည်။

အချိန်ကား ညဉ့်ဦးဘက်ပိုင်းသို့ ရောက်ရှိခဲ့သည်။

တခါတရံ အိပ်မော ကျနေသူများ၏ ဟောက်သံများ၊ လူးလိမ့်သံများ၊ ညဉ့်၏အမှောင်ထုကိုကျော်ဖြတ်၍ ပေါ်လာတတ်၏။

ကျနော်မှအပ ကျန်အိမ်သူအိမ်သားများသည် အိပ်မောကျနေကြသည်။

သို့သော်လည်း ကျနော်၏ခန္ဓာကိုယ်မှာ သက်သတ်လွတ်စားခြင်း၊ ဥပုသ်စောင့်ခြင်းကြောင့် နွမ်းနယ်နေပါသည်။

ကျနော်သည် တရားအားထုတ်ရန်အတွက် အိမ်ရှေ့ခန်းရှိ ဘုရားစင်ရှေ့သို့ရောက်ပြီး ဘုရားဝတ်ပြုလိုက်ပါတော့သည်။

ၰင်းနောက် ကမ္မဋ္ဌာန်းတရားများ စီးဖြန်း အားထုတ်ပါသည်။

ညဥ့်အချိန်တွင် အိပ်နေခြင်းမှ ထလေ့ ထစ မရှိသော ကျနော့်အဖို့ တရားအားထုတ် နေရင်းပင် ငိုက်မြည်းနေပါသည်။

အိပ်ချင်သောဇောကြောင့် ကျနော်သည် တရားကိုကြာရှည်စွာအားမထုတ်နိုင်ဘဲ အိပ်လိုက်ပါတော့သည်။

× × ×

(၂၀)

အိပ်ရာမှ ထလေ ထစ ရှိတော့ ကျနော်၏မျက်လုံးများ ကျိန်းဖန်ခြင်းမရှိငိုက်မြည်းခြင်း မရှိတော့ချေ။

အသံရှင်၏ အမိန့်အရ ကျင့်ကြံအားထုတ်ခဲ့ရသည်မှာ ဤည သည် နောက်ဆုံးညပင် ဖြစ်ပေသည်။

ကျနော်သည် အချိန်ကြာမြင့်စွာ တရားအားထုတ်ရသော် လည်း ညောင်းညာကိုက်ခဲခြင်းမရှိ၊ ဤညအဖို့ ပျင်းရိခြင်း မဖြစ်ခဲ့ပေ။

အာရုံနိမိတ်များတွင် ပေါ်နေသော အရောင်အဆင်းများ လည်း လေအဟုန်ဝယ် ဟီးလေခို လိုက်နေသော တိမ်လိပ် တိမ်သားကဲ့သို့ပင် အရောင်အဆင်းများသည် တလိမ့်လိမ့်နှင့် အရောင်အမျိုးမျိုး ပြောင်းလဲနေပါသည်။

ကျနော်သည် ယင်းအာရုံနိမိတ်များကို ကြည့်နေရသည်မှာ ပျော်သယောင်ယောင်။

ကျနော် ကြည့်နေသော အာရုံနိမိတ် အရောင်များသည် တရောင်ပြီးတရောင် ပြောင်းလဲသွားသော်လည်း အစိမ်းရင့်ရောင်မှာ ပြောင်းလဲသွားခြင်း မရှိချေ။

ပျောက်ကွယ် လွင့်ပါးခြင်းမရှိသော အစိမ်းရင့်ရောင်သည် ကျနော်၏ မျက်လုံးအစုံက လှုပ်ရှက်ခြင်း မရှိ။

အစိမ်းရင့်ရောင်ကို ခိုင်ခိုင် မြဲမြဲ မလွင့်ပါးသွားအောင် စူးစိုက်ကြည့်နေပါတော့သည်။

ကျနော်သည် ထိုအစိမ်းရောင်ကို ကြည့်နေရင်း ကြည့်ရင်း တဖြေးဖြေးနှင့် အစိမ်းရောင်ကို နောက်ခံပြုပြီး ပုဂ္ဂိုလ်တဦး ပေါ်လာပါသည်။

ထိုပေါ်လာသော ပုဂ္ဂိုလ်သည် ကျနော့်အား သေသေ ချာချာ စိုက်ကြည့်နေပါသည်။

ကျနော်လည်း ထိုပုဂ္ဂိုလ်အား ပြန်လည်ကြည့်နေပါတော့ သည်။

၎င်းပုဂ္ဂိုလ် ဝတ်ဆင်ထားသော အဝတ်မှာ အဖြူရောင် တိုက်ပုံအင်္ကျီနှင့် ပုဆိုးရောင်မှာ အစိမ်းရောင်ပေါ်တွင် မတ် တတ်စင်းအဖြူနှင့် ပုဆိုးဝတ်ထားပုံမှာ ကျစ်လစ် သိပ်သည်းစွာ ဝတ်ဆင်ထားပါသည်။

တိုက်ပုံအင်္ကျီတထည်တည်း ဝတ်ဆင်ထားသဖြင့် ရင်ခွင် တခုလုံးမှာ ပြည့်ဖြိုး မို့မောက်လျက်ရှိပါသည်။

ထိုပုဂ္ဂိုလ်၏ ရုပ်အသွင်မှာ ယခုခေတ် လူသားကဲ့သို့ ပိန်ပိန် ညှောင်ညှောင် အားအင်ချိနဲ့သောသူ မဟုတ်ပေ။

အလွန် ခွန်အားကောင်းပြီး အသားအရေများမှာ ဝဝ ဖြိုးဖြိုးရှိပါသည်။

မျက်နှာတော်မှာလည်း နှာခေါင်းပေါ်ပေါ်၊ နဖူးကျယ် ကျယ်၊ မျက်မှောင်ကုဘ်ကုတ်၊ ဆံပင်ကို သေသပ်စွာ ဖီးလိမ်း ခြင်းမရှိသောကြောင့် ခေါင်းပေါ်တွင် ဆံပင်များ ပြန့်ကြဲ လျက်ရှိပါသည်။

တဦးနှင့်တဦး ကြည်ကြည်လင်လင်၊ ပြတ်ပြတ် သားသား နီးကပ်စွာကြည့်နေပါသည်။

ထိုပုဂ္ဂိုလ်သည် ကျနော့်အား မျက်တောင်မခတ်ဘဲ စိုက် ကြည့်၍ နေခြင်းကြောင့် ကျနော့်အဘို့ အနည်းငယ် ကြောက် ရွံလာတော့သည်။

ထိုအချိန်တွင် ကျနော့်အား ကြည့်နေသော ပုဂ္ဂိုလ်၏ နှုတ်မှနေ (မင်းဆရာ ငါပါကွ)ဟု ပြောဆိုပြီးနောက် ပျောက် ကွယ်သွားပါသည်။

ကျနော့်ဆရာကို မြင်ဘူးပေပြီ။

သို့သော် ဆရာကြီးသည် မည်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် ဘွဲ့နာမည်ကိုတော့ မသိလိုက်ရသဖြင့် ကျနော် တယောက်အဖို့ အာဝင်မကျ ဖြစ်ရပါတော့သည်။

ယင်းအကြောင်းနှင့်ပတ်သက်၍ အခြားသူများကို အသိပေးပြီး မေးကြည့်ပါက ရင်းပုဂ္ဂိုလ်ထူးအား သိရှိရင် တော်သေး၏။

မသိဘဲ တောင်ပြော မြောက်ပြော တောင်စင် ရေမရ ကြားရမှုဖြင့် အခက်ကြုံရဦးမည်။ ကျနော် ဆရာအား တွေ့ရှိသော်လည်း အကြောင်းစုံလင်မှု မသိရှိရသောသူ ကျနော်မှာ ဝမ်းနည်းစွာ ရှိနေပါတော့သည်။

ကျနော် တရားအားထုတ်ရာတွင် လာရောက် သွန်သင်ဆုံးမ ညွှန်ကြားပြသသော ဆရာထူး ဆရာမြတ်ပင်ဖြစ်ပါသည်။

အလည်အပတ် သဘောမျိုးဖြင့် ဦးလေးအိမ်သို့ ရောက်ရှိသွားပါသည်။

ကျနော် တွေ့ကြုံခဲ့ရသော အကြောင်းအရာများကို တခွန်းတလေမျှ မပြောပြချေ။

အလ္လာပ-သလ္လာပ ပြောဆိုနေရာမှ ကျနော်သည် တရားကျင့်နေကြောင်းကို သူက သိမြင်လာသဖြင့် သူငယ်စဉ်တုန်းက စုဆောင်းထားသော ဝိဇ္ဇာဆရာကြီးများ၏ အထုပ္ပတ္တိသမိုင်းစာအုပ်များကို ထုတ်ပေးပါသည်။

ထိုစာအုပ်များကိုယူပြီး အိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်သို့ ရောက်မဆိုက် ကျနော်ယူခဲ့သော စာအုပ်များကို တအုပ်ပြီး တအုပ် ဖတ်ကြည့်ပါသည်။

နောက်ဆုံးစာအုပ် ဖတ်မည်အပြု စာအုပ်အဖုံးတွင် တွေ့လိုက်ရသော ပုဂ္ဂိုလ်အား ကြည့်၍မဆုံးနိုင်အောင် စိုက်ကြည့်နေပါသည်။

မမြှော်လင့်ဘဲ ၃-ရက်အတွင်း ဆရာ၏ ရုပ်ပုံလွှာကို ဖူးမြှော်ရသဖြင့် ကျနော့်အဘို့ အတိုင်းမသိ ဝမ်းသာလျက် ရှိပါသည်။

ဆရာသခင် ကျေးဇူးရှင် ဒုတိယ အောင်မင်းခေါင်၏ သမိုင်းကို ရရှိထားသော စာအုပ်မှ ကောက်နှုတ် ဖော်ပြလိုက်ပါသည်။

"အရပ်ရှောက်၊ မွှေနှောက်လည်၊ အတည်မကျ၊ ဗာဟီလိုက်၊ မိုက်လေစွဟု၊ မောဟချိပ်ငင်း၊ အရှုးများပင် ထင်ကြသေးတယ် လိုအင်အရေး၊ သိဒ္ဓိပေါက်၍၊ မပြောက်လေသေးတော့၊ ရိဆွေးဗလချာ၊ ဖျင်ပိုင်းကိုဝတ်၊ ရှက်နာနာနှင့်၊ ကြမ္မာကံခေ၊ ကျောင်းမှာကပ်၍နေရတယ်"

အစရှိသော ရသေ့ ဦးအောင်၏ စာသားကို ဖတ်ရှုရခြင်းအားဖြင့် ဆံရှည်ကိုယ်တော်ကြီး ဦးကောဏ္ဍည အစရှိသောထွက်ရပ်လမ်းသို့ မကြွမြန်းကြမီ သာမန်မျက်စိဖြင့် ဂုဏ်ပကာသနကို ကြည့်ရှုသူများက အရူးကြီးများဘဲဟု ထင်မြင်ပြောဆိုကြသည်မှာ ဓမ္မတာပင် ဖြစ်ချေသည်။

"ဂုဏဝန္တေပသန္န ၀ိဇနာ"ဟု လာရှိသော ပါဠိတော်အရ လူတို့သည် ဂုဏ်ပကာသနကိုသာ မက်မောကြသည်။ အကျင့်ကို

ကြည်ညိုခြင်းထက် အဝတ်ကို ကြည်ညိုခြင်း၊ အဆင်းကို ကြည်ညိုခြင်း၊ အပြင်ပန်းကို ကြည်ညိုခြင်းက ပိုမိုများပြားကြလေသည်။

မည်သို့ပင် ဆိုစေကာမူ အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးတို့၏ သဘောမှာ မိမိ၏ ရည်ရွယ်ချက်ခရီး အပြီးသို့ မဆိုက်ရောက်မီ တေမိမင်းသား၏ ထုံးကို နှလုံးထား၍ မမှိတ်မသုဉ် ကျင့်ကြံအားထုတ်တော်မူကြ ကုန်၏။

တေမိမင်းသားသည် ၁၆-နှစ် ပတ်လုံး မိမိ၏ အလိုဆန္ဒမပြည့်ဝမှီ မလှုပ်မရှက် လျောင်းလျက်သာ တုံကျ°ဘာဝေ ဆိတ်ဆိတ်သာနေလာငြားသော်လည်း သုနန္ဒာရထားမှူး တွင်းတူး၍ နေစဉ် "ငါ့တွင် ယခုအဝတ်တန်ဆာ ရှိသမျှကိုလည်း ရထားမှူး ချွတ်ယူသိမ်းထားသဖြင့် ယောကျ်ားရုပ် ပြီသရုံမျှသာ ရှိချေသည်။ ဘုန်းကျက်သရေဟူသည်မှာ တန်ဆာဆင်ခြင်း အချိန်တဒင်္ဂ ဖြစ်ပေသည်။ ကျက်သရေ ဘုန်းပန်း၊ ပွင့်လန်းခြင်း အကြောင်း ဝတ်ကောင်းတန်ဆာ ဝတ်ဆင်ရသော် ငါ၌ ကောင်းလေ၏ဟု အကြံ ဖြစ်တော်မူ၏" ဟူသော တေမိယဇာတ်တော်ထွက် စကား၌ဘုရားလောင်းသည် ပြည်စည်းစိမ်ကို မခင်၊ အဝတ်တန်ဆာကို အဘယ်ကြောင့် မြင်ပြန်သနည်းဟူမူ ဂုဏ်ကျက်သရေ ယူ၍ ဆောင်လျှင် အောင်မြင်လွယ်ခြင်း အကြောင်းရှိသဖြင့် အခွင့်လိုရာ ပြီးစေခြင်းငှာ အခိုက်အတန့် ခင်မင်တော်မူရလေသည်ဟု သိအပ်ပါသည်။

ယခုလည်း ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၄၂ ခုနှစ် နန်းတက်တော်မူ၍ ၂၁ နှစ်တိုင်တိုင် အင်းဝပြည်ကြီးကို စိုးစံတော်မူပြီးနောက် ထွက်ရပ်လမ်းသို့ကြွမြန်းတော်မူလေသည်။ တောတခွင်၊ တောင်တခို၊ ရှုအမြှောင်မြှောင်၊ တောင်အထပ်ထပ်၊ တောင်ကလပ်တွင် တောင်စွယ်၊ တောင်လယ်၊ တောင်ခါးပန်းတို့၌ လှည့်လည်ကြွလှမ်း၍ စံမြန်းခဲ့လေသည်။

အင်းဝခေတ်ကို တည်ထောင်တော်မူသော သတိုးမင်းဖျားသည် သက္ကရာဇ် ၇၂၆ ခုနှစ်၌ စစ်ကိုင်းနှင့်ပင်းယနှစ်ပြည်ထောင်အလုံးအရင်း ဆင်မြင်းများနှင့်တကွ တပ်ကြီးတရပ်တွင် တပ်ခိုင်တပ်လုံတည်ပြီးလျှင် ရဲမက်တော်တို့ကို နေစေသည်။

ဘုရင်မင်းမြတ်မှာ ရောဝနှင့် နဝရတ်ရွှေဖောင်နှင့်နေတော်မူပြီးလျှင် ကျည်းအင်း၊ ကျောက်မှော်အင်း၊ အင်းတူးအင်းဥင်္ဂအင်းများကို ဖို့စေသည်။

ဤမြစ်စုံဝယ် မင်းဝံတောင်ညွန့်လည်း ဖြစ်သည်ဟု သက္ကရာဇ်၇၂၆ ခု တပေါင်းလဆန်း ၆ ရက်အင်္ဂါနေ့ညဥ့် ဗဟိုလွန်တူလဂ်တွင် ရတနာပူရအင်းဝမြို့နှင့် နန်းတော်ကို တည်စပြုသည်။

သတိုးမင်းဖျား မင်းကြီးစွာစော်ကဲ ဆင်ဖြူရှင် တရဖျားမင်းခေါင်ကြီးအထိ မင်းလေးဆက်ဖြစ်ရ မင်းခေါင်ကြီးမှာ ပထမမင်းခေါင်ဘုရင်မင်းမြဘ် သတိုးမင်းခေါင်ဟူ၍ အမည်အမျိုးမျိုးတွင်သော မင်းဆွေဖြစ်သည်။

ဧရင်းနောက် ဆင်ဖြူရှင်၊သီဟသူ၊ မင်းလှငယ်၊ ကလေးကျေး တောင်ညို-မိုးညှင်းမင်း၊ မင်းရဲကျော်စွာ၊နရပတိ(ပြည့်စုံမင်း)၊ သီဟသူ၊ ဒုတိယမင်းခေါင်ဟူ၍ အစဉ်အတိုင်း ဖြစ်သည်။

အင်းဝခေတ် နောက်ဆုံးနန်းစံ ဟံသာဝတီပါ မင်း၏ ဘထွေးတော်လည်း သတိုးမင်းခေါင် အမည်ဖြင့် စဉ့်ကိုင် အရပ်ကို ဇေယျဝဓနတိုင်း သမုတ်၍ မင်းပြုဘူးသည်။

ထို့ကြောင့် မင်းခေါင်သုံးပါးဖြစ်သည်။

အင်းဝမင်းဆက်(ညောင်ရမ်းပါ)၂၉ပါးဖြစ်ရာ သက္ကရာဇ် ၇၂၆ ခုနှစ်မှ ၈၄၂ခုနှစ်အထိ နှစ်ပေါင်း၁၁၅နှစ် ၁၂ဆက် မြောက်ဘုရင်မင်းမြတ်သည်ကား ရာဇဝင်တွင် အလွန်ထင်ရှား ကျော်စောတော်မူသော ဒုတိယမင်းခေါင်ဖြစ်၍ (ပြည့်စုံမင်း) သီဟသူ၏သားတော်ဖြစ်သည်။

ဒုတိယမင်းခေါင်သည် သက္ကရာဇ်၈၀၈ခုနှစ်တွင် ဖွားမြင် တော်မူ၍ ၈၄၂ခုနှစ်တွင် (သီရိသုဓမ္မာရာဇာဓိပတိ) ဟူသော ဘွဲ့တော်ဖြင့် ရာဇာဘိသိက် ခံယူတော်မူသည်။

နံတော်စနေသားတည်း။ သက္ကရာဇ် ၈၆၃ခုနှစ်ထက်ဆဲ တန်ခူးလပြည့်ကျော် ၅ရက်နေ့၊ နန်းစည်းစိမ် ၂၁ နှစ်တွင် အင်း(စမ)အတတ်ဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူသည်။

သက်တော် ၅၄နှစ်ပြည့်မြောက် ၅၅နှစ်သို့ အရောက်တွင် ထွက်တော်မူသည်။

(၁၀၈)နဝင်းခါတ်ကို အလိုရှိတော်မူသဖြင့် ထက်ဝက်ဖြစ်သောနက္ခတ်ကြေ၊ နဝင်းကြေ၊ ကာမစိတ် ၅၄ ခုကို ပယ်တော်မူခြင်း ဖြစ်သည်။

ထိုအခါ လျှောင်ခုနစ်ရက်တိုင်တိုင် လှုပ်သည်။ ဘုရားရုပ်ထုတော်ထွက်ကြွတော်မူသည်ဟု ကျော်စေသည်။

ဒုတိယမင်းခေါင်သည် ဟံသာဝတီပြည့်ရှင် ဓမ္မစေတီနန်းစံ ၉နှစ်၌မင်းဖြစ်တော်မူလေရာ ဓမ္မစေတီမင်းနှင့်၁၂ နှစ်လုံးလုံး ထီးပြိုင်နန်းပြိုင် ဖြစ်သည်။

၁၂ နှစ်အရွယ်မျှရှိသော သားတော် မဟာသီဟ သူရကိုမင်းမြှောက်၍ သားနှင့်အဘ ထီးဖြူနန်းခြားမထားဘဲ မင်းပြိုင်ပြုတော်မူကြောင်း မုဒ္ဒောရွှေဂူဘုရား ကျောက်စာတွင်ဆိုသည်။

မဟာသီဟသူရကား ဘိုးတော်ဘုရားထွက်ရပ်လမ်းသို့ မကြွမြန်းမီ သက္ကရာဇ်၈၆၂ခုနှစ်၌ နတ်ရွာစံတော်မူသည်။

သားတော်ကို နန်းပြိုင် ပြုစေသည်မှာ ထွက်ရပ်လမ်းသို့ကြွမြန်းတော်မူရန် အဆင်သင့်စီမံတော်မူခြင်းဖြစ်သည်။

ဒုတိယသားတော် ရွှေနန်းကြော့ရှင်သည် သက္ကရာဇ် ၈၆၃ ခုနှစ်၌ ထီးရပ်နန်းမွေကို ခံယူတော်မူရသည်။

ဒုတိယမင်းခေါင်နန်းစံ၅နှစ်၊ သက္ကရာဇ် ၈၄၇ ခုနှစ်တွင်တောင်ငူဘုရင်ခံ မင်းကြီးညိုကို (မဟာ ဇေယျ သိရိသူရ) ဟူသောဘွဲ့တော်ဖြင့် ထီးဖြူဆောင်း မင်းပြိုင် ပြုတော်မူစေ

သည်။ (ဤသည်ကား ရာဇပရိယာယ် လိမ္မာတော်မူခြင်း ဖြစ်သည်။)

လူမျိုးကြီးစိုးလျှင် ထိုလူမျိုး၏ အရောင်းအဝယ် ကြီးမား၏။ တိုင်းပြည်အေးချမ်းသာယာလျှင် စာပေပညာ တိုးပွား၏ ဟုဆိုသောစကားအရ ဒုတိယ မင်းခေါင်၏ ရွှေလက်ထက်တော်၌ အကြီးအကျယ် စစ်ပွဲများမရှိဘဲ တိုင်းပြည် အေးချမ်းသာယာလေရာ မြန်မာစာပေဘက်တွင် အထူးသဖြင့် ကျော်စောသည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာလေသည်။

ထိုမင်းလက်ထက်တွင် ဘုန်းကံကြောင့် ပညာရှိကြီးများ ပေါ်လာရသည်။

ထိုအခါ ထင်ရှားသော စာဆိုတော်တို့မှာ အရှင် မဟာသီလဝံသ၊ အရှင်မဟာရဋ္ဌသာရ၊ သျှင်ဥတ္တမကျော်၊ သျှင်အဂ္ဂသမာဓိ၊ ကန်တော်မင်ကျောင်း ဆရာတော်၊ ရှင်ထွေးနာဂသိန်၊ (နောက်တောင်ငူရောက်) ရှင်ထွေးညို၊ ရဝေရှင်ထွေး၊ မိညို၊ မိဖြူ တို့ဖြစ်ကြသည်။

(၂၁)

ဆောင်းသည်ငင်း၊ မိုးသည်ငင်း၊ နွေသည်ငင်း၊ အကြိမ်ကြိမ် ပြောင်းလဲခဲ့ပြန်သည်။

ကျနော်သည် အိမ်ရှိ ကိုယ်လုံးပေါ် မှန်ရှေ့တွင် ရပ်လိုက်ပါသည်။

ရပ်လိုက်သည့်အကြောင်းမှာ ခေါင်းဖီးရန်အတွက် ဖြစ်ပါသည်။

သို့သော် ခေါင်းဖီးပြီးနောက် ကျနော့်ရှေ့တွင် ရှိသော မှန်၏ မျက်နှာပြင်ကို သေသေချာချာ စိုက်ကြည့်မိပါသည်။

ကျနော်၏ပထဝီကသိုဏ်း ကြည့်စဉ်ကကဲ့သို့ မျက်တောင်မခတ်ဘဲ မှန်ထဲမှပေါ်လာသော ကျနော့်ရုပ်အသွင်ကို စိုက်ကြည့်မိသည်။

မှန်ထဲမှ ပေါ်နေသော ကျနော့်ရုပ်၊ ရုပ်၏နဖူးတည့်တည့်ကို တည်ငြိမ်စွာ ကြည့်မိသည်။

ထိုအချိန်တွင် ကျနော်၏မျက်လုံးမှာ အတွင်းသို့ ချိုင့်ဝင်သွားပြီး တဖြေးဖြေးနှင့် မျက်နှာတပြင်လုံး ရုပ်ဆင်းသဏ္ဍာန်ပျက်သွားပြီး နဂိုရုပကတိ ရုပ်အသွင်မှပြောင်းသွားကာ အသားများ ကွာကျသွားသကဲ့သို့ အရိုးများကို တွေ့လိုက်ရပါသည်။

ယင်းကဲ့သို့ဖြစ်ပြီး နောက်တဖန် အပြူရောင် အဆင်းများသည် ခေါင်းမှစပြီး တကိုယ်လုံးလွှမ်းမိုးထားလိုက်ကာ တကိုယ်လုံး ပျောက်နေပါတော့သည်။

ယင်းကဲ့သို့ ဖြစ်ပျက်နေခြင်းကို ကျနော် သိလျှင်သိခြင်း ကျနော့်စိတ်ကို သတိထားပြီး ချက်ချင်း မှန်ရှေ့မှ ခွာခဲ့ပါသည်။

ကျနော် တရားအားထုတ်ပြီးပါက အိမ် နောက် ဖေး တွင် ပြေးလွှားနေကြသော အိမ်ကြွက်ကလေးများဆီသို့ သွားပြီး မေတ္တာပို့လေ့ ရှိပါသည်။

ကျနော် သိထားသောအသိဖြင့် သူတို့ မေတ္တာပေးခဲ့ပေါင်းများလာသောအခါတွင် ကျနော် နောက်ဖေးသို့ ရောက်ရှိသွားပြီးနောက် ကြွက်ကလေးများသည် ကျနော့်အား မြင်ရသောအချိန်တွင် ထွက်ပြေးခြင်း၊ ပုန်းရှောင်ခြင်းမဟုတ်ဘဲ တနေရာတွင် ရပ်ပြီး ငြိမ်သက်စွာ နေပါတော့သည်။

ထိုအချင်းအရာကို မြင်တွေ့ရသော ကျနော်မှာ ကျနော် ပေးထားသော မေတ္တာများ သင်တို့ရရှိပါက သင်တို့ လက်ဖြင့်

သင်တို့ခေါင်းကို ကုတ်ပြပါ၊ ခေါင်းလည်း ညိတ်ပါ၊ ထိုကဲ့သို့ ပြောဆိုသောအခါ ကြွက်ကလေးများသည် ကျနော်ပြောသည့် အတိုင်း ပြုလုပ်ကြပါသည်။

ထို့ကြောင့် မေတ္တာ၏ တန်ခိုးကြီးမားပုံကို တွေ့ရပြန်သည်။

ညတညတွင် ကျနော်တို့ ဇနီးမောင်နှံ အလ္လာပ သလ္လာပ ပြောဆို နေချိန် ကျနော်တို့ နံဘေးတွင် ကြွက် က လေး များ မြူးတူးပျော်ရွှင်စွာ ပြေးလွှားနေကြပါသည်။

ထိုအချိန်တွင် ကျနော်က "မင်းတို့ငါပေးတဲ့ မေတ္တာရတဲ့ ကောင်လေးတွေဆို ငါ့လက်ပေါ်တက်ခဲ့"လို့ ပြောလိုက်ရာ ကြွက်ကလေးတကောင်သည် ကျနော့်လက်ပေါ်သို့ ပြေးတက် လာတော့သည်။

ကျနော်၏ ဇနီးမှာ လန့်ပြီး အော်လိုက်သဖြင့် လက်ပေါ် ပြေးတက်လာသော ကြွက်ကလေးတကောင်မှာ အဝေးသို့ ပြေး သွားပါတော့သည်။

× × ×

ကျနော်သည် (သမထ) တရား ကျင့်ကြံ အားထုတ်ရာမှ ရရှိခဲ့သော ပညာဆိုင်ရာများကို ဟောပြောရာမှ တခုချင်း ဖော်ပြပါမည်။

၁။ မနောခေတ်

၂။ အထင်ခေတ်

၃။ အမြင်ဓာတ်
၄။ အကြားဓာတ်
၅။ ကြိုးဓာတ်

ကျနော်သည် ဟောပြောလိုသော စိတ်ဓာတ်များ ပေါ်လာပါတော့သည်။ စိတ်ဓာတ်၏ပြင်းပြမှုကြောင့် ကျနော်နှင့် လုပ်ဖော်ကိုင်ဘက်ဖြစ်သူ ဦးကိုကိုကြီးအား ဟောပါတော့သည်။

"ခင်ဗျား စီးပွားရေးလုပ်ကိုင်ဘို့ မိတ်ဆွေတဦးနဲ့ တိုင်ပင်ထားတယ်မဟုတ်လား၊ ခင်ဗျားမိတ်ဆွေ ခုနယ်သွားနေတယ်၊ သူဟာ လူမျိုးခြား မဟုတ်လား...."

ကျနော် ရုတ်တရက် ဟောလိုက်ခြင်းကြောင့် သူ့မှာ ခပ်ကြောင်ကြောင် ဖြစ်နေပါတော့သည်။

"ခင်ဗျား ကျနော့်ကိစ္စကို ဘယ်လိုလုပ်ပြီး သိသလဲ"

သူ့အမေးကြောင့် ကျနော် အဖြေရ ခက်နေပါသည်။ ကျနော် သိထားသောအသိကို သူနားလည်ရင် တော်သေးရဲ့၊ အကယ်၍ ကျနော်တယောက် ရူးနေပြီ ပြောရင် အခက်။

ကျနော်သည် ရှည်ရှည်ဝေးဝေးမပြောဘဲ စိတ်ထဲက အလိုလိုသိလာကြောင်း ပြောပြပါသည်။

ကျနော်၏ သိမှုသည် စိတ်ဖြူစင်ခြင်းကြောင့် (မနော) စိတ်ဓာတ်က အလိုလို တဖက်သား၏အကြောင်းကို သိလာပါတော့သည်။

ငှင်းနောက် ကျနော်သည် သူ၏ လိပ်စာကို မေးကြည့်ပြီး ထပ်ပြီး ဟောလိုက်ပါသည်။

"ခင်ဗျားအိမ်ဟာ တထပ် အိမ်၊ ဘုရားစင်မှာ မယ်တော် သူရဿတီ ကိုးကွယ်ထားတယ် မဟုတ်လား၊ နောက်ပြီး ခင်ဗျား မကြာခဏ မေ့တတ်လို့ ပစ္စည်း ခဏ ခဏ ပျောက်တယ်"

ကျနော် ဟောပြောမှုကို သူက သဘောကျ၍ ထပ်ဟော ခိုင်းပါသည်။ အပျော်သင်ကာစမို့ ကျနော်က ထပ်ဟောပါ တော့သည်။

ကျနော်သည် သူ၏ လိပ်စာအပြည့်အစုံရသော အခါတွင် မျက်စိမှိတ်ပြီး အာရုံခံလိုက်ပါသည်။

ထိုအချိန်တွင် အိမ်တအိမ်နှင့် ကိုးကွယ်သည့် ရုပ်ဝတ္ထုများကို ထင်ထင်ရှားရှား တွေ့ရပါသည်။

တွေ့မြင်ပုံမှာလည်း အာရုံနိမိတ်ပေါ်တွင် အိမ်ပုံများနှင့် ကိုးကွယ်သည့်အရာများကို ကားချပ်တခုတွင် ရေးထားသကဲ့သို့ တွေ့ရပါသည်။

ထိုအာရုံတွင် တွေ့ရသည့်အကြောင်းကို (အမြင်ခေတ်)ဟု ခေါ်ပါသည်။

အမြင်ခေတ်နှစ်မျိုးရှိပါသည်။ တမျိုးမှာ အာရုံခံ၍ တွေ့ ရသည်။ တခါတရံ မေးလိုသူ၏ခေါင်းကို တည့်မတ်စွာ စိုက် ကြည့်လိုက်သောအခါတွင် မေးသူ၏နောက်မှ ကိုးကွယ်သော ပုဂ္ဂိုလ်များ ပေါ်လာပါသည်။

ကျနော်သည် (မနောစာတ်) ဦးစွာ ပေါ်လာပြီးနောက် အကြားစာတ်၊အမြင်စာတ်များ ရရှိခဲ့ပါသည်။

"ခင်ဗျား ဒီအပတ် လက်မှာအနာပေါက်မယ်၊ နောက်ပြီး ခင်ဗျားတို့ သဘောတူထားတဲ့ ခြံစည်းရိုးကိစ္စက နောက်နှစ်ပတ်လောက်ကြာရင် စကားများရမယ်"

ကျနော်ပြောလိုက်သည်ကို သူကမယုံ။

"ဒါတော့ခင်ဗျားပြောတာမှားပြီ၊ဘာကြောင့်လဲဆို တဦးနဲ့တဦးသဘောတူလုပ်ထားတဲ့ကိစ္စ"ဟု ပြန်ပြောပါသည်။

နောက်နှစ်ပတ်အကြာတွင် သူသည် ကျနော့ဆီသို့ ရောက်လာပါတော့သည်။

'ခင်ဗျားပြောတာ ယုံပြီဗျို့'

အနာပေါက်သောလက်ကို ထိုးပြပါသည်။

လူသတင်း လူချင်းဆောင် ဆိုသည့်အတိုင်း မိတ်ဆွေများကို ဟောရပြန်တော့သည်။ ဤအချိန်တွင် လဘက်ရည် မရှား၊ ဆေးလိပ်မရှား ဖြစ်နေပါသည်။

ယင်းသို့ ဟောပြောနေချိန်တွင် စိတ်နှင့်ဟောသည့် အခါလည်း ရှိပါသည်။ အမြင်ဖြင့်ဟောသည့်အခါလည်း ရှိပါသည်။ တခါတရံ မရှင်းလင်းသည့်အခါများ ရှိပါက ပုဂ္ဂိုလ်အား ကြည့်ပါသည်။

ပုဂ္ဂိုလ်ပြောသော စကားများကို ကျနော့ နားထဲတွင် ကြားလာပါသည်။ ပြောလိုက်သော စကားများမှာ မပီမသ

ဖြစ်နေသောအခါတွင် ထပ်၍ (ကြိုးခတ်)ဖြင့် ထပ်မေးပါတော့တည်။

ယခုဟောရာတွင် ယခင်ကလိုမဟုတ်တော့ချေ။

မဟောခင် ပုဂ္ဂိုလ်ကို ဦးစွာ ပင့်ပသည်။ ယင်းသို့ပုဂ္ဂိုလ်ပင့်နေသောအချိန်တွင် ကျနော့အာရုံထဲတွင် ဆရာသခင်သည် ကျနော့ ဦးခေါင်းပေါ်တွင် ရပ်တည်ကြောင်း တွေ့ရပြန်သည်။

ကျနော်သည် ယောက်ကော် ကျွန်းမြတ်တွင် သီတင်းသုံးနေသော သာသနာပြုပုဂ္ဂိုလ်ကျော် ဦးသဒ္ဓမ္မသိဒ္ဓိ ဆရာတော်ဘုရားဆီသို့ ရောက်ရှိသွားပါသည်။

ဆရာတော်ဘုရားအား ကျနော် ကျင့်ကြံအားထုတ်နေခြင်း မှန်ကန်မှုရှိသလားဟု လျှောက်ထားသည့်အခါတွင် ဆရာတော်က မှန်ကန်မှုရှိကြောင်း ပြောပြပါသည်။

ကျနော်သည် ဆရာတော်၏ဩဝါဒကို နာခံပြီး မကြာခဏ ဆရာတော်ဘုရားထံ ရောက်လေ့ရှိပါသည်။

ဒီနေ့ ဆရာတော်ဘုရားထံမသွားခင် အိမ်၌ ဆရာတော်ဘုရားအား အာရုံခံကြည့်ပါသည်။

ဆရာတော်ဘုရားသည် ကျောင်းပရဝုဏ် အတွင်း၌ စင်္ကြံလျှောက်နေသည်ကို တွေ့ရပါသည်။ ထိုအချင်းအရာကို ဆရာတော်အား ပြန်လည် လျှောက်ထားသောအခါတွင် ပြုံးနေ

ပါ၏။ ဆရာတော်ဘုရားသည် ကျနော့အား အဓိဋ္ဌာန်ဝင်ခိုင်းပါသည်။

အဓိဋ္ဌာန် (၉) ရက်၊ သက်သတ်လွတ် (၃) ရက်၊ မီးလွတ် (၃) ရက်၊ ရေ (၃) ရက် အဓိဋ္ဌာန်ဝင်ရပါသည်။

## စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ

သမထဘာဝနာ ကျင့်ကြံအားထုတ်နေသည်ဆိုမှု အတော်အတန်ရင့်ကျက်လာသောအခါ သမထတရားတွင် ကျင့်ကြံရန် လမ်းနှစ်သွယ် ရှိလေသည်။

၎င်းတို့မှာ....

၁။ မဟာဂန္ဓာရီဝိဇ္ဇာ

၂။ စူဠဂန္ဓာရီဝိဇ္ဇာ

ဂန္ဓာရီဆိုသည်မှာ ပါဠိအခေါ်ဖြစ်သည်။ဂဏ္ဍာဏော ဓာရေတိတိ ဂန္ဓရော၊ ဂန္ဓာရော ယဿအတ္ထိ တဿိံဝါ ဝိဇ္ဇာတီတိ ဂန္ဓာရီ၊ ဂဏ္ဍာဏော-ဝိဇ္ဇာမယ ဉာဏ်တို့ကို၊ဓာရေတိ- ဆောင်ရွက်တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဂန္ဓာရော- ဂန္ဓာရမည်၏။ ယဿ-အကြင်သူအား၊ ဂန္ဓာရော- ဝိဇ္ဇာမယဉာဏ်ကို ဆောင်ခြင်းသည်၊ အတ္ထိ-ရှိ၏။ဝါ-တနည်းကား၊ တဿိံ-ထိုသူ၌၊ ဂန္ဓ

ရော- ဝိဇ္ဇာမယဉာဏ်ကိုဆောင်ခြင်းသည်၊ ဝိဇ္ဇတိ-ရှိ၏။ ဣတိ-ထို့ကြောင့်၊ ဂန္ဓာရီ-ဂန္ဓာရီမည်၏။

ဝိဇ္ဇာမယဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဂန္ဓာရီဝိဇ္ဇာဟု ခေါ်သည်။ ဝိဇ္ဇာမယဉာဏ်ဆိုသည်မှာ ဝိဇ္ဇာဓိုရ်ဆရာကြီးတို့ ရအပ်သော သိဒ္ဓိဆယ်ပါးကိုခေါ်သည်။

## လောကီသိဒ္ဓိဆယ်ပါး

၁။ ပီယသိဒ္ဓိ
၂။ ဓနသိဒ္ဓိ
၃။ လာဘသိဒ္ဓိ
၄။ ပယောဂသိဒ္ဓိ
၅။ ကာယသိဒ္ဓိ
၆။ ပထဝီသိဒ္ဓိ
၇။ ဥဒကသိဒ္ဓိ
၈။ အာကာသသိဒ္ဓိ
၉။ ထေကေသိဒ္ဓိ
၁၀။ အာဟာရသိဒ္ဓိ

## လောကုတ္တရာ သိဒ္ဓိဆယ်ပါး

၁။ အဓိဋ္ဌာနဣဒ္ဓိ
၂။ ရိကုမ္ဗနာဣဒ္ဓိ

၃။ မနောမယကဿိဏ
၄။ ဥဘာဝိပ္ပါရကဿိဏ
၅။ ဝိပ္ပါရကဿိဏ
၆။ အရိယာကဿိဏ
၇။ ကမ္မဝိပါကဇကဿိဏ
၈။ ပုညဝတောကဿိဏ
၉။ ဝိဇ္ဇာမယကဿိဏ
၁၀။ သမ္မာပယောဂပစ္စယကဿိဏ

## သိဒ္ဓိလေးပါး

၁။ ဒေဝသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာ သူရသတိ မယ်တော်ကြီးမှအစ စတု လောက ပါလ အဆုံးရှိသော နတ်ကြီးတို့၏ သိဒ္ဓိကို ခေါ်သည်။

၂။ ကုန္ဒာသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာ ဘိုးတော် သိကြားမင်းကြီး၏သိဒ္ဓိကိုခေါ်သည်။၎င်းသိဒ္ဓိကို ရပါက ကုန္ဒာသိဒ္ဓိ ပြည့်စုံပြီဟု ဆိုနိုင်သည်။

၃။ ဗြဟ္မာသိဒ္ဓိ။ ။၎င်းသိဒ္ဓိ မှာကား သာသနာတော်ကြီးကို စောင့်ရှောက်သော ဗြဟ္မာနတ်

မင်းကြီးတို့ သိဒ္ဓိနှင့်ပြည့်စုံလျှင် ဖြဟ္မာသိဒ္ဓိကို ဆိုလိုသည်။

၄။ ဝိဇ္ဇာသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာ ထွက်ရပ်ပေါက် ဝိဇ္ဇာဆရာကြီးများ၏ သိဒ္ဓိကို ဆိုလိုသည်။

မဟာဂန္ဓာရီဆိုသည်မှာ သူရဿတိ မယ်တော်ကြီးမှ အစပြု၍ ဒေဝီ(၂၁)ပါး၊ သာသနာစောင့် နတ်မင်းကြီးငါးပါး၊ စတုလောကပါလနတ်မင်းကြီး ၄ ပါး၊ ဘိုးတော် သိကြားမင်းကြီးမှစ၍ ၎င်းတို့နှင့်တူညီသော နတ်တို့အပြင် ဝိဇ္ဇာ၊ ဇော်ဂျီ တပဿီတို့သည် မဟာဂန္ဓာရီမည်၏။

ဝိဇ္ဇာမှာကား သိဒ္ဓိ ၁၀ ပါးနှင့် ပြည့်စုံသောကြောင့် မဟာဂန္ဓာရီ မည်၏။

ဇော်ဂျီဟူသည်မှာ သိဒ္ဓိ ၁၀ပါးမပြီးချေ။ သိဒ္ဓိ ငါးပါးနှင့်ပြည့်စုံသောကြောင့် သိဒ္ဓိ ကိုအစွဲပြု၍ ဇော်ဂျီဟု ခေါ်လေသည်။

တပဿီဟူသည်မှာ မိမိကိုယ်အား ပရိကံ ပြုထားသောအနေအထားမှ လုံးဝ ပြုပြင်ခြင်းမရှိ ပရိကံ ပြုသည့်အတိုင်း ရှိနေသည်။

ထိုသိဒ္ဓိ (၄)မျိုးအနက် ဒေဝသိဒ္ဓိမှာ အရင်းခံ ဖြစ်ကြောင်းဖြစ်ပါသည်။အရင်းဖြစ်သော်လည်း အားထုတ်ရန်မှာကား ဝိဇ္ဇာသိဒ္ဓိပင် ဖြစ်သည်။ ဝိဇ္ဇာသိဒ္ဓိ အရ အားထုတ်သောပဋိပတ်ရင့်သန်ခြင်း၊ ဒေဝသိဒ္ဓိ ကစ၍ ပြည့်စုံလာခြင်း၊နောက်

ဣန္ဒြသိဒ္ဓိ၏ ပြည့်စုံလာခြင်း၊ နောက် ဗြဟ္မာသိဒ္ဓိ၏ ပြည့်စုံလာခြင်း၊နောက်ဆုံး၌ ဝိဇ္ဇာသိဒ္ဓိကို လုံးဝပြည့်စုံ၍ မိမိလိုရာ ထွက်ရပ်လမ်းသို့ ပေါက်ရောက်လေသည်။

သိဒ္ဓိကို ရခြင်းဆိုသည်မှာ မိမိခေါ်နိုင်ခြင်း၊ စေခိုင်းနိုင်ခြင်း၊ အမိန့်အာဏာ ပေးနိုင်ခြင်း၊ အစေအပါး ပြုလုပ်နိုင်ခြင်းမှ သိဒ္ဓိကို ရသည်ဟု ဆိုသည်။ ဥပမာ ဒေဝ သိဒ္ဓိကို ရလျှင်ရင်းသိဒ္ဓိ အတွင်း ပါဝင်ပါသော သူရဿတီမယ်တော်ကြီး၊ နတ်ကြီး ငါးပါး၊ စတုလောကပါလ နတ်မင်းကြီး စသောနတ်ကြီးများကို စေခိုင်းနိုင်မှ ဆုံးမနိုင်မှ ရမည်ဟုဆိုသည်။ ထို့အတူ ဣန္ဒြသိဒ္ဓိကို ရသည်ဟု ဆိုခြင်းမှာလည်း ဘိုးတော်သိကြားမင်းကြီးကို အချိန်အခါမရွေး ခေါ်နိုင်ရမည်။ အမိန့်အာဏာပေးနိုင်စေရမည်။ အစေအပါး ပြုလုပ်နိုင်စေရမည်။ ဤသို့သိဒ္ဓိကို ပိုင်နိုင်မှ ဣန္ဒြသိဒ္ဓိကို ရသည်ဟု ဆိုရသည်။

ဗြဟ္မာသိဒ္ဓိကို ရခြင်းဆိုသည်မှာလည်း အထက်ပါအတိုင်း ဆောင်ရွက်နိုင်မှ သိဒ္ဓိကို ရသည်။ ဝိဇ္ဇာသိဒ္ဓိ ဆိုသည်မှာလည်း အကြောင်းအားလျော်စွာ ဝိဇ္ဇာ ဆရာကြီးများကို ပြောဆိုနိုင်ခြင်း၊ ပင့်ခေါ်နိုင်ခြင်းစသော အဆောင် အဖွဲ့ကိုရမှ ဝိဇ္ဇာ သိဒ္ဓိကို ရသည်ဟု ဆိုသည်။

လောက၌ ကိုယ်ကျင့်၊ သီလ၊ ပဋိပတ်ထက်စွမ်းသောတရား ဟူ၍ မရှိအပ်ကြောင်း သေချာစွာ မှတ်သားကြပါရန်။

## အင်္ဂါငါးပါးဆိုသည်မှာ

၁။ ကိုယ်လက်အင်္ဂါ ကျန်းမာမှုနှင့် ပြည့်စုံခြင်း။
၂။ ဝမ်းတွင်းနှလုံး ဖြူစင်ဖြောင့်မတ်ခြင်း။
၃။ ဝီရိယလုံ့လ သူတပါးတို့နှင့် မတူမတန် ထက်သန်ခြင်း။
၄။ သမထဝိပဿနာတို့၌ ရင့်သန်သော သမာဓိနှင့် ပြည့်စုံခြင်း။
၅။ ရတနာသုံးပါး ဂုဏ်ခေတ်တန်ခိုးတို့၏ ဂုဏ်တော်ကို ယုံကြည်ခြင်း။

၎င်းအထက်ပါအင်္ဂါငါးပါးနှင့်ပြည့်စုံညီညွတ်သော ပုဂ္ဂိုလ်သာလျှင် မဟာဂန္ဓရီ ဝိဇ္ဇာလမ်းမကြီးသို့ ပေါက်ရောက် အောင်မြင်နိုင်လေသည်။

ထွက်ရပ်လမ်းသို့ ပေါက်ရောက်ကြသော ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့မှာ ၎င်းတရား ငါးပါးနှင့် ပြည့်စုံညီညွတ်၍သာ ပေါက်ရောက်သည်ဟု မှတ်ကြစေလိုသည်။

## လိုအပ်ချက် (၁)

"ကိုယ်လက်အင်္ဂါ ကျန်းမာမှုနှင့် ပြည့်စုံခြင်း" ဆိုသည်မှာ ကိုယ်လက်အင်္ဂါ ကျန်းမာရေးသည် လောက၌ အရေးကြီးဆုံး

တခုဖြစ်သည်။ ကျန်းမာမှု မပြည့်စုံက မည်သည့် အလုပ်မှ ဆောင်ရွက်လုပ်ကိုင်ခွင့် မရှိပေ။ ပစ္စည်း,ဥစ္စာ၊ ရတနာ,ရွှေငွေ စသော လောကီသုံးဆောင်ခံစားဖွယ် ဝတ္ထုတို့သည် မည်မျှ လောက် ပေါများပြည့်စုံစေကာမူ ကိုယ်လက်အင်္ဂါ ကျန်းမာ ရေးနှင့် မပြည့်စုံက ခံစားဖွယ် အာရုံများသည် ဣဋ္ဌာရုံ မဟုတ် တော့ဘဲ အနိဋ္ဌာရုံထင်မှတ်ပြီး ငြီးငွေ့စက်ဆုတ် ရွံရှာဘွယ်သို့ ရောက်ရလေသည်။

ထို့ကြောင့် မြတ်စွာဘုရားဟော ဓမ္မပဒပါဠိတော်ကြီး၌ ကိုယ်လက်အင်္ဂါကျန်းမာမှုသည် အရေးကြီးကြောင်းနှင့် ထို ကျန်းမာမှုနှင့်ပြည့်စုံပါက လာဘ်ကြီးတခုကို ရသည်ဟု ဆိုအပ် ဆိုထိုက်ကြောင်းကို "အာရောဂျ-ပရမံ-လာဘာ" ဟု ဟော ကြားတော်မူသည်။

လောကနီတိ ဆရာကြီးကလည်း ကျန်းမာခြင်းနှင့် မပြည့်စုံ သော ပုဂ္ဂိုလ်တို့အား အသက်ရှိကြ ငြားသော်လည်း သေသူနှင့် တူကြောင်းကို ဖော်ပြထားသည်။

ဤကဲ့သို့ ဖော်ပြချက်မှာလည်း အကြောင်းကို ရှာသော် သေသောပုဂ္ဂိုလ်သည် တစုံတခုသော ဒါနမှု,သီလမှု,ဘာဝနာမှု စသော ကုသိုလ်ရေးနှင့် လောကီကြီးပွားရေး ချမ်းသာရေး စသော အမှုကိစ္စများကို ပြုနိုင်ခွင့်မရှိသကဲ့သို့ ကျန်းမာမှု မရှိ သော ပုဂ္ဂိုလ်တို့မှာလည်း မည်သည့်ပြုဘွယ်ကိစ္စမှ မပြုနိုင်ဘဲ ပြင်းပြစွာ ဒုက္ခဝေဒနာကို ခံစားနေရမှုနှင့်ပင် အချိန်ကုန်နေ သောကြောင့် အသက်ရှင်ငြားသော်လည်း သေသည်ဟူ၍ ဆိုလို သည်။

မြတ်စွာဘုရား၏ သာသနာတော်ခေတ်နှင့် ကြုံကြိုက်ခိုက်တွင် ဂန္ဓာရီ၊ပဋိပတ်၊ သမာဓိဝိဇ္ဇာလမ်းကို အားထုတ် ပွါးများနိုင်ရန် ပဌမ အရေးကြီးသည်မှာ ကျန်းမာမှုပင် ဖြစ်ကြောင်း သိထိုက်လှပါ၏။

ကျန်းမာမှုနှင့် မပြည့်စုံက ဂန္ဓာရီ၊ ပဋိပတ်၊သမာဓိ၊ ဝိဇ္ဇာလမ်းကို မည်မျှလောက် အားထုတ်ချင်သော်လည်း အားထုတ်နိုင်စွမ်းမရှိပေ။

ပုဂ္ဂိုလ်၊ သတ္တဝါဆိုသည်မှာ ရုပ်တရား၊ နာမ်တရား ဖြစ်၍ မိမိက အစိုးမရ။ မိမိ၏အလိုသို့မလိုက်။ ယနေ့ ကျန်းမာရေးနှင့် ပြည့်စုံသော်လည်း နက်ဖြန် ကျန်းမာရေးနှင့် ပြည့်စုံချင်မှ ပြည့်စုံမည်။ တသက်တာဆိုလျှင် မည်သူမျှ ပြည့်စုံမည်ဟု တာဝန်မခံနိုင်။

အနုစိပ်လျှင် ယခု နာရီ၊ စက္ကန့်၊ မျက်စိတမှိတ် လျှပ်တပျက်မှာ ကျန်းမာရေးပြည့်စုံသော်လည်း နောက် နာရီစက္ကန့် မျက်စိတမှိတ် လျှပ်တပျက်မှာ ပြည့်စုံမည်ဟု မည်သူမျှ တာဝန်မခံနိုင်။ ဤကဲ့သို့ မခံနိုင်ခြင်းသည် မိမိအစိုးမရ၊ မိမိအလိုသို့ မလိုက်သော အနတ္တသဘောဖြစ်၍ ထွက်ရပ် အင်္ဂါ ငါးပါးတို့တွင် ကျန်းမာမှုကို ထည့်သွင်းထားခြင်းဖြစ်သည်။

ကိုယ်လက်အင်္ဂါ ကျန်းမာမှုနှင့် ပြည့်စုံလျှင် တရားအားထုတ်နိုင်ခွင့် ရှိပြီဟု မဆိုနိုင်သေး။ အဘယ်ကြောင့် ဆိုသော်

လူတို့၌ ကျန်းမာရေးကို အားပေးနေသော "ပရိပါစက"ခါတ်မီးသည် နေ့စဉ်စားသောက်နေသော အာဟာရများ ကြေချက်၍ သွေးသားစုတို့နှင့်တကွ ကျန်းမာရေးကို ဆောင်ရွက်နေရသည့် ထိုဓာတ်မီး ကြေချက်ခွင့်ဖြစ်အောင် အာဟာရကို ပေးဆက်က ဓာတ်မီးသည် ရပ်မနေဘဲ မိမိနှင့် နီးစပ်ရာ ဖြစ်သောအရပ်ကို တရှိန်တည်း လောင်မြိုက်လေသည်။

ထိုအခါ မည်မျှလောက် ကျန်းမာမှုနှင့် ပြည့်သော ပုဂ္ဂိုလ်ပင် ဖြစ်စေတော့ ဓာတ်မီးလောင်မြိုက်လျှင် ရုပ်လက္ခဏာ ညှိုးနွမ်း၍ လူမမာအခြေသို့ ရောက်ရှိလေ၏။ တနေ့ အာဟာရမစားဘဲ အပြတ်ခံကြည့်က ရုပ်လက္ခဏာ မည်သို့ညှိုးနွမ်း၍ လူမမာဖြစ်လာပုံကို တွေ့ကြုံရပါလိမ့်မည်။

ထို့ကြောင့် ကျန်းမာမှုပြည့်စုံအောင် နေ့စဉ် ခန္ဓာကိုယ်ကြီး၌ အာဟာရကို ပေးသွင်းစေနိုင်သော အချက်လည်း အရေးကြီးပြန်လေသည်။

အာဟာရ မမှီဝဲဘဲနှင့် တရားအားထုတ်ပိုင်ခွင့်မရှိ၊ အာဟာရကို နေ့စဉ် အချိန်မှန်မှန် မှီဝဲရမှသာ တရားကို အားထုတ်နိုင်သည်။ တရားအားထုတ်နိုင်မှ ဂန္ဓာရီပဋိပတ်ကို အားထုတ်နိုင်သည်။ သို့မှ ဝိဇ္ဇာဖြစ်မည်။

ဤသို့ အကြောင်း အဆက်ဆက်ရှိရာ ကျန်းမာမှုမှာ အာဟာရအပေါ်မှာလည်း ရပ်တည်နေ၍ ရှေးက လူကြီးများက

စကားသုံးဆိုထားခဲ့သည်မှာ "အူမတောင့်မှ သီလစောင့်နိုင်သည်"ဟု ဆိုထားလေသည်။

ယခုခေတ်၌ အချို့ပုဂ္ဂိုလ်တို့သည် တရားကိုအားထုတ်ချင်ကြသော်လည်း အူမ မတောင့်သောကြောင့် အားမထုတ်ခြင်းမှာ ကိုယ်တွေ့ဖြစ်၍ ယုံကြည်မိပါသည်။

## လိုအပ်ချက် (၂)

ဝမ်းတွင်း နှလုံးဖြောင့်သုံးခြင်း ဆိုသည်မှာ မဟာဂန္ဓာရီ သမာဝိဇ္ဇာလမ်းသည် ဖြူစင် သန့်ရှင်းစင်ကြယ်သော အရိယပက္ခ ဓမ္မဖြစ်၍ စိတ်ဓာတ်နှလုံး အထူးကောင်းရမည်။

ဓာတ်တန်ခိုးဆိုသည်မှာ ဖြူစင်သန့်ရှင်းစင်ကြယ်သော စိတ်ဓာတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏သဏ္ဌာန်သာ ကိန်းအောင်းသည်။ စိတ်ဓာတ်မကောင်းသော မဖြူစင်သော ပုဂ္ဂိုလ်တို့၏ သဏ္ဌာန်ကား ကိန်းအောင်းခြင်းမရှိပေ။

အချို့သော အဂ္ဂိယလုပ်ရပ်သမားတို့သည် မိမိတို့ အားထုတ်လုပ်ကိုင်၍ ဖြူစင် သန့်ရှင်းသော ဓာတ်တန်ခိုးသည် အားထုတ်လုပ်ကိုင်သော ပုဂ္ဂိုလ်သည် မဖြူစင် မသန့်ရှင်း၍ လောဘရမ္မက်နောက် လိုက်မိသောအခါ လက်ထဲသို့ အရောက်မခံဘဲ လုံးထဲမှာပင် ပျောက်ကွယ်၍ သွားတတ်လေသည်။

ထိုအခါ အင်္ဂလိပ်အလုပ်သမားက မိမိတို့အပြစ်ကို မစဉ်းစား၊ စုတ်တသတ်သတ်နှင့် ရင်ပတ်စည်တီး ဖြစ်ရရှာလျက် အချိုမှာ ခေတ်စုဆောင်း၍ နောက်တဖန် လုပ်ရပ်တည်ပြန်လေသည်။

မိမိ၏သဏ္ဍာန်၌ ဖြူစင်သော တရားမရှိသဖြင့် ဖြစ်ရပ်ချက်ကိုကား စဉ်းစားမိဟန် မတူချေ။

စဉ်းစားမိက ထွက်သွားသော ခေတ်ကို ပြန်ရအောင် မိမိကိုယ်တိုင် ဖြူစင်အောင် လုပ်ကြရမည်ကား မလွဲပေ။ ထို့ကြောင့် မဟာ ဂန္ဓာရီ ထုံးက စိတ်ခေတ်နှလုံး ဖြူစင် ဖြောင့်သုံးရမည်ဟု ဆိုထားသည်။

မဟာဂန္ဓာရီ ဝိဇ္ဇာဓိုရ်၏အဖြစ်သို့ ရောက်ကြသောပုဂ္ဂိုလ်တို့၏ မူလနှလုံးသား စိတ်စေတနာကပင် အတန်တန် ပဋိသန္ဓေနေရသောဒုက္ခ, အိုရသောဒုက္ခ, နာရသောဒုက္ခ, သေရသောဒုက္ခအမျိုးမျိုးတို့ကို ကြောက်ရွံ့ထိတ်လန့်သဖြင့် ထိုဒုက္ခမျိုးအပေါင်းမှ ကင်းလွတ်၍ တဘဝ တခန္ဓာနှင့်ပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တည်းဟူသော တရားအထူးကို ရရှိ၍ နိဗ္ဗာန်သို့ဝင်စံလိုသော စိတ်ဆန္ဒကို ပဓာနထား၍ မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းကို ကျင့်ကြံအားထုတ် လုပ်ကိုင်ကြလေသည်။

တစုံတရာ သားကျွေးမှု၊ မယားကျွေးမှု၊ ပစ္စည်းရှာဖွေစုဆောင်းမှု အရင်းခံကား အလျဉ်းမရှိပေ။

ထို့ကြောင့် စိတ်ခေတ်အားလျော်စွာ ပေါက်ရောက် အောင်မြင်ကြလေသည်။ စီးပွားရေးတင်ပြီး သားကျွေးမှု၊ မယား

ကျေးမှုအဖြစ်ဖြင့် မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းကို အားထုတ်ကြမည် ဆိုပါက နားရွက်ကို ကြည့်လေဝေးလေဖြစ်မည်မှာ မြေကြီး လက်ခတ် မလွဲ သေချာလှ၏။

အချို့ အဂ္ဂိယ လုပ်ရပ်သမားတို့ကလည်း လုပ်ရပ်လမ်း၏ အစ၊ အလယ်၊ အဆုံး၊ သုံးပါးစလုံးကို သတိမမူဘဲ ရွှေ၊ ငွေ၊ ဖြစ်မှု က၊ စ၍ လုပ်ရပ်လမ်းကို အားထုတ်ကြသောကြောင့် နောက်ဆုံး တွင် ငွေကုန် လူပန်းအဖတ်မတင်၍ ဘဝကူးမလှ၊ အမျိုးမျိုး ဖြစ်ရရှာလေသည်။ ထို့ကြောင့် ဖြူစင်သော လမ်းကြီးကို ညစ် နွမ်းသော စိတ်ဓာတ်နှင့် သက်ဝင်၍ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို သဘောသက်ဝင်နိုင်ကြစေလို၏။

ယခုအခါတွင် ဝိဇ္ဇာဆရာကြီးများကို သက်ဝင် ယုံကြည်ကြ သော ပုဂ္ဂိုလ်တို့၏ သမာဓိအခြေကို ထောက်ဆ၍ သာမန် လောကီအကျိုးကလေးများကို ချီးမြှောက်နိုင်ရန် အတွက်သာ ဖြစ်သည်။ ဝိဇ္ဇာပေါက်အထိ တက်ရောက် ကြိုးစားရပေမည်။

ကိုးကွယ်ရုံနှင့် ဝိဇ္ဇာဆရာကြီးများက ရွှေငွေတွေ ပေးနိုင်ပြီ ထင်မှတ်၍ တောင်းခံကြသည်ကို ကိုယ်တိုင်တွေ့ရခြင်း၊ အချို့ ကလည်း ပုတီးမစိပ် ဂန္ဓာရီပဋိပတ်ကို အားမထုတ်ဘဲနှင့် အရင်းမရှိသူက ဗွေဆော်ထိုး ဆိုသောစကားကဲ့သို့ စောင်မ ခြင်းကို မခံရချေ။

# လိုက်နာချက်(၃)

ဝီရိယ လုလ္လ သူတပါးတို့နှင့် မတူမတန် ထက်သန်ခြင်းဆိုသည်မှာ မဟာဂန္ဓာရီဝိဇ္ဇာလမ်းသည် လူတရာမှ တယောက်၊ တထောင်မှတယောက်၊ ပေါက်ရောက်နိုင်ခဲသော ဝိဇ္ဇာလမ်းကြီးဖြစ်၍ သာမန်အား လုလ္လဘော်နှင့် မဖြစ်နိုင်၊ အရိုးကြေကြေ၊ အရေစုတ်စုတ်၊ နေ့ဒက်မဆုတ် တကယ်တန်း ဝီရိယကို ထူထောင်၍ အားထုတ်မှသာ ဖြစ်နိုင်သော လမ်းကြီး ဖြစ်ကြောင်း သိထိုက်ပေသည်။

မြတ်စွာဘုရား၏ဖြစ်စဉ်, ပစ္စေကဗုဒ္ဓါ၏ဖြစ်စဉ် အဂ္ဂသာဝက မဟာသာဝက၊ ပကတိသာဝက၊ စသော ဖြစ်စဉ်မျိုးတို့ကဲ့သို့ ပါရမီပြည့်စုံ ညီညွတ်မှ ဖြစ်နိုင်သည်။သို့သော် ကျမ်းများ၌ မြတ်စွာဘုရား စသောဖြစ်စဉ်ကိုကာလအပိုင်းအခြားနှင့် ပါရမီဖြည့်ရမှုကို တွက်စစ်၍ ထုတ်ပြသော်လည်းမဟာဂန္ဓာရီဝိဇ္ဇာလမ်းမှာကား ဤကဲ့သို့ သီးသန့်၍ပါရမီဖြည့်ရချက်ကို အလျင်းထုတ်ပြခြင်း မရှိပေ။

မရှိသော်လည်း ပါရမီဖြည့်ရချက်ကို တွက်စစ်လျှင် ပကတိသာဝက အတန်းလောက် ပါရမီဖြည့်မှ ဖြစ်နိုင်သည်ဟု ယူဆရန်ရှိသည်။ ထိုပါရမီကလည်း အားထုတ်မှု ဝီရိယလုလ္လအပေါ်တွင် ရပ်တည်နေသောကြောင့် ဝီရိယသာ အရေးကြီးပေသည်

ထို့ကြောင့် မဟာဂန္ဓာရီထုံး၌ တတိယ အင်္ဂါအရ ဝီရိယသာ သာလျှင် အရေးကြီးကြောင်း သိစေလို၍ (ထူးခြား)သော-ဝီရိယရှိရမည်ဟု ဆိုသည်။

မြတ်စွာဘုရားဟော ကျမ်းဂန်များ၌လည်း ဝီရိယနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့အား အဘယ်အမည်ရှိသော အမှုကိစ္စသည် မပြီးစီးနိုင်ဘဲ ရှိအံ့နည်း၊ အမှုကိစ္စအလုံးစုံပြီးစီးသည်ဟု "ဝီရိယဝတောကိံ နာမ ကမ္မံ နသိဇ္ဈတိ"ဟုပါရှိလေသည်။

ထို့ကြောင့် မဟာဂန္ဓာရီဝိဇ္ဇာလမ်းကို ထွက်မြောက်လိုပါက ဝီရိယပြည့်စုံမှုကိုလည်း သူများနှင့် မတူမတန်အောင် ရှိစေရမည်။

မည်သည့် လုပ်ငန်းမဆို အားထုတ်မှု ဝီရိယ ရှေ့ဆောင်မှ သာလျှင် ပြီးစီးနိုင်ကြောင်း သတိပြုသင့်ပေ၏။

## လိုက်နာချက် (၄)

သမထ ဝိပဿနာတို့၌ ရင့်သန်သော သမာဓိနှင့် ပြည့်ခြင်းဆိုသည်မှာ အထက်က ဖော်ပြရေးသားခဲ့သည့် အတိုင်း ဂန္ဓာရီဝိဇ္ဇာလမ်းသို့ ပေါက်ရောက်ခြင်းသည် နှစ်မျိုးနှစ်စား ရှိကြောင်း၊ တမျိုးမှာ မိမိကိုယ်တိုင်သယံဇာတ ဓါတ်တို့ကိုစု ဆောင်း၍ထွက်ရပ်လမ်းသို့ ဝင်လျက် ဓါတ်တန်ခိုးဖြင့် ပေါက်ရောက်ခြင်း၊ဆေး, အင်း, စမ စသောအတတ်တို့ဖြင့် မိမိကိုယ်

ဘိုင် အားထုတ်ကြံဆောင်နိုင်သဖြင့် ပေါက်ရောက်သော ဂန္ဓာရီ ဝိဇ္ဇာတမျိုး၊ မိမိကိုယ်တိုင် ဓါတ်အမျိုးမျိုးတို့ကို မစုဆောင်းတဲ့ စမ္မမသောက်၊ အင်းမချ၊ ဖွမန္တီးဘဲနှင့် ဂန္ဓာရီပဋိပတ်တရားကို အားယုတ်သဖြင့် ဝိဇ္ဇာခုိရ် ဆရာကြီးတို့ထံမှ စောင်မခြင်းကို ခံရသဖြင့် ပေါက်ရောက်အောင်မြင်သော ဂန္ဓာရီဝိဇ္ဇာ တမျိုး၊ ဤသို့နှစ်မျိုးခွဲခြားရှိရာ ယခုဝိဇ္ဇာမှာကား သမာဓိဖြင့် ထွက်ရပ်သို့ထွက်မြန်းရမည့် ဂန္ဓာရီသမာဓိဝိဇ္ဇာလမ်းဖြစ်၍ သမာဓိ အခြေလုံလောက်ရမည်ဟု ဆိုလိုသည်။ သမာဓိအခြေ မရှိက မည်သည့်ဝိဇ္ဇာခုိရ်ကမှ ထွက်ရပ်လမ်းသို့ရောက်အောင် ဓါတ် တန်ခိုးတခုခုကို ချီးမြှောက်လိမ့်မည် မဟုတ်။

သမာဓိအခြေ ရင့်သန်ခြင်းဆိုသည်မှာလည်း သာမန်ပုတီး စိပ်ခြင်း၊ သာမန်ဝိပဿနာ အားထုတ်ခြင်းတို့ကို ဆိုလိုရင်း မဟုတ်။

ရင့်သန်သော သမာဓိအခြေမှာ သမထဝိပဿနာ အလုပ် ခွင်သို့ဝင်၍ စရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို ဖြစ်စေ၊ အာနာပါနကမ္မဋ္ဌာန်း, ဗုဒ္ဓါရမ္မဏကမ္မဋ္ဌာန်း, ပထဝီ စသော ကသိုဏ်းဝင်းကမ္မဋ္ဌာန်းတို့ကို ပွားများ အားထုတ်၍ ယောဂီ ပုဂ္ဂိုလ်တို့၏သန္တာန်၌ သမာဓိ အဆင့်အတန်းသည် တဖြေး ဖြေးရင့်သန်၍ ဥပစာရ သမာဓိအခြေသို့ ရောက်သော်ငြား၊ နိမိတ်မှာလည်း ဥဂ္ဂဟနိမိတ်သို့ရောက်သော်ငြား၊ ရင့်သန်သော သမာဓိအခြေသို့ ရောက်လေသည်။

နောက်ဆုံးအချုပ် ဆိုလိုရင်းမှာ ထွက်ရပ်ပေါက်ဂန္ဓာရီ သမာဓိဝိဇ္ဇာခုိရ်လမ်းသို့ ရောက်နိုင်သော သမာဓိမှာ သမထ

တရားကို ပွားများအားထုတ်ပါလျှင် ဥဂ္ဂဟနိမိတ်တို့ အဆုံးနှင့် ယှဉ်နိုင်သော သမာဓိကိုရလျှင်စတုတ္ထအင်္ဂါနှင့်ပြည့်စုံပြီဟု မှတ်။

ဝိပဿနာကို အားထုတ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိ နှင့် ပြည့်စုံသော ဝိပဿနာဉာဏ်ကို ရရှိပါက စတုတ္ထအင်္ဂါနှင့် ပြည့်စုံပါပြီဟု မှတ်။

ထိုသို့မဟုတ်စေဘဲ သမာဓိအားခိုင်မာမှုမရှိလျှင် ဝိဇ္ဇာခိုရ် ဆရာကြီးများ စောင့်ရှောက်ကြ ငြားသော်လည်း စောင့် ရှောက်ရာမရောက်။

တနေ့နေ့တွင် အနှောက်အရှက်များ နှင့်တွေ့ရ၍ ဓါတ်တန် ခိုးတို့၏ စွန့်ပစ်ခဲ့ခြင်းတို့ကို ခံရတတ်လေသည်။

## လိုက်နာချက် (၅)

ရတနာသုံးပါးဂုဏ်, ဓါတ်တန်ခိုးတို့၏ဂုဏ်ကိုယုံကြည်ရမည်ဟု ပဥ္စမအင်္ဂါအရ ဝိဇ္ဇာ ဆရာကြီးများ၏ ဩဝါဒ ချမှတ်ချက်မှာ လောကဉ္စ ယုံကြည်မှုသည် ထွက်ရပ်ပေါက်လမ်းတွင် မဟုတ်၊ လောကီအဖို့မှာလည်း အရေးကြီးလေသည်။

ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်ရေး, ပေါင်းသင်းဆက်ဆံရေး, နေရေး,ထိုင်ရေးစသော လောကီအရေးဟူသမျှမှာ ယုံကြည်မှု သည် ရှေ့သွားကြီးတခုဖြစ်သည်။

တဦးနှင့်တဦး ယုံကြည်မှုမှ မရှိသော် ပေါင်းသင်းဆက်ဆံရေးသည် ကင်းပြတ်၍ နောက်ဆုံး၌ လူ့ခပ်သိမ်းတို့ ယုံကြည်ခြင်းအလျဉ်း မရှိသောသူသည် လောကီရေးအတွက် အနေကြပ်တည်းလေတော့သည်။

ထို့အတူ လောကုတ္တရာလုပ်ငန်း၌လည်း ယုံကြည်မှုက ရှေးဦးစွာစိုက်မှ ဖြစ်နိုင်သည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ပဋ္ဌကတ် ဒေသနာခံတော်သည် အလွန်ကျယ်ဝန်း၍ မြတ်စွာဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သက်ဝင်ရှုရား၊ ကျက်စားနိုင်သောအရာဌာနဖြစ်၍ ပုထုဇဉ်တို့၏ဉာဏ်နှင့် သက်ဝင်ကျက်စားပါက မဟာသမုဒ္ဒရာတွင် ယုန်သူငယ် တောက်သကဲ့သို့ ရှိဘွယ်ရာကို မိမိဉာဏ်မမှီသဖြင့် မယုံကြည်ဘူးဆိုက မယုံကြည်သောပုဂ္ဂိုလ်တို့၏ အပေါ်မှာသာ တာဝန်ရှိသည်။

ဤကဲ့သို့ မိမိတို့ဉာဏ်ဖြင့် မမှီ၍ မသက်ဝင်သော်လည်း ဘုရားရှင်ကို ယုံကြည်သောအားဖြင့် ၎င်း၏ တရားတော်ကိုလည်း ယုံကြည်ရမည်။

ဘုရားနှင့်တရားကို ယုံကြည်ပါလျှင် သံဃာတော်ကိုလည်း ယုံကြည်ရမည်။

ထိုသို့ယုံကြည်မှ ဘုရားဟောတိုင်း လိုက်နာကျင့်ကြံနိုင်သည်။ လိုက်နာကျင့်ကြံမှ မဂ်တရား၊ဖိုလ်တရား အထူးထူးတို့ကို ရရှိကြလေသည်။

ဤကဲ့သို့ ရရှိခြင်းအကြောင်းခံတရားကိုရှာလျှင် သဒ္ဓါတရားဟု ဆိုအပ်သော ယုံကြည်မှုပေါ်မှာ တည်ရှိလေသည်။ ထို့ကြောင့် ဘုရားဟောကျမ်းများတွင် ဗုဒ္ဓဘာသာတရား၏ တည်နေမှုသည်။ သဒ္ဓါတရားအပေါ်မှာ တည်ကြောင်း ပြဆိုလေသည်။

လောကီဝိဇ္ဇာလမ်းသို့ ကြွမြန်းနေလိုသော ပုဂ္ဂိုလ်တို့သည်လည်း ယုံကြည်မှုကို ရှေ့ထား၍ အားထုတ်စေရမည်။ ယုံကြည်မှုမရှိက အသို့ဖြစ်နိုင်မည်ကို စဉ်းစားပါ။

ထို့ကြောင့် ပထမ ၁-ချက် ယုံကြည်မှုမှာ ရတနာသုံးပါးပင် ဖြစ်ပေသည်။

ရတနာသုံးပါးသည် အမွန်မြတ်ဆုံးဖြစ်၍ မည်သည့်ကိစ္စမဆို အဦးထား၍ လုပ်ကိုင်ပါက မဖြစ်နိုင်သောအရာဌာနဟူ၍ မရှိ။ လောကီဝိဇ္ဇာခိုရ်၊ လောကုတ္တရာဝိဇ္ဇာခိုရ် အရှင်မြတ်တို့လည်း ၎င်းရတနာသုံးပါးကို အမှူးထား၍ အားထုတ် လုပ်ကိုင်သောကြောင့် ပေါက်ရောက် အောင်မြင်ကြသည်ကို ယုံကြည်စေရမည်။

ဒုတိယ ၂-ချက် ယုံကြည်မှုမှာ ဓာတ်တန်ခိုး အမျိုးမျိုးတို့၏ အစွမ်းသတ္တိကို ယုံကြည်ရမည်။

ဓာတ်တန်ခိုးအမျိုးမျိုးသည် လောကကြီးတခုလုံးကို ပြုပြင်နိုင်ကြောင်း။ ၎င်းဓာတ်တန်ခိုးတို့ကို မှီဝဲရသောပုဂ္ဂိုလ်တို့သည် ဓာတ်၏အစွမ်းဖြင့် လိုရာပြီးမြောက်သိဒ္ဓိပေါက်နိုင်မှုကို ယုံကြည်

ရမည်။ ထိုကဲ့သို့ ခေတ်တန်ခိုးတို့ကို ယုံကြည်မှသာ ခေတ်၏ အကျိုးကို ခံစားရလေသည်။

ဝိဇ္ဇာဆရာကြီးများကလည်း ယုံကြည်မှုရှိသော ပုဂ္ဂိုလ်မှသာ လျှင် စောင်မ ကြလေသည်။

ယခုခေတ်တွင် ရောဂါဝေဒနာ ပျောက်ရာပျောက်ကြောင်း ဖြစ်သော သွေးဆေး၊ ငန်းဆေး၊ လျှာပွတ်ဆေး စသော မြန်မာ ဆေးဝါးများသည် ထင်ရှားရှိသော်သည်း မယုံကြည်၍ မသုံး ဆောင် မမှီဝဲပါကဆေး၏အကျိုးကို မခံစားရသကဲ့သို့ ယုံကြည် ၍ သုံးဆောင်မှီဝဲသောပုဂ္ဂိုလ်မှသာ ဆေး၏အကျိုးကို ခံစားရ သလို ထွက်ရပ်ပေါက် သိဒ္ဓိရောက် ခေတ်အပေါင်းများစွာ ရှိသော်လည်း ယုံကြည်သောပုဂ္ဂိုလ်အတွက်မှသာလျှင် အရာရောက် သည်။ မယုံကြည်သောပုဂ္ဂိုလ်၏အတွက်ဆိုလျှင် အဘယ်မှာလျှင် အရာရောက်ပါအံ့နည်း။

ထို့ကြောင့် ပဋ္ဌမအင်္ဂါ၌ ရတနာသုံးပါးဂုဏ်၊ ခေတ်တို့၏ ဂုဏ်ကို အထူးယုံကြည်စေရမည်ဟု ပါရှိလေသည်။ ယခုခေတ်၌ အချို့သော လူကပ်၊ လူတတ် တတ်ယောင်ကားတို့က ပထမဦး ဆရာကြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး တဦးကိုပင်လျှင် ကဲ့ရဲ့ ရှုတ်ချ၍ ထွက်ရပ်ပေါက် ဝိဇ္ဇာဆိုတာ မရှိ၊ အချို့ကလည်း မျက်ဝါးထင်ထင်မြင်ရမှ ယုံကြည်နိုင်မည်။ သို့မဟုတ် မယုံကြည် နိုင်ဟု ပညာမဲ့စကားကို ပြောဆိုကြလေသည်။

စင်စစ်အမှန်မှာ အပြစ်ဆိုရန်မဟုတ်။

၎င်း၏ နည်းလမ်း ကျင့်စဉ်အတိုင်း အားထုတ်ကြည့်ရန် ပဌမ အခြေပြုရမည်။ အားထုတ်ကြည့်၍ အကျိုးမခံစားရမှ စွန့်သင့်လျှင် စွန့်ရမည်။ သို့မှသာ ဂန္ဓာရီ ပဋိပတ်၏ အကျိုးထူးကို သိနိုင်ပေမည်။

× × ×

# (၂၂)

တရုံးလုံး ရေတွက်ကြည့်မည် ဆိုပါက အမှုထမ်းပေါင်း တထောင်မျှရှိ၏။

ဝါသနာစရိုက်ချင်းတူသူတွေ ပေါင်းသင်းကြ၏။

ဤသို့အမှုထမ်းပေါင်းထဲတွင် အသောက်အစား ဝါသနာပါသူတစု၊ ဂီတစာရေးစာဖတ် ဝါသနာပါသူတစု၊ မအားလပ်၍ဟု အကြောင်းပြခါ မည်သည့် အလုပ်ကိုမှ မလုပ်ဘဲ အချိန်ကို အလဟဿ ဖြုန်းတည်းသူတွေကလည်း မနဲ။

လူဆိုသော သတ္တဝါသည် အခက်သား၊ ဝါသနာ စရိုက်ချင်း မတူခဲ့ပါက အပေါင်းအသင်း တရင်းတနှီး မရှိခဲ့ကြပေ။

သူတော်အချင်းချင်း သတင်းလွှလွှ ပေါင်းဖက်မွှ ဆိုသောစကားနှင့်အညီ ကျွန်တော်၏ မိတ်ဆွေရင်းဖြစ်သော ကိုလှမြင့်ကိုသာ တရားဓမ္မအကြောင်းနှင့် ပတ်သက်၍ အားလပ်သော အချိန်များတွင် ဆွေးနွေးကြလေ့ရှိပါသည်။

ထို့ကြောင့် ကျနော်တို့နှစ်ဦးကို ဘုရားဖြစ်မဲ့ အုတ်နီခဲ ဘိုးတော်ကြီးများဟု ကင်ပွန်းတပ် နာမည်ပေးကြသည်။

ဘယ်သူတွေ မည်သို့ခေါ်ခေါ် မည်သို့ပင် နာမည်များကို ကင်ပွန်း တပ်တပ် ကျနော်တို့နှစ်ဦး နားလည်ထားသည်က တော့ သခ်ါရတရား မမြဲတဲ့သဘောကို ရင်ဝယ်သိမ်းဆည်း ထားကြသည်။

ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက် မကွေးမီ၊ သေ ခြင်းတရားက မြန်ဆန်လှ၏။ ဤသို့သဘောပေါက်ထားသူများ ဖြစ်ကြ၏။ လက်တွေ့ပေါင်းစပ်သော တရား၊ တမျိုးပြောပါက ဘဝနှင့်အနီးစပ်ဆုံးတရားကို ရှာကြံနေကြသည်။ အကုသိုလ်ကို မလုပ်ပါနဲ့၊ နောက်လုပ်မည့် အလုပ်သည် သူတော်ကောင်း တရားသာဖြစ်ပါစေ။

ဤကား ဗုဒ္ဓမြွက်ဆိုသောတရားပင် မဟုတ်ပါလော။

ကျနော်တို့သည် ငယ်ရွယ်သူများဖြစ်ကြသည်။ ငယ်ရွယ်သူ ပီပီ တွေ့ကြုံလိုသောအရာများသည် အဆန်းတကျယ် ဖြစ်ရပေ မည်။ မမြင်ရသော သတ္တဝါထူး၊ ဘုံအဆင့်ကို ကြည့်မြင်လို လူတွေပြောကြသော ပုံပြင်ဟုပြောပြော ဒဏ္ဍာရီဘဲ ဆန်ဆန် ဆိုသော သူရဲ တစ္ဆေများကို ရှိ,မရှိ စိတ်၏ဆန်းကြယ်မှုကိုတော့ သဘာဝ၏ လောကဓာတ်နှင့် ပေါင်းစပ်လိုချင်သေးသည်။

ဤအကြောင်းများကြောင့် သမထတရားကိုကျင့်ရန် လို သော၏။ ထိုတရားကို ကျင့်ဖန်များပါက ဝိဇ္ဇာမယဉာဏ်ရရှိနိုင်

ကြောင်း၊ သက်ကြီးစကား သက်ငယ်ကြားခဲ့သလို ဤသို့ပြော ပေလင့် လက်တွေ့ကျပ့်၊ လက်တွေ့ပြမှ ယုံသူတွေ။

ညတညလုံး တုတ်တုတ်ကလေးမျှ မလှုပ်မရှက်မိ။

ဘယ်လောက် အိပ်ကောင်းသွားသည်ကို မသိ၊ လောကကြီး တခုလုံးကို မေ့သလောက်ပင်။ ဟောက်နေသော အသံက တဖက်သူအား အနှောက်အယှက် ဖြစ်စေသည်ကို မသိလိုက်။

နံနက် နေရောင်ခြည်မျက်နှာပေါ်မှ ဖြတ်သန်းတော့မှ တင်း တင်းရင်းရင်း လန်းဆန်းသောမျက်နှာက အိပ်ရေးဝကြောင်း သက်သေပြနေတော့သည်။

တနင်္ဂနွေနေ့ ရုံးအားရက်မို့ အေးဆေးစွာ နေရမည်ဟု ထင်မိသည်။ စက္ကန့်ပိုင်းတော့ ဒီအတွေးတွေက မှန်၏။ နောက် တော့မှ ပြောင်းလဲသွားသည်မှာ မြန်ဆန် လွန်းလှပေသည်။ မနေ့က ဓမ္မမိတ်ဆွေ ကိုလှမြင့် ချိန်းထားသော စကားကြောင့် အိမ်ပြင်သို့ထွက်ရမည်။ ကျနော်သည် တိုင်ကပ်နာရီသို့ လှမ်း ကြည့်လိုက်ပါတော့သည်။

အချိန်က နံနက် ရှစ်နာရီပင်။

ချိန်းထားသောအချိန်က စေ့နေ၏။ သို့သော် ကိုယ့်ဝမ်းပူ ဆာ မနေသာဆိုသည့်အလားပူနွေးသော လဘက်ရည်တခွက်ကို သောက်ပြီး အိမ်မှ ထွက်ခဲ့ပါသည်။

ကျနော်သည် ရွှေတိဂုံဘုရား၏ အထက်ပစ္စယံ ရင်ပြင်ပေါ် သို့ရောက်တော့မှ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်လာ၏။ စေ

တီတော်ကြီးမှ ခေါင်းလောင်းသံများက ကျနော်၏ စိတ်အစဉ်ဝယ် ငြိမ်းအေးမှုများ ဖြစ်စေခဲ့ပါသည်။

မြင့်ရာမှနိမ့်ရာသို့ ကြည့်မိသည်။ မျက်စိ၏ အကြည်ဓာတ်သည် မြေကြည်လင်လျက်ရှိပြန်သည်။ တွေ့မြင်ရသော မြင်ကွင်း၏ အလှသည် တမျိုးတဖုံ ထူးဆန်းနေ၏။

ရန်ကုန်မြို့ နယ်နိမိတ်အတွင်းသို့ အိမ်ကြီးအိမ်ငယ် တိုက်တာများနှင့် သစ်ပင် ကြီးငယ်များ၊ ဥဒဟို သွားလာနေသော မော်တော်ကားများ၊ ကျနော်သည် ပတ်ဝန်းကျင်ရှိ သဘာဝ အလှကို ငေးမောနေမိသည်။ အမှတ်မထင် လူတယောက် ပုခုံး လာပုတ်တော့မှ ကျနော်၏အတွေးများသည် ဖြတ်လိုက်မိသည်။

"ဘယ်လိုတုန်း ကိုကောင်းမြတ် အတွေးရေယာဉ်ကြောမှာ နစ်မြောနေပြီထင်တယ်။ ကျနော် နောက်ကျသွားတာကိုတော့ ခွင့်လွှတ်ပါ"

လှမြင့်သည် တွေ့တွေ့ခြင်း ခွင့်လွှတ်ပါ ဆိုသော စကားကြောင့် ကျနော် ဘာတခွန်းမှ မပြောပတော့ချေ။

ကိုလှမြင့်သည် ကျနော့်လက်ကိုဆွဲပြီး သူသွားလိုသောနေရာသို့ ခေါ်ဆောင်ခဲ့ပါသည်။ လှုပ်ရှားသွားလာနေရာက ကျယ်ဝန်းလှ၏။

အောက်မှ အထက်သို့ မော့ကြည့်ပါက ဒီလောက်ကျယ်လိမ့်မည်ဟု မထင်မိချေ။ အထက်ပစ္စယ အပေါ်သို့ ရောက်ခါမှ

လှည်းနှစ်စီး တစီးနှင့်တစီး ကျယ်ကျယ်ဝန်းဝန်း ရှောင်တိမ်း နိုင်လောက်အောင် ကျယ်ဝန်းကြောင်း သိရပါသည်။

ရှုံးအားရက်မို့ စိပ်ပုတီးစိပ်သူတွေနှင့် ကမ္မဋ္ဌာန်းတရား အားထုတ်နေသူတွေက မနည်းပေ။ ကိုလှမြင့်သည် ကျနော့်အား တရားအားထုတ်သူများထဲမှ တယောက်သောသူကို လှမ်းပြီး ပြလိုက်ပါသည်။

"ကိုအောင်မြတ် ဟိုရှေ့မှာ လူတယောက် နေကသိုဏ်း ကျင့်နေတာ တွေ့တယ်မဟုတ်လား။ ဒီလူ နေကသိုဏ်းကျင့်နေ ပုံကို သေသေချာချာ ကြည့်စမ်းပါ။ မျက်လုံးနှစ်လုံးဟာ မှိတ် လိုက် ဖွင့်လိုက်နဲ့၊ တခါတလေ မျက်ရည်တွေလဲ ပါးပြင်ပေါ်မှ ကျဆင်းပြီးနေတာ မသုတ်ပစ်ဘဲ ကြည့်နေတဲ့နေရာမှ အခြား တဖက်သို့ ပြောင်းလဲမပြစ်ဘူး၊ နဂိုရ်အတိုင်းဘဲ ကြည့်နေတယ်၊ ခင်ဗျားတို့ ကသိုဏ်းသမားတွေဟာ ဒုက္ခစရိယာ ကျင့်နေတယ် လို့ ကျနော်ထင်ပါတယ်ဗျာ၊ ဒီလူဟာ နေ့စဉ် နံနက်တိုင်း အမြဲ အချိန်မှန်မှန် ဒီနေရာကနေ နေကသိုဏ်းကို အကျင့်မပျက် ကျင့် နေတယ်။ ကျနော်တွေ့ရတာ ဒီလူကို နှစ်ပတ်နီးပါးခန့် ရှိပြီ"

ကိုလှမြင့် ညွှန်ပြသောသူအား ကျနော် သေသေချာချာ ကြည့်လိုက်မိသည်။ အသက်အရွယ်အားဖြင့် ၄၀-ကျော်ခန့်၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်မှာ ကြံ့ခိုင်ပြီး လည်ပင်းတွင် ပေသီးနှင့်လုပ်သော စိပ်ပုတီးတကုံးကို ဆွဲထားပါသည်။ ၎င်း

နေကသိုဏ်းရှုသူသည် လုပ်လိုအပ်သောအလုပ်ကို နောက်မဆုတ်တန်း လုပ်ဝံ့သောစိတ်သဏ္ဍာန်က သူလုပ်နေသော လုပ်ငန်းက သက်သေပြုနေပါသည်။

ဒါပေမဲ့ ဒီလိုကျင့်ရင်း အားထုတ်ရင်းနဲ့ အကျင့်လွန်သွားတဲ့ ကိစ္စမျိုးလဲမဖြစ်ရအောင် အလွန်သတိထားဘို့ လိုပါသည်။ ဒါကြောင့် ဘုရားဟောသော ဒေသနာတော်နှင့် နှိုင်းယှဉ်ကြည့်ရသည်။ မြတ်စွာဘုရားသည် ဒုက္ခစရိယာကျင့်ပုံကို ကျင့်ခြင်းကြောင့် ဒုက္ခရောက်ခဲ့ကြောင်း ဖော်ပြအပ်ပါသည်။

မြတ်စွာဘုရားသည် တခုတည်းသော တောအုပ်၌ လောကီစျာန်ကို စီးဖြန်းနေသော ကာလာမအမျိုး၌ဖြစ်သော အာဠာရရသေ့ထံသို့ကပ်၍ စျာန်သမာပတ်ကို နှီးနှော၍ အားထုတ်သဖြင့် လောကီစျာန် ခုနစ်တန်ကို ရတော်မူ၏။ ထို့နောက်မှ ဥဒကရသေ့ထံသို့ ကပ်၍ အထက်စျာန်ကို နှီးနှောစီးဖြန်းပြန်သော် ရှစ်တန်သော သမာပတ်ကို ရတော်မူ၏။

ဤရှစ်ပါးသော သမာပတ်တို့သည် မြတ်သော သဗ္ဗညုတဉာဏ်၏အကြောင်းမဟုတ်ချေ။အကြောင်းကိုရှာဖွေဦးမှဖြစ်ချိမ့်မည်ဟုအကြံတော်ဖြစ်ပြန်၍ တဖန်ဥရုဝေလတောအုပ်သို့ရောက်သော် ဤအရပ်ကား ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ သင့်လျော်စွာသော အရပ်ပေတည်းဟု နှလုံးပြု၍ နေတော်မူစဉ် ပဉ္စဝဂ္ဂီတို့နှင့် တွေ့လေ၏။

ထိုပဥ္စဝဂ္ဂီတို့၏အကြောင်းကား လက္ခဏာဖတ် ပုဏ္ဏား ခုနစ်ယောက်တို့သည် မိမိတို့၏အိမ်သို့ ပြန်သွားကြ၍သားတို့ကို ခေါ်ပြီးလျှင် သုဒ္ဓေါဒနမင်းကြီး၏ သားတော်သိဒ္ဓတ္ထမင်းသား သည် ဘုရားစင်စစ် ဖြစ်လိမ့်မည်။ ထိုမင်းသားဘုရားဖြစ်သော အခါ အဆုံးအမခံ၍ ရဟန်းပြုကြလေကုန်ဟု မှာခဲ့၍ ကံအားလျော်စွာ သေလွန်ကြကုန်၏။

ကောဏ္ဍညအန္ဓယ်ဖြစ်သော သုဒတ္တပုဏ္ဏား တယောက်သာ အသက်ရှည်၍ တည်ရစ်သတည်း။

ဘုရားလောင်းရဟန်းပြု၍ဥရုဝေလတောအုပ်သို့ရောက်ပြီဟု ကြားလျှင် ကောဏ္ဍညနှင့်တကွ ပုဏ္ဏားသား လေးယောက်တို့ သည်ရဟန်းပြု၍ ဥရုဝေလတောသို့လာကြကုန်သဖြင့် ဘုရား အလောင်းနှင့် တွေ့လေသတည်း။

(ပဥ္စဝဂ္ဂီတို့၏ အမည်ကား ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာ နာမ်၊ အဿဇိတည်း)

ဘုရားလောင်းလည်း ထိုပဥ္စဝဂ္ဂီတို့ သာလျှင် အလုပ် အကျွေးရှိသည်ဖြစ်၍ တနေ့လုံးကိုဆွမ်းတလုပ်ဖြင့်သာ၎င်း၊ သစ် သီးတလုံးဖြင့်သော်၎င်း၊ နှမ်းတစေ့၊ ဆန်တစေ့ဖြင့်သာ၎င်း၊ နေ့ရက်ကိုလွန်စေခြင်း၊ အလျှဉ်းပင် အာဟာရကိုမမှီဝဲဘဲ ဖြတ် ခြင်း၊စသည်တို့ပြု၍ ကျင့်တော်မူသဖြင့် ကိုယ်တော်ကြုံလှီစွာ ရှိရကား လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များ ကွယ် ပျောက်၏။

အာဟာရကိုမှီဝဲခြင်း နည်းပါးသဖြင့် အလွန် ပင်ပန်းလှရကား အာနာပါနစျာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌ လဲတော်မူသည်။

ထိုသို့လဲသည်ကို မြင်သော် စိတ်ကြွမ်း မဝင်သော နတ်တို့သည် သုဒ္ဓေါဒနမင်းကြီးထံသို့သွား၍"သင်၏သားသည်ဘုရားဖြစ်ရာပြီ၊ ဒုက္ကရစရိယာကျင့်စဉ်တွင် စင်္ကြံဦး၌ ကမ္ဘာ့ဌာန်းစီးဖြန်းရင်း လဲ၍သေပြီ"ဟုကြားကြ၏။

ခမည်းတော်လည်း အကြိမ်များစွာ နတ်တို့လာ၍ ကြားသော်လည်း "ဘုရားမဖြစ်ဘဲ ငါ့သားမသေနိုင်"ဟုထိုစကားကို ယုံတော်မမူ။

ဘုရားအလောင်းသည်လည်း ယင်းသို့ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ် တိုင်အောင် ကျင့်တော်မူပြီးမှ ငြိုငြင်စွာသော၍ အကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ၊ သတ္တဝါတို့၏ ဓမ္မတာလည်း သဒ္ဓါလွန်လျှင် တွန့်သည်။ ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင်ပြန့်သည်။ သမာဓိလွန်လျှင် တွန့်သည်။ သတိသာလျှင် လွန်သည်မရှိလိုသည်သာဖြစ်သည်။ ထို့ကြောင့် ယခုငါသည် အာဟာရကိုမျှစေလျက် ကိုယ်လက် ဖြည့်တင်း၍ သဒ္ဓါနှင့်ပညာ။ ဝီရိယနှင့် သမာဓိကို မျှတစေတော့အံ့ဟု ကြံလျက် ထိုမြို့ရွာသို့ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူ၏။

ထိုသို့ဘဉ်းပေးရာတွင် မဟာပုရိသ လက္ခဏာတော်တို့သည် ပေါ်မြဲဖြစ်ကြ၏။

ဘုရားဟောအရ ဆိုပါက သဒ္ဒါလွန်လျှင်တွန့်သည်။ ပညာလွန်လျှင်ဆွ့ သည်။ ဝီရိယလွန်လျှင် ပြန့်သည်။ သမာဓိ လွန်လျှင်တွန့်သည်(သတိသာလျှင် လွန်သည်ဟု မရှိ)

ကိုလှမြင့်သည် ကျနော် ပြောသောစကားကို နားထောင်ပြီးနောက် သူသိသောအချက်မှာ မပြည့်စုံသေးကြောင်းပြောပြပါသည်။ ထို့ကြောင့် နေကသိုဏ်းကျင့်ပုံကျင့်နည်း အကျယ်တဝင့်ရေးပြရန် တိုက်တွန်းပါတော့သည်။

ဤလိုသော အကြောင်းကြောင့်။ ထိုလိုသော အကြောင်းကြောင့်။ ကျနော်သည် နေကသိုဏ်းအကြောင်းကို လက်တွေ့ကျင့်ကြံခြင်းနှင့်ပတ်သက်၍ တွေ့မြင်ရသော အကြောင်းအရာများမှာ ထူးဆန်းအံ့ဘွယ် ကောင်းကြောင်းလည်း ပါဝင်ခဲ့ပါသည်။ မည်သည့်အကြောင်းအရာများကို လေ့လာလိုက်ခြင်း၊ တိုးတက်မှုကို လိုလားခြင်းမှာမူ တခါတရံနီးရက်နှင့် ဝေးကွာကြောင်း တွေ့နိုင်ပေသည်။

ဥပမာ ကိုယ်ကာယလှုပမှုနှင့် ခွန်အားကြီးမှုကို လိုလားသဖြင့် အလွန်လေးသောသံပြား၊ သံလုံးများကိုမ ခြင်း၊လေ့ကျင့်ခြင်းအားဖြင့် လှုပခြင်း၊ ခွန်အားကြီးခြင်းသို့ ရောက်နိုင်သော်လည်း အလေးမ ရာတွင် မိမိ၏ ခွန်အားနှင့်ညီ လေ့ကျင့်မှုကို

ပေးနိုင်စွမ်းရှိမှ လိုရာပန်းတိုင်သို့ ရောက်နိုင်ပေမည်။ အကယ်၍ မိမိလေ့ကျင့်သောစနစ်သည်မှားယွင်းနေပါက ဒုက္ခ အပေါင်းနှင့်ရင်ဆိုင်ပြီး ခန္ဓာကိုယ်ပျက်စီးသွားနိုင်မည်ကိုလည်း သတိပြုရပေမည်။

သိုင်းဆရာ၏လက်ဝါး၊ လက်စောင်းများသည် အုတ်ခါး ချပ်ခန့်ချိုးပြနိုင်သည်။ မြန်မာ့လက်ဝှေ့သမားများ၏ လက်သီးသည်ဝါးပိုးကိုကွဲအောင် ထိုးပြနိုင်သည်။ အဘယ်ကြောင့်ဤသို့ ပြနိုင်ခြင်းကို လေ့လာပါက အလွန်နူနယ်သော လက်ချောင်းများ၊ လက်ဝါးပြင်များကိုမာကျောသောအရာဖြင့် ချက်ချင်းထိတွေ့ယူခြင်း မဟုတ်ပေ။

အလွန်နူနယ်သော သဲအိတ်များကို သံပုံးတခုတွင် ထည့်ပြီး လက်နှစ်ဖက်ကို သဲအိတ်သို့တဖက်စီ ထိုးစိုက် လှုပ်ဆွပေးကာ အချိန်ပေါင်းများစွာ ရက်လပေါင်းများစွာ ကျင့်ပေးရသည်။ နူနယ်သော သားရေများကို ထိုးဆွပုတ်တိုက်ပေးရသည်။

ယင်းအဆင့်ကို ကြိမ်ဖန်များစွာ ကျင့်ပြီးသော အခါမှ နောက်တဖန် စပါးများကို သံပုံးထဲထည့်ပြီး ကျင့်ရပြန်သည်။

လက်နှစ်ဖက်တွင်ရှိသော သွေးကြောများ မပျက်စီးရလေအောင် ဆေးလူးထားခြင်း၊ ဆေးလိမ်းထားခြင်းကလည်း ပြုရပေသည်။

မည်သူမဆို လေ့ကျင့်မှု ကိစ္စတရပ် ပြုလုပ်ခြင်းသည် အကြောင်းတရားမှတဖန် အကျိုးတရပ် ဖြစ်ပေါ်လာစေရန်

အတွက် ပြုလုပ်ခြင်းက သတိပြုရပေမည်။ အကယ်၍အကြောင်း တရပ်ဖန်တီးခြင်း၊ လေ့ကျင့်မှု မှန်ကန်ပါမှ ကောင်းသော အကျိုးတရား သက်ရောက်နိုင်မည်။

ယခု နေကသိုဏ်းကြည့်သောအလေ့အကျင့်သည် သမာဓိ ရင့်သန်ရန်အတွက် ပြုလုပ်သည်ဟုပြောမည်ဆိုပါမူ မမှားချေ။ သို့သော်ယခုလေ့ကျင့်မှုသည် လေ့ကျင့်သောသူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းတွင် အလွန်အရေးကြီးသော မျက်စိနှစ်လုံးကို အသုံးပြုရမည်ဖြစ်ပါသည်။

ယင်းကဲ့သို့လေ့ကျင့်မှု မှန်ကန်ခြင်းမရှိဘဲ မှားယွင်းသွား ပါက ဘဝတသက်တာတွင် လူဖြစ်ရကျိုး မနပ်တော့ပေ။ အကြောင်းမူ လူ့ခန္ဓာတွင် အလွန်အရေးကြီးသော အစိတ် အပိုင်းကြီးတခုဖြစ်ကြောင်းဝန်ခံရပေမည်။

ယင်းအစိတ်အပိုင်းဖြစ်သော မျက်လုံးများသည် မိမိ၏ ဆန္ဒ စောမှု ဝီရိယလွန်ကဲမှုကြောင့် ပျက်စီးသွားမည်ဆိုပါက ဘဝ တလျှောက်လုံး မျက်ကန်းဘဝနှင့် နေရတော့မည်။ လူ့ဘဝကို လမ်းဖြောင့်ပေးနေသည်မှာ မျက်စိသည် အလွန် တန်ဘိုးရှိ ကြောင်း သိရှိရန်လိုအပ်သည်ကို သေချာတွက်ဆနိုင်မှ နေက သိုဏ်းကြည့်သော အကျင့်ကို ကျင့်မည်ဆိုပါက အထူးပင် မှန်ကန်သင့်လျော်ပေလိမ့်မည်။

ကသိုဏ်း(၁၀)ပါးတွင် တေဇောကသိုဏ်း (ဝ၁) နေ ကသိုဏ်းသည် အလွန်အရေးကြီးလှပေသည်။ တေဇောကမူ ပူပြင်းသောအရောင်၊ ဥပမာ ဖရောင်းတိုင်မီးရောင်၊ ဓာတ်မီး

ရောင်၊ နေ စသည့် လူနှင့်နီးစပ်သော ပူသောအရောင်ကို ဆိုလို သည်။ ယင်းကဲ့သို့ ပူသောအရောင် (ဝါ) တေဇောကသိုဏ်း မှကျင့်မိ မိမိကြည့်လိုသောအရောင် ဝတ္ထု ဒြပ်သတ္တိကို ကြိုတင် သိထားရန် အလွန်အရေးကြီး၏။

## နေ၏အပူရှိန်

ဥပမာ နေကသိုဏ်းကျင့်မည် ဆိုပါက အကြမ်းအားဖြင့် နေ၏ အကြောင်းကို လေ့လာရန်လို၏။ နေ၏ အကြောင်းကို အနည်းအကျဉ်း သိသင့်သိထိုက်သလောက် သိရှိထားရန် လို၏။ ကမ္ဘာမြေကြီးသည် နေကို တနာရီလျှင် (၆၆၆၀၀)မိုင် ပတ် သွားသည်။ဝင်းနှုန်းထားမှု တစက္ကန့်လျှင် ၁၈-မိုင်ခွဲသွား၏။

နေ၏အပူရှိန်သည် စင်တီဂရိတ် ၁၄-သန်းမျှ ပူလျက်ရှိ၏။

၂၁၂ ဖာရင်ဟိုက် စင်တီဂရိတ် ၁၀၀။

နေကို တယ်လီစကုတ်ဖြင့်ကြည့်ရှုပါက အဖြူရောင် ဝိုင်းဝိုင်း ကြီး တွေ့ရသည်။

ကမ္ဘာသည် နေကိုပတ်သောအခါတွင် ဘဲဥပုံသဏ္ဌာန်ကဲ့သို့ လှည့်ပတ်နေ၏။ ကမ္ဘာနှင့်နေ၏ အကွာအဝေးမှာ သန်းပေါင်း ၉၃ မိုင်၊မိုင်ပေါင်း ၉၃၀ ဝေးလျက်ရှိ၏။ နေ၏ အချင်းမှာ ၈၆၅၀၀၀၊ ကမ္ဘာမြေကြီး၏အချင်းနှင့် နှိုင်းယှဉ်ပါက ၁၀၉ ကြီးလေသည်။

နေရောင်ခြည်၌ သက်တန့်၏အရောင်များ ဖြစ်သော ခရမ်း မဲနယ်၊ အပြာ၊ အစိမ်း၊အဝါ၊ လိမ္မော်၊ အနီ စသော အရောင် (၇)မျိုးပါဝင်၍ နေလေသည်၊ယင်းကဲ့သို့ သက်တန့်ပေါ်ရခြင်း မှာလည်း ရေသည် နေရောင်ခြည်ကို အရောင်ခွဲ၍ ပေးစွမ်း နိုင်ခြင်းရှိလေသည်။ ကောင်းကင်ထဲရှိ ရေမှုန့် ရေစက်ကလေး များဆီသို့ နေရောင်ထိုးသောအခါ၌ သက်တန့်ရောင် ဖြစ်စေပါ သည်။

ကျွန်တော်တို့သည် နေ၏အကြောင်းကို သိရှိပြီးနောက် မိမိပိုင်ဆိုင်သော မျက်စိအကြောင်းကို သိနားလည်ထားရန် လည်း လိုအပ်ပေသည်။

## မျက်စိအလုပ်လုပ်ပုံ

ဆေးပညာရှင်များ၏ အယူအဆ ကွဲပြားခြင်းသည် အဓိက အားဖြင့် မျက်စိ၏အမြင်ချိန်အား ( Aceom modation ) နှင့် ပတ်သက်၍ အဓိပ္ပာယ် အယူအဆ ခြားနားခြင်းကြောင့် ဖြစ်ပေသည်။ အနီးရှိအရာမှ အဝေးရှိအရာသို့ရင်း၊ အဝေးရှိ အရာမှ အနီးရှိအရာသို့ရင်း ကြည့်ရှုစဉ်တွင် အလင်းတန်းစုအား ပြောင်းခြင်းကို အမြင်ချိန်ဟုခေါ်သည်။

ထို့ကြောင့် အောက်တွင် အကျဉ်းမျှ ဖော်ပြထားသည့် မျက်စိ၏အင်္ဂါရပ်အစိတ်အပိုင်းများနှင့် ယင်းတို့၏လုပ်ဆောင်မှု များကို သိနားလည်ရန်လိုအပ်ပေသည်။

မျက်လုံးသည် လုံးဝန်းသောသဏ္ဍာန်ရှိပြီး အချင်းတလက်မ ခန့်ရှိ၏။ မျက်လုံးကို အကြမ်းအားဖြင့် အလွှာသုံးလွှာ ဝန်းရံ ဖွဲ့စည်းထားလေသည်။

၁။ မျက်ဖြူခေါ် အပြင်လွှာ၊
၂။ မျက်တွင်းသွေးလွှာခေါ် အတွင်းလွှာ၊
၃။ စက္ခုအာရုံကြောအလွှာခေါ် အတွင်းလွှာ၊

## မျက်ဖြူလွှာ

မျက်ဖြူလွှာသည် အလယ်၌ရှိသည်။ မှန်ကဲ့သို့ ကြည်လင်၍ ထုတ်ခြင်းပေါက်မြင်နိုင်သော မျက်ကြည်လွှာမှအပ ကျန်အပိုင်းသည် အဖြူရောင်ရှိသည်။

ရောင်ခြည်တန်းသည် မျက်ကြည်လွှာမှတဆင့် မျက်တွင်း ရည်ကြည်ကိုဖြတ်ပြီး စက္ခုအာရုံကြောအလွှာသို့ ကျရောက်၏။

## မျက်တွင်းသွေးလွှာ

မျက်တွင်းသွေးလွှာသည် မျက်စိမှရင်း၊ မျက်စိသို့ရင်း သွေး များကို လှည့်ပတ်စေသော အလွန်သေးငယ်သည့် သွေးကြော ကလေးများ ဖွဲ့စည်းထား၏။မျက်ကြည်၏ နောက်ပိုင်း၌ မျက်

လုံးသွေးလွှာကို တွေ့ရသည်။ သွေးမျှင်ကလေးများနှင့် ဖွဲ့စည်းထားသော မျက်တွင်းသားသည် မျက်တွင်း သွေးလွှာနှင့် တဆက်တည်းရှိနေပေသည်။ထိုမျက်နက်၏အလယ်တွင် မျက်လုံးအိမ်အတွင်းသို့ အလင်းရောင်ခြည်များ ဝင်နိုင်သည့် သူငယ်အိမ်ရှိ၏။

မျက်ဝန်းနက် နောက်တည့်တည့်၌ ကြည်လင်သော မျက်တွင်းမှန်ရှိ၏။ ဤမျက်တွင်းမှန်က သူငယ်အိမ်ကို ဖြတ်သန်းသွားသည်။အလင်းရောင်ကို ဖမ်းယူပြီး စက္ခုအာရုံအကြောလွှာ (သို့) မြင်လွှာပေါ်သို့ အလင်းရောင်စုပေး၏။

ကြည်လင်သော မျက်တွင်းမှန်ပတ်လည်တွင် မျက်လုံးသွေးလွှာသည် မျက်တွင်းကြွက်သားကလေးများဖြင့် ဖွဲ့စည်းထားသော မျက်တွန့်စုံများ ဖြစ်စေ၏။ မျက်တွင်း ကြွက်သားကလေးများသည် ကြည်လင်သော မျက်တွင်းမှန်နှင့်ဆက်လျက်ရှိနေပေသည်။ မျက်တွင်း ကြွက်သားများ၏ လှုပ်ရှားမှုက ကြည်လင်သော မျက်တွင်းမှန်ကို ကျဉ်းကျယ်စေနိုင်ပေသည်။

## အတွင်းလွှာ (သို့) စက္ခုအာရုံကြောလွှာ

အလင်းနှင့်အဆင်းကို မြင်နိုင်သော အမြင်နာမ်ကြောနှင့် အတူ မျက်စိနောက်ပိုင်းတွင် တည်ရှိသည်။ ယင်းသည် အလွန်ပါးလွှာနူးညံ့ပြီး ပြင်ပလောကမှမြင်ကွင်းအတွင်းရှိ အရာတို့၏

သဏ္ဌာန်သည် ဤ စက္ခုအာရုံကြောလွှာပေါ်သို့ ကျရောက်လာ၏။ စက္ခုအာရုံကြောလွှာ ပျက်စီးလျှင် မြင်နိုင်စွမ်းမရှိတော့ချေ။

ကြည့်လိုက်သည့် အရာဝတ္ထုတို့မှ ထွက်လာသောရောင်ခြည့်တန်းများသည် မျက်ကြည်ပေါ်သို့ ကျရောက်၏။ ပြင်ပရောင်ခြည်ကို သူငယ်အိမ်က ကာဆီးပိုင်းခြားထားလိုက်သဖြင့် ကျန်သောအဝိုကနေရောင်ခြည်သည်သာ မျက်လုံးအတွင်းဝင်ရောက်လာသည်။

ဤရောင်ခြည်တန်းသည် ကြည်လင်သော မျက်တွင်းမှန်ကိုဖြတ်သန်းသွား၏။ ကြည်လင်သော မျက်တွင်းမှန်သည် ခုံးသောသဏ္ဌာန်ရှိသည်ဖြစ်၍ ထိုရောင်ခြည်တန်းကို စက္ခုအာရုံကြောလွှာပြန့်နှံ့ကျရောက်စေရာ ပြောင်းပြန် သဏ္ဌာန် ပေါ်ထင်သည်။

ဤပုံသဏ္ဌာန်ကို အမြင်နာမ်ကြောက ဦးနှောက်သို့ ပို့ဆောင်ရာအချိန်၌ မြင်မှုဖြစ်ပေါ်လာသည်။ ဤကွင်းဆက်များအကြား၌ တစုံတရာ ချွတ်ယွင်းမှုရှိနေခဲ့လျှင် ပင်ကိုယ် သဘာဝအတိုင်း မြင်နိုင်စွမ်းမရှိတော့ချေ။

ဝေးသောအရာတခုကို ကြည့်သောအခါ ကြည်လင်သော မြင်မှန်နှင့် စက္ခုအာရုံကြောအကြား အကွာအဝေးသည် နဂိုအနေထက် နီးသွားလေသည်။ နီးသောအရာကို ကြည့်ပြန်လျှင် ယင်းအကွာအဝေးသည် နဂိုအနေထက် ဝေးသွားပြန်လေသည်။

ဤသို့ စက္ခု အာရုံကြောနှင့် ကြည်လင်သော အမြင်မှန် အကြားရှိ အကွာအဝေး အပြောင်းအလဲဖြစ်ရသည့် သဘောမှာ မျက်တွန့်ကြွက်သားများ လှုပ်ရှားမှုပေါ်အခြေခံ၍ ကြည်လင်သောမြင်မှန်က ကျုံ့သွားခြင်း၊ ကျယ်သွားခြင်း ရှိသောကြောင့်ဖြစ်သည်ဟုဆေးပညာရှင်များက ဆိုသည်။

ဤအယူအဆအရ ဆိုပါမူ မျက်စိတခုလုံး သဏ္ဍာန်ပြောင်းလဲခြင်းမရှိ ကြည်လင်သောမြင်မှန်သည်သာလျှင်ပြောင်းလဲခြင်း ရှိရာရောက်နေပေသည်။ အဝေးရှိအရာကို ကြည့်သော အခါ ပြင်ပကြွက်သားများ လှုပ်ရှားမှုပေါ် မူတည်လျက် မျက်စိ အနောက်ပိုင်းအား ကြည်လင်သော အမြင်မှန်ရှိရာသို့ တွေ့စေ သည်။

ကျနော်တို့သည် မျက်စိအကြောင်းနှင့် ပတ်သက်၍ သိသင့် သလောက် သိကြရလေသည်။

လောက၌ ကိုယ်ရေးကြုံပြီး ကိုယ်တိုင် ဖြစ်ပျက်ရသည့် အကြောင်းအရာလောက် သက်သေပြနိုင်စရာ မရှိပေ။ ထို့ ကြောင့်ကျနော်တို့ ဆန့်ကျင်ရမည့် တေဇောကသိုဏ်း အပူ ရောင်ခြည် နေကသိုဏ်း စသည်တို့မှာ အထက်တွင် ဖော်ပြထား သော သဘောတရားနှင့် လက်တွေ့ ပေါင်းစပ်ရမည့် ရလဒ် သည် အဓိပ္ပာယ်ပြည့်ဝလိမ့်မည်ဟု မြော်လင့်ရပေသည်။

ကျနော်သည် နေ၏အပူရှိန်စင်တီဂရိတ် (၁၄) သန်းမျှပူနေ သောနေကိုမကြည့်မီ အပူရှိန်အနည်းငယ်မျှရှိသော ဖယောင်း

တိုင်မီးကိုကြည့်၍ကျင့်ခြင်းမှာ သဘာဝနည်းလမ်း မှန်ကန်ပေလိမ့်မည်။ လဖက်ကောင်းစားလိုလျှင် တောင်တက် နှေးရမည်ဆိုသည့်အတိုင်း....

တိုင်ကပ်နာရီမှ တဒင်ဒင် ပေါ်ထွက်လာသော အသံကြောင့် တိတ်ဆိတ်နေကြသော ညအား ဖြိုခွင်းလိုက်တော့သည်။ ည(၁၁)နာရီပင် ထိုးသွားချေတကား။

ဒီညအဖို့ တေဇောကသိုဏ်း ဖယောင်းတိုင်တတိုင်ကိုမိမိနှင့် နှစ်တောင်လှော်က် အကွာ အဝေးထားပြီး မိမိ၏ မျက်စိနှင့် သင့်တော်မည့် လွယ်လင့်တကူ ရှိနိုင်မည့်နေရာကို ရွေးချယ်ကြည့်ရ၏။

မိမိထိုင်မည့် ကသိုဏ်းစျာန်၏ ပတ်ဝန်းကျင်သည် လေဝင်လေထွက်ဟု မထားရ။လေငြိမ်မှုရှိရမည်။တိတ်ဆိတ်သော အချိန်ကို ရွေးချယ်ရမည်။ ဖယောင်းတိုင်မီးဝန်းကို မကြည့်ရ။ ၎င်းနောက် လောင်နေသော မီးစ၏ ထိပ်ဖျားများကို မကြည့်ရ။ ဖယောင်းတိုင်လောင်နေသော မီးဇာကြားရှိ မဲနက်သော မီးဇာကို သေချာစွာ စိုက်ကြည့်ရမည်။ ကြည့်သောအခါတွင် စိတ်က (တေဇော)ဟု ရွတ်ဆိုရမည်။ ယင်းကဲ့သို့ လုပ်ရပ်သည် မျက်စိကို ဖွင့်လိုက်ပိတ်လိုက်နှင့် ဖွင့်သောအခါတွင် မီးဇာနက်ကို ကြည့်ကြည့်ပြီး တေဇောဟု စိတ်က ရွတ်ပြီးနောက် မျက်စိမှိတ်သောအခါတွင် မိမိကြည့်ပြီးသော ဖယောင်းတိုင်ကို မျက်စိမှိတ်

လျက် အမြင်မှာတွေ့သည့်အတိုင်း ပေါ်လာအောင် ကျင့်ရမည်။ ယင်း ဖယောင်းတိုင် ပေါ်ခြင်းကို အချိန်အခါ မရွေး တေဇော ဟု ပါးစပ်မှရွတ်ဆိုပြီး ခံတ်အာရုံကို ခံယူလိုက်သဖြင့် မိမိ ကျင့်ထားပြီးသော ဖယောင်းတိုင်အတိုင်း ပေါ်လာရမည်။ ဒါမှသာ တေဇောကသိုဏ်း အစကို အောင်သွားနိုင်၏။

အကျင့်တရားကောင်းပြီ ဆိုပါစို့၊ အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ရန် လိုအပ်လာပြန်သည်။ မိမိ၏ သမာဓိအား တိုးတက်ခဲ့ပြီး ဖယောင်းတိုင်ကို အာရုံခံလိုက်ပါက ပြန်လည် မြင်ရပေမည်။ ယင်းဖြစ်ရပ်က သမာဓိ အားကောင်းကြောင်း ဖော်ပြရာ ရောက်ပေသည်။ ထို့ကြောင့် မိမိအာရုံ ပြုလိုက်သူ (သို့)အိမ်ရာအဆောက်အဦတို့သည် မိမိ၏အာရုံပေါ်တွင် ထင် ထင် ရှားရှား ပေါ်လွင်လာလိမ့်မည်။ ယင်း ကျင့်နည်းသည် အမြင်ခံတ်၏ အစပင် ဖြစ်ပါသည်။

မိမိမျက်စိသည် ဖယောင်းတိုင်၏ အပူဒဏ်ကို ခံနိုင်စွမ်းရှိ ပြီးနောက် အိမ်၌ထွန်းထားသော မီးလုံးများကို တဖန် လေ့ ကျင့်ရပြန်သည်။ အိမ်၌ ထွန်းထားသော မီးကိုကြည့်ပါက မီး လုံး၏ ပတ်ဝန်းကျင်တွင် မီးရောင်များ ဖြာထွက်နေသည်ကို တွေ့ရပေလိမ့်မည်။ ၎င်းမီးလုံးကို အားပြု၍မကြည့်ပေ။ နဂို ကြည့်နေကြအတိုင်း မျက်လုံးအားကိုပြုပြီး ကြည့်ပါက မိမိ မျက်လုံးတွင်ရှိသော အရောင်တန်းများသည် အားနည်းသွား တတ်သည်။ မျက်လုံး ကြွက်သားများသည် ညောင်းပြီး လာ

-တတ်၏။ အဘယ်ကြောင့်ဆိုသော် ဘေးဥပဒ်ဖြစ်စေတတ်ပါသည်။ မျက်စိတွင် ပိုင်းခြားထားသော မျက်ဖြူလွှာ၊ မျက်တွင်းသွေးလွှာ၊ စက္ခုအာရုံကြောလွှာတို့သည် တဖြေးဖြေးနှင့် ပျက်စီးသွားနိုင်စေသည်။

ထို့ကြောင့် အရာဝတ္ထုတခုအား ရိုးရိုးကြည့်သော သဘောမျိုးဖြင့်၎င်း၊ မီးလုံးကိုကြည့်၍ ကျင့်သောအခါတွင်၎င်း၊ ရိုးရိုးကြည့်ရပေလိမ့်မည်။ မီးလုံး၏အလယ်ဗဟိုတည့်တည့်ကို မကြည့်ဘဲ ဘေးမှ ဖြာကျနေသော မီးရောင်ကို စတင် ကြည့်ရမည်။ ရက်ပိုင်းမှ လပိုင်းများစွာ ကြည့်ပြီးနောက် မီးလုံးတခုလုံး ငုံပြီးကြည့်ရ၏။

ကြည့်လိုက်ပြီးသောအခါတွင် တဘက်အမှောင်သို့ မိမိ၏မျက်လုံးအစုံက အမှောင်ထဲ၌ရှိသော နံရံကို ကြည့်လိုက်ပါ။ ထိုအချိန်တွင် လုံးဝန်းသောအပြာရောင်သည် ထိုနံရံပေါ်တွင် တည့်မတ်စွာ ပေါ်နေကြောင်း တွေ့ရပေမည်။ ၎င်းနောက် ယင်းကဲ့သို့ ကြိမ်ဖန်များစွာ ကျင့်ပြီးနောက် မိမိအိပ်သော ကုတင်နှင့်ခပ်လှမ်းလှမ်းတွင်ရှိသော မီးလုံးကို အိပ်ပြီးကြည့်ပါ။ မီးလုံး၏နံဘေးပတ်လည်တွင် ဖြာကျနေသော မီးရောင်များကို ရှေးဦးစွာတွေ့ခဲ့ရသည့်အတိုင်း တွေ့ရမည်။ ၎င်းမီးရောင်များကို တဖြေးဖြေးနှင့် မိမိမျက်လုံးပေါ်သို့ ရောက်ရှိလာရန် ဆွဲယူရမည်။

မီးလုံး၏နံဘေးမှ ဖြာထွက်နေသော မီးရောင် အနီရောင်များသည် တဖြေးဖြေး အမြင်လိုက်မိမိဆီသို့ ရောက်လာသည်ကို တွေ့မြင်ရလိမ့်မည်။ ယင်းကဲ့သို့ ကျင့်ဖန်များ ကြည့်ဖန်များပြီးနောက် မိမိ၏နဖူးတည့်တည့်တွင် အနီရောင် မီးပြင်ကြီးသည် ကျရောက်လာသည်ကို တွေ့ရပြန်သည်။ နောက်တဖန် အဝေးမှ လှမ်းကြည့်ခဲ့သော မီးလုံးသည် မိမိ၏ခေါင်းရင်း၌ လာရောက်လင်းနေကြောင်း တွေ့ရသည်။

ယင်းကျင့်စဉ်၏ အကျိုးအမြတ်သည် လူတဦး၏ စိတ်နေစိတ်ထားကို မီးရောင်ကိုဆွဲပြီး မိမိ ဦးခေါင်းသို့ ရောက်အောင် ကြည့်ရသကဲ့သို့ ၎င်း၏ စိတ်နေသဘောထား၊ မိမိသမာဓိအားဖြင့် ဆွဲကြည့်ပါက ထိုသူ၏ သိလိုသော အကြောင်း အရာများကို မိမိစိတ်မနေ့ာတွင် ထင်ဟပ်ပြီး တဘက်သူ၏အကြောင်းအရာများကို ကြိုတင်သိနိုင်လေသည်။

## နေကသိုဏ်းကျင့်ခြင်း။

နေကို တိုက်ရိုက်မကြည့်ရသေးပေ။ ပထမအနေဖြင့် သစ်ပင်၏ အခက်အလက်ကြားမှ မြေပြင်ပေါ်သို့ ကျရောက်သော အရောင်တန်းကို ကြည့်ရမည်။ ယင်းကဲ့သို့ ကြည့်ဖန်များ ကျင့်ဖန်များသော အခါတွင် ဖြာကျလာသော နေရောင်

တန်းမှာ သူဌေးဝါဒ ဘောလုံးကဲ့သို့ လုံးလုံးသဏ္ဍာန် ဖြစ်နေသည်ကို တွေ့ရလိမ့်မည်။ ၎င်းဘောလုံးတွင် အရောင် ၇မျိုး ပါဝင်ကြောင်း အံ့သြစွာတွေ့ရ၏။

သစ်ပင်၏ အကိုင်းအခက်ကြားမှ ဖြာကျနေသော နေရောင်ခြည်ကို ကြည့်ပြီးနောက် နေကို စတင်ကြည့်ရတော့မည်။

နေကိုကြည့်ရန် အချိန်အကောင်းဆုံးမှာ နံနက်အချိန်နှင့် ညနေ ၄-နာရီကျော်အချိန်တွင် မြင့်သောနေရာမှ စတင်ကြည့်ရပါမည်။ ပထမတွင် နေကိုကြည့်လိုက်သောအခါ မိမိ၏မျက်စိရောင်ခြည်တန်းသည် နေသို့ မရောက်ဘဲ လမ်းခုလပ်တွင် ပျောက်နေလိမ့်မည်။ ယင်းကဲ့သို့ ကြည့်ရင်းနှင့်ပင် နေသို့ မျက်စိရောင်ခြည် ရောက်ရှိသွားဟန်တူပေလိမ့်မည်။ နေသို့ ရောက်ရှိသော အရောင်မှာ အပြာရောင်ဖြစ်ပြီး နေမျက်နှာပြင်နှင့်သွားရောက် ထိတွေ့သည်ကို တွေ့ရပါသည်။ အရာဝတ္ထု တခုကို သေချာစွာ စိုက်ကြည့်ပြီးနောက် မျက်စိကို မှိတ်လိုက်သောအခါ၌ အပြာရောင်ကို တွေ့ရသည့်အခါ ထိုအရောင်ကဲ့သို့ပင် နေ၏မျက်နှာပြင်ပေါ်တွင် တွေ့မြင်နိုင်သည်။ ထို့ကြောင့် ၎င်းအရောင်များပျောက်ပြီး အဖြူရောင်ကို နေမျက်နှာပြင်တွင် ပီပီပြင်ပြင်တွေ့နိုင်မှ နေကသိုဏ်း ကြည့်နည်း မှန်ကန်ပါတော့သည်။

နေကသိုဏ်း ကျင့်ခြင်းမှ ရရှိသော အကြောင်း တရားမှ အကျိုးတရားများမှာ တယောက်သောသူ၏ အမေးကို ဖြေဆိုရန် အတွက် ကျင့်၍ရရှိခဲ့သော နေရောင်ခြည်များသည် လောကဓါတ်တခုလုံး ဖုံးအုပ်ထားသော်လည်း တိုက်တာအိမ်ခြေများမှ ဖွင့်လှစ်ထားသော ပြူတင်းပေါက်၊ တံခါးပေါက်များ ထိုးဖောက်ဝင်လာသောအခါတွင် အပြူရောင်တန်းများကို ကောင်းစွာ တွေ့မြင်ရပေမည်။ ယင်းရောင်ခြည်များပေါ်တွင် မိမိ၏သမာဓိအားကို စတင်နှိုးဆွပြီး မေးသူ၏အမေးကို ဖြေဆိုပါက မှန်ကန်ကြောင်း တွေ့ရလေသည်။

သမထ–ဦးအောင်မြတ်

မေတ္တာရပ်ခံချက်။ ။ဤစာအုပ်၌ လိုအပ်သည့် အကြောင်းအချက်များကို အမှတ် (၁) ကိုယ်တွေ့ သမထကျင့်နည်း စာအုပ်မှကူးယူ ဖော်ပြထားပါကြောင်း။

**အောင်ဇော်မိုး**

**မိုးစ, မရှုတ်, ရုပ်သေးရုပ်**

(ချစ်သဲဖို)

★ တပ်မတော်တွင် ဆယ်နှစ်တာ ဗိုလ်ကြီး အဆင့်နှင့် တိုင်းပြည်တာဝန် ထမ်းဆောင်ခဲ့သော "ဇော်ရဲမြင့်"

★ တပ်ကထွက်ပြီး သူဝါသနာပါသော အနုပျိုးထမ်းမှု ခင်းထောက်လှမ်းရေးတပ်–အောဂျင် စီထဲသို့ဝင်ရောက် ခဲ့သည်။

★ ထိုဇာတ်လမ်းထဲတွင် သူက မိုးစလား၊ ရှုတ်လား၊ သို့မဟုတ် ရုပ်သေးရုပ် တယောက်လား....

**မကြာမီ ထွက်မည်**

---

**(ဗဟို) အုန်းညွန့်**

**တပ်ကြပ်ကြီး သူရ ချစ်မြိုင်**

တိုက်ပွဲပေါင်းများစွာ ဆင်နွှဲပြီးမှ (သူရ)ဘွဲ့ ရခဲ့သူ

တဦး၏ ကိုယ်တွေ့ ဖြစ်ရပ်။

မကြာမီ ထွက်မည်

ယနေ့ စာဖတ် ပရိသတ်ရဲ့

အသဲစွဲလေး

ညီညီနိုင်

လက်စွမ်းပြ

# သံ သ ယ စံ အိမ်

မကြာမီထွက်မည် နိုင်စာပေ

---

မောင်ဗေငယ်

ကနောင် မင်းသားနှင့်

# မြင် ကွန်း မြင်း ခုန် တိုင်

ရကနာပုံ နန်းတွင်းလျှို့ဝှက် ဇာတ်လမ်းများ

မကြာမီထွက်မည် နိုင်စာပေ

၂၅-နှစ်မြောက်ငွေရတုသဘင် အထူးထုတ်

သံမှုံ့စား ဖီးမွှေးထားတဲ့ယောက်ျား

တက္ကသိုလ်

# ပင်းယ



သရုပ်ဖော်
တင်ဝင်းကျော်

# [သမထ] ဦးအောင်မြတ်

## ၏

## ကိုယ်တွေ့ လက်တွေ့ ပေါင်းစပ်ထားသော

# အထူး သီး သန့် လက် ရာ

ကိုယ်တွေ့ စိပ်ပုတီး စိပ်နည်းနှင့် သမထ ကျင့်နည်းတို့၏

အကျိုး ကျေး ဇူး များ

[သမထ] ဦးအောင်မြတ်၏ (၉)နှစ်တိုင်တိုင် အပတ်တကုတ် ကျိုးစား အားထုတ်ခဲ့သော...

စိပ်ပုတီး စိပ်ခြင်းနှင့် သမထ ကျင့်နည်း တရားစုံတို့ အမှ[illegible] အမှန် အကြောင်းနှင့်အကျိုး ဆက်စပ်မှုကို အရှိန်ယူ၍ ရေးသ[illegible] ထားသော ဘာသာရေး စာအုပ်ကောင်းတအုပ်။

မကြာမီ ထွက်မည် ခိုင်စာပေ။